www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃
မြပုလဲခင်
အမုန်းတရားဓါးနောက်တော်ပါး/မြပုလဲခင်၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၇၅-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တိုက်
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၄၊ တန်ဖိုး(၁၅၀)။


# မြပုလဲခင်

# အမုန်းတရားဓါးနောက်တော်ပါး



www.burmeseclassic.com

www.burmeseclassic.com








# အခန်း [၁]

လူဆိုတာ ကိုယ်ရွေးချယ်တဲ့တဲ့လမ်းကိုကိုယ် ရဲရဲဝံ့ဝံ့ လျှောက်ရဲရမယ်ဆိုတာ သိပါရဲ့နဲ့ ကြေကွဲမှု၊ ဝမ်းနည်းမှုတွေကို ရင်ဆိုင်လာရတော့ နောင်တဆိုတာကို ရင်ဝယ်ပိုက်မိချင်သလို လို့ . . ဒါပေမယ့် . . . ရုန်းထွက်မရအောင်ဘဲ ဖြစ်နေပြီ. . .။

လူသားတစ်ဦးကို ဖန်တီးပေးနိုင်တော့မယ့်ကိုယ် ဖြစ်နေ ပြီဆိုတော့ ဖော်မပြနိုင်တဲ့ ဝေဒနာအစုစုက ရင်မှာငြိတွယ်နေပြီ၊ ရုတ်ချည်းဆို မျှော်လင့်ချက်ရောင်ခြည် သန်းလာသည်၊



www.burmeseclassic.com

www.burmeseclassic.com



မိမိကို အကူအညီပေးတာ နေအိမ်တည်ဆောက်ပေးနိုင်စွမ်း ဖန်တီးပေးနိုင်စွမ်းရှိသော လူသားလေး မိမိအပါး ရောက်လာတော့မှာပါလား. . .

ဒါကို သူ သိမယ်ဆိုရင်. . .

"ဟား. . ဝမ်းသာလိုက်တာ သေချာရဲ့လား ဒေါ်ခရမ်း"

အံ့ဩဝမ်းသာလုံး ဆို့နေရာမှ ပိုမိုသေချာစေရန် သူငယ်ချင်းဖြစ်သူ ဒေါက်တာကို ထပ်မေးလိုက်သည်။

"သေချာပါတယ် ဒေါ်ကင်းစင်ရယ်၊ ရှင့်ကို ကျုပ်က ညာရမယ့်သူလား၊ ကျုပ်က မာမီ့ခြေရာ နင်းမယ့်သူပါအေ"

"ဒီလိုဆို ကျုပ် အရမ်းကျေးဇူးတင်သွားပြီ သိလား၊ ကျုပ်မျှော်လင့်နေတဲ့ ရည်မှန်းချက်ကလေး ကျုပ်အနားကို ရောက်လာတော့မယ်"

"နေစမ်းပါဦး ရှင့်ပရက်က နှစ်လကျော်လောက် ရှိတဲ့ အနေအထားအထိ ရှင့်ပုဂ္ဂိုလ်က မသိဘူးတဲ့လား"

ပျော်ရွှင်မှုတို့ တဒင်္ဂပျောက်ဆုံးသွားသည်။

ခရမ်းစွဲမေးခွန်းက မိမိအား တုန်လှုပ်ခြောက်ခြားမှုကို ဖြစ်ပေါ်စေသည်။

မျှော်လင့်ချက်ရောင်ခြည်တို့ မှေးမှိန်သွားလေပြီလား။

"သူ မအားပါဘူးဟယ်"

ဖြေသင့်သည်ဟု ယူဆသောအဖြေကို ပေးလိုက်သည်။

ခရမ်းစွဲ လက်မခံ။

အပျိုကြီးပီပီ ယောကျာ်းများအပေါ် အပြစ်မြင်တတ်သော ညဉ်ကလည်းရှိရာ. . .





"ဘာမအားတာလဲ နိုက်ဂျူတီလို့ အကြောင်းပြပြီး နိုက်ကလပ်တက်ရတဲ့ဂျူတီမို့လို့ မအားတာလား၊ တော်ပြီကွာ ကြားသုံးကြား မဝင်တာဘဲ ကောင်းတယ်၊ ကဲ. . ရှင်ပြန်တော့ ရှေ့လမာမီ ပြန်လာမှာဆိုတော့ ရှင်မပူနဲ့တော့၊ ဒီကြားထဲ ကျုပ်ပဲ ရှင့်အတွက် လိုအပ်တာတွေ ကြည့်ပေးမယ်"

"အိုကေ ကျေးဇူးပဲ"

"အပိုစကား မပြောစမ်းပါနဲ့ကွာ၊ ကဲ. . သွား. . ကားကိုလည်း သတိထားမောင်းဦး"

"အေး. ."

ဆေးခန်းထဲမှ ထွက်ခဲ့သည်။ ကားကို ဂရုစိုက်မောင်းနှင်ရန် ပထမဦးဆုံး သတိရလိုက်သည်က မိမိအတွက်မဟုတ်. .။

မိမိရင်သွေးအတွက်. .။ မေ့ထားချင်သော်လည်း မေ့မရသည့် အကြောင်းရင်းက စလာသည်။

လူတစ်ယောက်ကို လွှမ်းမိုးအနိုင်ယူရန် ကြိုးပမ်းရင်း မိမိဘဝကို ရင်းနှီးလိုက်ရသည့် အဖြစ်အတွက် မိမိ နောင်တမရချင်။

သို့သော် အနိုင်မရသေးသည့်အတွက်တော့ မကျေနပ်နိုင်သေး။ မိမိသည် ဘာကြောင့်များ သူ့ကို အနိုင်မရသေးပါလိမ့်။

ဒါပေမယ့် ရာခိုင်နှုန်း(၅၀)၏ ဟိုဘက်ကိုတော့ ကျော်လွန်လာပြီ မိမိအတွက် စစ်ကူလာလေပြီ. . .။

ကားမောင်းရင်းမှ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂]

ခွန်ညီ အံ့အားသင့်သွားသည်။

အိပ်မက်လေလား။ မိမိမျက်လုံးကို မိမိမယုံချင်။

ကိုယ်ဝန်ဆောင်မိခင်လောင်းတစ်ဦးသည် ဗိုက်ဖုံးအင်္ကျီကလေးဝတ်လျက် သူ့ရှေ့မှ ဖြတ်လျှောက်သွားသည်။

ထို အမျိုးသမီးသည် သူ့ဇနီးဖြစ်နေခြင်းကြောင့်ပင်။

မြတ်စွာဘုရား. . ဘယ်အချိန်ကများ ကိုယ်ဝန်ရသွားပါ





လိမ့်၊ သူလည်း မသိလိုက်ရပါလား။

"ဟင်. . မင်းမိန်းမ. ."

သူငယ်ချင်းများကလည်း တအံ့တဩ. .

"မင်း. . လျှို့ထားတယ်ပေါ့"

"ဒါပေါ့ ကင်ပွန်းတပ်ကြမှ မင်းတို့ အံ့အားသင့်အောင် ဖိတ်မလို့"

ဟန်မပျက်ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ မိန်းမအပေါ် မကျေနပ်။

ခုကြည့် သူ့ကိုမြင်လျက်နှင့် မမြင်ချင်ဟန်ဆောင်ကာ သူတို့စားပွဲကို ကျော်ဖြတ်ပြီး သူ့သူငယ်ချင်းများနှင့် ရယ်မောကာ မိနူးကာဒ်ကိုကြည့်၍ မှာနေ၏။

"မင်းကို မတွေ့ဘူးထင်တယ်"

"မတွေ့တာဘဲကောင်းတယ် ကိုယ်ပြန်တော့မယ်ကွာ"

"ဟ. . ဘယ်လိုလဲ"

"လူနာတစ်ယောက် ကြည့်စရာရှိတာ သတိရလိုက်လို့ပါကွာ. . သွားပြီ"

သူငယ်ချင်းတွေကိုလည်း ဖြေရှင်းပြ မနေချင်တော့။

မိန်းမလုပ်ပုံက မဟုတ်။

ဗိုက်ဖုံးအင်္ကျီဝတ်ရသော အနေအထားဆိုလျှင် ငါးလရှိနေပြီ။ သူ့ကို အသိမပေး တမင်ဖုံးကွယ်ထားပုံက. . သူ့ကို သက်သက်ချိုးတာ။-

ကားကို အိမ်သို့ဦးတည်လိုက်သည်။

"ဟင်. . အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်မကော"

အိမ်ဖော်မလေး မိပြူးက ပြူးကြောင်ကြောင်ဖြင့်. .

"ရှင်. ."

"မင့်အစ်မ ဘယ်သွားသလဲလို့ မေးနေတာ"

"ကျွန်မ မသိဘူး"

အေးလေ သူတို့ ဘယ်သိမလဲ။ မိန်းမကကော မိပြူးတို့လိုလူကို အရေးလုပ်ပြီး ပြောမလား။

တစ်အိမ်တည်း အတူနေကြသူနှစ်ယောက်၏ အဝေးဆုံးအဖြစ်ကို ပထမဦးဆုံး သူ သတိထားလိုက်မိသည်။

ညှိနှိုင်းခြင်းဟူသော အဖြစ်သို့ မရောက်ခင်မှာ စိမ်းကားခြင်းနှင့်စတင်ခဲ့သော အိမ်ထောင်ရေးသည် ယခုလောက်အထိ အံ့ဩတုန်လှုပ်စရာ အဖြစ်အပျက်တစ်ခုကို ဖြစ်ပွားလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပါ။

ယခုတော့ ဇနီးသည် ကိုယ်ဝန်ငါးလလောက်လွယ်ထားရသည်ကို သတိမပြုလိုက်သည့် လူညံ့တစ်ယောက် ဖြစ်သွားလေပြီ။

ပြီးတော့ မိမိက သာမန်လူမဟုတ်. . ဆရာဝန်တစ်ဦး။ ဆရာဝန်မှ ကလေးအထူးကုပါရဂူဘွဲ့ကို ယူလာသည့်သူ။

မိဘများ သံရုံးဝန်ထမ်းဘဝကတည်းက အနောက်နိုင်ငံများ၌ ကြီးပြင်းခဲ့ရပြီး သူ ဆေးပညာသင်ယူနေချိန်မှာ မိဘများက မြန်မာပြည်ပြန်ပြောင်းရပြီးသည်အထိ သူ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ပြီးမှ မြန်မာပြည်ပြန်လာသည်။

ပြန်ရောက်ပြီး မကြာခင်မှာ မိဘများက လက်ထပ်ပေး





သည်။ ဒီမှာပဲ ပြဿနာက စသည်။

ခွန်ညီ လက်ထပ်ထိမ်းမြားစဉ်က ဓာတ်ပုံကြီးကို မော့ကြည့်လိုက်သည်။

ပထမဦးဆုံးအနေဖြင့် သူသည် မိန်းမတစ်ယောက်ကို စတင်အလျှော့ပေးရခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ ဝတ်ချင်သော အနောက်တိုင်းဝတ်စုံကို ဝတ်ခွင့်မရဘဲ တောင်ရှည်ပုဆိုး ရင်ဖုံးတိုက်ပုံနှင့် မောင့်ကျက်သရေခေါင်းပေါင်းကိုသာ ဆင်မြန်းထိမ်းမြား လက်ထပ်ခဲ့ရသည့်အဖြစ်။

သူ သက်ပြင်းချလိုက်ပြီး အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်ခဲ့သည်။

သူ့အိပ်ခန်းသို့ မဝင်ခင် သူ့မိန်းမ၏အိပ်ခန်းကို လှမ်းကြည့်လိုက်သည်။ မိန်းမအိပ်ခန်း၌ ဘာများထူးခြားချက်ရှိသလဲ၊ မိခင်၏ဆန္ဒ၌ ရင်သွေးသည် သားလား၊ သမီးလား မည်သူ့ကို တောင့်တမှုရှိသလဲ သူ သိချင်လာသည်။

မိန်းမ အိပ်ခန်းဘက် ခြေလှမ်းလှမ်းပြီးမှ သင့်တော်ပါ့မလား။ ပိုင်ရှင်ခွင့်ပြုချက် မယူဘဲ ဝင်ရောက်လေ့လာခြင်းသည် ရိုင်းစိုင်းနေမလား အတွေးဖြင့် မဝင်ဖြစ်တော့ဘဲ သူ့အိပ်ခန်းသို့ ဦးတည်လိုက်သည်။

ညက သူ အိမ်ပြန်မအိပ်ခဲ့။ ခွဲခန်းဝင်နေခဲ့သည်။

ပြီးတော့ နံနက်စာကို M3 ၌ သွားအစား မိန်းမနှင့်ဖြိုးရသည်။

မိန်းမက သူ့ကိုမြင်လျက်နှင့် မမြင်ဟန်ပြုသွားသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစရာ ကောင်းလှသည်။

မြန်မာပြည် လူနေမှုစရိုက်ကို သူ လေ့လာနေဆဲဟူသော အချိန်ကာလကို မိန်းမက မစောင့်ဆိုင်းပဲ ကိုယ်ဝန်ယူလိုက်ခြင်းကို သူ ဘဝင်မကျနိုင်။

Handphone ခလုတ်နှိပ်လိုက်သည်။

ဖုန်းလာလျှင် အမြဲကိုင်တတ်သော မာမီအသံကို ကြားလိုက်ရသည်။

"ဟဲလို"

"မာမီ ညီပါ"

"ညီလား နိုးပြီလား စောစောကတောင် မာမီဖုန်းဆက်သေးတယ်၊ ညီ အိပ်နေတယ်လို့ သမီးကပြောလို့"

မိန်းမကတော့ လုပ်ချလိုက်ပြန်ပြီ။

"ဟုတ်ကဲ့ ကိစ္စအထူးရှိလို့လား မာမီ"

ချော်လဲရောထိုင်လိုက်ရသည်။

"မာမီ မနေ့က ဗေဒင်သွားမေးတယ် သိလား၊ သမီးဦးလေးမွေးမယ်တဲ့ ညီ့အဖေက ပျော်လွန်းလို့ အိပ်လို့တောင်မရဘူးတဲ့"

မျိုးနဲ့ရိုးနဲ့ မိန်းကလေးရှားသော သူတို့မိသားစုတွင် မြေးမိန်းကလေးကို မျှော်လင့်နေကြသည်။

သူ ရင်မောသွားသည်။

မြန်မာပြည်မိသားစု၏ နွေးထွေးနှောင်ဖွဲ့မှုက သူ့စိတ်ကို ကျဉ်းကြပ်စေသည်။

"သားကော ဝမ်းမသာဘူးလား"





ယခုမှ မိန်းမမှာ ကိုယ်ဝန်ရှိနေသည်ကို သိလိုက်ရသည့် သူ့အဖြစ်က ရင်နာစရာကောင်းနေသလား၊ ရယ်စရာကောင်းနေသလား သူ့ကိုယ်သူ ဝေခွဲမရ။

"ညီ မာမီပြောတာ ကြားရဲ့လား"

"ဗျာ. . ကြားပါတယ် မာမီ ဗေဒင်မှန်ရင်တော့ မာမီတို့အတွက် ဝမ်းသာစရာပေါ့. . "

"ဟင်. . မာမီတို့အတွက် ဝမ်းသာစရာဆိုတော့ မင်းက ဝမ်းမသာဘူးပေါ့ ဟုတ်လား"

"ကျွန်တော်က သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ဝမ်းသာပြီးသားဖြစ်လို့ ပိုပြီးထူးခြားမှာ မဟုတ်ပါဘူး"

"အေးလေ ဒါလည်းဟုတ်တာပဲ သမီးကို ဂရုစိုက်ဦးနော် လရင့်လာရင် အသွားအလာတွေမှာ အနားကပ် စောင့်ရှောက်မယ့်သူ ရှိနေပါစေ"

"မာမီပဲ စီစဉ်ပေးလေ"

"ကောင်းပြီလေ မာမီလာခဲ့ဦးမယ်"

"ဟုတ်ကဲ့မာမီ ကျွန်တော် ခွဲခန်းဝင်ထားလို့ အိပ်တော့မယ်နော်"

"အေး. . အေး. . "

သူ ဖုန်းချလိုက်သည်။ ဖုန်းကိုပါ ပိတ်ထားလိုက်သည်။

သူ မသိလိုက်ပေမယ့် သူ့မိဘတွေကတော့ သိနေကြသည်။ မိန်းမက သူ့ကို သက်သက်ပညာပြလိုက်ခြင်းဖြစ်သည်ဟု သူ သဘောပေါက်လိုက်သည်။

ဒီနေ့ လုပ်စရာကိစ္စမှန်သမျှကို ဖျက်သိမ်းပြီး မိန်းမနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရန် စောင့်ဆိုင်းနေလိုက်သည်။

သူ့ဘဝ၌ ပထမဦးဆုံးအကြိမ်အဖြစ် မိန်းမတစ်ဦးအတွက် အလုပ်များကို တစ်ပါးသူထံအကူအညီတောင်း လွှဲပြောင်းပေးလိုက်ရလေပြီ။

ခင်ကင်းစင်ဟူသော သူ၏မိန်းမသည် ဘယ်လိုမိန်းမမျိုးလဲဟု သူ သိချင်လာသည်။

တွေ့စကတော့. . .။







# အခန်း [၃]

“ကိုင်း. . သားတို့ချင်း ညှိနှိုင်းကြဦး”

မိခင်က သူ့ကို ဧည့်ခန်း၌ချန်ထားခဲ့ပြီး . . .

“လာဟော့ အနှင်းရေ ယူ့ရဲ့သစ်ခွမျိုးသစ်တွေ တို့များကို ပြပါဦးကွယ်”

ခမည်းခမက်လောင်းများက အလွမ်းသင့်ကြသည်။ အတိုင်အဖောက်ညီသည်။ ယောက်ျားသားကြီးနှစ်ဦးက လသာဆောင်၌ စစ်တုရင် ကစားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားကြီးနှစ်ဦးက သစ်ခွရုံရှိရာ ထွက်သွားသည်။

ဧည့်ခန်း၌ ခင်ကင်းစင်နှင့်သူ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

အနောက်တိုင်းယဉ်ကျေးမှုကတော့ မိန်းမပိုးရတာလွယ်ကူသည်။ ဒိတ်လုပ်၊ ကပွဲသွား၊ ညစာစား ပြဇာတ်ကြည့်ချင်ကြည့်၊ နိုက်ကလပ်သွားချင်သွား ဘာကိုမှ အဟန့်အတားမရှိ။

ယခုတော့. . .

သူ အနေကျဉ်းကြပ်သည်။ မိခင်ဖခင်ကလည်း အိမ်ကမထွက်ခင်ကတည်းက သူ့အား သွန်သင်လာပြီးသား။

"ဒါက မြန်မာပြည်နော် ညီ ကျင်လည်ခဲ့တဲ့ အနောက်နိုင်ငံမဟုတ်ဘူး၊ ကိုယ်ယူရမယ့် သတို့သမီးလောင်းအပေါ် လေးလေးနက်နက် မြတ်နိုးတန်ဖိုးထား ဆက်ဆံတတ်ရမယ်"

"ဟုတ်တယ် တစ်သက်မှာတစ်ခါပဲ ဆောင်ရတဲ့ မင်္ဂလာဆောင်အတွက် မေမေတို့ မြန်မာမိန်းမသားတွေဟာ သိပ်တန်ဖိုးထား မျှော်လင့်တတ်ကြတယ်၊ ဒါကို သားက နားလည်ပေးရမယ်၊ သူ့ဆန္ဒတွေကို အတတ်နိုင်ဆုံး လိုက်လျောပေးရမယ်"

ထိုစကားတို့သည် လောလောလတ်လတ်ဖြစ်၍ သူ့နားထဲ၌ ထင်ဟပ်နေဆဲ။

"ခင်ကင်းစင်လား. . ဟုတ်တယ်နော်"

"ဟုတ်ပါတယ်၊ ရှင် ကျွန်မကို ဘာပြောစရာရှိလဲ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"မရှိပါဘူး. ."

"တကယ် မရှိဘူးလား. . သေချာရဲ့လား"





သူ. . ခင်ကင်းစင်ကို ကြည့်လိုက်သည်။ ဝါနှစ်သော အသားအရေနှင့် ရုပ်ရည်ရူပကာကလည်း အပြစ်ဆိုဖွယ်ရာမရှိ။

အနောက်တိုင်းအမျိုးသမီးများ၏ အလှက ပူလောင်သည်။ မြန်မာအမျိုးသမီးအလှက အေးချမ်းသည်။

"ယူက ဘာသိချင်တာလဲ"

"ရှင်က မြန်မာပြည်နဲ့ အဆက်ပြတ်နေတာကြာပြီ မဟုတ်လား၊ ဟိုမှာ အနေကြာ ပညာသင်ခဲ့တာဆိုတော့ ရှင့်ရဲ့ နောက်ကြောင်း ရှင်းမရှင်းဆိုတဲ့ အခြေအနေကို ကျွန်မ သိချင်တာ"

"နောက်ကြောင်း. . ."

"ဟုတ်တယ် နောက်ကြောင်းဆိုတာ အိမ်ထောင်ကျခဲ့ခြင်း ရှိမရှိကို မေးတာ. ."

သူ ပြုံးလိုက်မိသည်။

လူမှုရေးနယ်ပယ် ကျဉ်းမြောင်းလွန်းသည်ဟုထင်သည်။

"ဒါကတော့. . အင်း ယူ့ကို အိုင် နားလည်အောင် မပြောတတ်ဘူး၊ ဒီမှာနဲ့ဟိုမှာ အကျင့်စရိုက်မတူဘူးလေ. . အိုင် ထားရားဝင် လက်ထပ်ခြင်းမရှိခဲ့တာတော့ သေချာတယ်"

ခင်ကင်းစင် အကြည့်က သူ့အပေါ် အထင်သေးသော၊ အော်ချသော၊ ရွံရှာသောအကြည့်ဟု ရိပ်မိလိုက်သည်။

"Living together နေခဲ့ဖူးတယ်ပေါ့ ဟုတ်လား"

"ရက်စ်"

"ဘယ်နှစ်ယောက်လဲ"

"သုံးယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို ရှင်နဲ့ကျွန်မ ဆေးစစ်ကြည့်ကြမယ်၊ ရီဇာတ်ရပြီးမှ လက်ထပ်ခြင်းကိစ္စကို စဉ်းစားမယ်"

သူ ခံပြင်းသွားသည်။

"အိုင်က ဆရာဝန်ပါ၊ အိုင့် ကျန်းမာရေးအတွက် အိုင်ကိုအိုင် ဂရုစိုက်ပြီးသားပါ"

"ဒါကို ကျွန်မ မသိဘူး၊ ကျွန်မသိချင်တာ ရှင့်မှာ ကူးစက်ရောဂါ ရှိမရှိပဲ"

ရဲတင်းပွင့်လင်းသော မိန်းမဖြစ်သည်ကိုတော့ သူ သဘောပေါက်လိုက်သည်။

"ဘာကိစ္စ ရှိရမှာလဲ"

"ရှင် မိန်းမသုံးယောက် ယူဖူးတယ်လေ"

ခင်ကင်းစင်က မျက်နှာရဲရဲကို ခပ်လွှဲလွှဲလုပ်ပြီး ပြောလိုက်သည်။ ခွန်ညီ ပြုံးမိသည်။

မြန်မာအမျိုးသမီးတွေ၏ အရှက်အကြောက်ကြီးမှုကို မိခင်က နားသွင်းထားသဖြင့်. . သူ သဘောပေါက် တန်ဖိုးထားတတ်ပါသည်။

"ကောင်းပြီ မနက်ဖြန် အိုင် လာခေါ်မယ်"

"ဟင့်အင်း ကိုယ့်ဘာသာကို စစ်မယ်"

"ဒီလိုဆို အိုင်က ညာလိုက်ရင်ကော"

ခင်ကင်းစင်ကို သူ ကလိလိုက်သည်။

ဖျတ်ခနဲကြည့်လိုက်သောအကြည့်က. . သူ၏ရင်ကို ဖောက်ထွင်းမြင်လိုက်ရသည့် အကြည့်မျိုး. .

"ကျွန်မက စာမတတ်တဲ့သူ တစ်ယောက်ကိုး"





"ယူက အိုင်နဲ့ တွဲသွားတွဲလာရမှာကို. . ဘာဖြစ်လို့ ကြောက်နေရတာလဲ"

"မကြောက်ပါဘူး၊ ဒါပေမယ့် ရှင်နဲ့ကျွန်မ အကြောင်းကြောင်းကြောင့် မယူဖြစ်ကြရင် မိန်းမသားဖြစ်တဲ့ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ထိပါးနစ်နာသွားမှာ စိုးရိမ်တဲ့အတွက်ပါ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းသင့်တာ မြန်မာအမျိုးသမီးတွေရဲ့ မွေးရာပါ တာဝန်တစ်ရပ်ဆိုတာ ရှင်လည်း မြန်မာပြည်ဖွား ယောကျ်ားသားတစ်ဦးအနေနဲ့ နားလည်မှာပါ"

ဆရာလုပ်သောမိန်းမ. . ယောကျ်ားကို အနိုင်ယူဦးဆောင်ချင်သော မိန်းမကို ခွန်ညီ မနှစ်သက်။

ခင်ကင်းစင်သည်လည်း ယောကျ်ားကို အလျှော့ပေးသော အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဗုလလို တော်လေးဝဂိုဏ်းဝင်သည့် မိန်းမမျိုး မဟုတ်တာတော့ သေချာသည်။

"ကောင်းပြီလေ၊ ဒါ ယူ့သဘောပဲ ယူရဲ့အခွင့်အရေး"

"ရှင့်ကိုကျွန်မ ဆက်လက်တောင်းဆိုစရာရှိသေးတယ်"

"ပြောပါ. ."

"အကယ်၍ ရှင့်ရဲ့ဆေးလက်မှတ် ထောက်ခံချက်တွေအရ ရှင့်ကိုကျွန်မ လက်ထပ်လိုက်ပြီဆိုပါစို့"

ခွန်ညီပြုံးမိပြန်သည်။ ဇီဇာကြောင်သော စိုးရိမ်ကြောင့်ကြမှုကြီးသော မိန်းမမျိုးမှာ သူ၏မိခင်တစ်ယောက်တည်း မဟုတ်ပါလား။ ငယ်ငယ်ကြီးကြီးရွယ်ရွယ် မိန်းမများသည် စိုးရိမ်ကြောင့်ကြမှု ပိုတတ်ကြသည်။

"ရှင်က ဘာပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကျလို့ပါ"

"ဘာကိုလဲ"

"ယူ့ရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို"

"ဒါကတော့ အစကောင်းမှ အနှောင်းသေချာတဲ့၊ ကဲပါ လက်ထပ်ပြီးရင် တစ်လင်တစ်မယားစနစ်ပဲ ကျင့်သုံးရမယ်"

"လက်ခံပါတယ် အိုင့်မိဘတွေလည်း ဒီစနစ်ပဲ ကျင့်သုံးခဲ့တာပဲ"

"ဒီလိုဆိုရင် ပြီးတာပဲ၊ ကျွန်မဘက်က ပြောစရာစကားမရှိတော့ဘူး၊ ရှင်ဘက်က ကျွန်မနဲ့ ပတ်သက်ပြီး ဘာသိချင်သလဲ"

ခွန်ညီ ပြုံးလိုက်သည်။ စိတ်တွင်းကြိတ်ပြုံးခြင်းသာ ဖြစ်သည်။ မိန်းမသည် မိန်းမသာဖြစ်သည်။ သူ၏ စိတ်ဝင်စားမှုအပေါ်၌ သိလိုသဖြင့် ဆန်းစစ်ခြင်းဖြစ်ကြောင်း သူ ကောင်းစွာသဘောပေါက်သည်။ ခွန်ညီ မိန်းမသဘောကို သိသည်။

မိန်းမများသည် ယောကျ်ားလေးဘက်က လိုက်လေလေ သူတို့က ပြေးလေလေ ဖြစ်သည်။ သူလိုက်စရာ မလို။

မလိုက်လျှင် အလိုလို ရပ်တန့်သွားလိမ့်မည်။

"နိုး. . အိုင် လောလောဆယ် သိချင်တာ. . ယူ့ဖခင်ရဲ့ စာအုပ်တွေ ဖတ်ခွင့်ရှိမလား ဆိုတာကိုပဲ"

ဧည့်ခန်း၏ ကျောဘက်နံရံဘီဒိုကြီး၌ ဆေးပညာ၊ သုတရသ စာအုပ်မျိုးစုံရှိနေသည်။ ထိုစာအုပ်လောက် သူ့အပေါ် စိတ်မဝင်စားပါလားဟု ခင်ကင်းစင် ရင်တွင်းကြိတ်ကာ ဒေါသထွက်မရိုးမရွဖြစ်အောင် သူ တမင်ဖန်တီးလိုက်ခြင်း ဖြစ်သည်။





"ရပါတယ် ဖတ်ပါ၊ ပြောစရာမရှိဘူး ဆိုရင် ကျွန်မကို ခွင့်ပြုပါ"

ခင်ကင်းစင်အား သူ မတားဆီးလိုက်ပါ။ ငြိုးငွေ့ဖွယ်ကောင်းစွာပင် သူသည် စာအုပ်များကို လိုက်လံဖတ်ရှုနေခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [5]

"ရှင် နောက်ကျသွားတယ်"

ခရမ်းစွဲ ဝင်လာလာခြင်း ခင်ကင်းစင်က လှမ်းပြော လိုက်သည်။ ဝတီနှင့် ကေကေက. . .

"ဟုတ်ပ၊ မင်းသားမျက်နှာ ငိုရမလို ရယ်ရမလို မအီ မလည်ဖြစ်သွားတဲ့ မျက်နှာကို ရှင်မြင်ရရင် ခွက်ထိုးခွက်လန် ရယ်မိမှာ၊ ကျုပ်တို့တောင် ရယ်လိုက်ရသေးတယ်"

ခရမ်းစွဲက လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်





လိုက်ရင်း ခင်ကင်းစင်၏ မျက်နှာဖူးဖူးလေးကို ကြည့်လိုက်သည်။

"ဒေါ်ကင်းစင်ရယ် ရှင့်လုပ်ပုံတွေ မဟုတ်သေးပါဘူး"

ခင်ကင်းစင်က သောက်ရန် ပါးစပ်နားကပ်လိုက်သော ကော်ဖီခွက်ကို အသာပြန်ချရင်း. . .

"ဘယ်လို မဟုတ်တာလဲ ဒေါ်ခရမ်း"

"ရှင့်ကိုယ်ဝန် ငါးလကျော်လာတဲ့အထိ ယောကျ်ားကို အသိမပေးတာဟာ ရှင် မလွန်လွန်းဘူးလား"

"ဘုရားရေ ကျုပ်ကပဲ လွန်ရတယ် ရှိသေးတယ်"

ခင်ကင်းစင်ကခရမ်းစွဲကို မကျေမနပ်ကြည့်လိုက်သည်။ ဝတီက. . .

"ဖြေးဖြေးပြောကြဟာ စားဦး"

"ယောကျ်ားတစ်ယောက်ရဲ့ ဥပေက္ခာပြုခြင်းကို ခံနေရတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားမှုကို ရှင် နားမလည်နိုင်သေးပါဘူး ဒေါ်ခရမ်းရယ်"

"ဥပေက္ခာပြုမှုကို ဘယ်သူတွေက စတင်ဖန်တီးခဲ့တာလဲ တစ်ယောက်တည်း ဖန်တီးလို့ ရသလား၊ သူကပြုဖို့ ကြိုးစားတယ်၊ ရှင်က လက်မခံဘူးဆိုရင် ဥပေက္ခာဆိုတာ ဖြစ်မလာနိုင်ပါဘူး"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဒေါ်ခရမ်း၊ အရင်တုန်းက ရှင်ပဲ ချင်းစိမ်းနဲ့မိတ်သလင် သူကြွင်မှုကိုယ်ကြွင်ဆို"

ခင်ကင်းစင်က ခရမ်းစွဲကို နားမလည်နိုင်တော့ချေ။

ခရမ်းစွဲသည် လှသည်။ စွဲမက်ဖွယ်ကောင်းသော ပါး ချိုင့်လေးများနှင့် ညို့အားအပြည့်ရှိသော မိန်းမချောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါသော ဆရာဝန်မလေးခရမ်းစွဲအပေါ် လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည်။

သို့သော် ခရမ်းစွဲသည် ယောကျ်ားတွေအပေါ် အပြစ်အမျိုးမျိုးမြင်ကာ ကြည့်မရခဲ့။ မိဘတွေ စီစဉ်ပေးခြင်းအပေါ်လည်း ခါးသီးစွာငြင်းပယ်ကာ အပျိုကြီးလုပ်နေသူဖြစ်သည်။

"အစက. . ဟုတ်တယ် ခုတော့ ကျုပ်စကား ပြင်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ရှင့်ရင်သွေးအတွက်ပေါ့ ဒေါ်ကင်းစင်ရယ်၊ ရှင့်ကလေးရဲ့ စိတ်လုံခြုံမှုရှိစေဖို့အတွက် ရှင် အားမွေးပါ၊ အနိုင်ယူလိုစိတ်တွေ မမွေးပါနဲ့၊ သူ့ကို ဖခင်တစ်ယောက်အနေနဲ့ ဖွင့်ပြောရမှာ ရှင့်ဝတ္တရား၊ ခုလို ရှင် ပြုမူလိုက်တော့ သူ ဘယ်လောက်အခံရခက်သွားမလဲ"

"ခက်ပါစေ. . ခက်အောင် တမင်လုပ်တာပဲ"

"ဘာအကျိုးရှိမလဲ"

"ပြန်သွားရင် ထူးခြားမှုတစ်ခုခု ရှိလိမ့်မယ်လို့ ကျုပ်ထင်တာပဲ"

"ဟုတ်တယ်၊ ဒါပေမယ့်. . ရှင် စိတ်အေးအေးထားပါ။ ခုချိန်မှာ ရှင်ဟာ အသားစီးက အနိုင်ရနေပြီ"

"ဟုတ်တယ် ဗိုက်ပြစားရမယ့်အချိန်ပဲ၊ ကျုပ်လည်း ရှင့်ကို အားကျလာပြီ ဒေါ်ကင်းစင်ရာ"

ခင်ကင်းစင်ထက် ငါးလခန့်စောပြီး အိမ်ထောင်ကျသူ ကေကေက ဝင်ပြောလိုက်သည်။ သို့သော်. . သားသမီး အရိပ်





အယောင် မပြသေး။

"သူဟာ ဆရာဝန်တစ်ယောက်ပဲ၊ မိခင်နဲ့ ကလေးကို စောင့်ရှောက်တတ်တဲ့စိတ်မျိုး သူ့မှာရှိနေမှာပါ၊ ရှင်လိုချင်တဲ့အရာတွေ ဖြစ်ချင်တဲ့ဆန္ဒတွေကိုသာ ရှင် တောင်းဆိုပေတော့ သူ လိုက်လျောမှာပါ"

ခင်ကင်းစင် အံကို ခပ်တင်းတင်းကြိတ်လိုက်သည်။ ယောကျ်ားလေးတော်တော်များများကို လှည့်စားအနိုင်ယူခဲ့သမျှ လက်ထပ်လိုက်မိသော ယောကျ်ားနှင့်ကျမှ အရှုံးပေးရမည်လား။

"ခုချိန်မှာ ရှင်ကြည့်ရမှာက ရှင့်အတွက်မဟုတ်ဘူး ရှင့်ရင်သွေးအတွက် ရှင်ကြည့်ရမှာ၊ ကိုင်း. . စားဦး ကျုပ်လည်း အချိန်မရဘူး စားပြီး ဂျူတီတန်းဝင်ရတော့မှာ"

ခရမ်းစွဲက ပြောပြောဆိုဆို ဟန်ဘာဂါကို စားလိုက်ပြီး ကော်ဖီသောက်လိုက်သည်။ တွေဝေစဉ်းစားနေသော ခင်ကင်းစင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

မိဘများ ရန်ကုန်သို့ ပြောင်းလာစဉ် ခြောက်တန်းနှစ်မှစ၍ ဆယ်တန်းအထိ အတန်းစဉ်တောက်လျှောက် တစ်ခုံတည်း အတူတကွထိုင်ကာ ချစ်ခင်ကြသည့် သူငယ်ချင်းဖြစ်သည်။ ဆယ်တန်းအောင်တော့ သူက ဆေးတက္ကသိုလ်၊ ခင်ကင်းစင်က စက်မှုတက္ကသိုလ်တက်သော်လည်း လူချင်းကတော့ အဆက်အသွယ် မပြတ်လှ။ ထို့ကြောင့် ငယ်သူငယ်ချင်း ခင်ကင်းစင်အပေါ် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများထက် ပို၍ချစ်ခင် တွယ်တာသည်။

ခင်ကင်းစင်လက်ထပ်သည့်အချိန်က သူ ရှင်းပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com



ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ကျနေသဖြင့် မလာနိုင်ဘဲ မိဘများမှတစ်ဆင့်သာ လက်ဖွဲ့ခိုင်းလိုက်ရသည်။

မကြာခင်ကမှ မြောက်ဥက္ကလာပပြည်သူ့ ဆေးရုံကြီး၌ တာဝန်ကျသဖြင့် ခင်ကင်းစင်နှင့် ပြန်ဆုံတွေ့ရခြင်းဖြစ်သည်။

ခင်တင်းစင်၏ အိမ်ထောင်ရေးအဆင်မပြေခြင်းကို ဝမ်းနည်းစွာ သိခဲ့ရသည်။

"ကျုပ် လိုက်ပို့ပေးရမလား"

"ဟင့်အင်း ကျုပ် အိမ်မပြန်သေးဘူး"

"ရှင် ဗိုက်ကြီးတကားကားနဲ့ ဘယ်သွားဦးမလို့လဲ"

"ဒေါ်ကေကေအိမ် ဒါမှမဟုတ် တစ်နေနေရာမှာ သွားနေလိုက်ဦးမယ်၊ ဒါမှ အကယ်၍များ သူ ငါ့ကို စောင့်နေခဲ့ရင်. . သူဘယ်လိုခံစားရမလဲဆိုတာ ကိုယ်ချင်းစာစိတ် သူ ရသွားစေချင်တယ်"

"ရှင်တို့ဟာက မဟုတ်သေးပါဘူး၊ ကိုင်း ကျုပ်လည်း ရုံးချိန်နီးပြီ သွားတော့မယ် ဒေါ်ခရမ်းရေ ကြားသုံးကြား မဝင်နဲ့ဆိုပေမယ့် ကျုပ်တို့တော့ သူတို့လင်မယားကြားကို ဝင်လိုက်မှ ဖြစ်တော့မယ် ထင်တယ်"

"ဟုတ်တယ်"

ကေကေက ဝတီ၏စကားကို ထောက်ခံသည်။

ခရမ်းစွဲက ခေါင်းညိတ်ပြီး. . .

"ဟုတ်တယ် ရှင့်ပုဂ္ဂိုလ် ဘယ်အချိန်ရှိတတ်သလဲ"

"သူရှိတဲ့အချိန် ရှင်တို့လာနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"





"သန်းခေါင်ကျော်မှ ပြန်လာတတ်တယ်"

"ဘုရားရေ နေ့စဉ်နေ့တိုင်းလား"

ခရမ်းစွဲက သူ့ရင်ဘတ်ကို သူဖိကာ တအံ့တဩ မေးလိုက်သည်။

"ဟုတ်တယ် မနက်ကော မေးဦးမလား"

"အင်း ဘယ်အချိန်ရှိသလဲ"

"ပုံမှန်မရှိ နိုးတာနဲ့ ရေမိုးချိုးပြီး ကားသော့ယူ၊ တန်းထွက်သွားတာပဲ"

ခရမ်းစွဲရင်ထဲ ဒေါသစိတ်၊ ခံပြင်းစိတ်က ဝင်ရောက်လာသည်။ သူငယ်ချင်း ခင်ကင်းစင်အစား မခံချိမခံသာ ဖြစ်ကာ. .

"ရှင်က မတားဘူးလား"

"အေးလေဟယ် ဒီမှာ နံနက်စာပြင်ထားတယ် စားသွားဦး မောင်ရယ် ဘာညာပေါ့"

ကေကေက ဝင်ပြောလိုက်သည်။

ခင်ကင်းစင်က သက်ပြင်းချလိုက်သည်။

"ယောကျ်ားတစ်ယောက်ကို အောက်ကျနောက်ကျခံပြီးမှ ကိုယ့်ဘက်ဆွဲခေါင်ယူရမယ့် အလုပ်မျိုး ငါတစ်သက်လုံးမလုပ်ဘူး"

"ကဲ. . ဘာပဲဖြစ်ဖြစ် ကျုပ် ရှင့်ယောကျ်ားကို လိုက်တွေ့မယ်၊ ဒီအတိုင်းလွှတ်ထားရင် ရှင်တို့ အိမ်ထောင်ရေး မလွယ်ဘူး၊ ဟုတ်လား ဝတီ ရှင်နဲ့ကျုပ် သူတို့အိမ် သွားအိပ်ပြီး သူတို့ ရင်ကြားစေ့ပေးရအောင်"

"မလိုပါဘူးကွာ သူများကြားဝင်ပေးလို့ မလွှဲမရှောင်



www.burmeseclassic.com

www.burmeseclassic.com



သာဘဲ သူ့ဂုဏ်သိက္ခာအတွက် ပြုပြင်လာမှာမျိုးကိုလည်း ငါ မလိုလားဘူး၊ ကဲပါ ရှင်တို့က အလုပ်ရှိတဲ့သူတွေ သွားကြတော့ ဒေါ်ဝတီရုံးကိုပဲ ရှင်လိုက်ပို့လိုက်တော့ ဒေါ်ခရမ်း"

ခရမ်းစွဲ လောလောဆယ်အားဖြင့်တော့ ခင်ကင်းစင်ကို လက်မြှောက်အရှုံးပေးလိုက်သည်။

"ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ဦး၊ ရှင့်ကားကို ကိုယ်တိုင်မကောင်းနဲ့တော့ကွာ"

"ဘာမှမဖြစ်ပါဘူး ကျုပ်က စိတ်ပျော့ညံ့တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ၊ ရှင်ဘာမှမပူနဲ့ မွေးခါနီးလို့ ဆေးရုံလာတက်ရင်တောင် ကိုယ့်ကားကိုယ်မောင်းပြီး လာတက်မယ့်မိန်းမစားပါ"

"တော်ပြီ ရှင့်ကို ကျုပ် လက်မြှောက်တယ်၊ ကိုင်း ကျုပ်သွားပြီ"

ခရမ်းစွဲနှင့် ဝတီ ထွက်သွားသည်။

ကေကေနှင့် ခင်ကင်းစင်သာ ကျန်ရစ်ခဲ့သည်။ ကေကေ့အမျိုးသားက ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

ခင်ကင်းစင်နှင့် စက်မှုတက္ကသိုလ်ကျောင်းနေဘက် သူငယ်ချင်းလည်း ဖြစ်သည်။

"ထိုးဝါးကတောင် ပြောနေသေးတယ်"

"ဘာကိုလဲ"

"ရှင့်ကိုပေါ့"

"ကျုပ်ကို ဘာကိစ္စလဲ"

"ရှင်တို့အိမ်ထောင်ရေး ကြည့်ရတာ အေးတိအေးစက်နဲ့





အဆင်ပြေပုံမရဘူးလို့ ကျုပ်က ပြောမိတော့. . ထိုးဝါးက အဲဒါ ရှင် မာနကြီးလို့နေမှာပေါ့တဲ့"

ခင်ကင်းစင် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"အေးလေ အကြောင်းမသိရင်တော့ ကျုပ်မာနကြောင့်လို့ထင်ကြမှာပေါ့၊ ဒါပေမယ့် ကျုပ်အကြောင်း ကျုပ်ပဲသိပါတယ်။ ကိုင်း ရှင့်အိမ်ကို ကျုပ်လိုက်ခဲ့မယ် ညနေစောင်းမှ ကျုပ်ပြန်မယ်၊ ထိုးဝါးကော"

"ကျုပ်ကို လိုက်ပို့ပြီး ဆိုက်ထဲဆက်သွားတယ် ဒါဖြင့်လည်း ပြန်ရအောင် ကျုပ်မောင်းမယ်နော်"

ခင်ကင်းစင်က ပြုံးကာ ကားသော့ကို လှမ်းပေးလိုက်သည်။ ခရမ်းစွဲက ငွေရှင်းသွားပြီးဖြစ်သဖြင့် သူတို့ M3 မှ ထွက်ခဲ့လေသည်။

ချစ်သူစုံတွဲများ လာရောက်စားသောက်ကြသည်ကိုမြင်တော့ ခင်ကင်းစင် နာကြည်းမှုက နင့်ခနဲနေအောင် နာကျင်ခံစားလိုက်ရသည်။

ဘယ်သူမဆို ချစ်သူနှင့်အတူယှဉ်တွဲကာ ပျော်ရွှင် ကြည်နူးလိုသောဆန္ဒ ချစ်တတ်သူတိုင်း၌ ရှိပေလိမ့်မည်ပေါ့။ မိမိသည်လည်း ပုထုဇဉ်လူသား ချစ်တတ်သောနှလုံးသားနှင့် သာမန်မိန်းမသားတစ်ဦးပေပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၅]

မိမိတို့အတွက် ခွန်ညီမိဘများက လက်ဖွဲ့အဖြစ်ပေးထားသော အင်းယားလမ်းထဲမှအိမ်ကို သွားကြည့်သည့်နေ့ပင် ပြဿနာက စသည်။

နှစ်ယောက်အိပ်ခန်းကို မတွေ့ရသဖြင့် စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

သုံးဘက်မြင်မှန်တင်ခုံနှင့် မိန်းမအသုံးအဆောင်ပစ္စည်း





အစုံအလင် ပြင်ဆင်ပေးထားသော အိပ်ခန်းကိုပြပြီး. . .

"အဲဒါ ယူ့အတွက် အခန်းပဲ"

ဩော်. ဘသားချောက ဘိုဆန်ဆန် ကျင့်သုံးချင်စိတ် မပျောက်သေးဘဲကိုး။ အနောက်တိုင်းအငွေ့အသက်တို့က သူ့အား လွှမ်းမိုးနေဆဲထင်ပါရဲ့။

"ရှင်ကကော. ."

"ဟိုဘက်မှာ"

မိန်းမသားဖြစ်သောမိမိက ဒီကိစ္စကို အရေးကြီးခွင်ကျယ်လုပ်ပြီး ပြောပြရန် သင့်တော်ရဲ့လား။

ပြောတော့ ပြောပြချင်သည်။ မြန်မာမိန်းမသားများသည် ခင်ပွန်းကို ခုတင်၏လက်ယာဘက်၌ထား၊ ခေါင်းအုံးကို အသာလျှောအိပ်ပြီး ဖြစ်စေ၊ ခင်ပွန်း၏ ဘယ်လက်ကို ခေါင်းအုံးပြီးဖြစ်စေ၊ ရင်ခွင်ထဲ အသာတိုးကာ အိပ်လိုက်ခြင်းဖြင့် လုံခြုံနွေးထွေးသော အိမ်ထောင်သည်မိန်းမသားတစ်ယောက်၏ ပြည့်စုံမှုကို ခံစားလိုက်ရလိမ့်မယ် သမီးဟု မိခင်ပြောပြခဲ့သော စကားတို့သည် အကောင်အထည်ဖော်နိုင်တော့မည် မဟုတ်။

တစ်ယောက်တစ်ခန်းဆီ အိပ်ကြရမည်။ သူ အလိုဆန္ဒရှိမှ မိမိထံသို့လာမည်။

မိမိကကော သူ့ထံသို့ သွားရမည်လား. . ဝေးသေး။

ဘယ်တော့မှ သူ့တံခါးကိုခေါက်ကာ ဝင်ခွင့်တောင်းလိမ့်မည် မဟုတ်။

"အိမ်ထောင်ဆိုတဲ့ နှောင်ဖွဲ့မှုကို အိုင် မနှစ်သက်ဘူး၊ ယူကော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အိမ်ထောင်မကျဘူးသေးတော့ မသိဘူး"

"အိုင်ရဲ့သဘောက ယူ့ကို နှောင်ဖွဲ့မထားဘူး၊ ယူ့ဘာသာယူ လွတ်လပ်စွာ နေထိုင်စားသောက်ခွင့် ရှိတယ်၊ သွားလာခွင့်ရှိတယ်၊ အလားတူ . အိုင့်ကိုလည်း ယူ နှောင်ဖွဲ့ခွင့် မရှိဘူး၊ အိုင်သွားချင်တဲ့အချိန် သွားချင်တဲ့နေရာ သွားမယ်၊ ယူ့အပေါ် အိုင်သစ္စာမဖောက်ဘူး၊ ယူလိုအပ်တာတွေ ဝယ်ပေးမယ် အိမ်ထောင်တစ်ခုလုံးရဲ့ လိုအပ်ချက်တွေကို ဘဏ္ဍာစိုးအနေကယ်သော်နဲ့ အပြည့်အစုံ ဖန်တီးပေးထားမယ်၊ ယူ လိုအပ်တာ သုံးဖို့အတွက် မီးခံသေတ္တာသော့တစ်ချောင်း အိုင်ပေးထားတယ်၊ အိုင့်အတွက်တာဝန်ကျေတဲ့ ယောက်ျားတစ်ယောက်ရဲ့ လုပ်ရပ်မှန်သမျှ အကုန်လုပ်ပေးမယ်"

"ဒါ တာဝန်ကျေတဲ့ ယောက်ျားတစ်ယောက်ရဲ့ လုပ်ရပ်လို့ ရှင်ယူဆတယ်လား"

ခင်ကင်းစင် စိတ်ပျက်သွားသည်။

"မဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်လိုလုပ်ရပ်မှ တာဝန်ကျေပွန်တာလဲ"

"ကျွန်မ မသိဘူး ရှင့်ဘာသာရှင် သိအောင်ကြိုးစားဦး"

ပြောပြမှ ဝတ်ကျေတန်းကျေလုပ်ဆောင်သော လုပ်ရပ်များကို ခင်ကင်းစင် ကျေနပ်သင့်သလား။

"ပြောပြလေ၊ အိုင် ဘာတွေလုပ်ပေးသင့်သလဲဆိုတာ"

ခင်ကင်းစင် ခွန်ညီအား ကြည့်လိုက်သည်။ နိုင်ငံခြားကဘွဲ့တွေ တသီကြီးယူလာသော ဆရာဝန်တစ်ယောက်အနေနဲ့ အသိဉာဏ် နည်းပါးလိမ့်မည်မဟုတ်ဟု ခင်ကင်းစင် ယုံကြည်





သည်။

သက်သက်မဲ့ မိမိထံမှဆန္ဒကို ထုတ်ဖော်နေခြင်းဖြစ်မည် ထို့ကြောင့် . . .

"ရှင် အိမ်ထောင်စုတစ်ခုကပေါက်ဖွားတဲ့ လူသားတစ်ယောက်ပဲ၊ ရှင့်မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးမူဝါဒကို ရှင် နားလည်ရင် ရှင်ဘာလုပ်သင့်သလဲဆိုတာ ရှင်သိမှာပေါ့"

"ဟုတ်တယ် ဒယ်ဒီဟာ သံယောဇဉ်ကြီးလွန်းတယ်၊ ဒီသံယောဇဉ်ကြောင့် ဒယ်ဒီဘဝဟာ မလွတ်လပ်ဘူး၊ နှောင့်ဖွဲ့မှုတွေနဲ့ တိုးတက်သင့်သလောက် မတိုးတက်ဘူး ဖြစ်နေတယ်၊ အိုင့် ဘဝဟာလည်း အိမ်ထောင်ရဲ့ နှောင်ဖွဲ့မှုကြောင့် တိုးတက်မှု နှောင့်နှေးသွားမှာကို မလိုလားဘူး. ."

"တိုးတက်မှုဆိုတာ ဘာလဲ"

"အိုင် နောက်ထပ် ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ဘွဲ့တစ်ခု ယူဦးမှာ ဒီအတွက် ယူ့သံယောဇဉ်နှောင်ဖွဲ့မှုတွေနဲ့ အိုင့်ကို အနှောင့်အယှက် မပေးစေချင်ဘူး ယူ နားလည်မှုရှိပါ"

ခင်ကင်းစင် နာကျည်းမှုကို မြိုသိပ်လိုက်ပြီး ခပ်စိမ်းစိမ်း မျက်လုံးများဖြင့်သာ မော့ကြည့်လိုက်သည်။

"အစကတည်းက လက်ထပ်ခြင်းကိစ္စကို ရှင် ငြင်းပယ်ခဲ့ရင် ရှင့်အတွက်ပိုကောင်းမှာ"

"မာမီက မရဘူး၊ အိုင် ခေါင်းမညိတ်မချင်း ပွစိပွစိနဲ့ အိုင် စိတ်ရှုပ်လို့ လက်ခံလိုက်တာ၊ ဒီအတွက် ယူ အိုင့်ကို နားလည်ပေးပါ"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်ကို အိုင် ပွင့်လင်းစွာ ဝန်ခံချင်သေး တယ်"

ခင်ကင်းစင် ရင်ခုန်လာသည်။

မိမိအလှသည် သမင်လည်ပြန်ကြည့်လောက်သောအ လှဟု ယောကျာ်းအများစုက တင်စားကြသည်။ မိမိအလှအ တွက် သူလက်ထပ်ရခြင်းပါဟု ပြောတော့မည် ထင်ပါသည်။

"ပြောပါ"

"ယူ နားလည်မှုပေးပြီး နားထောင်ပေးပါ"

ခင်ကင်းစင် ခေါင်းညိတ်လိုက်သည်။ ညိတ်ရင်းဖြင့် ခေါင်းငုံ့ကာ တမင်ပင်သူ့အကြည့်ကို လွှဲဖယ်လိုက်ခြင်းဖြစ်သည်။

"အချစ်ဆိုတာ စွဲလန်းမှုတစ်ခုဆိုတာ ယူလက်ခံသလား"

"အချစ်နဲ့ ပတ်သက်တဲ့ခံယူချက်. . ကျွန်မမှာ မရှိသေး တော့ ကျွန်မ မပြောတတ်ဘူး"

"ဒါ ယူညာတာပဲ ယူမှာ ကာပယ်တွေရှိခဲ့တာပဲ ဘာ အတွက် ယူတွဲခဲ့တာလဲ"

မိမိအကြောင်းကို သူ သိနေခြင်းအတွက် ဝမ်းသာရမလား။ ခင်ကင်းစင်ရင်ထဲ လှုပ်ခတ်သွားသည်။

"ချဉ်းကပ်လာတဲ့သူတွေရဲ့ အပေါ်မှာ အချစ် ရှာဖွေ တယ်၊ အချစ်မတွေ့လို့ သူတို့ရဲ့အချစ်ကို လက်မခံခဲ့သလို ကိုယ့် ဆီက အချစ်လည်း မပေးအပ်ခဲ့ဘူး ဒါပါပဲ. .၊ဒီအတွက် ရှိ သံသယ ကင်းသင့်တယ်နော်"

"ကိစ္စမရှိပါဘူး အိုင် နားလည်မှုရှိပါတယ်၊ ဒုန့်ဝါရီ"

ခင်ကင်းစင် စိတ်အိုက်သွားသည်။ ဤလူသားနှင့် မ





မကြာခင် လက်ထပ်ရတော့မည်။ ယခုထက်ထိ ရင်းနှီးမှုက မရ သေး။

"အိုင်ရဲ့ အချစ်အကြောင်း သိအောင် ပြောပြထားရဦး မယ်၊ အိုင်ငယ်စဉ် စိန့်ကျောင်းမှာနေကတည်းက စွဲလန်းခဲ့ရတဲ့ ငယ်သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ကေဂျီကနေ ငါးတန်းအ ထိ တစ်တွဲတွဲပဲ၊ နောက်. . အိုင် အမေရိကားကို လိုက်သွားရ တော့ ကွဲသွားတယ်၊ သူ့ကို အိုင် ဆက်သွယ်ပေမယ့် အဆက် အသွယ်မရခဲ့ဘူး၊ ဒါပေမယ့် အိုင် သူ့ကို တစ်နေ့မှ မမေ့ခဲ့ဘူး၊ ရှင်းရှင်းပြောရရင် ငယ်ကတည်းက စွဲခဲ့တဲ့အချစ်မို့ ယခုထက်ထိ အိုင့်ရင်ထဲမှာ ရှင်သန်နေတယ်၊ ဘယ်လိုအချစ်မျိုးမှန်းမသိတဲ့ စွဲလန်းမှုဟာ အိုင့်ကို စိုးမိုးနေဆဲပဲ အိုင့်ဘဝကို သူ့လောက် ဘယ် သူမှ မစိုးမိုးနိုင်ခဲ့တာ အမှန်ပဲ"

ခင်ကင်းစင် နားလည်လိုက်ပါပြီ။

မိမိသည် ပထမနေရာကို မရနိုင်တော့ပါ။

မိမိသည်လည်း အစွဲအလန်းကြီးသော ယောကျာ်းတစ် ယောက်ကို အောက်ကျနောက်ကျခံ၍ မိမိဘက်ပါလာအောင် ဆွဲဆောင် သိမ်းသွင်းယူရမည့် အလုပ်ကိုတော့ ဘယ်တော့မှ လုပ်မိလိမ့်မည် မဟုတ်။

ရှိပါစေတော့. . အချိန်က စကားပြောပါလိမ့်မည်။

"ကျေးဇူးတင်ပါတယ်၊ ရှင့်ထံက အခုလို ပွင့်ပွင့်လင်း လင်း သိထားရတော့ ကျွန်မလည်း ဆင်ခြင်နိုင်တာပေါ့"

"ဘာကို ဆင်ခြင်နိုင်မှာလဲ"

"ရှင့်ရဲ့ လွတ်လပ်စွာသွားလာခွင့် လွတ်လပ်စွာ တွေး

www.burmeseclassic.com

www.burmeseclassic.com



တောခွင့်တွေကို ကျွန်မအနှောင့်အယှက်မပေးရဘူး ဆိုတဲ့ အသ
လေးနဲ့ ကျွန်မ အစစအရာရာ ဆင်ခြင်နိုင်တာပေါ့”

“ယုံကြည်ပါတယ်၊ ယူဟာ နားလည်မှုရှိတဲ့ ပညာတ
မိန်းမတစ်ယောက်ဖြစ်လိမ့်မယ်ဆိုတာ အိုင်ယုံကြည်စိတ်ချ
သားပါ၊ ကိုင်း. . အိမ်ရဲ့ပြင်ဆင်မှု အသုံးအဆောင်တွေ ဘာ
လိုအပ်သေးသလဲ ဘာတွေပြင်ချင်သေးသလဲ”

“အားလုံး ပြည့်စုံပါတယ်”

ပကာသန အသုံးအဆောင်တွေ အားလုံးကတော့ ပြ
စုံပါတယ်။ ဒါပေမယ့် ရှင်ဟာ ကျွန်မအတွက် စိတ်လုံခြုံ နွေးထ
မှုကိုပေးနိုင်မယ့်. . အိမ်ထောင်ဦးစီး ယောကျ်ားကောင်းတ
ယောက် ဖြစ်လာနိုင်မှာ မဟုတ်တော့ဘူး ဦးခွန်ညီဟု ပြော
သည့် စကားကို ရင်တွင်း၌သာ ကြိတ်၍ ပြောလိုက်မိလေသည်

ထိုနေ့မှစ၍ မိမိသည် ကံဆိုးသော အိမ်ထောင်သ
ဘဝကို ရောက်ရှိတော့မည်ဟု ကျိတ်သိလိုက်သော်လည်း မိ
တွေကို ငဲ့ညှာကာ မိမိ၏ကံကြမ္မာကို မိမိနိုင်နင်းအောင် ဖန်
တော့မည်ဟု ရဲဝံ့စွာ ဆုံးဖြတ်လိုက်လေသည်။







# အခန်း [၄]

ခွန်ညီ အိမ်ကြီး၏ ခြောက်သွေ့မှုကို ခါးသီးစွာ ခံစား
လိုက်ရသည်။

သူ တစ်ခါမှ ဤမျှကြာကြာ နေ့ခင်းဘက်၌ မနေဘူးခဲ့
ပါချေ။ ကိစ္စရှိလျှင် ခဏတာဖြုတ်လာ၊ လိုအပ်သော ငွေဖြစ်စေ
စာရင်းအင်းများဖြစ်စေ ယူပြီး ပြန်ထွက်သွားတတ်သည်။ အပ
မြန်မလာတတ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသည် နံနက်စာ စားသောက်ပြီး ဘယ်ထွက်သွားသနည်း။

ရင်ဆိုင်ရှင်းစရာ ရှိနေသည်။

မတာတ်နိုင်မှန်းတော့ သိသည်။

သို့သော် တမင်သက်သက် ကိုယ်ဝန်ကို ယူဖြစ်အောင် ယူလိုက်ခြင်းအတွက်တော့ သူ့စိတ် အစာမကြေနိုင်ပါချေ။

အမှန်ဆိုလျှင် စိတ်ကူးယဉ်ဆန်ခြင်းတော့ မဟုတ်။ နှစ်ဘက်မိဘ သဘောတူပေးစားခြင်းကို ငြင်းဆန်းရန် အင်အားများ မရှိသဖြင့် လက်ထပ်ခဲ့ကြသော သူတို့နှစ်ဦး၌ အချစ်မပါ ပုံစံခွက်ထဲက အိမ်ထောင်သည်သက်သက်။

လက်ထပ်သည့်နေ့ ညဘက်၌ ဆီဒိုးနားဟိုတယ်တွင် သူငယ်ချင်းအပေါင်းအသင်းများအား ဘက်ချီလာညစာစားပွဲနှင့် ဧည့်ခံခဲ့ရသည်။ သူငယ်ချင်းတွေ မူးအောင်တိုက်သဖြင့် မူးပြီး ပြန်ခဲ့သည်။

မူးနေသူ သူ့အား အသစ်စက်စက်ဇနီးသည်က ဘဏ္ဍာစိုးကြီး အန်ကယ်သော် အကူအညီနှင့် သူ့အိပ်ခန်းထဲသို့ ရောက်အောင် ပို့ပေးခဲ့သည်ကိုတော့ အမှတ်ရမိသည်။

နောက်ပိုင်း ဘာတွေဖြစ်ခဲ့သည်ကို မသိပေမယ့် နောက်နေ့နံနက် သူ အိပ်ရာမှနိုးလာချိန်တွင် သူ့အိပ်ရာထဲမှ နက်မှောင်ရှည်လျားသော ဆံပင်ရှည်သုံးလေးချောင်းနှင့် ဆံညှပ် ရွှေကလစ်တစ်ခုကို ရလိုက်သည်။

သူ မျက်လုံးပြူးသွားသည်။

လင်နှင့်မယားဖြစ်သွားပြီဖြစ်၍ အတူအိပ်ခြင်းသည်





အဆန်းမဟုတ်သော်လည်း ထိုမှသည် သားသမီးဟူသော သံယောဇဉ်နှင့် နှောင်ဖွဲ့မှာစိုးသဖြင့် ဆံချည်တွေကို သိမ်းယူကာ သူ့ဒိုင်ယာရီစာအုပ်ကြား၌ ညှပ်ထားပြီး ရွှေကလစ်ကို ယူကာ မိန်းမကို ရှာဖွေလိုက်သည်။ မိန်းမက နံနက်စာ ပြင်ဆင်နေသည်။

"ရှင် နိုးလာပြီလား တစ်ခါတည်း ရေချိုးခဲ့ပါလား၊ နံနက်စာစားဖို့ ကျွန်မ စောင့်နေမယ်"

ညအိပ်အကျႌ ဖရိုဖရဲနှင့်သူ့အား ကြည့်ပြီး မိန်းမကဆီးကြို လှမ်းပြောလိုက်သည်။ သူ စိတ်ညစ်သွားသည်။ မိမိကိုနဖားကြိုး စတင်တပ်နေလေပြီ။

"ကိစ္စမရှိဘူး အိုင် မစားတော့ဘူး၊ အိုင့်အတွက် ဘယ်တော့မှ တကူးတက မလုပ်နဲ့၊ ယူနိုးလာတာနဲ့ ယူစားပါ။ ဒါ. . လွတ်လပ်တဲ့အခွင့်အရေးပါ။ ယူ စိတ်ကြိုက် နေနိုင်စားနိုင်တယ်၊ အိုင် ယူ့ကို ကလစ်လာပေးတာ"

မိန်းမအား ရွှေကလစ်ကို လှမ်းပေးလိုက်သည်။ ပန်းရောင်ပြေးသွားသော မျက်ဝန်းလေးကို ချက်ချင်းပင် မာကြောခြင်းနှင့် ဖျောက်ဖျက်ပစ်လိုက်ပြီး ရွှေကလစ်ကို လှမ်းယူသည်။

"ညကကိစ္စအတွက် ဆောရီးပါလို့တော့ မတောင်းပန်တော့ပါဘူး၊ ဒါပေမယ့် ယူ့ဆန္ဒမရှိဘဲ ဖြစ်သွားရင်တော့လည်း အိုင်ရဲ့အပြစ်လို့ အိုင် မှတ်ယူဆင်ခြင်ပါ့မယ်၊ နောက်တစ်ချက်တာ. . အိုင် လွတ်လွတ်လပ်လပ် နေချင်သေးတယ်၊ သားသမီးနှောင်ဖွဲ့မှု မခံချင်သေးတဲ့အတွက် ကလေးမယူကြသေးဘူး၊ ဒီအတွက် ယူ့ကို အိုင်ဆေးပေးခဲ့မယ် နေ့စဉ် သောက်သွားနော်အပေါ်ထပ်က ဧည့်ခန်းစားပွဲမှာ ထားခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ဘာမှမပြောနိုင်ခင် သူ လှည့်ထွက်ခဲ့သည်။

မိန်းမသည် ရွှေကလစ်ကို ကိုင်ရင်း ကျောက်ဆစ်ရုပ်ဖြစ် ကျန်ရစ်ခဲ့လေသည်။

နောက်ပိုင်း သူ မိန်းမအိပ်ခန်းသို့ဝင်ရန် ရဲဆေးတင်ပြီး ဝီစကီသောက်ပြီးမှ သွားတတ်သည်။ တစ်ခါတစ်ရံတော့လည်း ဝင်ခွင့်ရခဲ့သည်။ တစ်ခါတစ်ရံတော့လည်း အတွင်းဂျက် ပွင့်မလာချေ။

ခုနောက်ပိုင်း သုံးလေးလအတွင်း မိန်းမသည် သူ၏ အိပ်ခန်းတံခါးကို ဖွင့်မပေးခဲ့။ ဒီအတွက် သူသည်လည်း အတင်းအကြပ် မတောင်းဆိုခဲ့ပါ။ မိန်းမထံမှ ဆန္ဒမပါလျှင် သူဘာမှ မလိုချင်၊ အတင်းအကြပ် မတောင်းဆိုချင်။ သို့နှင့် မိန်းမကိုယ်ဝန် ရှိနေတာကို သူ မသိအောင် မိန်းမသည် ထိန်ချန်ကာ သူ့အား အနိုင်ယူလေပြီ။

မိန်းမအလာကို စောင့်ရင်း မှေးခနဲ အိပ်ပျော်သွားလေ သည်။







# အခန်း [၇]

ခင်ကင်းစင်သည် ကားကိုမြင်လိုက်ကတည်းက အိမ်၌ ယောကျ်ားရှိနေသည်ကို အတတ်သိလိုက်သည်။

မိမိကို ရင်ဆိုင်ဖြေရှင်းဖို့ ယောကျ်ားစောင့်နေပြီ။

အောင်နိုင်သူ၏ခြေလှမ်းနှင့် ခင်ကင်းစင် အိမ်ထဲသို့ ဝင်ခဲ့သည်။

"ဆရာ ဒီနေ့ ဘယ်မှမသွားဘူး ဆရာကတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အန်ကယ်သော် အခု သူဘယ်မှာလဲ"

"အပေါ်မှာပဲ ဆင်းကိုဆင်းမလာသေးဘူး"

"အိပ်နေတယ်ထင်တယ်. . ညက ခွဲခန်းဝင်ရတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ခင်ကင်းစင်က အိမ်သားများရှေ့တွင် ယောကျ်ားအကြောင်း မကောင်းလုံးဝမပြောသကဲ့သို့ ယောကျ်ားနှင့် ကတောက်ကဆ ဖြစ်ခြင်းကိုလည်း ရှောင်ကြဉ်ခဲ့သည်။ လိမ္မာပါးနပ်မှုဖြင့် အဆင်မပြေသည့် မိမိတို့အိမ်ထောင်ရေးကို မိဘများ မသိစေရန် ကွယ်ဝှက်ခဲ့သည်။

"ကျွန်မ သွားတွေ့လိုက်မယ်၊ နေ့လည်စာ ကျွန်မ မစားတော့ဘူး အန်ကယ်သော်၊ သူ မစားရသေးရင်သာ ပြင်ကျွေးလိုက်ပါနော်၊ ကျွန်မ ပြန်ဆင်းမလာတော့ဘူး"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာကတော်"

ခင်ကင်းစင် အပေါ်ထပ်သို့ တက်ခဲ့သည်။

ယောကျ်ား၏ အိပ်ခန်းတံခါးကို လှမ်းကြည့်လိုက်သည် စေ့ရုံစေ့ထားသည်။

သူ မိမိကိုစောင့်နေသည်မှာ သေချာပြီ။ တစ်ခါမှ အိမ်မှာ နေ့ဘက်မနေခဲ့ဖူးချေ။ ခင်ကင်းစင် ပြုံးလိုက်မိသည်။ မိမိအိပ်ခန်းအတွင်းသို့ ဝင်ခဲ့သည်။ တံခါးကို စေ့ရုံသာ စေ့ထားလိုက်သည်။

သူ ဘာပြောမှာလဲ။ သူပြောသော စကားအပေါ် ခြေရာနင်း၍ ပြန်ပြောလိုက်ရုံသာရှိသည်။





မိမိဘက်က အမှားလုံးဝမရှိစေရ။ ခင်ကင်းစင် အပြင်အဝတ်အစားကို လဲလှယ်လိုက်သည်။ ပေါ့ပါးလွတ်လပ်သော စပန့်သားဂါဝန်အပွကို ဝတ်ဆင်လိုက်သည်။ ပြီးတော့ ဒရင်းဘက်၌ သက်တောင့်သက်သာထိုင် ကတ်ဆက်ဖွင့် ကလေးအတွက် ခြေအိတ်ကလေးကို ဆက်ထိုးလိုက်သည်။

မကြာလိုက်ပါချေ. . ခင်ကင်းစင် မျှော်လင့်ထားသော အခြေအနေသို့ ဆိုက်ရောက်လာလေပြီ။

"မိန်းမ အိုင် ဝင်ခဲ့မယ်နော်"

"ဝင်ခဲ့ပါ"

ခင်ကင်းစင်က ကြည်ကြည်လင်လင်ပင် တုန့်ပြန်လိုက်သည်။ ခွန်ညီ ဝင်လာသည်။

"ဒီနေ့ ယောကျ်ားမှာ အလုပ်မရှိဘူးလား"

"တမင်နားလိုက်တာ ယုကိုတွေ့ချင်လို့"

ခွန်ညီက ခင်ကင်းစင် အနီးရှိ နှစ်ယောက်ထိုင် ဆိုဖာဆက်တီ၌ ဝင်ထိုင်လိုက်သည်။

"ကျွန်မကို တွေ့ချင်လို့၊ ဟုတ်ပါရဲ့ ကျွန်မကလည်း ရှင့်ကို သိပ်တွေ့ချင်ခဲ့တာ၊ တွေ့ချင်တာ သုံးလေးလလောက်ရှိပြီထင်တယ်"

ခင်ကင်းစင် စထိုးလက်စ ခြေအိတ်ကလေးနှင့် သိုးမွေးထိုးအပ်ကို ခြင်းတောင်းထဲ ထည့်လိုက်သည်။ ဒရင်းဘက်ပေါ် ဆန့်၍ တင်ထားသော ခြေထောက်ကို အောက်သို့ချရန် မသိမသာစွာ ပြုလိုက်သည်။

"အို ရတယ်၊ ယု နေသာသလိုနေပါ၊ အိုင်က ရုတ်တ



www.burmeseclassic.com

www.burmeseclassic.com



ရက် အံ့အားသင့်သွားလို့ပါ"

ခွန်ညီက ပြေပြစ်စွာပြောလိုက်တော့ ခင်ကင်းစင်ကြိတ်ပြုံးလိုက်သည်။ သူကလျှော့လျှော့ မိမိ ပို၍ ပျော့ပျောင်းပေးရမည်။

"ယူ အပြစ်တင်လည်း ခံရတော့မှာပဲ ကျွန်မက သိပ်မေ့တတ်တာ ဆေးသောက်တာ ရက်မမှန်ခဲ့ဘူး"

"ဘယ်တတ်နိုင်တော့မလဲလေ၊ ခု ယူ အိုကျဲ့နဲ့ ပြမြီးပြီလား"

"ပြီးပါပြီ ဒေါ်လှလှနဲ့လေ"

ခွန်ညီ သက်ပြင်းချလိုက်သည်။

"အိုင်ကိုပြောဖို့ ယူ သတိရသင့်ပါတယ်"

"ရှင့်အလာကို စောင့်စောင့်ရင်း ကျွန်မ အိပ်ပျော်သွားတာချည်းပဲ၊ ည တရေးနိုးပြီး အိပ်မပျော်ပြန်ဘူး၊ မိုးလင်းမှ ပြန်ပြန်အိပ်ပျော်သွားလို့ ရှင့်အသွားကိုလည်း မမှီလိုက်ပြန်ဘူး ဖြစ်နေတယ်"

"ဆေးတွေကော ဘာတွေသောက်သလဲ၊ ယူ့ကို အိုင်သွေးပေါင်ချိန်ပေးဦးမယ်"

ခွန်ညီ၏ ကြိုတင်ပြင်ဆင်ထားသော ပြစ်တင်မှုတို့သည် မိန်းမတို့၏ ပျော့ပျောင်းမှုအောက်ဝယ် ဝပ်စင်းသွားလေသည်။

"ရပါတယ် ရှင် နားပါလေ"

"အိုင် နားရင်း ယူ့ကိုစောင့်နေတာ အမ်သရီးမှာ မိန်းမကို ခုလိုပုံစံနဲ့တွေ့လိုက်ရတော့ ရုတ်တရက် အံ့ဩပြီး ဒေါသဖြစ်မိတယ်၊ ဒါကတော့အမှန်ပဲလေ ဘာပဲဖြစ်ဖြစ် ယောကျ်ားလုပ်သူ





အသိသင့်ဆုံး ကိစ္စမဟုတ်လား၊ အိုင် သိခွင့်မရခဲ့တော့ ရုတ်တရက်တော့ ဒေါသဖြစ်မိတယ်"

"ကျွန်မက ရှင့် စိတ်အနှောင့်အယှက် ဖြစ်သွားမှာကိုလည်း စိုးရိမ်မိတယ်လေ၊ ရှင်က ဂလေး မလိုချင်ဘူးမဟုတ်လား"

"ဖြစ်လာပြီးမှ မတတ်နိုင်တော့ဘူး၊ ရင်သွေးအပေါ်မှာ အကောင်းဆုံးသော နွေးထွေးမှုတွေ ကြိုဆိုမှုတွေ လုံခြုံမှုတွေ ပေးရမှာ မိဘနှစ်ပါးစလုံးရဲ့ တာဝန်ပါ၊ ကိုင်း. . ယူ ခဏနေဦး အိုင် ပရက်ရှာ တိုင်းပေးမယ်"

ခွန်ညီက ပြောပြောဆိုဆို ထွက်သွားသည်။

ခင်ကင်းစင် အံ့အားသင့်သွားသည်။ ယောကျ်ားသည် ထင်သလောက် မဆိုးသေးပါချေ။

ခင်ကင်းစင်အား သွေးပေါင်ချိန်ပေးခြင်း လိုအပ်သော စမ်းသပ်မှုများပြုပေးခြင်းနှင့် ဆေးမှတ်တမ်းစာအုပ်များ ယူကြည့်ခြင်း၊ ဆေးများကိုကြည့်ခြင်းတို့ကို ဂရုတစိုက်လုပ်ဆောင်ပေးသည်။

"ဆေးကော မှန်မှန်သောက်ရဲ့လား"

"မေ့တတ်တဲ့အကျင့်ကြောင့်. . တစ်ခါတစ်ရံ မေ့သွားတယ်"

"မဖြစ်ပါဘူး. . အန်ကယ်သော်နဲ့ ဒေါ်စောကို ဆေးသောက် အချိန်စာရင်းပေးထားမှပဲ၊ အိုင်ရှိနေချိန်တော့ အိုင်ကိုယ်တိုင်တိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ရပါတယ် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရည်မှန်းချက်တွေ ကျွန်မနဲ့ ကျွန်မရင်သွေးအတွက် ဖွဲ့ပေးရတာကို ကျွန်မ မလိုလားပါဘူး"

"ကျွန်မရင်သွေးပဲလား ကျွန်တော့်ရင်သွေးကော မဟုတ်ဘူးလား၊ ကျွန်တော့်မှာ တာဝန်မရှိဘူးလား"

လာပြန်ပြီ ဒီတာဝန်။ ဒီတာဝန်ဟူသော စကားကို မိမိ အမုန်းဆုံးဆိုတာ ယောကျ်ားမသိသေးပါလား။

"မရှိပါဘူး၊ ကျွန်မ ရင်သွေးကို ကျွန်မ အကောင်းဆုံး စောင့်ရှောက်နိုင်ပါတယ်၊ ရှင့်အတွက် တာဝန်ပေးဖို့ ကျွန်မမှာ ရည်ရွယ်ချက် မရှိပါဘူး"

ခွန်ညီ မိန်းမဖြစ်သူအား စေ့စေ့ကြည့်လိုက်သည်။ မိန်းမ၏ မျက်ဝန်းသည် စိမ်းကားသည်။ မာကြောသည်။ ဒါတွေကို သူ မကြိုက်ခြင်းဖြစ်သည်။

"ရင်သွေးရယ်လို့ ဖြစ်လာမှတော့ တာဝန်ရှိမှုဟာ ယူ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဖခင်ဖြစ်တဲ့ အိုင်မှာလဲ တာဝန်ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် ယူနဲ့ကလေးကို စောင့်ရှောက်ရမှာ အိုင့်တာဝန်ပဲ၊ ယူ ဘာဖြစ်ချင်သလဲ ဘာလုပ်ချင်သလဲ ဒါတွေကို အရင်ဦးဆုံး သိသင့်သိခွင့်ရှိတဲ့လူဟာ အိုင်ပဲဖြစ်ရမယ်ဆိုတာတော့ ယူမြဲမြဲမှတ်ထားပါ"

ခင်ကင်းစင်က မထီမဲ့မြင်ပြုံးကာ ခွန်ညီအား ကြည့်လိုက်သည်။

မိန်းမအပြုံးကြောင့် ခွန်ညီ ခံပြင်းသွားသည်။ ပို၍ ခံရခက်စေသည်။

"ဘယ်လိုလဲ ယောကျ်ားရဲ့ လွတ်လပ်မှုကို ခုံမင်တွယ်တာလွန်းတဲ့ ရှင်ဟာ မိန်းမ လွတ်လပ်ခွင့်တွေကိုတော့ နှောင်ဖွဲ့နေပါလား ချုပ်ကိုင်နေပါလား၊ ရှင်ရဲ့ချုပ်ကိုင်မှုကြောင့် ကျွန်မ လွတ်လပ်မှု ဆုံးရှုံးပြီး အနှောင့်အယှက်ဖြစ်မှာကို ရှင် ထည့်မတွက်တော့ဘူးလား ယောကျ်ား"

ခွန်ညီ ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။

"ဒါဟာ နှောင်ဖွဲ့မှု ချုပ်ကိုင်မှုမဟုတ်ဘူး ယူတို့ သားအမိအပေါ် စောင့်ရှောက်မှုပေးတာပါ"

"ကျေးဇူးတင်ပါတယ် ယောကျ်ား"

"ယူ မခနဲ့ပါနဲ့"

"ခနဲ့တာမဟုတ်ပါဘူး ယူမလိုလားတဲ့ နှောင်ကြိုးတစ်ကြိုး တိုးအောင် ဖန်တီးခဲ့မိတဲ့ ကျွန်မတာဝန်ကို ကျွန်မပဲ ယူပါမယ်၊ ရှင် တာဝန်ကြီးတယ်ဆိုပြီး ငြိုငြင်မှုကို ကျွန်မ လုံးဝခံစားနိုင်မှာ မဟုတ်လို့ပါ"

"ယူ့စကားက မဟုတ်သေးပါဘူး၊ အိုင်ဟာ ကလေးအထူးကု ပါရဂူဘွဲ့ကိုယူလာတဲ့ လူတစ်ယောက်ပါ၊ ကလေးချစ်တတ်လို့ ဒီပညာရပ်ကို အိုင် သင်ယူခဲ့တာပါ၊ အိုင်တို့ ငယ်သေးတယ် အနာဂတ်အတွက် အိုင့်မှာလုပ်ချင်တာတွေ အများကြီးရှိသေးလို့ အိမ်ထောင်ရေးရဲ့နှောင်ဖွဲ့မှုကို အိုင် မလိုလားခဲ့တာ၊ ဒါပေမယ့် မရည်ရွယ်ဘဲဖြစ်ပေါ်လာတဲ့ အခြေအနေအပေါ်မှာ အိုင် ငြိုငြင်မှု မရှိတော့ပါဘူး၊ အိုင့်ဇနီးနဲ့ ရင်သွေးရဲ့လုံခြုံမှုကို အိုင် ကာကွယ်မယ်၊ ဒါ အိုင့်ရဲ့ ဆုံးဖြတ်ချက်ပဲ"

ခွန်ညီ ပြောပြောဆိုဆို သွေးပေါင်ချိန်ကိရိယာကိုယူတာ ထွက်သွားဟန် ပြင်ဆင်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



ခင်ကင်းစင်အတွက် အကွက်ရလေပြီ။

"ယောကျ်ား ခဏနေပါဦး"

ခင်ကင်းစင် ဒရင်းဘက်ပေါ်က ဆင်းလိုက်သည်။

ခွန်ညီက လှည့်ကြည့်လိုက်သည်။ ဒီမိန်းမ သူ့ကို ဘာများ ပညာပေးဦးမလဲဟူသော စိုးထိတ်မှုဖြင့် ရင်တထိတ်ထိတ် စောင့်ဆိုင်းနေလိုက်သည်။

ခင်ကင်းစင်က ရုတ်တရက် မပြောသေးဘဲ ချင့်ချိန်ဟန်ဖြင့် တွေတွေကလေး ရပ်နေလိုက်သည်။

ခွန်ညီ စိတ်ရှည်မှုအတိုင်းအတာ ကုန်ဆုံးသွားသဖြင့် မအောင့်အီးနိုင်ဘဲ. . .

"ပြောလေ ဘာပြောချင်လို့လဲ"

"ကျွန်မနဲ့ ရင်သွေးရဲ့လုံခြုံမှုဟာ ရှင်မှာ တာဝန်အရှိဆုံးလို့ ရှင်ပြောတယ်နော်၊ ဒီလုံခြုံမှုထဲမှာ စိတ်လုံခြုံမှုကော ပါသလားလို့ ကျွန်မ သိချင်သေးတယ်"

ခွန်ညီ သက်ပြင်းချလိုက်သည်။ မိန်းမကတော့ လုပ်ချလိုက်ပြီ။ ဒီမိန်းမသည် သူ့အပေါ် အနိုင်ယူဖို့အတွက်ကျကျ ဖန်တီးနေခြင်းဖြစ်မည်ဟူသော သံသယက သူ့ရင်ကို အမြစ်တွယ်စ ပြုလေပြီ။

"ပါပါတယ် ယူ ဘာဖြစ်ချင်သလဲ ယူ့စိတ်ထဲမှာ ဘာလိုအပ်နေသလဲ"

ခင်ကင်းစင်က သူ့အား ကျောခိုင်းလျက် ပြတင်းပေါက်မှာ သွားရပ်သည်။

"ကျွန်မမှာ စိုးရိမ်မှုတစ်ခု ရှိနေတယ်၊ အိပ်ပျော်နေ





တဲ့အချိန်မှာ ဗိုက်ထဲက ကလေးရဲ့လှုပ်ခတ်မှုကြောင့် လန့်နိုးလာတဲ့အချိန်မျိုးမှာ ကျွန်မ ကြောက်လန့်မိတယ် ကျွန်မ တစ်ယောက်တည်း ကျွန်မရင်သွေး တစ်ခုခုဖြစ်မှာ စိုးကြောက်မှုက ကျွန်မကို အိပ်မရစေတော့ဘူး ဒါပါပဲ၊ ရှင် ဒီအတွက် ကျွန်မကို အကူအညီပေးတဲ့အနေနဲ့ ကျွန်မအိပ်ခန်းထဲမှာ ပြောင်းအိပ်ပေးနိုင်မလား"

ခွန်ညီ သဘောပေါက်လိုက်သည်။

သူ ယုံကြည်သည်။ ခင်ကင်းစင် ဟူသော မိန်းမသည် လုံးဝ ကြောက်တတ်လန့်တတ်သော မိန်းမတစ်ယောက် မဟုတ်ပါ။ သူ့အပေါ် ချည်နှောင်မှုသက်သက်အတွက် တောင်းဆိုခြင်းဖြစ်သည်။

သို့သော် သူသည် ရင်သွေး၏ ဖခင်ဖြစ်သည်။ ရင်သွေးအတွက်ရော မိခင်အတွက်ပါ သူ့၌တာဝန်ရှိသည်။

"ကောင်းပြီလေ ဒီနေ့ပဲ အိုင် စီစဉ်လိုက်မယ်၊ တတ်နိုင်သမျှ နိုက်ဂျူတီတွေကိုပါ လဲလှယ်ပြီး ယူ့ကို အိုင်စောင့်ရှောက်ပါမယ်၊ ကိုင်း. . အိုင် ဆေးခန်း သွားလိုက်ဦးမယ် နေ့ခင်းတရေးအိပ်လိုက်ပါဦး၊ မိခင်ကော ကလေးပါ အားရှိတယ်"

ခွန်ညီက ပြောပြောဆိုဆို လှည့်ထွက်ခဲ့လေသည်။

ခင်ကင်းစင်က ပြတင်းပေါက်ကို မျက်နှာမူထားရာမှ ဆတ်ခနဲ လှည့်ပြီး ခွန်ညီ နောက်ကျောကို ကြည့်လိုက်သည်။

နောက် သဘောကျစွာ ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၈]

"ပေးရှင့် ကျန်သေးသလား"

"မကျန်တော့ပါဘူး ဆရာ ဒါနောက်ဆုံးပါ

ဆရာ့ကို တွေ့ချင်တဲ့ ဧည့်သည်တစ်ဦးကတော့ ရှိ

သူ၏ လူနာစမ်းသပ်ခန်း တာဝန်ခံသူနာပြု

က ပြောသည်။

"ဧည့်သည်"

နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီခွဲ





နံပါတ်များကို လျှော့လိုက်သည်။ ဆယ်နာရီပဲ မှန်းထားသည်။ မိန်းမနှင့် ရင်သွေးအတွက် သူ အချိန်ပေးရန် ဖြစ်သည်။

"ဘယ်ကဧည့်သည်လဲကွာ ချိန်းမထားဘဲနဲ့. . ကဲ. . ကဲ ပေး ဝင်လိုက်"

အလုပ်သမားလေးက တံခါးကိုအသာဟကာ. . ခေါ်လိုက်သည်။

ဧည့်သည်ဆိုသူ ဝင်လာသည်။

လှပသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သို့သော် သူ့မိန်းမအလှကိုတော့ မမီပါ။ ဤအမျိုးသမီး၏ မျက်နှာကတော့ ချိုသည်။ မိန်းမမျက်နှာက ခက်ထန်မာကြောသည်။

"ကျွန်မ ခင်ကင်းစင်ရဲ့ သူငယ်ချင်း ခရမ်းစွဲပါ"

ပြုံးလိုက်တော့ ပါးချိုင့်လေးနှစ်ဘက်က သိသိသာသာ ခွက်ဝင်သွားသည်။ သွားတက်ကလေးများက လှစ်ခနဲ ပေါ်လာသည်။ လပြည့်ည၏ လပြည့်ဝန်းနှယ် အေးမြဝင်းပလှသည်။

ဖျတ်ခနဲ သူစွဲလန်းခဲ့သော ငယ်ကျွမ်းဆွေ ပါးပါးကို အမှတ်ရ လိုက်မိသည်။

"ဒေါက်တာ ခွန်ညီပါနော်"

သူ၏ ကြက်သေသေသွားမှုကို ဧည့်သည်အမျိုးသမီးက ထပ်ဆင့်သတိပေးလိုက်တော့မှ သူ သတိရကာ ငေးငိုင်သွားမှုကို ပြင်ဆင်ကာ

"ထိုင်ပါ ခင်ဗျာ၊ ကျွန်တော် ဘာများ အကူအညီပေးရ မလဲလို့ပါ"

ခရမ်းစွဲက ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာကလဲ လူမြင်တာနဲ့ လူနာပဲထင်တော့တာ ကိုး၊ ကျွန်မတို့အကြောင်း ခင်ကင်းစင်က ဒေါက်တာကို ပြောပြ မထားဘူး ထင်တယ်"

ခွန်ညီက ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"သူငယ်ချင်းတွေအကြောင်းတော့ ပြောမိတဲ့အခါ ရှိကြ မှာပါ၊ ဒါပေမယ့် ကျွန်တော်က သိပ်မှတ်ဉာဏ်မကောင်းဘူး"

ခွန်ညီက ပင်ပန်းမှုကို လန်းဆန်းသွားစေရန် စနိုးတာဝ လေးနှင့် လည်ပင်း မျက်နှာများကို သုတ်လိုက်စဉ်. .

"ဂျူနီယာ. . ဂျူနီယာ. . နင်. . နင်. . ဂျူနီယာ ဟုတ် ပါတယ်နော်"

ခရမ်းစွဲက ရုတ်ခြည်းမတ်တတ်ရပ်ကာ သူ၏ ဘယ် လက်ကိုဆွဲကာ ကြည့်ပြီး ပြောလိုက်သည်။

ခွန်ညီ အံ့သြခြင်း ဝမ်းသာခြင်း တုန်လှုပ်ခြင်းနှင့်အတူ

"ပါးပါး. . ပါးပါး ဟုတ်တယ်နော်"

စောစောက သတိရမိသည်။ အမှန်တကယ်ပဲ ပါးပါး ဖြစ်နေသည်။

မေ့မရသော ငယ်ကျွမ်းဆွေ သူငယ်ချင်းမလေး 'ပါးပါး' သည် ခရမ်းစွဲတဲ့။ သူ့မိန်းမသူငယ်ချင်းတဲ့။ လောကကြီးဟာ ဆန်းကြယ်သလောက် ကျဉ်းမြောင်းလှသည်။

သူ့ဘယ်လက်ဖမိုးပေါ်၌ ရှိနေသော လက်သည်ခွဲသာ သာ အစိမ်းရောင်အမှတ်အသားကြောင့် သူတို့ငယ်ကျွမ်းဆွေ တွေပြန်ဆုံတွေ့ခွင့်ရပြီ။

ခရမ်းစွဲလက်ကို ဝမ်းသာအားရ ဖြစ်ညှစ်ကာ. . .





"ပါးပါးရယ် ငါတို့ ဒီတစ်သက် ပြန်ဆုံခွင့် မကြုံတော့ဘူး ထင်ထားခဲ့တာ"

"ငါလည်း ဒီအတိုင်းပါပဲ"

"ကိုင်း. . လာ ငါတို့သူငယ်ချင်း ပြန်ဆုံတဲ့အထိမ်းအမှတ်အနေနဲ့ တစ်နေရာရာမှာ သွားစားရအောင်"

"အေး"

ခရမ်းစွဲက ရုတ်တရက် လိုက်လျောလိုက်ပြီးမှ တစ်စုံတစ်ဦးကို သတိရလိုက်သည်။ ခင်ကင်းစင်. . .။

"ဟာ. . မဖြစ်သေးဘူး မိုးချုပ်နေပြီ၊ ငါ နင်နဲ့ နာရီဝက်လောက်ပဲ စကားပြောချင်တယ်"

ထိုအခါရောက်မှ ခွန်ညီလည်း ခင်ကင်းစင်ကို သတိရလိုက်သည်။ နေ့လည်ကပဲ မိန်းမကို သူ ကတိပေးထားသည်။

မိန်းမနှင့် ရင်သွေးကို စောင့်ရှောက်မှု လုံခြုံမှု ပေးရန် သူ့မှာ တာဝန်ရှိနေသည်။

ခွန်ညီ သက်ပြင်းချလိုက်သည်။

"ကိုင်း ဒီလိုဆိုရင် ကားကို ရှေ့ဆင့်နောက်ဆင့် မောင်းသွားပြီး တစ်နေရာမှာ ရပ်စကားပြောကြမယ်"

"ဒီမှာပဲ ပြောလို့မရဘူးလား"

"ရပါတယ်"

ခရမ်းစွဲက အစစအရာရာကို ဆင်ခြင်ရသည်။ အဘယ်ကြောင့်ဆိုသော် သူကအပျိုစင် ဖြစ်သည်။ အပျိုစင် သူ၏ဂုဏ်သိက္ခာကို နည်းနည်းလေးမှ အထိပါး မခံနိုင်ပါချေ။

ဝန်ထမ်းတွေကို ကိစ္စပြီးလျှင် ပြန်နိုင်ပြီဖြစ်ကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အလုပ်သမတစ်ဦးကိုတော့ ကော်ဖီဖျော်ခိုင်းလိုက်သည်။

"ငါ လာရတဲ့အကြောင်း၊ အဲ. . ငါလို့ပဲ အားပါးတရ သုံးခွင့်ပေးပါနော်"

"ရပါတယ်. . ပါးပါး၊ နင်နဲ့ငါဟာ အမြဲတန်း နင်နဲ့ငါ အဖြစ်ပဲ ရှိနေချင်ပါတယ်၊ ငါ့ဘဝမှာ နင့်လောက်ရင်းနှီးတဲ့ သူငယ်ချင်း မရှိခဲ့ဖူးဘူး"

"ရင်းနှီးတဲ့သူငယ်ချင်း မရှိခဲ့ပေမယ့် အရင်းနှီးဆုံးမိန်းမ ရှိနေပြီလေ၊ ငါပြောချင်တာ နင်တို့ အိမ်ထောင်ရေး အခြေအနေကို ငါ ကြားဝင်စေ့ပေးဖို့ လာတာ"

ခွန်ညီ မျက်မှောင်ချိုလိုက်သည်။

"ငါတို့ အိမ်ထောင်ရေး ကြားဝင်စေ့ပေးဖို့ ဟုတ်လား၊ ငါတို့ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်သလဲဆိုတာ နင် အမှန်တကယ် မသိတာလား မသိချင်ဟန်ဆောင်နေတာလား"

ခွန်ညီ ခရမ်းစွဲ၏ မျက်နှာလေးကို ငေးကြည့်ရင်း. . .

"ပါးပါးရယ် နင်နဲ့ငါဟာ သိပ်ပွင့်လင်း ရိုးသားကြတဲ့ သူငယ်ချင်းတွေပါ ငါ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"ခင်ကင်းစင်ကို နင်ပြစ်ထားတယ် ဥပေက္ခာပြုထားတယ်၊ လင်ယောကျ်ားတစ်ယောက်ရဲ့တာဝန် မကျေပွန်ဘူး"

"ဟတ်. . ဟားဟား. . စွဲချက်တွေက ပြင်းထန်လှချည်လား၊ သူက နင့်ကို ဒီအတိုင်းပဲ ပြောသလား"

"သူ မပြောဘူး"

"သူ မပြောဘဲ နင်က ငါ့ကို ဘာကြောင့်စွပ်စွဲတာလဲ"





"မနက်က အမ်သရီးမှာ နံနက်စာ စားဖို့ချိန်းထားကြတာ၊ ာ့ နင် ရှုးရှုးရှားရှားနဲ့ ထပြန်သွားပြီ၊ မိန်းမလုပ်သူမှာ းလရှိနေတာတောင် မသိတဲ့ ယောကျ်ားတစ်ယောက် မိန်းမကို ဂရုမစိုက်တဲ့ယောကျ်ား ကမ္ဘာမှာ ရှိနိုင်သေး

န်ညီ အရယ်ရပ်လိုက်သည်။

"ငါ့အပြစ်ပဲ ထားပါတော့လေ၊ မိန်းမတစ်ယောက်ကို တတ်တဲ့ယောကျ်ားထဲမှ ငါမပါဘူး၊ အမှန်တကယ်ပဲ မှာ ပရက်ရှိနေကြောင်း ငါသိရတယ်၊ ခု သူနဲ့ငါ နား သွားပါပြီ၊ စိတ်ချပါ ငါ သူ့ကို စောင့်ရှောက်မှာပါ"

"နင် တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ဒါပေမယ့်. . နင့်ကိုငါ တစ်ခု န်ချင်တယ်"

န်ညီ တစ်စုံတစ်ရာကို သတိရလိုက်မိသည်။ ထိုတစ်စုံ ည် သူ၏ ငယ်ကျွမ်းဆေးအပေါ် စွဲလန်းမှုရှိခဲ့ကြောင်း သူ ဖွင့်ပြောထားခဲ့ပြီးပြီဟု သူထင်သည်။ အမှန်တော့ အနိုင်ယူလိုစိတ်ဖြင့် သူ့ရင်ထဲက စွဲလန်းမှုကိုပါ တမင် တ်ခြင်းဖြစ်သည်။

ခုတော့ သူ စွဲလန်းခဲ့သူ ငယ်ကျွမ်းဆွေ ပါးပါက. . င်၏ အချစ်ဆုံး သူငယ်ချင်း ခရမ်းစွဲတဲ့။ တစ်ယောက် နေပြီ။

င်ကင်းစင် သိသွားပါက. .

"ငါ့အမှားပါ ပါးပါ၊ ငါနဲ့နင့်သူငယ်ချင်းနဲ့ အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါ အစအဆုံး ဝန်ခံပါရစေ ဒီလို. . .”

ခွန်ညီက ခရမ်းစွဲအား မကွယ်မဝှက်ဘဲ မိဘများ သဘောတူသည်ကအစ ငြင်း၍မရဘဲ လက်ထပ်ခဲ့ကြပုံ၊ ထိုမှ ဒီနေ့ အခြေအနေအထိ ပြောပြလိုက်သည်။

“ဒါကြောင့် နင်ဟာ ငါ့ရဲ့ ငယ်ကျွမ်းဆွေ ပါးပါးဆိုတာ သူသိသွားလို့ မဖြစ်ဘူး သိသွားရင် နင်နဲ့ငါ့အပေါ် သူ့ရဲ့သံသယ စူးက နက်ရှိုင်းစွာ စိုက်ဝင်တော့မှာ”

“နင်ကလဲဟယ်၊ ဘာဖြစ်လို့ အဲဒီလို ပြောခဲ့ရတာလဲ”

ခရမ်းစွဲက သင်ပြင်းရှည်ကို ချလိုက်ပြီးမှ ခွန်ညီအား ပြန်မေးလိုက်သည်။

“ဒါကတော့ ငါ့ရင်ထဲရှိတဲ့အတိုင်း ငါပြောခဲ့တာပဲလေ”

ခရမ်းစွဲ မျက်နှာရဲသွားသည်။

ငယ်သူငယ်ချင်း သူကိုယ်တိုင် မေ့မရခဲ့သော သူငယ်ချင်းထံမှ စွဲလန်းမှုသည်လည်း သူ့ကဲ့သို့ပင် ရှိနေပါလား။

ခွန်ညီ စိတ်ကို ချွန်းအုပ်လိုက်သည်။

“ဒါထက် နင်ကော ဘာလုပ်နေသလဲ အိမ်ထောင်ကျပြီလား”

“ငါလည်း ဆရာဝန်ပဲ၊ အိမ်ထောင်ပြုချင်တဲ့ ဆန္ဒ ငါ့မှာ မရှိသေးဘူး”

“ဘာဖြစ်လို့လဲ”

ငယ်ကျွမ်းဆွေအပေါ် မျှော်လင့်ချက်ဖြင့် လက်ထပ်ဖို့အရေး အရိုးများသလေး ချေးခါးသလေး ဖြစ်ခဲ့ကြောင်းကို ဖွင့်ပြောရန် မသင့်တော်တော့ပါ။





“ငါ သဘောကျရမယ့်သူ မတွေ့သေးလို့ပေ့ါဟာ”

“ကောင်းပါတယ် ကော်ဖီသောက်လေ”

“ဟင့်အင်း. . ပြန်တော့မယ်၊ ငါပြောတာတွေ နင်မမေ့နဲ့ နင်ဟာလည်း ငါ့ရဲ့သူငယ်ချင်း သူဟာလည်း ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း၊ အချစ်ဆုံးတွေရဲ့ အိမ်ထောင်ရေး သာယာမှုကိုပဲ ငါ လိုလားပါတယ် ငါအကောင်းဆုံးသတင်းတွေကိုပဲ မျှော်လင့်နေပါရစေ”

ခရမ်းစွဲက ပြောပြောဆိုဆို ထလိုက်သည်။

ခွန်ညီရင်ထဲ လစ်ဟာသွားသည်။ နှစ်ပေါင်းများစွာကတည်းက ခွဲခွာခဲ့ရသဖြင့် လွမ်းဆွတ်ခဲ့ရသော သူငယ်ချင်း ယခုတွေ့ဆုံမှုအတွက် ဝမ်းသာခြင်းမှ ကြေကွဲခြင်းသို့ ကူးပြောင်းလာရသည်။

“ငါတို့ ဘယ်တော့တွေ့ကြမလဲ”

“ငါ နင်တို့အိမ်ကို ခရမ်းစွဲအနေနဲ့ လာခဲ့ဦးမယ်”

“ပါးပါးအနေနဲ့ သူ သိခွင့်ပေးသင့် မပေးသင့် စဉ်းစားပြီးမှ လာခဲ့ရင်ကော”

“မိန်းမတွေရဲ့ ဝန်တိုမှုဟာ သိပ်ကြောက်စရာကောင်းပါတယ် ဂျူနီယာ၊ ငါကြောင့် ခင်ကင်းစင် ထိခိုက်သွားမှာကို ငါ မလိုလားဘူး၊ နေပါဦး ပါးပါးနဲ့ ဂျူနီယာအဖြစ် မတွေ့ရတဲ့တိုင်အောင် ခင်ကင်းစင်ရဲ့ သူငယ်ချင်း ခရမ်းစွဲအနေနဲ့တော့ နင်နဲ့ငါ ဆုံတွေ့ခွင့်ရှိနေဦးမှာပါ၊ ငါ သွားမယ်နော်”

“အင်း. . ငါ နင့်နောက်က ကားလိုက်မောင်းပေးမယ်၊ နင့်အိမ်လည်း သိရအောင် ငါ့ကို နင့်ဖုန်းနံပါတ် ပေးပါလား”



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းစွဲက လိပ်စာလေး ထုတ်ပေးလိုက်သည်။ တစ်ဦးကိုတစ်ဦး အတန်ကြာစိုက်ကြည့်မိကြသည်။ ငယ်ရုပ်များကို သေချာစွာ ဖမ်းမိလိုက်သည်။

"နင့်ကို ငါ တစ်နေ့မှ မမေ့မရခဲ့ဘူး"

"ငါလည်း နင့်လိုပါပဲ"

ခရမ်းစွဲ ပြောပြောဆိုဆို ရှေ့မှ ထွက်ခဲ့လေသည်။

ခွန်ညီက နောက်မှ ကောက်ကောက်ပါအောင် လိုက်ဘားခဲ့သည်။ မိန်းမတစ်ယောက်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် သူ စိတ်အလှုပ်ရှားကြီး လှုပ်ရှားရလေပြီ။

သူ အိမ်ထောင်ပြုစေသွားခဲ့လေပြီ။ မိဘများအား အခြင်းအတိုက်အခံပြုကာ ဖွတ်မငြင်းခဲ့ခြင်းအပေါ်၌ သူ နောင်တသွားရလေပြီ။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်စုတ်တို့ လုပ်ပြီးလျှင် ပြင်၍မရ၊ ခက်ခဲသောအလုပ်ကိုမှ သူ လုပ်ခဲ့မိလပြီကိုး။ သူ ဘာမှမတတ်နိုင်တော့. . .။



## အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၉]

"ဒေါ်ခရမ်း . . ရှင် အားလား"

နံနက်စောစော ခင်ကင်းစင်ထံမှ ထူးထူးခြားခြား တယ်လီဖုန်းလာသဖြင့် ခရမ်းစွဲ စိတ်လှုပ်ရှားသွားသည်။

"အင်း . . ဒီနေ့ ဂျူတီအောဖ်၊ ဆေးခန်းတော့ သွားရမယ်၊ မာမီကို ကူရမယ်"

"ဘယ်အချိန် သွားမှာလဲ"





"ကိုးနာရီမှပါ"

"ဒါဖြင့် ဆေးခန်းမသွားခင် အိမ်မှာ မနက်စာလာစားပါလား"

"ကိစ္စရှိလို့လား"

"ယောက်ျားအကြောင်း ပြောချင်လို့ပေါ့၊ တကတည်းမှပဲ အမေးအမြန်းထူလိုက်တာ"

ယခင်က ခင်ကင်းစင်ယောက်ျားအပေါ် ရွံ့ရှာမုန်းတီးခဲ့ခြင်းကြောင့် ထွက်ပေါ်လာသမျှ အကြံကောင်းဉာဏ်ကောင်းတို့ကို မမောနိုင် မပန်းနိုင်ပေးခဲ့သည်။ ယခုတော့ ခင်ကင်းစင်ပြောဆိုလာမည့် ယောက်ျားအကြောင်း တက်ကြွစွာ စိတ်ဝင်စားစွာ မကျေမနပ်ဖြစ်စွာ နားထောင်လိုစိတ်တို့ ကင်းစွာသွားလေပြီ။

သို့သော် . . .

"အေး ကျုပ်အခုပဲ ရေချိုးပြီးလာခဲ့မယ်၊ ရှင့်ယောက်ျားကော သွားပြီလား"

"မသွားသေးဘူး"

ခရမ်းစွဲ တုန်လှုပ်သွားသည်။

ဖုံးကွယ်မှု ဟန်ဆောင်မှုများနှင့် ဂျူနီယာကို မည်ကဲ့သို့ရင်ဆိုင်ရမည်လဲ။ လိပ်ပြာမလုံချင်။

"တယ်ဟုတ်ပါလား"

"မထင်နဲ့ဦး ဒေါ်ခရမ်းရေ၊ ကျုပ် ရှင့်ကို ပြောစရာတွေအများကြီးရှိတယ်၊ သူ ရေချိုးနေတယ် ပြီးတာနဲ့ တန်းထွက်တော့မှာ ရှင် လာသာလာခဲ့ပါ"

"အေး . . အေး ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းစွဲ တယ်လီဖုန်း တင်လိုက်သည်။

ခင်ကင်းစင် ပြောလာမည့် စကားပေါ် သုံးသပ် ယာနှင့် ပါးပါးတို့၏ ငယ်ကျွမ်းဆွေဖက်တလမ်းကို ဖွင့်ပြော ခင်ကင်းစင်၏ ဝန်တိုမှုသံသယတို့ကို ပျက်ပြယ်သွားအေ တို့က ဖန်တီးပေးနိုင်ရမည်လား။

ဂျူနီယာနှင့် ပြန်လည်တွေ့ဆုံသည့်အကြောင်း ကိုတောင် မပြောရခဲ့ပါချေ။ ပြောလိုက်ပါက ပျံ့နှံ့သွား ကင်းစင်နားသို့ ရောက်ရှိသွားပါက. . .။

ခရမ်းစွဲ ခေါင်းနောက်လာသည်။ ခေါင်းလော ရေချိုးလိုက်သည်။ နောက်ကျိမှုများကို ခေါင်းလျှော် လည်း အချည်းအနှီးဖြစ်ပေမည်။

ရေချိုးခန်းက ထွက်လာစဉ် တယ်လီဖုန်းမြည် ပေါ်လာသည်။ ကမန်းကတန်း ကိုင်လိုက်သ်။

"အမိန့်ရှိပါရှင်"

"ပါးပါး"

ခရမ်းစွဲ ရင်ခုန်သွားသည်။

ဂျူနီယာ၏ အသံ. . .

"နင် ဘယ်ကဆက်တာလဲ"

"လမ်းပေါ်ကလေ ဖုန်းခန်းထဲကထွက်တာနဲ့ ငါဆ တာ၊ ညကတည်းကငါဆက်ချင်တယ် ဒါပေမယ့် မိန်းမရှိ လေ၊ နင်နဲ့ငါ ထပ်တွေ့ချင်တယ် ပါးပါး၊ မနက်စာ စားရ လေ"

"ဟင့်အင်း. . ငါ နင့်ကို မတွေ့ချင်သေးဘူး"





"ဘာဖြစ်လို့လဲ"

"နင်နဲ့ငါ သူငယ်ချင်းအဖြစ်ပဲ ငါ ပွင့်ပွင့်လင်းလင်းတွေ့ ချင်တာ၊ ခုတော့ နင့်စကားတစ်ခွန်းကြောင့် ငါတို့ရဲ့တွေ့ဆုံ ဟာ အမှောင်ကျသွားပြီ၊ ဒါကို ငါ့ရင်ထဲမှာ ခံစားရတယ်ဂျူနီယာ"

"ဒါကတော့ ငါ့ရဲ့အစွဲအလန်းကိုး၊ ငါ့ဘဝမှာ အစွဲလန် ဆုံးမိန်းမက နင်ပဲ"

"တော်စမ်းပါ ဂျူနီယာ၊ နင် ဝစီကံအားဖြင့် နင့်ဇနီးအ ပေါ် ဖောက်ပြန်နေပြီနော်"

"အစွဲအလန်းဆိုတာ ဖောက်ပြန်မှုတစ်ရပ်လား နင့်ကို ငါ ဘာပြောနေလို့လဲ၊ နင့်ကိုစွဲလန်းတဲ့စွဲလန်းမှုဟာ သူငယ်ချင်း အချစ် မောင်နှမအချစ်မျိုးလား ဒါမှမဟုတ်. . . ."

"တော်ပြီ ဂျူနီယာ၊ လောလောဆယ် နင်နဲ့ငါ စွဲလန်းမှု အကြောင်း ငြင်းကာချဲ့ ဆွေးနွေးမနေနိုင်သေးဘူး၊ ငါ ခေါင်းလျှော် ပြီး ရေချိုးခန်းထဲက ထွက်လာတာ ငါ အအေးမိသွားလိမ့်မယ် ဒါပဲနော်"

ခရမ်းစွဲ Handphone ခလုတ်ပိတ်လိုက်သည်။ နောက် တင်ထားလိုက်ပြီး. . . ဟဲဒရိုင်ယာဖြင့် ခေါင်းကို ခြောက်သွေ့ စေရန် မှုတ်လိုက်သည်။

"အစွဲအလန်း"တဲ့လား။

ယောက်ျားများ၏ အစွဲအလန်းထက် မိန်းမသားများ၏ အစွဲအလန်းက သာလွန်သည်။

ပါးပါးဆိုသော မိန်းကလေးသည် ငယ်စဉ်ကတည်းက တစ်ယောက်တည်းသာ သွားအတူ လာအတူ စားအတူ နေခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောင်းနေဖက်သူငယ်ချင်း ဂျူနီယာအပေါ် သိပ်စွဲလန်းခဲ့သည်။ ဂျူနီယာကလွဲ၍ ဘယ်ယောကျာ်းလေးကိုမှ စိတ်ဝင်စား၍မရအောင် စွဲလန်းခဲ့သည်။

အဝတ်အစားများ ချိတ်ထားသော နံရံကပ်ဘီဒိုကြီးကို ဖွင့်လိုက်သည်။ အံဝှက်အံဆွဲကလေးကို ဖွင့်လိုက်သည်။ လှပသော ယွန်းသေတ္တာဘူးလေးကို ဆွဲယူလိုက်သည်။ သော့ဖွင့်လိုက်သည်။ ဖဲကြိုးရောင်စုံလေးများ၊ ပို့စကဒ်လေးများ၊ ပုလဲပုတီးလေးတစ်ကုံး၊ ခါတ်ပုံလေးများ ခဲတံလှလှလေးများနှင့် ကလေးလက်ရာ ပန်းချီကားလိပ်ကလေးကို အသာဖွင့်လိုက်သည်။

မျက်လုံးပြူးပြူး ဖဲကြိုးလေးစီးနှောင်ထားပြီး ဂျပန်ဆံတောက်နှင့် ကောင်မလေးပုံကို ခဲနှင့်ဆွဲထားပြီး. . အချစ်ဆုံးကောင်မလေး ပါးပါးပုံဟု မြားပြရေးထားပြီး၊ သူ့လက်မှတ်ဟုဆိုကာ ဂျူနီယာဟု ရေးထားသော လက်ရေးများကိုကြည့်ကာ ခရမ်းစွဲရင်မှာ စူးနင့်စွာ နာကျင်လာသည်။

ပစ္စည်းများကို အသာပြန်ထည့်ကာ သေတ္တာလေးကို ပိတ်ပြီး အံဆွဲထဲ ထည့်လိုက်သည်။ အံဆွဲသော့ကိုခတ်ပြီး အဝတ်အစားထုတ်လိုက်သည်။

ခွန်ညီနှင့် ဂျူနီယာဟာ တစ်ယောက်စီဆိုပါက အဘယ်မျှ ကောင်းမည်နည်း။ ယခုတော့. . .

ခရမ်းစွဲ သက်ပြင်းချလိုက်သည်။

အဝတ်အစားလဲပြီး အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

"သမီး ဘယ်သွားမလို့လဲ"

"ခင်ကင်းစင်ဆီ မနက်စာသွားစားပြီးမှ ဆေးခန်းလိုက်





ခဲ့မယ်နော် မေမေ"

"အေး. . သမီးအားမှ လာပါ မေမေ နိုင်ပါတယ်၊ ဂျူတီအော့ဖ်မှာ နင်းချင်နား စျေးသွားချင်လဲသွား ရုပ်ရှင်ကြည့်ချင်လဲ ကြည့်ပေါ့"

မိခင်၏ အလိုက်သိမှုများကြောင့် မိဘမသိဘဲ မဟုတ်တာဆို၍ ဘာတစ်ခုမှ မလုပ်ခဲ့မိပါချေ။ ယခု ဂျူနီယာနှင့် ပြန်တွေ့သည့်အကြောင်းကို လျှို့ဝှက်ထားမိလေပြီ။

"ကျေးဇူးပဲ မာမီ၊ သမီးလည်း နည်းနည်းနားချင်နေတာနဲ့"

"ဟုတ်တာပေါ့ နားနား၊ ညနေမှပဲ မေမေတို့ ဆုံကြတာပေါ့"

"ဟုတ်ကဲ့ မေမေ. . တာ့တာ"

ခရမ်းစွဲ ကားသော့ကိုယူကာ ထွက်ခဲ့သည်။ ကားကိုဖရတစိုက်မောင်းနှင်ရသည်။ စိတ်လွတ်ကိုယ်လွတ် လုပ်၍မဖြစ်သေး။

ခင်ကင်းစင်နှင့် တွေ့သည့်အခါ ပုံမှန်အနေအထားအတိုင်းဖြစ်နေဖို့ အရေးကြီးသည်။

လိပ်ပြာမလုံခြင်း မဖြစ်သင့်။

မိမိလိပ်ပြာ အမှန်တကယ် သန့်စင်ရဲ့လား။

မိမိစွဲလန်းခဲ့သည်က ဂျူနီယာပဲ။

ခွန်ညီမှ မဟုတ်တာ။

ခင်ကင်းစင်ယောကျာ်း ခွန်ညီကို မိမိ မုန်းတီးခဲ့သည်။

မုန်းတီးဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာက ပါးပါးသူငယ်ချင်းပဲ။


ခရမ်းစွဲ ခေါင်းယမ်းလိုက်မိသည်။

မီးပွိုင့်စိမ်းသွားသဖြင့် နောက်မှကားများ ဟွန်းတီးသံ ညံသွားမှ ခရမ်းစွဲ ကားကိုမောင်းထွက်ဖို့ သတိရလိုက်သည်။

ဘုရားရေ မိမိဘဝမှာ သတိလက်လွတ်ခြင်းတွေ စတင်နေပါလား။







# အခန်း [၁၀]

ခင်ကင်းစင်က အိပ်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ အိပ်ခန်း၌ စကာအိပ်ခုတင်တစ်လုံးနှင့် ခပ်ဝေးဝေးနံရံ၌ တစ်ယောက်အိပ် ခုတင်တစ်လုံးရှိနေသည်။

"ကျုပ်ရဲ့တောင်းဆိုမှုက. . . ကြောက်ပါတယ် ကျုပ်နဲ့ အိပ်ပေးပါဆိုတော့ ကောင်းမိကောင်းရဲ့နဲ့ ညပြန်လာနိုင်မှပဲ ချင်းခုတင်တစ်လုံးထပ်ဆင်ပြီး အဲဒီမှာအိပ်တာသာကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ မာယာစစ်ဆင်ရေး မအောင်မြင်ပြန်ဘူး ဒေါ်ခရမ်းရယ်"

ခင်ကင်းစင်က စိတ်လျှော့သော လေသံနှင့် ပြောလာသည်။

"ကျုပ်ရဲ့အလှတွေဟာ ကိုယ်ဝန်ဆောင်ရရုံနဲ့ လျော့နည်းသွားပြီလား၊ ကျုပ်ဟာ စွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးလားဟင်၊ ဒေါ်ခရမ်း ဒေါ်ကေကေ ပြောစမ်းပါကွာ ကျုပ်ဘာတွေ လိုအပ်နေလို့လဲ"

ကေကေက ခရမ်းစွဲ မရောက်ခင် ကြိုရောက်နေလေပြီး ဝတီကတော့ ရုံးရှိသဖြင့် ရောက်မလာနိုင်တော့။

"ကျုပ် အားမနာတမ်း ဝေဖန်ရမလား ဒေါ်ကင်းစင်"

ကေကေက ခင်ကင်းစင်ပုခုံးကို ဖက်တွဲကာ ထမင်းစားခန်းဘက်သို့ ခေါ်လာရင်း ပြောလိုက်သည်။

"ပြောပါ ဒေါ်ကေကေရယ်၊ ကျုပ်ရဲ့ ကိုယ်ဝန်ကိုမြင်ရင် သူ့ပြောင်းလွဲမှုတွေဟာ ကျုပ် မျှော်လင့်ထားသလို ဖြစ်ပေါ်လာလိမ့်မယ်ဆိုတဲ့ တိတ်တခိုးယုံကြည်ချက်ကလေးဟာ သဲထဲရေ သွန်လိုက်သလို ဖြစ်သွားပြီ"

"ရှင် လိုအပ်နေတယ်"

"ဘာလိုအပ်တာလဲ"

"ယောကျ်ားအကြိုက်တွေကိုလေ့လာပြီး ချော့မော့သွေးဆောင်ဖို့ ရှင်လိုအပ်နေတယ်၊ ရှင် မာနများ ကြီးနေသလား"

"ဘုရားရေ. . သူ့အကြိုက်တွေကို သိဖို့နေနေသာသာ မိုးလင်းကမိုးချုပ် အိမ်ထဲက အိမ်ပြင်ထွက်နေတဲ့ လူတစ်ယောက် နောက်ကို ကျုပ်ဘယ်လိုလုပ် အမီလိုက်နိုင်မလဲ"





ခရမ်းစွဲက နားထောင်ရုံသက်သက် ဖြစ်နေလေပြီ။

"ကဲ. . ကျုပ်သောကကို မျှဝေခံစားနေရတာနဲ့ ရှင်တို့ စားနိုင်ဘဲ ဖြစ်နေတယ်၊ စားပါဟယ် တကူးတက ဒေါ်စောက သေသေချာချာ ချက်ထားပေးတာ"

မြီးရှည်ပန်ကန်များကို သူငယ်ချင်းများအနီး တိုးကပ်ပေးရင်း ခင်ကင်းစင်က လောကွတ်ပြုလိုက်သည်။

"ရှင့်ကို ကျုပ်တစ်ခွန်းတော့ မေးချင်တယ်"

ခရမ်းစွဲက ခေါင်းထဲရုတ်တရက် ဝင်ရောက်လာသော မေးခွန်းကိုမေးရန် ရုတ်ခြည်းဆုံးဖြတ်လိုက်သည်။ ခင်ကင်းစင်ကို ခွင့်တောင်းလိုက်သည်။

ခင်ကင်းစင်က ငြိမ်သက်နေသော ခရမ်းစွဲထံမှ ပထမဦးဆုံး ထွက်လာသောအသံဖြစ်ကြောင်း ယခုမှ သတိပြုမိသဖြင့်

"ဒီနေ့ ရှင်ငြိမ်နေတယ်၊ ထူးခြားတယ်. . ဘယ်သူနဲ့ ပြဿနာ တက်လာလို့လဲ"

ခရမ်းစွဲ တုန်လှုပ်သွားသည်။

သူ၏ ထူးခြားမှုကို ခင်ကင်းစင်သည် သောကမီးကြားမှာ သတိပြုမိနေပါလား။

ဟန်ဆောင်ခြင်းအတတ်ပညာလောက် ခက်ခဲနက်နဲသော ပညာရှိနိုင်ပါ့မလားဟု ခရမ်းစွဲ စိတ်ရှုပ်ထွေးစွာ တွေးမိသည်။

"ငြိမ်ဆို ရှင်တို့ပြဿနာ ကျုပ်တို့ ဘယ်ဟာသုံးရမလဲ ဆိုတာ တွေးရင်း ခေါင်းစားနေလို့ပါ"

"ကဲပါ ရှင် မေးမယ်ဆိုတဲ့မေးခွန်းက ဘာလဲ မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကေကေက စိတ်မရှည်စွာဖြင့် ပြတ်သွားသော စကားပြန်ကောက်လိုက်သည်။

ခရမ်းစွဲက. . .

"ရှင်. . ရှင့်ယောက်ျားကို ချစ်နေသလား"

ခင်ကင်းစင်က ခရမ်းစွဲကို အံ့အားသင့်သလိုကြည့်လိုက်သည်။ ပြီးမှ ခြောက်ကပ်စွာ ရယ်မောရင်း. . .

"ဟင်းဟင်းဟင်း. . ယောက်ျားကိုချစ်သလား၊ ကျုပ်ချစ်သလားဆိုတာထက် ကျုပ်ကိုသူ ချစ်လာစေရမယ်၊ ဒါကိုပဲ ကျုပ်လိုလားနေတာ၊ ကျုပ်ကိုကျုပ် ဆန်းစစ်ဖို့ မလိုတော့ဘူး မဆန်းစစ်ချင်တော့ဘူး၊ ကျုပ် သူ့ကို ချစ်မချစ်က အရေးမကြီးတော့ဘူး၊ ကျုပ် သူ့အပေါ်သစ္စာရှိမယ် ကျုပ်သားသမီးတွေကို အကောင်းဆုံး အတော်ဆုံးဖြစ်အောင်နဲ့ ကျုပ်ကို ချစ်နေအောင် ကျုပ်ဖန်တီးမယ် ဒါပဲ"

"ဒါတော့ ရှင်လွန်သွားပြီ ထင်တယ် ဒေါ်ကင်းစင်"

ခရမ်းစွဲရင်ထဲက ပြောလိုက်သော်လည်း ပြောသင့်မပြောသင့် ချင့်ချိန်နေဆဲတွင် ကေကေက ပြောလိုက်သဖြင့် ခရမ်းစွဲကျေနပ်သွားသည်။

"ကျုပ် ဘာလွန်လို့လဲ"

"အချစ်လိုချင်ရင် အချစ်ပေးရမယ်၊ ခု ရှင့်ပြောပုံအရဆိုရင် ရှင်ဟာ ယောက်ျားဆီကအချစ် သားသမီးတွေဆီကအချစ်. . အချစ်တွေအားလုံးကို ရယူသိမ်းပိုက်ထားချင်ပြီး ရှင့်ဘက်က ယောက်ျားကိုပေးဖို့ မပါဘူးလေ"

ခင်ကင်းစင်. . .





"ငါက မပေးဘူးလား၊ အေးလေ သူ ကိုယ်တိုင်ကကော တောင်းဆိုဖူးသလား၊ ငါ့ကို သူ မတောင်းဆိုဖူးတဲ့အတွက် ငါ သူ့ကို ချစ်မချစ်ကို ဝေဖန်စဉ်းစားဖို့တောင် မေ့ခဲ့တယ်"

"ရှင်က သူ့မှာ ငယ်ကျွမ်းချစ်သူ ရှိခဲ့ဖူးတယ်ဆိုတာကို မကျေမချမ်းဖြစ်ပြီး အချစ်ထက် အနိုင်ယူလိုမှု ပိုသွားတာလား"

ကေကေတောင် ခင်ကင်းစင်တို့အကြောင်း အတော်သိနေပါလားဟု ခရမ်းစွဲ အံ့ဩသွားသည်။ အမှန်တော့ ကေကေနှင့် ခင်ကင်းစင်သည် အိမ်ထောင်ကျပြီး အလုပ်လုပ်စရာ မလိုသဖြင့် ပေါင်းတွဲမိနေကြသည်။ ခင်ကင်းစင်သည် ကေကေအား သူတို့လင်မယားအကြောင်း အသေးစိတ် ရင်ဖွင့်ထားပြီးပုံရသည်။

"ဟုတ်တယ် ငါအပြစ်မရှိအောင်နေပြီး သူ့ကို အနိုင်ယူချင်တယ်၊ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေမှန်းမသိတဲ့ ငယ်သူငယ်ချင်းကို စွဲလန်းမှုက မိန်းမထက်ပိုသင့်သလား ဒါကို ရှင်တို့ စဉ်းစားကြည့်စမ်း"

ခရမ်းစွဲ အသက်ရှူရ မဝချင်တော့၊ ဖြစ်နိုင်လျှင် သူတို့အပါးက ထွက်ပြေးချင်လောက်အောင် ဖြစ်လာသည်။

"အနှစ်နှစ်အလလ ကွဲကွာနေတဲ့ သူငယ်ချင်းလောက်တောင် မယားကို မတွယ်တာဘူးဆိုတဲ့ ယောက်ျားကိုမှ အနိုင်ယူဖို့ မကြိုးစားရရင် ငါ ဘာလုပ်သင့်သလဲ. . ."

"နေပါဦး ဒေါ်ကင်းစင်ရယ်၊ ရှင် မလောစမ်းပါနဲ့ ရှင် အိပ်ခန်းထဲ သူ ခုပြောင်းအိပ်ပြီ မဟုတ်လား"

"ဟုတ်တယ် ဒါတာဝန်အရလေ၊ သူ့ဂုဏ်သိက္ခာအတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . အဲဒီလို မယူဆနဲ့ဦးလေ စောင့်ကြည့်ပါဦး"

ခရမ်းစွဲ တတ်နိုင်သမျှ အားပေးလိုက်သည်။

ခင်ကင်းစင်က မဲ့ပြုံးပြုံးကာ. . .

"ဘယ်အတိုင်းအတာအထိ စောင့်ရမှာလဲ ကိုယ်ဝန်တောင် ငါးလကျော်လာပါပြီ၊ လင်သားပြန်လာချိန်ကို စောင့်ရင်း တံခါးခေါက် ခွင့်တောင်းသံကိုစောင့်ရင်း အထီးကျန်ခဲ့ရတဲ့ ငါ့ဘဝကို ဘယ်အတိုင်းအတာအထိ သည်းခံရမှာလဲ၊ ငါ့ခံစားမှုတွေကို သူ ပြန်ခံစားစေချင်တယ်. ."

ခရမ်းစွဲ စိတ်လှုပ်ရှားလာသည်။

ကေကေက. . .

"လင်မယားအချင်းချင်း ညှိနှိုင်းလို့ရတဲ့ကိစ္စပါလေ၊ ရှင်ကိုယ့်ရင်သွေးကိုငဲ့ပြီး စိတ်ရှည်ပါ၊ သူ အခြားအိမ်ထောင်ရေး ဖောက်ပြန်မှုမရှိရင် ရှင့်အတွက်အများကြီး မျှော်လင့်ချက်တွေရှိပါတယ်"

"မယားရှိလျက်နဲ့ အခြားမိန်းမတစ်ယောက်ကို စွဲလန်းနေပါတယ်ဆိုတာ ဖောက်ပြန်မှု မဟုတ်ဘူးလား"

"လူ့စိတ်ကို တားဆီးလို့ရတာမှ မဟုတ်ဘဲ၊ ကာယကံမဖောက်ပြန်ရင် ပြီးတာပဲပေါ့"

"ပြောနိုင်မလား. . မတွေ့ကြသေးလို့ပေါ့၊ တွေ့ကြရင် မဖောက်ပြန်ဘူးလို့ ပြောနိုင်မလား"

ခရမ်းစွဲ ဇောချွေးများပြန်လာသည်။ သူ့ဘဝသက်တမ်း၌ ဂျူနီယာနှင့် ခွဲခွာရစဉ်ကခံစားရသော သောကမီးသည် အကြီးမားဆုံးဟု ထင်ထားခဲ့သည်။





ယခုတော့ နှစ်ပေါင်းများစွာ မျှော်လင့်တမ်းတခဲ့ရသော ဂျူနီယာနဲ့ ပြန်လည်ဆုံပြီးမှ ဖြစ်ပေါ်လာသောသောကသည်လည်း ပို၍ကြီးမားနေပါလား။

"ဒေါ်ခရမ်း ရှင်ဘာဖြစ်တာလဲ"

"ကျုပ် ခေါင်းမူးလို့. . ရတယ်. . ရတယ်. . အိပ်ရာကထထချင်း ခေါင်းလျှော်လိုက်လို့ထင်တယ်၊ စား. . စား. . ရှင်တို့ မြိန်အောင်စားကြ၊ ကျုပ် ကော်ဖီပဲ သောက်တော့မယ်"

"ယောက်ျားဆေးဘီဒိုထဲမှာ ရှင်လိုအပ်တဲ့ဆေး ယူသောက်၊ ရှင်သွားနားနေ ကျုပ်တို့စားပြီး လာခဲ့မယ်"

ခင်ကင်းစင်က ဒေါ်စောအား လိုက်ပို့ပေးရန် ပြောလိုက်သည်။

ခင်ကင်းစင်ကို ကျောခိုင်းလိုက်ရမှ အနည်းငယ် အသက်ရှူချောင်သွားသလို ခံစားလိုက်ရသည်။

ခုချိန်မှာ အဖြစ်မှန်ကို ဖွင့်ပြောသင့်သလား။ ဘယ်သူ့ကို တိုင်ပင်သင့်သလဲ။ ခင်ကင်းစင်အနေဖြင့် သံသယကင်းစင်ပါ့မလား။

မိမိအိမ်ကို ခင်ကင်းစင်တို့ လာအိပ်စဉ်က မိမိ၏ ကျွန်းသေတ္တာလေးထဲမှ အမှတ်တရများကို ခင်ကင်းစင်တို့ တွေ့ဖူးပြီးသား။

"စွဲလန်းခြင်းဆိုတာ ရူးသွပ်ခြင်းတစ်မျိုးပဲပေါ့. . နေဦးကေကေ"

ဟုတောင် ခင်ကင်းစင်က ကောက်ချက်ချဖူးတာကို ပြန်လည်သတိရမိတော့ ဖွင့်ပြောခြင်းကိစ္စကို သေသေချာချာ စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားရပေလိမ့်မည်။

"ဘယ်နှယ့်လဲ. . နေသာသွားပြီလား"

ခင်ကင်းစင်၏အသံ နောက်ပါးမှ ထွက်ပေါ်လာသည်နှင့် မွန်းကျပ်ခြင်းတို့ စတင်လာလေသည်။

ကံကြမ္မာဆိုးက မိမိတို့အား ဘယ်အတိုင်းအတာအထိများ နှိပ်စက်မည်ကို ခရမ်းစွဲ မခန့်မှန်းနိုင်တော့ပါ။







# အခန်း [၁၁]

"အမိန့်ရှိပါ"

"ပါးပါး နင် ခင်ကင်းစင်ဆီက ပြန်လာပြီး နင် အိမ်ပြန်ရောက်နေပြီဆိုတာ ငါ သိတယ်၊ နင် ပြတင်းပေါက်ကို လှပ်ကြည့်လိုက်စမ်း၊ နင်တို့ခြံပြင်က ပိုတောက်ပင်ကြီးအောက်မှ ငါ့ကားရပ်ထားတယ်"

ခရမ်းစွဲ Hand Phone ကိုကိုင်ကာ ပြောရင်း. . .

"နင် ဘာတွေလျှောက်လုပ်နေတာလဲ ဂျူနီယာ"



www.burmeseclassic.com

www.burmeseclassic.com



လူကလည်း ပြတင်းပေါက်ရှိရာသို့ လျှောက်ပြီး လိုက်ကာကို ပင့်ကြည့်လိုက်သည်။

"ငါ နင်နဲ့ စကားပြောချင်တယ် နင် ခုထွက်လာခဲ့၊ နင်နဲ့ငါ နေ့လည်စာ စားရင်း စကားပြောကြမယ်"

"ကောင်းပြီ ငါ ဆုံးဖြတ်ချက် တစ်ခုခုကို လိုချင်နေတယ် ငါ ထွက်လာခဲ့မယ် ဘယ်ကိုလာရမယ်ဆိုတာသာပြော"

"Fuji ကိုလာခဲ့ ငါ နင်ထွက်လာမှ မောင်းသွားမှာ နော်"

"အေးပါ"

ခရမ်းစွဲ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်သည်။ ဟန်ဆောင်မှုဖြင့် သူ မနေချင်. . ။

ခွန်ညီ၏ ကားနောက်သို့ အသာမှေးလိုက်ခဲ့သည်။

Fuji စားပွဲတစ်နေရာ၌ သူတို့ ထိုင်ဖြစ်ကြသည်။ မီနူးကဒ်ကိုယူပြီး ခွန်ညီက သူ့အားပေးသည်။

"နင် မှာချင်တာသာ မှာလိုက်ပါ၊ ငါစားချင်တဲ့ဆန္ဒ မရှိဘူး"

ခွန်ညီက ပြုံးကာ ခေါင်းညိတ်ပြီး စားပွဲထိုးလေးအား မှာလိုက်သည်။

စားပွဲထိုးလေး ထွက်သွားတော့. . .

"ငါ ဆေးရုံကို လိုက်သွားတယ် နင် ဒီနေ့ ဂျူတီအော့ဖ်ဆိုလို့ အိမ်ကိုဆက်တော့ သူငယ်ချင်းအိမ် မနက်စာ သွားစားတယ်လို့ပြောလို့ ငါ အိမ်ကိုဆက်ကြည့်တယ် နင်တို့ရောက်နေတာ ငါသိရလို့ လမ်းထိပ်ကနေ နင့်ကားကို စောင့်ကြည့်နေခဲ့ပြီး နင့်နောက်က လိုက်ခဲ့တာပဲ"





"ဒီလောက်အချိန်တွေ အကုန်ခံပြီး နင်ဘာဖြစ်လို့ တွေ့ချင်နေရတာလဲ"

"ငါ့ရင်ထဲမှာ မရှင်းလင်းနိုင်ဘဲ အစိုင်အခဲတစ်ခုလိုဖြစ်နေတယ်"

"ဘာ အစိုင်အခဲလဲ"

"နင် ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ"

"ငါကြိုက်တဲ့လူ မတွေ့သေးလို့ပေါ့"

"ငါ့ကို စောင့်နေတာများလား"

ခရမ်းစွဲ မျက်စောင်းထိုးလိုက်ပြီး. . .

"နင့်စကားတွေ လွန်မလာနဲ့နော် ကိုယ့်မှာ ဇနီးနဲ့သားနဲ့ဆိုတာလည်း သတိထားဦး ဂျူနီယာ"

ခွန်ညီ သက်ပြင်းချလိုက်သည်။

အနိုင်ယူလိုသော မိန်းမအပေါ် သူ ချစ်မြတ်နိုး၍ မရခဲ့။ သို့သော်. . မိန်းမ၌ သူ့ရင်သွေးရှိနေပြီ။ သို့အတွက် သူအလျှော့ပေးရတော့မည်။

ပါးပါးအပေါ်၌ အလျှော့ပေးခြင်းအပေါ် သူအမြဲတမ်းကြည်ဖြူနေခဲ့တတ်သည်။ မိန်းမအပေါ်တွင်တော့ အလျှော့မပေးချင်။ ဒါ ဘာကြောင့်လဲ။ မေတ္တာအတိုင်းအတာ ပမာဏခြင်း မတူညီခြင်းကြောင့် ဖြစ်ပေမည်။

"ငါ ဆင်ခြင်ပါ့မယ်"

"ငါကတော့ နင်တို့အိမ်ထောင်ရေး အဆင်ပြေသွားစေချင်တယ်၊ နင်နဲ့ ငါဟာ သူငယ်ချင်းဟာ သူငယ်ချင်းပဲပေါ့၊ နင်စွဲလန်းခဲ့တယ်ဆိုတဲ့ စွဲလန်းမှုဟာလဲ သူငယ်ချင်းစွဲလန်းမှုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုတဲ့ အနေအထားမျိုး ဖြစ်သွားအောင် သူ့ကိုနင် ချစ်မြတ်နိုး ပြရမယ်"

"ဖြစ်နိုင်ပါ့မလား သူ့ကိုမှ ငါ မချစ်တာ"

"နင် ဒီလိုစကားမျိုး မပြောနဲ့စမ်း၊ ရင်သွေးရတဲ့အခြေအနေမျိုးရောက်နေတာတောင် မချစ်ဘူးဆိုတဲ့စကား နင်မပြောသင့်ဘူး၊ နင် သူနဲ့ရင်သွေးကို ချစ်လာအောင် ကြိုးစားရမယ်"

"ဒါဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး ပါးပါး၊ အချစ်ဆိုတာ ဖန်တီးလို့ရတဲ့အရာမဟုတ်သလို အစွဲအလန်းဆိုတာလည်း ဖျောက်ဖျက်ပြစ်လို့ လွယ်ကူတဲ့အရာ မဟုတ်ဘူး"

"ငါကတော့ လိပ်ပြာမလုံမလဲနဲ့ နေရပြီး ခံစားနေရတာထက်စာရင် ရှင်းရှင်းလင်းလင်းပဲ ဖွင့်ပြောပြီး ပွင့်ပွင့်လင်းလင်း ရင်ဆိုင်လိုက်ချင်တော့တာပဲ ဂျူနီယာရယ်"

"ငါလည်း စဉ်းစားပါတယ်၊ ဒါပေမယ့် ပြန်ဆုံခွင့်ရထားတဲ့ အခွင့်အရေးလေး ဆုံးရှုံးသွားမှာကို ငါ သိပ်ကြောက်တယ်၊ ငါ့ဘဝဟာ အောင်မြင်မှုတွေ ဆက်တိုက်ဆက်တိုက်ရခဲ့တယ် ဒါပေမယ့် ပျော်ရွှင်မှုဆိုတာ ဘာလဲလို့ မေးရမလိုဖြစ်နေတယ်၊ ခုမှငါပျော်တာ နင်နဲ့ပြန်တွေ့လိုက်ရတော့မှ ငါပျော်လာတယ်၊ ငါ့ဘဝဟာ အခုမှ အဓိပ္ပါယ်ရှိသလို ဖြစ်လာတယ်၊ ဒါတွေဟာ ဘာကြောင့်လည်းလို့ ငါစဉ်းစားကြည့်တော့ နင့်အပေါ် စွဲလန်းတဲ့ အစွဲအလန်းမှာ ချစ်ခြင်းမေတ္တာတွေ အပြည့်အဝ ပါဝင်နေလို့ပဲ ဆိုတာ သိလိုက်ရတယ်"

"နင် ပျော်ရွှင်နိုင်ပေမယ့် ငါ မပျော်နိုင်ဘူး ခင်ကင်းစင်ဟာလည်း နင်နဲ့ကွဲပြီးနောက်ပိုင်းမှာ ညီအစ်ကိုမောင်နှမ မရှိတဲ့





ငါ့အတွက် သူငယ်ချစ်အဖြစ်ထက် ညီအစ်မအချစ်မျိုးနဲ့ ချစ်ခင်ပြီး အရင်းနှီးဆုံး လူတစ်ယောက်ပါ၊ ဒီတော့ ငါရဲ့ အချစ်ဆုံးလူနှစ်ယောက် စိတ်ချမ်းသာခြင်းကို ငါကြည်ဖြူနိုင်တယ် ကူညီနိုင်တယ်၊ ဒါဆိုရင် ငါ စိတ်ချမ်းသာလိမ့်မယ် ထင်တယ်"

ခရမ်းစွဲ စဉ်းစဉ်းစားစား ပြောလိုက်သည်။

ခွန်ညီက သက်ပြင်းချလိုက်ပြီး. .

"နင်မျှော်မှန်းသလို ဖြစ်လာမယ် ဆိုရင်တော့လည်း. . ပွင့်ပွင့်လင်းလင်း ဖွင့်ဟလိုက်တာ အကောင်းဆုံးပဲ၊ ဒါပေမယ့် နင် ခင်ကင်းစင်ကို သိပ်လျှော့မတွက်နဲ့နော်၊ သူဟာ အနိုင်ယူလိုမှုများတယ်၊ ငါနဲ့သူလက်ထပ်ခြင်းမှာ မေတ္တာမပါဘူး၊ မိဘသဘောတူတာကို မငြင်းဆန်နိုင်လို့ လက်ထပ်ခဲ့ကြတာပဲ၊ ဒါပေမယ့် သူက ငါ့ကိုအနိုင်ယူချင်တယ်၊ ငါ ကွာရှင်းခွင့်တောင်းရင်လဲ ကွာပေးမယ့်သူ မဟုတ်ဘူး"

ခရမ်းစွဲ တုန်လှုပ်သွားသည်။

"ဘုရားရေ နင်က ကွာရှင်းခွင့်တောင်းဖို့အထိ တွေးခဲ့ဖူးသလား"

ခွန်ညီက ခရမ်းစွဲ၏ ထိတ်လန့်သွားသော ဟန်ကလေးကို စိုက်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"သူ ပရက်မရှိခင်က အကြိမ်ကြိမ် စဉ်းစားခဲ့ဖူးတာပါ၊ ဒါပေမယ့် ကိုယ့်ရင်သွေးရှိလာပြီဆိုတဲ့အချိန်မှာတော့ ငါ့ရဲ့ဦးစားပေးမှုဟာ ငါ့အတွက် မဟုတ်တော့ဘူး၊ ရင်သွေးအတွက် အရင်ဆုံး စဉ်းစားရတယ်"

"လေးစားပါတယ် ဂျူနီယာ၊ နင် ချိုင်းစပယ်ရှယ်လစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူထားကတည်းက နင်ဟာ ကလေးအပေါ် ချစ်တတ်တဲ့စိတ်ရှိလိမ့်မယ်ဆိုတာ ငါယုံကြည်ပါတယ်"

"ငါ အချစ်ဆုံးသူနဲ့ ကလေးဘဝမှာပဲ ကွဲကွာသွားတာလေ၊ ဘာပဲလုပ်လုပ် ငါ့မျက်စေ့ထဲမှာ မျက်နှာဝိုင်းဝိုင်း မျက်လုံးဝိုင်းဝိုင်းနဲ့ ကောင်မလေးကိုပဲ မြင်နေတယ်. ."

ဘုရားရေ ဖြစ်ရလေ ဂျူနီယာရယ်. .၊ နင့် အစွဲအလန်းက သည်လောက်အထိအောင်ပဲလား ဟူသော စကားကိုတော့ သူ နှုတ်ဖျားမှ ဖွင့်ဟမပြောတော့ချေ။ သူကိုယ်တိုင်ကလည်း. .

မှာထားသော အစားအသောက်များ ရောက်လာသဖြင့် တစ်ယောက်ကြိုက်တတ်သောဟင်းများကို တစ်ယောက်ထည့်ပေးခြင်းအားဖြင့် ကွဲကွာနေစဉ်ကာလ ဖြတ်ကျော်ခဲ့ရသော ဘဝများအကြောင်းပြောရင်း စားသောက်ကြသည်။

တဒင်္ဂအတွင်း ခင်ကင်းစင်အကြောင်း မပြောမိစေရန် သတိထားလိုက်ကြသည်။

ခင်ကင်းစင်အတွက် အကောင်းဆုံး ဘာလုပ်ပေးနိုင်မည်နည်း။ ဒါကို သူတို့တွေးတောသင့်သည်။ နောက် ခင်ကင်းစင်၏ဆန္ဒ ခင်ကင်းစင်သည် အနိုင်ယူလိုမှု များတာကတော့ သေချာသည်။ ငယ်စဉ်ကတည်းက သူငယ်ချင်းတွေအားလုံးက သူ့ကိုအလျှော့ပေးခဲ့ကြရသည်ချည်းပင်။

"ခင်ကင်းစင်ရဲ့ ဆန္ဒကို နင်အရင်ဆုံး လေ့လာကြည့်လိုက်ပါ ဂျူနီယာ၊ သူ ငါတို့အပေါ် နားလည်မှုရှိမယ်ဆိုရင် နင်တို့နှစ်ယောက်ကြားက ပုဏ္ဏားတိုင်လုပ်ပြီး ငါ အကောင်းဆုံးအကြံဉာဏ်တွေ ပေးနေနိုင်မယ် ထင်တယ်"





"သူများအတွက်ပဲ ပေးဆပ်မှုတွေနဲ့ အချိန်ကုန်မနေပါနဲ့ ပါးပါး၊ ကိုယ့်အတွက်လည်း ကိုယ်ကြည့်ပါဦး"

"ဘာကြည့်စရာလိုသလဲ. . ငါ့ဘဝက အစစအရာရာပြည့်စုံနေတာပဲ"

"ဟုတ်ရဲ့လား အရွယ်လွန်လာပြီ၊ အချစ်မရှာဘဲ အထီးကျန်ဘဝကို နင်ဒီလိုပဲ မြှုပ်နှံထားတော့မှာလား"

"ငါက ဗြဟ္မာမျိုးနွယ်လေ၊ ငါ့ဘဝ သန့်သန့်စင်စင်နဲ့ပဲ ငါ့ဆေးပညာလေးနဲ့ လူနာတွေရဲ့ ကျန်းမာရေးစောင့်ရှောက်ရင်း အေးအေးဆေးဆေး နေပါရစေ၊ အိမ်ထောင်ရေးသောကကို နင်တို့နှစ်ယောက်ကိုမြင်တာနဲ့ ငါ အတော်ကြောက်သွားပါပြီ"

"ဒါကတော့ အချစ်နဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးမှ မဟုတ်ဘဲ ဘယ်သာယာနိုင်ပါ့မလဲ၊ အချစ်နဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေးဆိုရင် တကယ့်ဘုံဗိမ္မာန်တစ်ခုလို ဖြစ်နေမှာပါ"

ခရမ်းစွဲက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဒီလိုတော့ လှေနံဓားထစ်မှတ်လို့ ဘယ်ရမလဲ၊ အချစ်မပါဘဲ မိဘစကားနားထောင်ပြီး ပြုခဲ့ကြတဲ့ အိမ်ထောင်တွေလည်း သာယာကြတာတွေ အများကြီးပါ၊ လောကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးပြီး နေတတ်အောင်နေမယ်ဆိုရင် ပျော်စရာဆိုတာ ရှိလာမှာပဲ၊ ငါတော့ ငါ့ဘဝကိုငါကျေနပ်ပါတယ်၊ တင်းတိမ်ရောင့်ရဲနိုင်တယ်၊ ငါ သောကမလိုချင်ဘူး၊ ဒီတော့ ငါ ခင်ကင်းစင်ကို ဖွင့်ပြောဖို့ ဆုံးဖြတ်ထားတယ်"

"နင် ဖွင့်ပြောလိုက်ရင် သူဟာ နင်နဲ့ငါနဲ့ သန့်စင်ခြင်းအပေါ် အကြွင်းမဲ့လက်ခံမယ်တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပဲ ငါမျှော်လင့်ထားတယ်လေ"

"မျှော်လင့်သလို ဖြစ်မလာရင်ကော"

"ကံတရားပေါ့. . ."

"စဉ်းစားပါဦး ပါးပါရယ်၊ ငါ့ဘဝမှာ နင်နဲ့ ထပ်မံဆေး ကွာခြင်းအပေါ်မှာ ငါခံစားနိုင်တော့မှာ မဟုတ်ဘူးထင်တယ်"

ခရမ်းစွဲ ခွန်ညီ၏အကြည့်ကို မျက်နှာလွှဲလိုက်သည်။

"သူငယ်ချင်းအဖြစ် ဆက်လက်တည်ရှိနေမယ်ဆိုရင် ဝေးကွာစရာအကြောင်းမရှိဘူး ထင်တယ် ဂျူနီယာရယ်၊ ငါလေ မေမေ့ကိုလည်း နင်နဲ့တွေ့တဲ့အကြောင်း ဖွင့်ပြောချင်လှပြီ၊ ပြီး တော့ အန်တီကိုလည်း လိုက်တွေ့ချင်တယ်၊ ဒါတွေ ဘယ်တော့ ငါပြုလုပ်နိုင်ခွင့်ရမှာလဲ ဒါကိုပဲ ငါသိချင်တယ်၊ နင် အမြန်ဆုံး အကောင်အထည်ဖော်ပေးပါဟာ"

"စဉ်းစားကြတာပေါ့"

"မစဉ်းစားနဲ့ နင် ကြိုးစားရမှာ"

ခွန်ညီက ခရမ်းစွဲကို နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်သည်။ မေးခွန်းလည်း ထုတ်လိုက်သည်။

"ကြိုးစားရမယ် ဟုတ်လား၊ ငါ ဘာကြိုးစားရမှာလဲ"

"နင့်ရဲ့ အစွဲအလန်းပျောက်သွားပြီး နင့်အချစ်ဟာ သူ့ အပေါ်မှာပဲ တည်ရှိနေပြီဆိုတဲ့အကြောင်းပေါ့"

"ဟတ်. . ဟားဟား နင် ရယ်စရာတွေ မပြောနဲ့၊ ငါ ဟန်မဆောင်တတ်ဘူး"

"နင် ရင်သွေးအတွက် နင် ကြိုးစားသင့်တယ်"

"အင်းလေ ငါ စဉ်းစားဦးမယ်"





"စဉ်းစားလေ ငါတို့ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ မရသေးရင် နင်နဲ့ ငါ ထပ်မတွေ့ကြသေးဘူး"

"မဆိုင်ပါဘူးဟာ"

"ဆိုင်ပါတယ် ငါရဲ့ဂုဏ်သိက္ခာအတွက် နင် ငါ့ကို နားလည်ပေးပါ"

"ငါ ဖုန်းဆက်မယ်"

"ဆယ်နာရီဆိုရင် ငါ အိပ်ရာဝင်လေ့ရှိတယ် အဲဒီအချိန် နင်ဆက်ပေါ့ ငါကတော့ နင့်ကို မဆက်ဘူးနော်"

"ဆက်ပါ ငါ့ Hand phone သူ မကိုင်ပါဘူး"

ခရမ်းစွဲက ခေါင်းရမ်းကာ. . .

"မဆက်ချင်ဘူးဟာ နင်လည်း သူ့ကိုဘေးထားပြီး ငါဆီ တို ဖုန်းဆက်ဖို့ မကြိုးစားနဲ့နော် ပြန်မယ်ဟာ"

"နေပါဦးလား"

"တော်ပြီကွာ ငါ ကြာကြာမနေချင်ဘူး တစ်ယောက် ယောက်မြင်သွားမှာ စိုးရိမ်တယ်၊ ငါ လိပ်ပြာသန့်ချင်တယ်ဟာ"

နှစ်ယောက်သား Fujiထဲမှ ယှဉ်တွဲထွက်လာပြီး ကား အသီးသီးပေါ်သို့ တက်ကာ ခွဲခွာလိုက်ကြသည်။

သူတို့စိတ်ကို သူတို့ဝေခွဲမရသေးခင် ဘာပြဿနာမှ အပေါ်ချင်ပါ။ ခရမ်းစွဲစိတ်ထဲကတော့ အချစ်ဆုံးသူနှစ်ယောက် ၏အိမ်ထောင်ရေး ခိုင်မြဲသွားစေချင်သည်။

မိမိကတော့ တစ်ယောက်တည်း နေနေကျဖြစ်၍ နေ သားကျနေပါပြီ။

သို့သော် ယခင်တစ်ယောက်တည်း နေခဲ့ခြင်းတွင်



www.burmeseclassic.com

www.burmeseclassic.com




မျှော်လင့်ချက်ရှိနေသည်။ ယခုမျှော်လင့်ချက်တို့ ကုန်ဆုံးသွားပြီး တစ်ယောက်တည်းနေရခြင်းအပေါ်၌ ကျေနပ်နှစ်သိမ့်နေနိုင်ပါ့မလား။

ဂျူနီယာနှင့် ခွန်ညီဟာ တစ်ယောက်စီဆိုပါက အဘယ်မျှ ကောင်းလိမ့်မည်နည်း။







# အခန်း [၁၂]

ခင်ကင်းစင် တရေးနိုးလာသည်။ မျက်လုံးဖွင့်ကာ ခွန်ညီ ခုတင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရှိ မနေ။

ခင်ကင်းစင် နံရံနာရီသို့ လှမ်းကြည့်လိုက်သည်။ ဆယ့်နှစ်နာရီ ခွဲနေလေပြီ။ ခုတင်၌ လုံးဝအိပ်ထားပုံလည်း မရချေ။

ခင်ကင်းစင် အသာထလိုက်သည်။ ည ဂျူတီတို့ မယူတော့ဘူးဆိုသူက ယခုထက်ထိ ပြန်မရောက်သေးပါလား။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှ အသာထွက်ခဲ့ပြီး သူ အိပ်ခန်းကို အသာတွန်းကြည့်လိုက်သည်။ ရှိ မနေ။

သူ ပြန်မလာဘူးလား။ ဘယ်လိုယောကျ်ားမျိုးလဲ။ မနေ့က တစ်မျိုး၊ ဒီနေ့ တစ်မျိုး အပြောင်းအလွဲမြန်လှချည်လား။

လသာဆောင်တံခါး ပွင့်နေသဖြင့် ခင်ကင်းစင် လသာဆောင်ဘက် လျှောက်ခဲ့လိုက်သည်။

တွေ့ပြီ။ ယောကျ်ားကိုတွေ့ပြီ။ မိန်းမအိပ်ပျော်နေခြင်းကို ဥပေက္ခာပြုထားပြီး လရောင်ကို ငေးမောကြည့်ကာ အတွေးရေလျှင်ကြောမှာ မျောပါနေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ငယ်ကျွမ်းဆွေကို တမ်းတကာ အသည်းကျွမ်းနေသောဤလူသားနှင့် လက်ထပ်ခြင်းကိုက ကံဆိုးခြင်းထောင်သို့ ကျရောက်နေခြင်းဖြစ်မည်။

ဒီကြားထဲ ယောကျ်ားကို အနိုင်ယူလိုမှုဖြင့် သူမလိုလားသော ကိုယ်ဝန်ကိုလည်း ရအောင်ယူခဲ့မိလေပြီ။

ဘယ်အတိုင်းအတာအထိ သူတမ်းတနိုင်မလဲ၊ လွမ်းဆွတ်နိုင်မလဲ ခင်ကင်းစင်အသံမပေးဘဲ အိပ်ခန်းသို့ ပြန်ဝင်ခဲ့လိုက်သည်။

အိပ်ပျော်ချင်ဟန်ဆောင်နေလိုက်သည်။

သူ့အလာကို စောင့်ရင်း ဘာဆက်လုပ်သင့်သလဲ။

ကေကေပြောသလို သူ့ထံက အချစ်လိုချင်ရင် ကိုယ်ကလည်း သူ့ကိုပေးရမှာပေါ့တဲ့လား။ ကိုယ်က ဘယ်လိုပေးရမှာလဲ။

ဝန်တိုပြရမှာလား။





အမည်ပင်မသိရသော၊ လူ့လောကကြီး၌ ဘယ်ချောင်ပုန်းအောင်းနေမှန်းမသိသော၊ သူ့ငယ်ကျွမ်းဆွေကို မနာလိုပြုရမှာလား၊ ဝေးသေးသည်။ မနာလိုခြင်းသည် ချစ်ခြင်း၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်။ မိမိကတော့ မနာလိုဖြစ်ပြလိမ့်မည်မဟုတ်။ မိမိက သူ့ဇနီးမယားအဖြေင့် အသာစီးက ရထားပြီးသားပေပဲ။

နာရီက တစ်နာရီမြည်သံထွက်ပေါ်လာမှ သူ၏ လှုပ်ရှားသံကိုကြားလိုက်ရသည်။

သူ အိပ်ခန်းအတွင်းသို့ ဝင်လာသည်။ ညအိပ်အင်္ကျီကို သူ၏ အိပ်ခန်းအတွင်း ဝင်လဲပြီးမှ မိမိအခန်းဝင်လာသည်။ မိမိအား ဝတ်ကျေတန်းကျေ နှုတ်တစ်ဦးလို လာစောင့်အိပ်ပေးခြင်းနှင့်ပင် တူနေသည်။

စောင်ကို တမင်ဖယ်ချထားသည်။

သူ စောင်လာဖုံးပေးမလားဟု မျှော်လင့်ထား၍ဖြစ်သည်။ မျှော်လင့်သလို ဖြစ်လာခဲ့သည်။

ခင်ကင်းစင် ရင်ခုန်လာသည်။ မိမိတစ်ကိုယ်လုံး လုံခြုံသွားစေရန် စောင်ခြုံပေးသည်။ ပြီးတော့ နဖူးကို အသာစမ်းသည်။

သက်ပြင်းချသံနှင့်အတူ သူ၏ကိုယ်ရန့်သည် မိမိနှင့်ဝေးရာသို့ ရောက်ရှိသွားလေသည်။

ညအိပ်မီးရောင်အောက်၌ သူ၏လှုပ်ရှားမှုကို မသိမသာ ခိုးကြည့်မိသည်။

နဖူးပေါ်လက်တင်ကာ စဉ်းစားခန်းဝင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကို အနားထားပြီး တစ်ပါးသောမိန်းမအကြောင်းကို စဉ်းစားနေခြင်း၊ တမ်းတနေခြင်း၊ လွမ်းဆွတ်နေခြင်းကို ဘယ်မိန်းမကမှ ခွင့်လွှတ်လိမ့်မည်မဟုတ်ချေ။

"အင်း. . အင်း. အင်း. . မေမေ. . မေမေ"

ညီးညူသံပြုလိုက်သည်။

သူ ရုတ်ချည်း မိမိအပါးသို့ ရောက်လာသည်။

"အင်း. . . အင်း"

"မိန်းမ. . မိန်းမ. . ယူဘာဖြစ်တာလဲ"

သူက ပုခုံးကို အသာဆုပ်ကိုင်ကာ လှုပ်ရမ်းအသံပေးလိုက်သည်။

ထိုအခါမှ နိုးထလာသော သူပမာ ခင်ကင်းစင်က ပြူးကြောင်တောင်မျက်လုံးဖြင့်. . .

"ဟင်. . ရှင် ပြန်လာပြီလား ကြောက်လိုက်တာရှင်ရယ်"

သူ့ရင်ခွင်ထဲကို အားကိုးတကြီးဟန်ဖြင့် တိုးဝင်လိုက်သည်။ သူက အလိုက်သင့်ထွေးပိုက်ရင်း. . .

"အိပ်ခါနီး ကြေခဲတဲ့အစာများ စားမိသလား"

သူ့ရင်ခွင်သည် မိမိအတွက် နွေးထွေးမှုမရှိ။ အေးစက်နေသည်။ မေတ္တာမပါသော ရင်ခွင်ကို မိမိက ဘာလို့ဆက်လက်ခိုဝင်နေရမှာလဲ။ ရင်ခွင်မှ ချက်ချင်းထွက်ကာ. .

"ဟုတ်မယ်. . ရတယ် ရှင်အိပ်တော့"

"ရပါတယ် ယူအိပ်ပျော်အောင် အိပ်ပါ အိုင် ထိုင်စောင့်ပေးမယ် ရေသောက်လိုက်ဦးနော်"





သူက ရေဖန်ချိုင့်ထဲမှ ရေကိုငှဲ့ကာ မိမိအားပေးသည်။ ခင်ကင်းစင်က အလိုက်သင့်ယူသောက်ပြီးနောက် ပြန်လှဲလိုက်သည်။

"ရတယ် ရှင် စောင့်မနေနဲ့ သွားအိပ်တော့၊ ရှင်ရှိနေတယ်ဆိုတာ ကျွန်မသိရင် စိတ်ချပါတယ်"

"ကောင်းပြီလေ အိုင် စာဖတ်ရင်း ယူအိပ်ပျော်သွားတဲ့အချိန်အထိ စောင့်ပေးနေမယ်၊ ဘာမှအားမငယ်နဲ့ ဟုတ်လား"

သူ့ရဲ့ အားပေးမှုက ဝတ်ကျေတန်းကျေနိုင်လှသည်။

ဘာဖြစ်၍များ ဤယောကျ်ားကို လက်ထပ်ရန် မငြင်းဆန်ခဲ့ရသနည်း။ ပြီးတော့ ဤယောကျ်ား၏ အချစ်ကိုမှ မိမိရယူချင်ရသနည်း။ ရယူချင်သည့်မှ မိမိတစ်ဦးတည်းသာ သူ၏အချစ်ကို အပိုင်စီးချင်သည်။ အပိုင်းစီးချင်မှု၊ ရယူလိုမှုများတွင် သွေးဆောင်၍ရသော ရယူလိုမှု အနိုင်ယူလိုမှုတို့ကို မိမိမလိုချင်တော့ပါ။

ယခုကြည့်. . သူ၏ ဂရုစိုက်မှုသည် မိမိအတွက်ထက် မိမိ၏ရင်သွေးအတွက်က ပိုနေသည်။ မိမိရင်သွေးသည် သူ၏သွေး သူ၏အနာဂတ်မျိုးဆက်သစ်ဖြစ်သည်။

သူကိုယ်တိုင် ထူးချွန်ထက်မြက်သလို သူ့မျိုးဆက်များကိုလည်း ထူးချွန်ထက်မြက်စေချင်သည်။ သူလိုလူမျိုးများသည် ပို၍ အတ္တကြီးမားလှသည်။ အတိမ်းအစောင်းခံလိမ့်ည် မဟုတ်။

"မိန်းမ ယူဘာတွေစဉ်းစားနေသလဲ မအိပ်သေးဘူးလား"

"မစဉ်းစားပါဘူး သူ့ဘာသာသူ အိပ်မပျော်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သီချင်းနားထောင်မလား"

"ရှင် ဆိုပြမှာ မို့လို့လား"

"အိုင် မဆိုတတ်ပါဘူး ဒါပေမယ့် နားထောင်တတ်တယ် အိုင် နားထောင်နေကျသီချင်းတွေ ယူ့ကိုဖွင့်ပြမယ် ယူနားထောင်ပြီးအိပ်တော့"

သူ၏ လှုပ်ရှားမှုများကို မမိုတ်မသုန်ကြည့်နေမိသည်။ ဝတ်ကျေတန်းကျေလား။ ဘာဖြစ်၍များ နွေးထွေးသော အိမ်ထောင်ဖြစ်မလာရသနည်း။ မိမိကပဲ အေးစက်မာကြောနေ၍လား သူကပဲ အေးစက်မာကြောနေ၍လား။

သူ့တေးသီချင်းများက အလွမ်းသီချင်းများ ဖြစ်သည်။ ဘယ်တော့မှ မမေ့ဘူးဟူသော တေးသီချင်းများသာဖြစ်နေသည်။

"ယောက်ျား"

"ဘာလဲ"

"ပိတ်လိုက်တော့"

"ဘာဖြစ်လို့လဲ"

"အလွမ်းသီချင်းမျိုး ကျွန်မ မကြိုက်ဘူး"

"ဆွေးမြေ့လွမ်းဆွတ်နေတဲ့ သီချင်းမျိုးမှ အိပ်ပျော်မှာပေါ့"

"နေပါစေတော့ ထွက်လေဝင်လေ မှတ်ပြီးတော့ပဲ အိပ်တော့မယ်"

ယောက်ျားက သူ့အလိုကို မဆန့်ကျင်ပဲ ကက်ဆက်ကို ပိတ်လိုက်သည်။





"အိုင် ဘာလုပ်ပေးရမလဲ"

"ဘာမှမလုပ်နဲ့ ရှင်အိပ်တော့၊ ရှင်က တစ်နေ့လုံး အလုပ်သွားရတာ ကျွန်မက တစ်နေ့လုံး အားနေတာ အိပ်ချင်တဲ့အချိန် အိပ်လို့ရတယ်"

"ကျေးဇူးပဲ"

"ဘာအတွက်လဲ"

"ယူ အိုင့်အပေါ် ပထမဦးဆုံး စာနာမှု စကားအတွက်ပေါ့"

မိမိ အံ့အားသင့်သွားရသည်။ ရင်ထဲ၌လည်း နာကြင်သလို ခံစားရသည်။

မိမိသည် သူ့အပေါ် စာနာမှု ကင်းမဲ့နေသလား။ သူကကော မိမိ၏ဂရုစိုက်မှု စာနာမှုကို လိုချင်နေသလား။

တိတ်ဆိတ်ခြင်း ကြီးစိုးသွားသော ညချမ်းအတွင်း အတွေးကိုယ်စီဖြင့် အိပ်ပျော်ခြင်းကို ကြိုးစားရင်ဖြင့်သာ. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၃]

အိပ်ရာမှ နိုးနိုးချင်း မိန်းမခုတင်ကို လှမ်းကြည့်မိသည်။

မိန်းမကုတင်သည် သေသပ်စွာဖြင့် သိမ်းဆည်းပြီးဖြစ်နေသည်။ အိပ်ခန်းပတ်ပတ်လည်သို့ ဝေ့ဝဲကာကြည့်မိသည်။ မိန်းမ၏ အရိပ်အယောင်မျှပင် မတွေ့ရ။

နာရီကို မော့ကြည့်လိုက်တော့ နံနက်ရှစ်နာရီထိုးပြီး. . ခုနစ်မိနစ်ခန့် စွန်းနေလေပြီ။ အိပ်ရာမှထပြီး ဆေးရုံသို့သွားရန် ပြင်ဆင်လိုက်သည်။ ကိုယ်ပိုင်ဆေးရုံဆေးခန်းဖြစ်၍ တော်





ရော်၏ သူ သဘောမထား။ ပို၍ ဝီရိယရှိသင့်သည်။ ကိုးနာရီ အရောက်ဟူသော သူ၏အာရုံက ကြီးစိုးသွားသဖြင့် မိန်းမကို ရှာဖွေရန်ကိစ္စကို မေ့ထားလိုက်သည်။

သူ့အိပ်ခန်းသို့ ပြန်ကာ ကိုယ်လက်သန့်စင် ရေချိုးခြင်းတို လျှင်မြန်စွာ ဆောင်ရွက်လိုက်သည်။ ပြီးသည်နှင့် ငွေများ ထည့်ထားသော အတက်ချိုကျေစ်ကိုယူကာ အောက်ထပ်သို့ဆင်းခဲ့သည်။

လှေခါးဆင်းရင်း လက်ပတ်နာရီကိုကြည့်လိုက်တော့ ရှစ်နာရီခွဲလေပြီ။ မီးပွိုင့်များတွင် စောင့်ရမည့်အချိန်ကိုပါ တွက်ဆလျှင် မီရုံတင်ပဲ ရနိုင်သည်။

"အန်ကယ်သော် ကျွန်တော့်မိန်းမကော"

ညှိခန်း၌ ကြက်မွေးကိုင်ကာ အလုပ်များနေသော အန်ကယ်သော်က. .

"အပြင်သွားတယ် ဆရာ"

"ဘယ်သွားမယ် ပြောသွားသလဲ"

"သိတဲ့အတိုင်းပဲ ဆရာ. . ကျွန်မ အဖြေ မှားဦးမယ် အန်ကယ်သော် ဆိုတဲ့ စကားကလွဲရင် အပိုတနေထိုင်း ပြောမသွားပါဘူး" သက်ဒ

မိန်းမ၏ အေးစက်မှုက သူတစ်ယောက်တည်း အပေါ်တွင် မဟုတ်။ သူ၏ အလုပ်သမားအားလုံးအပေါ်ကိုပါ အေးစက်နေလေသည်။

မိန်းမကို ကွာရှင်းသင့်နေပြီလား။

အကယ်၍ ကွာရှင်းမည်ဆိုပါက ရင်သွေးကို သူပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရမည် မဟုတ်ပါချေ။ ဥပဒေအရဆိုလျှင် မိခင်ကသာ ပိုင်ဆိုင်ခွင့်ရပေမည်။ သူ ဘာတွေ လျှောက်တွေးနေပါလိမ့်။ ပြိုကွဲနေသော အိမ်ထောင်စုမှ လူဖြစ်ရမည့် သူ့ရင်သွေး၏ အနာဂတ်သည် ထူးချွန်ထက်မြက်နိုင်ပါ့မလား။

သူ ကားစက်နိုးလိုက်ချိန်၌ သူ၏ ညစ်နွမ်းနေသော အတွေးစများကို နှင်ထုတ်ပစ်လိုက်သည်။

သူ. . . ဆေးရုံသို့ ဦးတည်လိုက်သည်။

လူနာတစ်ရာကို အတွင်းလူနာအဖြစ် ကုသနိုင်သော ဆေးရုံတစ်ခုကို သူ ဖွင့်လှစ်နိုင်ခဲ့သည်။ ခေတ်မီစက်ကိရိယာများဖြင့် ရောဂါရှာဖွေခန်း၊ ခွဲစိတ်ကုသခန်း၊ ဓာတ်ရောင်ခြည်ကုသခန်း၊ ဓာတ်ခွဲခန်းမျိုးစုံ လိုလေသေးမရှိ သူ ဖန်တီးပေးခဲ့သည်။ လိုအပ်သော ငွေကြေးပမာဏကိုလည်း ရှယ်ယာ ၄၀% ခေါ်ခဲ့သည်။ သူနိုင်ငံခြားက ပြန်လာပြီး ဆေးရုံတည်ထောင်ခြင်းကို တစ်နှစ်ကျော်ခန့် ကြိုးပမ်းပြီးမှ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

၎ ်အမည်ကို 'တံခွန်'ဟု အမည်ပေးထားသည်။ ဆေးရုံကို အိပ်ရာသောအနေအထားတွင်ရှိပါက သူ အင်္ဂလန်သို့သွားကာ မိန္နာက်နှင့်အာရုံကြော ကုသခွဲစိတ်မှုဆိုင်ရာ ပညာရပ်ကို [illegible]ဆည်းပူးရန် Entrance ဖြေဆိုမည်ဟု ဆုံးဖြတ်ထားသည်။ အောင်မြင်ပါက တက်ရောက်သင်ယူပြီး ဘွဲ့ယူကာ ပြန်လာဦးမည်။

ထိုရည်မှန်းချက်အတွက် အဟန့်အတားဖြစ်စေသည်မှာ ခင်ကင်းစင်၏ ကိုယ်ဝန်ရှိနေခြင်းဖြစ်သည်။ မွေးဖွားလနှင့်





သူ သွားဖြေမည့်လက တစ်ထပ်တည်း ဖြစ်နေသည်။

ဒါ သူ့အတွက် ပထမ စိတ်အနှောင့်အယှက်ဖြစ်စေမှု။

ဒုတိယ အနှောင့်အယှက်က. . .

Purple Maung Maung ဟု စနောက်ကျောင်း၌ သူငယ်ချင်းဖြစ်ခဲ့ဖူးသော သူမပီမသအခေါ်အရ ပါးပါးအမည်ရှိ ငယ်ကျွမ်းဆွေ သူငယ်ချင်းနှင့် ပြန်လည်ဆုံတွေ့မှုကြောင့်ဖြစ်ပေါ်လာသော နှစ်ခွစိတ်။

ထိုနှစ်ခွစိတ်မှာ. . .

စိတ်တစ်စိတ်က ပါးပါးအပေါ် အမြဲထာဝရ ပိုင်ဆိုင်လိုချင်စိတ်။

နောက်တစ်စိတ်က ရင်သွေးအနာဂတ်အတွက် ဖခင်ကောင်းတစ်ယောက်အနေဖြင့် ပြုစုပျိုးထောင်ပေးလိုစိတ်ဖြစ်သည်။

ဒါဆို သူ့စိတ်၌ ခင်ကင်းစင် ရှိမနေပါလား။

အနိုင်ယူလိုသောမိန်းမသည် သူ့နှလုံးသားသို့ ဝင်ရောက်မလာခြင်းအပေါ်တွင် အထူးအဆန်းတော့ မဟုတ်ချေ။ တမင်သက်သက် နိုင်ငံခြားမှာ Living together နေထိုင်ခဲ့ဖူးသည် ပြောလိုက်ခဲ့သည်။ မိန်းမအပေါ် စမ်းသပ်ခြင်းသက်သက်ပင်။

သူ့ဘဝ၌ အနီးကပ်ဆုံးနှင့်အတူတကွ အိပ်စက်ပြီးသော မိန်းမအပေါ် သူတကယ်ပဲ သံယောဇဉ် မရှိဘူးဆိုသည်မှာဖြစ်နိုင်ပါ့မလား။

သူ့စိတ်ကို သူ အစိုးမရသေး။

"တီ. . တီ. . တီ. . တီ. . "



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံများ အဆက်မပြတ်ပေါ်ထွက်လာမှ မီးပွိုင့်တွင် သူ အတွေးလွန်နေခြင်းကို သတိရလိုက်မိသည်။

မီးစိမ်းပြခြင်းကို သူ သတိမထားမိခြင်းအပေါ်၌ နောက်ကားများက ဟွန်းဖြင့်သတိပေးလေပြီ။

ဩော် စိတ်နှင့်ကိုယ်ခန္ဓာ တစ်သားတည်း ရှိမနေလျှင် လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်၍မလာပါလား။

ကားကို လျှင်မြန်စွာ မောင်းထွက်ပေးလိုက်ရလေသည်။







# အခန်း [၁၄]

သူ ခွဲခန်းကထွက်ထွက်ချင်း သူ့ရုံးခန်းတာဝန်ခံ သူ၏ ...ထရီ နွယ်နွယ်က. . .

"ဆရာ မေမေကြီး ဖုန်းဆက်ပါတယ်"

မိဘကို အလေးထားတတ်သော သူ့အနေဖြင့်. . .

"ဟုတ်လား ဘာတဲ့လဲ"

"ဆရာ ခွဲခန်းကထွက်ထွက်ခြင်း မေမေကြီးအိမ်ကို ...ခဲ့ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရယ်လို့ ပြောသေးသလား"

"ပြောပါတယ် စိုးရိမ်စရာမရှိပါဘူး၊ ဒါပေမယ့် ဆရာကတော် မူးလဲသွားလို့ အဲဒါလာတွေ့ပါတဲ့"

နွယ်နွယ်မှတဆင့် မိခင်က မှာလိုက်သည့်တိုင်အောင် သူ့စိတ်ထဲ ထူပူသွားသည်။ ကိုယ်ဝန်နှင့်မိခင်တစ်ယောက် မူးလဲသွားခြင်းသည် စိုးရိမ်စရာမရှိဘူးဟု ပြော၍မရပါ။

"ကောင်းပြီ ငါ အခုပဲသွားမယ် ကိစ္စအဝဝကို မန်နေဂျာကိုပြောပါ၊ ငါဒီနေ့ နောက်ထပ်ခွဲခန်း ဝင်ပေးနိုင်တော့မှာ မဟုတ်ဘူး"

သူ ချက်ချင်းပင် မိခင်အိမ်သို့ထွက်ခဲ့သည်။ မိန်းမ၏ ကျန်းမာရေး အခြေအနေသည် မနေ့တုန်းက အကောင်းကြီးပါ။ သူပဲစစ်ဆေးပေးခဲ့သေးသည်။

မူးလဲသွားသည်။ ချော်လဲတာ မဟုတ်ခြင်းကြောင့် အတော်ထူးဆန်းနေသည်။ သွေးတိုးလဲ မရှိပါပဲလျက်။

အင်းလေ ကိုယ်ဝန်ဆောင်မိခင်ဆိုတော့လည်း တကယ့်ကို ပန်းလေးတစ်ပွင့်လို နုနယ်လှပေမည်ပေါ့။ သူ့ရဲ့ ဂရုစိုက်မှုများ လိုအပ်နေသလား။

ကားမောင်းရင်း Hand phone ကို နှိပ်လိုက်သည်။

မိခင်နှင့် တန်းတိုးသည်။

"မာမီလား ညီပါ"

"ညီလား ခွဲခန်းက ထွက်လာပြီလား"

"လမ်းပေါ်ရောက်နေပြီ မာမီ"

"အို လမ်းပေါ်ကနေ စကားမပြောရဘူးလို့ မာမီမှာထား





တယ်လေ"

"ညီ စိတ်ပူလို့ပါ"

"မပူနဲ့တော့ ညီ၊ သတိရလာပြီ ညီအိမ်ပြန်လာတာ မဟုတ်လား၊ ဖုန်း ပိတ်လိုက်တော့"

မိခင်က တယ်လီဖုန်းချလိုက်သည်။ မိခင်၏ စိုးရိမ်မှုနှင့် စည်းကမ်းချမှတ်ခြင်းကို သူ နားလည်လက်ခံပါသည်။ ဖုန်းခလုတ်ကိုပိတ်ပြီး ကားကို ဂရုတစိုက်မောင်းလိုက်သည်။

တကယ်တော့ လင်မယားဆိုတာ အရင်းနှီးဆုံးသော သူစိမ်းပါပဲလား။ မိဘနေရာရောက်ရှိတော့မည်ဖြစ်သော သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် တကယ်ကို ရေခဲပြင်အလား ရှိနေဦးမည်ဆိုပါက ရှေ့လျှောက်လွယ်ကူတော့မည် မဟုတ်ပေ။

မိဘအိမ်ရှေ့ ပေါ်တီကိုအောက် ကားရပ်လိုက်သည်နှင့် မိခင်က ထွက်၍ကြိုသည်။

"အတော်ပဲ ညီ နေ့လည်စာ ထမင်းစားဖို့ ပြင်နေတာ ညီ စားရဦးမှာ မဟုတ်ဘူး"

ခွန်ညီ မိခင်ပခုံးကိုဖက်ကာ ဧည့်ခန်းသို့ ဝင်လိုက်သည်။

ဧည့်ခန်းတွင် စိတ်အေးလက်အေးထိုင်ကာ သိုးမွှေးထိုးနေသော မိန်းမကိုမျက်ဝါးထင်ထင် မြင်လိုက်ရမှ သူသက်ပြင်းချနိုင်တော့သည်။

"ဘယ် ဆရာဝန်ခေါ်သလဲ မာမီ"

"ဟိုဘက်ခြံက မသီတာကိုပဲပေါ့"

"ပရက်ရှာ တက်တာလား ကျတာလား"

သူ မိန်းမအနီးဝင်ထိုင်ကာ လက်ကောက်ဝတ်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်သည်။ သိုးမွေးထိုးအပ်တန်းလန်းနှင့် လက်ကို မကျေနပ်စွာ ကြည့်ရင်း. . .

"ဒီဟာတွေ ဒီလောက်ထိုးနေမှတော့ အာရုံကြောထိခိုက်တာပေါ့"

"ပရက်ရှာ ကျတာတဲ့"

မိခင်က ဝင်ပြောသည်။ သူ့မိန်းမက တုံ့ဏှိဘာဝေ။

လက်ဖျားလေးတွေ အေးစက်နေသလို အကြည့်ကလည်း အေးစက်နေသည်။

"ထမင်းစားပြီးပြီလား"

"အခုပဲ စားမလို့ သား တွဲခေါ်ခဲ့၊ မစိန်ရေ ဟင်းချိုထည့်တော့ဟေ့"

မိခင်က သူတို့ကိုချန်ထားခဲ့ပြီး ထမင်းစားခန်းသို့ အရင်သွားနှင့်သည်။ သူက မိန်းမလက်ထဲမှ ပစ္စည်းကိရိယာများကို ယူကာ တောင်းထဲထည့်လိုက်သည်။

"ကိုင်း. . . ထ"

မိန်းမ၏ ဝင်းနှစ်အိထွေးနေသော လက်မောင်းအိုးနှစ်ဖက်ကို အသာဆုပ်ကိုင်ကာ ထစေသည်။

မိန်းမသည် စကားတစ်ခွန်းမှ မတုန့်ပြန်ဘဲ အလိုက်သင့်လိုက်ပါလာသည်။

မိန်းမ၏အပြီး ပခုံးကို တွဲခေါ်ခြင်းကိုလည်း ပုတ်ထုတ်ဖယ်ရှားခြင်း မပြုပါချေ။

ထမင်းစားခန်းကိုဝင်တော့ မိခင်က ကျေနပ်နေသည်။ သူတို့စိတ်တိုင်းကျ ရွေးခြယ်ပေးထားသော ချွေးမအပေါ် သား





၏ယုယမှုကို သူတို့ကျေနပ်ကြမည်။

သို့သော် ငယ်ရာမှ ကြီးလာသူပီပီ နှစ်ယောက်စလုံး၏ မျက်နှာပြင်ပေါ်မှ အပေါ်ယံအရေပြားသည် အေးစက်နေသည်ဟု ထင်မြင်ယူဆကာ သံသယပွားမိသည်။

သား၏ဂရုစိုက်မှုကတော့ ဟန်ဆောင်မှုလား။

သားနှင့်ချွေးမကြား၌ ဘာပြဿနာ အခက်အခဲတွေများ ရှိနေကြသလဲ။

"ဒယ်ဒီကော မာမီ"

"ကုမ္ပဏီမှာပဲ စားမယ် ဒီနေ့တော့ မာမီလိုက်မပို့တော့ဘူး သမီးလေး ရောက်လာတာနဲ့"

လက်စသပ်တော့ အပြင်သွားဦးမယ်ဆိုတာ မာမီဆီလာတာကိုး၊ ပြောသွားရင် ရသားနဲ့ဟု ခွန်ညီက တွေးလိုက်သည်။

"သမီးကို ကားမမောင်းခိုင်းနဲ့နော် သား"

"ကျွန်တော် မမောင်းခိုင်းပါဘူး"

"ဟုတ်ပါတယ် မေမေ ညီ မမောင်းခိုင်းပါဘူး သမီးက စိတ်က မြန်တာနဲ့. . ."

"စိတ်မြန်ကိုယ်မြန်လုပ်လို့ မရဘူးလေ သမီးတစ်ကိုယ်ထဲမှ မဟုတ်တော့တာ"

သူက မိခင်ကို ဦးဖယ်ပြီးသည်နှင့် မိန်းမပန်းကန်ထဲ ဟင်းများ ခပ်ထည့်ပေးသည်။ Lady first ဟူသော အကျင့်က ပါလေပြီ။

မိန်းမကလည်း အိမ်ဦးနတ် ဟူသောအလေ့ ပါလာပုံရသည်၊ မိခင်ပြီးလျှင် သူ့အား ဦးစားပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်က ပြုံးပြုံးပြုံးပြုံးနှင့် ကျေနပ်နေလေသည်။ ဘုန်းကြီးပွဲတမ္မ ချက်ပြုတ်ထားသော ဟင်းလျာများကို ကြည်ခြင်းအားဖြင့် ချွေးမအပေါ် ဦးစားပေးကြောင်း သိသာထင်ရှားနေသည်။

မိခင်ဘက် တွေးကြည့်သောအခါ မိခင်၏ဝေဒနာကို သူ နားလည်နေသည်။ သားနှစ်ယောက်တည်းရှိသည်။ သူ့အပေါ် လည်း စိတ်မချဖြစ်ကာ မြန်မာလေ့စရိုက်များကို သိမ်းသွင်းနားချခဲ့လေသည်။ မျက်စိအောက်ကပင် အပျောက်မခံနိုင်အောင် ဖြစ်ခဲ့သည်။

ထို့ကြောင့် မြန်မာပြည် ပြန်ရောက်ရောက်ခြင်း အိမ်ထောင်ချပေးပြီး မျိုးဆက်အတွက် အားထားမျှော်မှန်းရှာသည်။

ထို့ကြောင့် ချွေးမလုပ်သူ၏ ကိုယ်ဝန်ကို အလွန်ဂရုစိုက်သည်။ ချွေးမကိုလည်း မြှောက်ပေးသည်။

"သားက အလုပ်များရင် ဒီမှာပဲ ပြောင်းနေကြပါလားကွယ်၊ မေမေ စိတ်မချလိုက်တာ"

သူက မိန်းမကို ဖျတ်ခနဲကြည့်လိုက်သည်။ မိန်းမက သူ့ကို မကြည့်ဘဲ. . .

"ရပါတယ်မေမေ. . သမီးသူငယ်ချင်းက နာ့စ့်တစ်ယောက် စီစဉ်ပေးမယ် ပြောပါတယ်၊ ပြီးတော့ ညီလည်းရှိတာပဲ"

"အဲ့ဒီ ညီကိုစိတ်မချတာ သူ့ဆေးရုံအတွက် သူနာမည်လိုချင်ပြီး အရမ်းကြိုးစားနေတာ၊ မိန်းမရဲ့ စားချိန်သောက်ချိန်ကို ဂရုစိုက်နိုင်လို့လား"

ဘယ်တော့မဆို လိမ်ညာမပြောတတ်သော သူညီတိုင်း. . .





"ညီဝန်ခံပါတယ်၊ ညီ ဆေးရုံကို သိပ်အလေးထားမိတယ်၊ ထူထောင်ခါစဆိုတဲ့အခြေအနေမှာ နာမည်ကောင်း အရေးကြီးတယ် မဟုတ်လား မာမီ"

ငယ်စဉ်ကတည်းက မာမီကိုတော့ မေမေဟု နှုတ်မကျိုးနိုင်ခဲ့ပေ။ ပြောင်းလွဲ၍ မရသေး။

"ဒါပေမယ့် ညီ သူ့ကိုဂရုစိုက်မှာပါ"

"ရပါတယ် မာမီ ညီ့ကို သမီးနားလည်ပါတယ်၊ နယ်က သမီးအစ်မဝမ်းကွဲကိုလည်း သမီးခေါ်ထားပါတယ်၊ သူက နယ်မှာတော့ သားဖွားဆရာမပဲပေါ့"

"ဘာပဲဖြစ်ဖြစ် ယူ့ကို အိုင် ကိုယ်တိုင်မွေးပေးမှာနော်၊ ယူ့အစ်မ လာနေတာ နေပါစေ. . ယူ့ကို စောင့်ရှောက်ပေးဖို့ပဲ၊ အိုင့်ရဲ့ ညွှန်ကြားချက်အောက်မှာပဲ သူ ရှိနေစေရမယ်"

သူ ဘာဖြစ်၍ Mid wife ဆိုသည်နှင့် စိတ်မချ ဖြစ်ရသနည်း။ မိခင်ကပင်လျှင်. .

"မဖြစ်ပါဘူး ဂျူးဒိတ်နီးတာနဲ့ မေမေကိုယ်တိုင် လာနေပေးမယ်၊ ညီနော် မေမေ ဘာအမှားအယွင်းကိုမှ လက်မခံနိုင်ဘူး၊ မေမေတို့ရဲ့ မျိုးဆက်ကို ထိန်းသိမ်းပေးနိုင်တာ ညီပဲရှိတယ်၊ သမီးနဲ့ သမီးရင်သွေးဟာ မေမေနဲ့ဖေဖေရဲ့ အနာဂါတ်ပါ၊ ဒါကို ညီ သဘောပေါက်တယ် မဟုတ်လား"

သူ စားလက်စထမင်းပင်လျှင် မြို့မကျချင်တော့၊ မိခင်စိတ်ချမ်းသာမှုကို သူ လိုလားပါသည်။ ဒါကြောင့်လည်း မိန်းမကို သူ လွယ်လင့်တကူ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

"မထူးပါဘူး. . မာမီတို့ စိတ်ချရအောင် သားတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး တံခွန်ကိုပဲ ပြောင်းနေလိုက်တော့မယ်”

“ဟဲ့. . ဖွ မပြောကောင်းပြောကောင်း ဆေးရုံဆိုတာ အိမ်လုပ်ပြီးနေစရာလားဟဲ့၊ ညီဟာလေ. . ကဲ. . စားစား သမီး ကြက်သားလုံးကြော်လေးကို အားရှိအောင် များများစား၊ အသီး အရွက်လေးတွေလည်း စားနော်၊ ဒေါ်စောကကော ခုလို စီစဉ် ပေးရဲ့လား”

“ပေးပါတယ် မေမေ၊ အန်ကယ်သော်ကော အန်တီ စောပါ သမီးအပေါ် သိပ်တာဝန်ကျေပါတယ်”

“အင်း သူတို့ရှိနေလို့လည်း မေမေက ဒီလောက်အထိ မျက်နှာလွှဲနေနိုင်တာပေါ့”

မိခင်ကို သူ တော်တော်သနားသွားသည်။ ယောက္ခမ ဟူ၍ မာနလုံးဝမရှိတော့ပဲ တကယ့်ကိုပင် ချွေးမလေးသည် သူ တို့ဘဝ၏ ကယ်တင်ရှင်ဖြစ်နေလေသည်။

“ညီ့ဒယ်ဒီကလေ သူ့ချွေးမရောက်တာနဲ့ ကုမ္ပဏီအ သွားတောင် နောက်ကျသွားတယ်. . ၊ နေ့လည် ထမင်းချိုင့်လာ မပို့နဲ့တော့တဲ့ ညနေစာ သူအချိန်မီ ပြန်လာစားပြီး သူကိုယ်တိုင် ပြန်ပို့ပေးမယ်လို့ မှာသွားသေးတယ်”

သူ သက်ပြင်းသူခိုးလေး ချမိသည်။ ဒီသံယောဇဉ်နှင့် မျှော်မှန်းချက်တွေနှင့် ပြည့်နှက်နေသော မိသားစုနွံအတွင်းမှ သူ မည်ကဲ့သို့ ရုန်းထွက်နိုင်ပါ့မည်နည်း. . . ။







# အခန်း [၁၅]

ကားသံပျောက်ဆုံးသွားသည်အထိ ငြိမ်သက်စွာ ငေး မောနေမိသည်။ အနီးဆုံးမှာရှိနေသော်လည်း. . အဝေးဆုံးသို့ ရောက်နေသည့် ယောကျ်ားအတွက် မိမိတစ်ခုခု ဆုံးဖြတ်သင့် သည် ထင်သည်။

လောကကြီး၏ ဆန်းကြယ်မှုကို မိမိ တအံ့တဩ တွေ့ မြင်ခံစားလိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလုပ်သူအပေါ် စိတ်ပျက်ခြင်း နာကျည်းခြင်းတို့ဖြစ်ပေါ်လာတိုင်း ယောက္ခမအိမ်သို့ ထွက်လာတတ်သည်။ ယောက္ခမများ၏ မေတ္တာရိပ်မှာခိုလှုံပြီး ယောက်ျားအပေါ် ခွင့်လွှတ်စိတ်ကို မွေးမြူရသည်။ ဒါကို မိမိယောက်ျားက သိမည်မဟုတ်ပေ။

တိုက်တိုက်ဆိုင်ဆိုင် မိမိရောက်လာတော့ စာကြည့်ခန်းက အယ်လ်ဘမ်အဟောင်းများ ရှင်းနေချိန်နှင့် ကြုံကြိုက်သည်။

"ဖေဖေ ညနေစာအမီပြန်လာမယ် ပြီးမှ ဖေဖေကိုယ်တိုင် လိုက်ပို့ပေးမယ်"

ယောက္ခထီးက မိမိကို နှုတ်ဆက်ထွက်သွားသည်နှင့်

"ဓာတ်ပုံအယ်လ်ဘမ်တွေက များလှချည်လား မေမေ"

"များဆို နိုင်ငံတွေကလည်း စုံသကိုး သမီးရယ်၊ မေမေတို့ မင်္ဂလာဆောင်ကတည်းက စလာတဲ့ အယ်ဘမ်လေ"

"သမီးကြည့်ချင်တယ်"

"ကြည့်လေသမီး အညောင်းလဲ မိဦးမယ်နော် ကားတွေဘာတွေ ကိုယ်တိုင်မမောင်းပါနဲ့ကွယ် မေမေ စိတ်မချဘူး၊ ဒရိုင်ဘာလည်း ခန့်ထားပေးရဲ့သားနဲ့ကွယ်"

"အားမရဘူး မေမေရဲ့၊ သူဈေးသွားနေတုန်း သမီးထွက်လာတာ"

"သားကော"

"မနိုးသေးဘူး"

"နိုးတာနဲ့ ဆေးရုံတန်းသွားမှာဆိုတော့ မထူးပါဘူး နေမြင့်မှာစိုးတာနဲ့ ထွက်လာတာ"





ယောက်ျားနှင့်စာလျှင် ယောက္ခမများနှင့်နေရသည်ကမှ စိတ်ချမ်းသာသည်။ နွေးထွေးမှုရှိသည်။

ဓာတ်ပုံအယ်လ်ဘမ်လေးများကို ခုနှစ်စဉ်အလိုက် ခုနှစ်လနှင့် နံပါတ်စဉ်တပ်ပေးထားသည်။

တော်တော်စံနစ်ဇယားရှိတဲ့မိသားစုပဲ စိတ်တွင်း ကြိတ်ချီးမွမ်းမိသည်။

"ပိုးဟပ်မကိုက်အောင်လည်း သတိထားရတယ် သမီးရေ၊ ပျက်စီးမယ်ထင်တာနဲ့ ထပ်ကူး ထပ်မြှုပြင်ပဲ. . မေမေကဝါသနာပါတယ်လေ၊ ခဏနော် သမီး ဖြေးဖြေးကြည့် မေမေဟင်းသွားစီမံလိုက်ဦးမယ်"

ယောက္ခမထွက်သွားစဉ် မိမိတစ်ယောက်တည်း ဓာတ်ပုံကြည့်နေခဲ့သည်။ ယောက်ျားနှင့် သူ့အစ်ကို ငယ်စဉ်ကပုံများအယ်လ်ဘမ်. . .

"ဟင်. ."

ယောက်ျားငယ်စဉ်ကပုံတွင် ကောင်မလေးတစ်ယောက်ယှဉ်တွဲပါနေတတ်သည်။

မြင်ဖူးသည်။ ဒီပုံလေးတွေ မြင်ဖူးသည်။

ဘယ်မှာပါလိမ့်။

ရင်ထဲ လှုပ်ခတ်လာသည်။

သေချာပြီ။

ဒေါ်ခရမ်း. . ။ ဟုတ်ပြီ ဒေါ်ခရမ်းစွဲ၏ လျှို့ဝှက်ကျွန်းသေတ္တာဗူးလေးထဲမှာရှိနေသော ဓာတ်ပုံလေးငါးပုံ. .

ဘုရား. . ဘုရား. . ဒါဆို မိမိယောက်ျားရဲ့ ငယ်ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေဟာ ခရမ်းစွဲပေါ့. . .။ ဖြစ်နိုင်သည်။

ယောက္ခမပြန်အဝင်လာကို စောင့်ရင်း သွေးခုန်နှုန်းတို့မြန်ဆန်လာသည်။ ခြေဖျားလက်ဖျားတို့ အေးစက်လာသည်။

ခရမ်းစွဲ၏ အစွဲအလန်းကို မိမိသာလျှင် အသိဆုံးဖြစ်သည်။

ခရမ်းစွဲ အိမ်ထောင်မပြုခြင်းသည် ငယ်ကျွမ်းဆွေအပေါ် မျှော်လင့်ချက်ဖြင့် ရှာဖွေနေခြင်းဖြစ်သည်။ လျှို့ဝှက်ချက်များကို တိကျစွာဖွင့်မပြောပေမယ့် မိမိတို့ သူငယ်ချင်းတွေ ထိုကဲ့သို့ပင် လက်ခံထားကြသည်။

ဘယ်လိုဖြစ်တာလဲ။

ကမ္ဘာကြီးသည် ကျဉ်းမြောင်းလှချည်လား။

"ပျင်းနေပြီလား သမီး"

"မပျင်းပါဘူး၊ ဒါထက် ညီ ငယ်ငယ်တုန်းက နာမည်ကဘာလဲ မေမေ"

"ညီက သမီးကို မပြောပြဘူးလား"

"စကားမစပ်မိကြဘူး"

"ဂျူနီယာလေ ဒီကောင်မလေးက ပါးပယ်လ်တဲ့ သိပ်တွဲကြတာပဲ"

အသက်ရှူမဝတော့သလို ခံစားလိုက်ရသည်။ သေချာပြီ။ သူတို့နှစ်ယောက်သည် အနေးနှင့်အမြန် ဆိုသလို တစ်နေ့မဟုတ်တစ်နေ့ ဆုံတွေ့ကြတော့မည်။ ထိုအခါ သူတို့ဘယ်လိုခံစားကြရမလဲ။ မိမိကကော. . .

ဇောချွေးများပြန်လာသည်။ အသက်ရှူ၍ မရချင်





တော့။ ကြည့်ရင်းကြည့်ရင်း ဓာတ်ပုံတို့ ချာချာလည်ကာ. . .

"မူး. . မူးတယ်" ဟုပြောဆိုပြီး သတိလစ်သွားခဲ့သည်ကို ပြန်ပြောင်းစဉ်းစားရင်း ယောက္ခမ စီစဉ်ပေးထားသော အိပ်ရာပေါ် လှဲလျောင်းလိုက်သည်။

သူတို့နှစ်ယောက် တွေ့ဆုံမှုကို မိမိဖန်တီးပေးသင့်သလား။

သူတို့သည် အခါလွန်မှ တွေ့ဆုံခြင်းအပေါ်တွင် ဝေဒနာများ ရသွားကြလေတော့မည်။

မိမိကကော သူတို့နှစ်ဦး၏ တွေ့ဆုံမှုအပေါ် ကြည်ဖြူနိုင်ပါ့မလား. . .

ယောကျ်ား၏ ငယ်ကျွမ်းဆွေကို သူအင်မတန်မုန်းတီးခဲ့သည်။ ထိုငယ်ကျွမ်းဆွေကြောင့် ယောကျ်ားကိုပါ နာကျည်းခဲ့သည်။ ယောကျ်ား ငယ်ကျွမ်းဆွေကို မချစ်ရ။

ဇနီးမယားကိုသာ ချစ်စေရမည်။

ဒါ ဖြစ်သင့်သော နိယာမတစ်ခုပင်။

ထိုနိယာမကို လက်ခံထားသော မိမိသည် အတ္တကြီးသော မိန်းမတစ်ယောက်ဖြစ်နေပြီလား။

ဒေါ်ခရမ်းကကော. . .

ခရမ်းစွဲသည် ငယ်စဉ်ကတည်းက မိမိအပေါ် အနွံအတာခံသော သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်သည်။

ခရမ်းစွဲအတွက်တော့ စိတ်မကောင်းပါ။ ဒါပေမယ့် ယောကျ်ား၏အချစ်ကို ကြည်ဖြူစွာပေးလိုက်ရအောင်တော့ မိမိသည် သဘောထားမကြီးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား၏ အချစ်. .

ယောကျ်ား၏ အစွဲအလန်း. .

ယောကျ်ား၏ မြတ်နိုးမှု. .

ယောကျ်ား၏ ယုယကြင်နာမှု. .

ယောကျ်ား၏ ဦးစားပေးမှု. .

ယောကျ်ား၏ ဘဝတစ်ခုလုံးသည် မိမိအတွက်သာ ဖြ
ရမည်။ ဒါ အတ္တကြီးသော မိန်းမတစ်ယောက်ဖြစ်နေပြီလား။

ကေကေ စွပ်စွဲသလို မိမိသည် အချစ်ကိုသာ ရယူချင်ပြီး
အချစ်ကို မပေးတတ်သည့် အတ္တဆန်သော မိန်းမတစ် ယော
ဖြစ်နေပြီလား။

အိမ်ထောင်ရှင်မအနေဖြင့် ယောကျ်ားကို မိဘပေးစာ
၍ပဲ ယူယူ ချစ်၍ပဲ ယူယူ လင်ယောကျ်ားထံမှအချစ်ကို တစ်ဦ
တည်း မူပိုင်ချစ်သူအဖြစ် ခံယူချင်သည်မှာ မိန်းမတိုင်း၏ဆ
မဟုတ်ပါလား။

မိမိ မှားနေသလား။

ဤယောကျ်ားကိုမယူခင် ယောကျ်ားတော်တော်မျာ
များ၏ စွဲလန်းခြင်း၊ မြတ်နိုးစုံမက်ခြင်းကို ခံယူခဲ့ရသော မိမိသ
ယခု ဝင့်လည်လေပြီလား။

လင်ယောကျ်ားအချစ်ကို တစ်ဦးတည်း မူပိုင်ဖြစ်ချင်ခြ
သည် မိမိမမှား. . လုံးဝမမှား. . .

ဒီလိုဆိုလျှင် သူတို့နှစ်ဦးကို ဆုံတွေ့ပေးလိုက်မည်။
တို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် မှတ်မိနိုင်မလား ဒါ
အရမ်းသိချင်လာပြီ။





မှတ်မိသွားကြပြီ ဆိုပါက. . ။ သူတို့ရင်တွင် ဘာတွေ
ဖြစ်ပေါ် ခံစားလာရမလဲ။

သူတို့ရဲ့ စိတ်ထားကို သိချင်လာသည်။

ဟုတ်ပြီ. . . ။

သူတို့ ငယ်ကျွမ်းဆွေနှစ်ယောက်ကို တွေ့ဆုံပေးရမည်။

ခင်ကင်းစင်သည် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို
ချမှတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း [၁၆]

"ယောက်ျားရေ သွားတော့မလို့လား ခဏလေး ကျွန်မ အချစ်ဆုံးသူငယ်ချင်းနဲ့ တွေ့ပေးချင်လို့"

ခရမ်းစွဲ ရင်ခုန်သံတို့ ထိန်းသိမ်းထားသည့်ကြားက ခပ်နွဲ့နွဲ့ ပေါ်ထွက်လာသည်။

ရုတ်တရက် အငိုက်မိသွားသည်က ခွန်ညီ သူရောက်လာသည်ကို ကြိုတင်သိထားပုံ မရသဖြင့် အံ့အားသင့်သွားပုံရသည်။ မျက်နှာကို ချက်ချင်းပျက်သွားသည်။ သို့သော် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် ဟန်ဆောင်ကာ. . .

"ဩော်. . ဧည့်သည်ရောက်နေတာကိုး"

စကားရော ဖွဲ့ရောလုပ်ပြီး ဆိုဖာဆက်တီ၌ မျက်နှာချင်း ဆိုင် ဝင်ထိုင်လိုက်သည်။

ခင်ကင်းစင်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ သူတို့မျက် လုံးများသည် မရိုးသားကြ။ တစ်စုံတစ်ခုကို ဖုံးကွယ်ထားပုံ သည်။ သူတို့အချင်းချင်း အချိတ်အဆက်ရှိနေသလား။

သံသယစူးက ခင်ကင်းစင်နှလုံးသားကို စိုက်လေပြီ။

"ဒေါ်ခရမ်း. . ဒါ ကျုပ်ယောကျာ်းပဲ ယောကျာ်းရေ ရှ ကတော့ သူ့ကို ခုမှမြင်ဖူးမှာ၊ ကျွန်မတို့ ဝဲလ်ဒင်တုန်းကလဲ သူ နယ်မှာဆိုတော့ မလာနိုင်ဘူး၊ ဒေါက်တာခရမ်းစွဲတဲ့ ငယ်နာမည် က ပါးပယ်လ်မောင်မောင် တဲ့လေ. . ရှင့် ငယ်ကျွမ်းများလား နီယာ"

ခရမ်းစွဲ တုန်လှုပ်သွားသည်။

ကြိုတင်ပြင်ဆင်ထားမှုမရှိသော ဇာတ်ကွက်တစ်ခု၌ ဘယ်လို ကရမည်လဲ။

သို့သော် ခွန်ညီကလည်းသည် ရုတ်ချည်းထလိုက်သည်

"ဟုတ်လား. . ယူ. . ယူဟာ ပါးပါးလား၊ ငါ ဂျူနီယာ လေ ဒီမှာကြည့်"

သူ၏ ဘယ်လက်ဖမိုးလေးကို ပြလိုက်သည်။ မိန်းမ ပရိယာယ်ကို သူကောင်းစွာ ရိပ်စားမိလိုက်သဖြင့် မိန်းမကြီး မှုအောက်ဝယ် အလိုက်သင့် ကကြိုးဆင်လိုက်သည်။

ခရမ်းစွဲက အခြေအနေအရပ်ရပ်ကို ရိပ်စားမိလို





သည်။ မိမိတို့မဖွင့်ဟခင် ခင်ကင်းစင် ရိပ်စားမိသွားပြီဆိုတော့ လည်း စွဲလန်းခြင်းသည် သန့်စင်သော စွဲလန်းခြင်းဖြစ်ကြောင်း ခင်ကင်းစင် ယုံကြည်သွားစေရန် ပြလိုက်ရုံသာ ရှိတော့သည်။

"ပြစမ်း. . ဟုတ်တယ် ဒီအမှတ်က ဂျူနီယာပဲ၊ ဝမ်းသာ လိုက်တာ ဂျူနီယာရယ် နင်က ဘယ်နဲ့ ခွန်ညီဖြစ်သွားတာလဲ"

ခရမ်းစွဲ စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်များပင် ဝဲလာ သည်။

ခင်ကင်းစင် အကဲခတ်နေသည်။

"ငါ ခွန်ညီဖြစ်သလို နင်ကကော ခရမ်းစွဲဖြစ်သွားတယ် ဟုတ်လား၊ မိန်းမရေ ယူက အိုင်တို့နှစ်ယောက်ကို ပါးပါးနဲ့ ဂျူနီယာ ဖြစ်လိမ့်မယ်ဆိုတာ ဘယ်လိုများ သဲလွန်စရသလဲ"

ခွန်ညီသည် ဟန်ဆောင်ကောင်းကာ ယောကျာ်းတစ် ယောက်လား။ ဒါမှမဟုတ် အမှန်တကယ်ပင် သူ့အစွဲအလန်း သည် မှုန်ဝါးသွားပြီလား။ ခင်ကင်းစင်က အတွေးစကို ဖြတ် တောက်ပစ်လိုက်ပြီး. .

"မနေ့က မေမေ့ဆီမှာ အယ်လ်ဘမ် အဟောင်းတွေထဲ မှာ ခရမ်းစွဲဆီမှာတွေ့ခဲ့တဲ့ ဓာတ်ပုံတွေ ထပ်တွေ့လိုက်ရလို့ပဲ"

ခွန်ညီ တုန်လှုပ်သွားသည်။ မနေ့က မူးမေ့သွားခြင်း၏ အရားခံကို သူရှာတွေ့လိုက်လေပြီ။ ပေါ့ပေါ့ဆဆ နေထိုင်လို့မရ တော့. . . ။

"ကျေးဇူးတင်တယ် ဒေါ်ကင်းစင်ရယ် ကျုပ်ဒီတစ်သက် ဂျူနီယာကို ထပ်တွေ့ကလိမ့်မယ်လို့ မမျှော်လင့်ခဲ့တော့ဘူး ခုလို ကျုပ် အချစ်ဆုံးသူငယ်ချင်းရဲ့ ယောကျာ်းအဖြစ် ပြန်တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကျုပ် အရမ်းဝမ်းသာတယ်. . ၊ အတော်ပဲ ဂျူနီယာ နင့်ကို ငါဆူရဦးမယ်”

“ဆူချင် နောက်မှဆူတော့ ငါ ဆေးရုံသွားရတော့မယ်၊ မိန်းမရေ ဆေးသောက်ပြီးပြီလား အိုင် သွားလိုက်ဦးမယ်. . သိ ရတော ဝင်ရဦးမယ် ပါးပါးကို အားတဲ့ရက် အိမ်မှာ ထမင်းကျွေး ပါ အိုင်တို့ စကားပြောချင်တယ်”

ပညာတတ် ပီသစွာဖြင့် တွေ့ဆုံလိုမှုကို ဇနီးသည်အား အသိပေးလိုက်ခြင်းဖြစ်သည်။

ခင်ကင်းစင် သူတို့အရိပ်အကဲများကို မဖမ်းတတ်တော့။

“အမလေး ငါ့ကိုဖိတ်ဖို့မလိုဘူး ငါအားရင် ငါလာနေ ကျပဲ၊ နင်သာ ရှိပါစေ”

“ဒါထက် နင်ကော အိမ်ထောင်ကျပြီလား”

ခွန်ညီက ကျောခိုင်းထွက်ခွာဟန်ပြုပြီးမှ သတိရဟန်ဖြင့် လှမ်းမေးလိုက်သည်။

ခရမ်းစွဲက. .

“အင်း. . စဉ်းစားနေတုန်း ရွေးနေတုန်းပဲ”

ခင်ကင်းစင် သူတို့နှစ်ယောက်အပေါ် ရှိနေသော သံသယ တစ်စိတ်တစ်ဒေသတော့ လျော့ပါးသွားသည်။

ဆယ်နှစ်ဆယ့်တစ်နှစ်ဆိုသော အရွယ်က အစွဲအလန်းသည် တစ်ထောင့်ငါးရာအချစ်အဖြစ် ကူးပြောင်းမှုသည် လွယ် ကူနိုင်လိမ့်မည် မဟုတ်။ ကွဲကွာမှုမရှိဘဲ တောက်လျှောက် တွေ့ ဆုံလျှင်တော့လည်း ငယ်ချစ်ကနေ ကြီးချစ် ဖြစ်သွားနိုင်သည်။

“ငယ်ငယ်ကနဲ့မတူဘူး ငယ်ရုပ်မရှိတော့ဘူး လက်ဖျိုး





ပေါ်ကအမှတ်သာ မရှိရင် သူ့ကို ဂျူနီယာဆိုတာ ကျုပ်ဘယ်လို လုပ်ယုံကြည်နိုင်မှာလဲ၊ ရှင် ဘာဖြစ်နေတာလဲ ဒေါ်ကင်းစင်”

ခရမ်းစွဲသည် အခြေအနေအရပ်ရပ်ကို မီးစင်ကြည့်က နိုင်ခဲ့လေသည်။

“ရှင်တို့ အစွဲအလန်းက ဘယ်လိုအစွဲအလန်းမျိုးလဲ ဆိုတာ ကျုပ်တွက်ဆနေတာ”

“စွဲလန်းခြင်းဆိုတာ တစ်ထောင့်ငါးရာမေတ္တာမှ အစွဲ အလန်း မဟုတ်ဘူး ဒေါ်ကင်းစင်၊ ရှင် စဉ်းစားကြည့်လေ အချို့ ဆိုရင် နေမကောင်းရင် အရုပ်ကလေး ဝယ်ပေးမှ နေမကောင်း ပျောက်တယ်၊ အချို့ဆိုလဲ တမ်းတနေတဲ့ အစားအစာလေး စား လိုက်ရမှ နလံထူတယ်၊ အချို့ဆို မြင်ချင်တဲ့လူမြင်လိုက်ရမှ အ ဖျားပျောက်သလိုမျိုးပေ့ါ၊ အစွဲအလန်းနဲ့ပတ်သက်လို့ မျိုးစုံရှိကြ မှာပါ ငါ ဂျူနီယာအပေါ် စွဲလန်းခဲ့တယ်ဆိုတာ ငါ့အပေါ် အနစ် နာခံခဲ့တာတွေ ကောင်းခဲ့တာတွေရှိပြီး နုနယ်တဲ့နှလုံးသားမှာ ပထမဦးဆုံးသော ရင်းနှီးမှုတစ်ရပ်အနေနဲ့ အရာထင်ပြီး စွဲလန်း သွားခြင်းသာ ဖြစ်လိမ့်မယ်”

ခရမ်းစွဲ သူငယ်ချင်း၏ အပြုအပြင်ကို ခံရမှာစိုးသဖြင့် ရှည်လျားစွာ ရှင်းပြလိုက်ရင်း မောဟိုက်သွားသဖြင့် အအေးခံ ထားသော ရေနွေးကြမ်းပန်းကန်ကို မော့လိုက်သည်။

ခင်ကင်းစင်က ငြိမ်သက်စွာ နားထောင်နေသည်။

လူတွေ၏ အတွင်းစိတ်သဏ္ဍာန်ကို ဖောက်ထွင်း မြင်နိုင် တ အဘယ်မျှကောင်းချေမည်နည်း။

“ရှင် ကျုပ်တို့အပေါ် ဘာသံသယမှ မစွန်းမိစေနဲ့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုအပျိုစင်တစ်ယောက်က မယားရှိယောကျ်ားတစ်ယောက်နဲ့ အထင်မှားခံရခြင်းကို လက်မခံနိုင်ဘူး၊ ကျုပ်ရဲ့ဂုဏ်သိက္ခာကို အရမ်း ထိခိုက်နစ်နာစေတယ်၊ ကျုပ် သူ့ကို ဂျူနီယာဆိုတဲ့ ငယ် သူငယ်ချင်းသဘောထားထက် ပိုပြီးထားနိုင်မှာမဟုတ်သလို ရှင် နဲ့သူ အိမ်ထောင်ရေးသာယာမှုအတွက်ပဲ ကျုပ်လိုလားတယ်"

"ရှင့်ဘက်က အဲဒီလိုဖြစ်ပေမယ့် သူ့ဘက် အဲ့ဒီလို ဖြစ်နိုင်ပါ့မလား သဘောထားနိုင်ပါ့မလား"

"ရှင် သိချင်ရင် သူ့ကို ပွင့်လင်းစွာမေးလိုက်ပါလား"

"မမေးချင်ဘူး"

"အဲဒါကိုက ရှင်တို့အိမ်ထောင်ရေး မသာယာခြင်းအ တွက် အဓိကသော့ချက်ပဲ"

"ဆိုပါဦး အိမ်ထောင်ရေးအဘိဓမ္မာဆရာမကြီးရယ်"

ခင်ကင်းစင်က ခနဲ့လိုက်သည်။

ခရမ်းစွဲက မျက်စောင်းထိုးပြီး. .

"မရယ်နဲ့နော် ကျုပ်က ကိုယ်တွေ့မရှိပေမယ့် ပတ်ဝန်း ကျင် ဗဟုသုတတွေအရ ပြောတာ"

"ရှင် အိမ်ထောင်ပြုလိုက်ပါလား"

ခင်ကင်းစင် ဘာကိုရည်ရွယ်ပြီး ပြောမှန်းကို ခရမ်းစွဲ ရုတ်တရက်မသိသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ခင်ကင်းစင်က ပြုံးကာ. .

"ဒါမှ ရှင့်အိမ်ထောင်ရေးကို ရှင် ဘယ်လိုအကောင်းဆုံး ဖြစ်အောင် ဖန်တီးမလဲဆိုတာ ကျုပ် နမူနာလိုက်ယူလို့ရအောင် လေ"





ခင်ကင်းစင်၏ အတွင်းသဘောကို ခရမ်းစွဲ ရိပ်စားမိ လိုက်သည်။ သူတို့အပေါ် သံသယဆူး ရှိနေဆဲဟု။

"ပြောပါဦး အိမ်ထောင်မသာယာခြင်းရဲ့ အဓိကသော့ ချက် ဆိုတာလေ"

"သံသယတွေ ရှိနေခြင်းရယ်၊ မာနထားခြင်းရယ်ပဲ၊ ဒါ တွေကို ခဝါချပြီး ရိုးသားပွင့်လင်းကြမယ်ဆိုရင် အိမ်ထောင်ရေး သာယာပြီပဲ"

"ကျုပ်ဘက်ကတော့ ရိုးသားပါတယ်"

"ဒီလိုဆို သူ့ဘက်က မရိုးသားဘူး ဆိုလိုတာပေါ့"

"လက်ထပ်ဖို့ ဖိတ်စာဝေပြီးတဲ့အချိန်မှာ သူ့ရဲ့ငယ်ကျွမ်း ဆွေမလေးလောက် ဘယ်မိန်းမကိုမှ မစွဲလန်းနိုင်ဘူးလို့ သူကိုယ် တိုင် ဖွင့်ဟဝန်ခံချက်ကို ကျုပ် ဘယ်လိုလုပ် မေ့ထားလို့ရမလဲ"

ခင်ကင်းစင်ထံမှ ဖွင့်ဟဝန်ခံခြင်းအပေါ်တွင် ခရမ်းစွဲ ကျေနပ်သွားသည်။

မိမိအပေါ် ခင်ကင်းစင် ယုံကြည်မှု ရှိနေသည်။

"ဒါ မိန်းမမယူခင်က ပြောခဲ့တဲ့စကား ကာမပိုင် ဇနီး မယားရပြီးသွားတဲ့ လူတစ်ယောက်အနေနဲ့ အတူအိပ်နေတဲ့ ဇနီး မယားလောက် ဘယ်မိန်းမကိုမျှ စွဲလန်းနိုင်မလဲ၊ ဒါကို ရှင် သိသင့်ပါတယ်"

"သိနေလို့ ကျုပ် ခံစားနေရတာပေါ့၊ ကျုပ်ကို အနှောင့် အယှက် သူ့စိတ်က ငယ်ကျွမ်းဆီမှာလို့ ကျုပ်သိနေရလို့ ကျုပ်သူ့ကို မုန်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ကင်းစင်၏ အတွင်းစိတ်ကို ခရမ်းစွဲ ရိပ်စားမိလိုက်သည်။ ခရမ်းစွဲ ဇော်ချွေးပြန်လာသည်။

မိမိသည် အမိကဇာတ်ပို့ဖြစ်နေပြီ။ မင်းသားကို မင်းသမီးဆီ ပို့ပေးရမည်။ ဗီလိန်နေရာကို မိမိမလိုလားပါ။

ထိုစဉ် ခရမ်းစွဲ၏ ဖုန်း မြည်သံထွက်လာသည်။

"အမိန့်ရှိပါ"

"ပါးပါး ငါပါ နင် အကျဉ်းအကြပ်ထဲ ကျနေမှာစိုးလို့ ဆက်လိုက်တာ သဘောပေါက်တယ်နော် နင့်ဘာသာနင် ဖြေပြီးထွက်ခဲ့"

"ကောင်းပြီ ကျွန်မ အခုချက်ချင်းလာခဲ့မယ် လိုအပ်တဲ့ ထရိမင့်ကိုသာ လုပ်ထားနှင့်ပါ"

ခရမ်းစွဲ အမှန်တကယ် အကျဉ်းအကြပ်ထဲ ရောက်နေသည်။ ဂျူနီယာ၏ ကယ်တင်မှုကြောင့် ချောင်ပိတ်ခံရမှုမှ လွတ်ကင်းသွားသည်။

"ရှင်ဘက်မှာ ကျုပ် ရပ်တည်ပေးမယ်ဆိုတာ တစ်ခုရှိ ရှင့်ခေါင်းထဲ မြဲမြဲထားလိုက်ပါ၊ ဆေးခန်းက အရေးပေါ်ခေါ်လို့ ကျုပ်ပြေးတော့မယ်၊ ကျုပ်လာခဲ့ဦးမယ် အားရင် ရှင့်ဆီ ဖုန်းဆက်မယ် ဘိုင့်ဘိုင်"

ခင်ကင်းစင် မတားဆီးနိုင်ခင် ခရမ်းစွဲ ထွက်ခဲ့သည်။

ခင်ကင်းစင်က နောက်မှ လေးလံသောခြေလှမ်းဖြင့် လိုက်ရင်း. .

"ရှင့်ရဲ့ လက်တွေ့အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခုကို ကျုပ်ဘယ်တော့ နမူနာယူနိုင်မလဲ"





ကားပေါ် တက်လုလု ခရမ်းစွဲ၏ခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားသည်။

ဘုရားရေ ခင်ကင်းစင်၏ မယုံသင်္ကာ ဖြစ်နေမှု၊ ဝန်တိုနေမှုသည် မိမိအိမ်ထောင်မပြုသေးခြင်းနှင့် အများဆုံး သက်ဆိုင်နေပါလား။

"ကျုပ် အမြန်ဆုံး ကြိုးစားမယ်"

"ကျေးဇူးပဲ ဒါမှ ကျုပ်နမူနာယူပြီး ပြုပြင်သွားနိုင်မယ် ထင်တယ်"

ခင်ကင်းစင် သူ့ကိုပညာရှိဆန်စွာ စိန်ခေါ် လိုက်ခြင်းဖြစ်သည်ဟု ခရမ်းစွဲ သဘောပေါက်လိုက်သည်။

မိမိအိမ်ထောင်ပြုလိုက်မှ သူ့သံသယများ လျော့ပါးသွားပြီး သူ့ယောကျ်ားအပေါ် လက်ခံနိုင်မည့်သဘော။ ပြီးတော့ မိမိက သူ့ယောကျ်ားအပေါ် စွဲလန်း၍ အိမ်ထောင်မပြုတာ မဟုတ်ပါဘူး။ အစွဲအလန်းမရှိလို့ အိမ်ထောင်ပြုလိုက်တာပေါ့ ဟူသော သက်သေမျိုး ပြရမည်. . ။

ဘုရားရေ သူတို့အိမ်ထောင်ရေး သာယာဖို့အတွက် မိမိက မချစ်မနှစ်သက်သောသူတစ်ယောက်၏ရင်ခွင်ထဲ ဘဝကို စတေးခံရတော့မည်လား။

ကားကို သတိနှင့် မောင်းနှင်ရင်းမှ. .

ဘယ်သွားရမလဲဆိုတာ သတိရလိုက်သည်။ အမှန်တော့ ခင်ကင်းစင်နဲ့ တစ်နေ့လုံးနေပေးမည်ဆိုကာ ထွက်ခဲ့ခြင်းဖြစ်သည်။

မွန်းကြပ်နေသောအနေအထားမှ လွတ်မြောက်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန် ဂျူနီယာက လှမ်း၍ ကယ်တင်လိုက်သဖြင့် ထွက်ပေါက်ရကာ ပြေးထွက်လာသည်။

ဘယ်သွားရမည်နည်း။

"တီတီ. . တီတီ. . တီတီ. ."

နောက်က ကားတစ်စီးက အတင်းလိုက်လာပြီး လမ်းတောင်းသည်။

"တောက်. . ဒီကားက အသားလွတ်ကြီး"

ဟုစိတ်တိုစွာ ရေရွတ်ရင်း နောက်ကြည့်မှန်မှ ကြည့်လိုက်သည်။

ဂျူနီယာ့ကား. .

ဘုရားရေ အလုပ်ချိန်ကို အင်မတန် လေးစားသူက အလုပ်မသွားဘဲ လမ်းပေါ် မှာပါလား။

အချက်ပြကာ မိမိကားကိုကျော်တက် ဖုန်းဖြင့်ခေါ်ကာ

"ပါးပါး တိုင်ပင်စရာရှိတယ်၊ ငါ့ကားနောက်က လိုက်ခဲ့နော်"

"စိတ်ရှုပ်ရတဲ့အထဲ ဘယ်လဲဟာ"

"လိုက်ခဲ့စမ်းပါဟာ. . ဒီနေ့ နင် ဂျူတီအော့ဖ် ဆိုတာ ငါသိထားတယ်"

"ခင်ကင်းစင် သိသွားရင် မကောင်းဘူးနော်"

"မကောင်းလဲ မတတ်နိုင်ဘူး၊ ငါတို့ မဟုတ်တာလုပ်တာ မှမဟုတ်ဘဲ သူ့အတွက်ပဲ အကောင်းဆုံးဖြစ်အောင် စဉ်းစားပေးကြဖို့ပဲ. . ."

"ဒါဖြင့် Nikko ကိုပဲသွား"





"အင်း. . ဒါပဲနော်"

ခရမ်းစွဲတို့ သတိလစ်သွားခဲ့ခြင်းဖြစ်သည်။ ခင်ကင်းစင်သည် ခပ်နုံနုံအအ မိန်းမတစ်ယောက် မဟုတ်ကြောင်းကို သူတို့ သတိလစ်သွားခဲ့ခြင်းက သူတို့အမှားပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၇ ]

ခင်ကင်းစင် တယ်လီဖုန်းခွက်ကို ချလိုက်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ခရမ်းစွဲ ဆေးခန်းသို့မလာ။ ဆေးခန်းကလည်း ခရမ်းစွဲဆီကို ဖုန်းဆက်ခေါ်ခြင်း မရှိပါ။ အရေးပေါ် လူနာလည်း မရှိပါတဲ့။

တံခွန်သို့ ဖုန်းဆက်လိုက်သည်။ ဒေါက်တာခွန်ညီ ဒီနေ့ကိစ္စရှိ၍ သူ့ကိုယ်စား ဒေါက်တာတစ်ဦး လွှဲထားပါသည်တဲ့။





ခွန်ညီ၏ ဖုန်းကို နှိပ်လိုက်သည်။

ခလုတ်ပိတ်ထားသည်။

ခရမ်းစွဲ၏ဖုန်းလည်း ထိုနည်းတူပင်။

သူတို့နှစ်ယောက် တွေ့ဆုံနေကြပြီလား။

တွေ့ဆုံရအောင် ခရမ်းစွဲ၏ဖုန်းကို ယောကျ်ား ဘယ်ကရနိုင်မှာလဲ။

မိမိရှေ့တွင် သူတို့နှစ်ဦး တွေ့ဆုံကြသည်ပဲ။ ဖုန်းနံပါတ်ချင်း ဖလှယ်ခြင်းမရှိကြပါပဲလျက် အဆက်အသွယ်က ဘယ်လိုရသွားကြသလဲ။ သူတို့နှစ်ဦး တွေ့ဆုံမှုက ယခုမှ မဖြစ်နိုင်။

ထူးခြားမှု တစ်ခုခုရှိသည်ဟု မိမိရင်ထဲ အလိုအလျောက်ခံစားရသည်။ ဘာထူးခြားမှုလဲဆိုတာ အတပ်မပြောနိုင်ပေမယ့် သူတို့၏ မျက်ဝန်းများမှာ ဖုံးကွယ်မှုရှိနေသည်။ အနှစ်နှစ်အလလ ကွဲကွာနေသော သူငယ်ချင်းနှစ်ဦး ပြန်လည်ဆုံဆည်းရန် အမြဲတမ်း မျှော်တလင့်လင့်ဖြစ်နေသူနှစ်ဦး တွေ့ဆုံမှုက. . .

တုန်လှုပ်သွားရမည်။

မယုံကြည်နိုင်သလို ဖြစ်သွားရမည်။ အံ့သြခြင်း ဝမ်းသာခြင်းတို့နှင့် ပတ်ဝန်းကျင် အထူးသဖြင့် မိမိကို သူတို့ ရုတ်တရက်မေ့သွားရမည်။ စကားတွေ ပြောမကုန်အောင် ဖြစ်သွားရမည်။

ယခုတော့ ထိုသို့မဟုတ်။

အေးတိအေးစက် နိုင်နေသည်။

ထိုအေးစက်မှုမှာ ထိန်းချုပ်မှု တစ်ခုခုရှိနေခြင်းကြောင့်ဟု မိမိထင်သည်။ နေပါစေတော့။

တိုက်ဆိုင်မှုတစ်ခုဟုသာ မှတ်ယူထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာတွေ ဆက်လုပ်နိုင်မှာလဲ။

သို့သော် နေ၍ထိုင်၍ မရအောင် ခံစားရသည်။ ထိုင်လိုက်ထလိုက် ကဏှာမငြိမ် ဖြစ်နေရသည်။

သူ သွားမည်ထင်သောနေရာကို ကားမောင်းပြီး လိုက်စောင့်ကြည့်ချင်သည်။

မဖြစ်သေးပါဘူး. . . မိမိသည် သဘောထားသေးကာ ဝန်တိုတတ်သော မိန်းမတစ်ယောက်ဟု ထင်သွားပေလိမ့်မည်။

ထိုသို့ အထင်မခံနိုင်။

အရေးမစိုက်ခြင်း သူတို့တွေ့ဆုံမှုကို ဂရုမထားသည့် ဟန်မျိုး နေပြရမည်။

ခင်ကင်းစင်အတွေးများ ယောက်ယက်ခတ်မှုကြောင့် သိုးမွေးလက်ကွက်များ မှားကုန်သည်။ ပြန်ဖြည်ကာ ပြန်ထိုးရသည်။

ယောက္ခမကတော့ သိုးမွေးမထိုးပါနဲ့တော့ သိုးမွေးမျှင်လေးတွေ နှာခေါင်းထဲ ဝင်နိုင်တယ်။ အသက်ရှူလမ်းကြောင်းထဲ ရောက်သွားရင် ရောဂါရနိုင်တယ်၊ ဘာညာ တားမြစ်သည်။ ဒီအကျီလေးပြီးရင် တော်ပြီဟု မိမိကတိပေးထားသည်ကိုလည်း အမှတ်ရသည်။

မိခင်မေတ္တာက သားသမီးအပေါ် အပြည့်အဝထားသည်။ ဖခင်မေတ္တာကကော. .

ရင်သွေးကြောင့် ခိုင်မြဲသွားသော အိမ်ထောင်ရေး ဖြစ်သွားခြင်းကို ကျေနပ်နေရမည်လား။

ခင်ကင်းစင် ခေါင်းယမ်းမိလိုက်သည်။





မလှမ်းမကမ်းမှ စောင့်ကြည့်နေသော ဒေါ်စောနှင့် အန်တယ်သော်က. . .

"မလွယ်ဘူး ဆရာကတော်က တစ်ယူသန်ပုံပဲ"

"ဟုတ်တယ်၊ ဆရာ အများကြီးအလျှော့ပေးနိုင်မှဖြစ်မယ် ဒီအတိုင်းသာဆိုရင် အခြေအနေက တင်းမာနေပြီ"

"အန်ကယ်လ်သော်. . အန်ကယ်လ်သော်"

ခင်ကင်းစင်ထံမှ ရုတ်တရက်ခေါ်သံ ထွက်လာ၍ ဦးသော် လန့်သွားသည်။

"ဗျာ. . လာပြီ ဆရာကတော် လာပြီ"

ဦးသော် ခင်ကင်းစင် အနီးနားသွားရပ်သည်။

"ဘာခိုင်းမလို့လဲ ဆရာကတော်"

"ကျွန်မကို တစ်ခုကူညီပါ"

"ဟုတ်ကဲ့"

"ဒီလိပ်စာအတိုင်း ခုချက်ချင်း သွားခေါ်ပေးပါ"

"ဟင်္သာတကိုလား"

"ဟုတ်တယ်. . အသွားအပြန် အလွန်ဆုံး ငါးနာရီပဲ နားနားနေနေဆိုရင်တောင် နေမစောင်းဘူး ပြန်ရောက်တယ်၊ ကျွန်မ စာရေးပေးလိုက်မယ်၊ အန်ကယ်သော်နဲ့ ဒရိုင်ဘာနဲ့ သွားလိုက်ပါ၊ ကျွန်မ အစ်မဝမ်းကွဲ မတိုးကို အပါခေါ်လာခဲ့ပါ၊ သူမပါလာရင် အန်ကယ်သော်တို့ ပြန်မလာနဲ့ဦး ပါလာမှပြန်လာခဲ့ပါ"

"ဟုတ်. . ဟုတ်ကဲ့ ဆရာကတော်"

ဦးသော် စိတ်ထဲတွင်တော့ 'လုပ်လိုက်ဟု တော်သော် ခေါင်းမာတဲ့ မိန်းကလေး' ဟုကောက်ချက်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ကင်းစင် စာတစ်စောင် ချက်ချင်းကောက်ရေးရင်း

"အန်တီစောရေ ကျွန်မအိပ်ခန်းထဲက မှန်တင်ခုံအံဆွဲထဲမှာ ငွေနှစ်သိန်း ယူပေးပြီး အန်ကယ်လ်သော်ကို ပေးလိုက်ပါ"

"ဘာလုပ်ဖို့လဲ ဆရာကတော်"

"မတိုးအမေကို ပေးခဲ့ဖို့ပါ မမတိုးက အမေကို လုပ်ကျွေးနေတာလေ ကျွန်မ ခေါ်လိုက်တော့ မမတိုးလုပ်စာ လျော့ပါးသွားသလို ဖြစ်မယ်၊ ဒါကြောင့် သုံးစွဲဖို့ပေးထားခဲ့ပါ နောက်မှ လိုအပ်သလို ကြည့်ပြီး ထပ်ပေးတာပေါ့"

"ကျွန်တော်ပဲ ထုတ်ပေးပါ့မယ်"

"နေပါစေ အန်ကယ်လ်သော် ကျွန်မ ကလေးမွေးဖွားဖို့အတွက် စရိတ်မှန်သမျှကို ဆေးတိုက်သွားတာက စပြီး . . ခုတ်စာဝယ်တာကအဆုံး ကျွန်မပိုက်ဆံနဲ့ စာရင်းဇယားပြုလုပ်ထားပါတယ်၊ အန်ကယ်သော့်ဆရာရဲ့ ငွေကို ကျွန်မ လုံးဝမထိချင်ပါဘူး၊ ဒီကလေးကို သူက လိုလားတာမှ မဟုတ်တာ၊ မလွှဲမရှောင်သာတဲ့အနေအထားဖြစ်လို့ ပညာတတ်လူကြီးလူကောင်းပီပီ ဟန်ဆောင်ပြနေတာပဲ"

ခင်ကင်းစင် မျိုသိပ်ထားသမျှတို့ ပွင့်ထွက်သွားလေသည်။

"ဆရာက ဆရာကတော် ထင်သလိုမျိုး မဟုတ်ပါဘူး ကလေးချစ်တတ်ပါတယ်"

"အန်ကယ်သော်တို့ ဆရာဘက်က ကာကွယ်ပြောမနေပါနဲ့လေ၊ ရော့ အန်ကယ်သော် ဒီစာကိုသာပေးလိုက်ပါ၊ အန်တီစောဆီကလည်း ငွေယူသွားဦးနော်၊ ဪ . . နို့ဆီ သကြားနဲ့ အိုဗာတင်း ခေါက်ဆွဲထုတ်တွေလဲ ယူသွားလိုက်ပါ အန်ကယ်"





"ကောင်းပါပြီ ဆရာကတော်"

"အန်ကယ်တို့ဆရာကို အကြောင်းကြားဖို့ လိုရင်လည်း အကြောင်းကြားသွားဦး"

"မလိုပါဘူး ဆရာကတော်၊ ဆရာကတော် သဘောအတိုင်း ဆောင်ရွက်ပေးဖို့တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်"

ခင်ကင်းစင် ဘာမှမပြောတော့သဖြင့် ဦးသော် ထွက်ခဲ့သည်။ ဒရိုင်ဘာကို ကားစက်ဆေးခိုင်းပြီး လိုအပ်သောငွေနှင့် ဒေါ်စောယူလာပေးသော ငွေနှစ်သိန်းကိုပါ ယူလိုက်သည်။

"ကျုပ် မရှိတုန်း ဆရာကတော်ကို ပိုဂရုစိုက်နော် မယ်စော၊ အိမ်တံခါးတွေ ဘာတွေလဲ မလိုအပ်ဘဲ ဖွင့်မထားနဲ့"

"စိတ်ချပါတော် ရှင်လည်း သတိဝီရိယနဲ့ သွားဦး"

"အေးပါကွာ ကျုပ် သိပါတယ်"

အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာဆိုသကဲ့သို့ သူတို့တွေသည် ဤလင်မယားနှစ်ယောက်အိမ်တွင် တာဝန်ထမ်းဆောင်ရသည့် အချိန်မှစ၍ တစ်နေ့မှ ပြည့်ပြည့်ဝဝပျော်ရွှင်မှုမျိုး မရခဲ့သေးပေ။


ဘယ်တော့များမှ ရယ်မောနိုင်သောအချိန်ကို ရောက်ပါ့မလဲဟု တွေးတောရင်း သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၈]

"ဆရာ"
"ဘာလဲ အန်ကယ်သော်"
"ဆရာ. . ဆရာ့အိပ်ခန်းမှာပဲ ပြန်အိပ်ရလိမ့်မယ်"
ခွန်ညီ အံ့အားသင့်သွားသည်။
ဦးသော်က သူ့အား မရဲတရဲပြောသည်။
"ဘာဖြစ်လို့လဲဗျ"
"ဆရာကတော်ရဲ့ အစ်မဝမ်းကွဲကို ကျွန်တော် ဟာ





တကနေ ဒီနေ့ပဲ သွားခေါ်ပေးခဲ့ရတယ်"

"ဟင်. . မြန်လှချည်လား၊ ဟို ဝမ်းကွဲဆရာမလား"

"ဟုတ်ပါတယ်. . မတိုးတဲ့၊ အဲဒါ သူနဲ့ပဲ အိပ်မယ်ဆိုလို့ ဆရာ့အိပ်ရာကို သိမ်းပြီး သူ့အတွက် ထပ်ပြင်ပေးခဲ့ရတယ်"

ခွန်ညီ သိပ်တော့မအံ့ဩမိတော့ချေ။ သူ့မိန်းမသည် တဗွတ်ထိုးနိုင်သည်။ ဖြစ်ချင်ရာကို ဖြစ်အောင်ဖန်တီးတတ်သည်။

သူ့ဘက်က အမှားမရှိအောင် နေရမည်။

ခရမ်းစွဲကလည်း မနက်က သူ့အားနားချသည်။ မိန်းမ အတွက် အချိန်တွေထပ်တိုးပေးပါ။ အလုပ်ကိုစိတ်ချရတဲ့ ဆရာ ဝန်ကို အချို့တစ်ဝက်လွှဲပေးထားပါ။ မိန်းမသားတွေဟာ ဘယ် လောက်ပဲ စိတ်ဓာတ်ကြံ့ခိုင်ပါစေ။ လင်ယောကျ်ား၏ ဂရုစိုက်မှု ကြင်နာမှုကို မျှော်လင့်နေချိန်ပါဟု သူ့အားရှင်းပြသည်။

ဖြစ်ချင်တာတွေ ဖြစ်မလာခဲ့ပဲ။ ဖြစ်လာသည့်အခြေ အနေတွင် အကောင်းဆုံးဖြစ်အောင်တော့ လုပ်ဆောင်သင့် သည်ဟု သူယူဆပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်မည်ဟု ဆုံးဖြတ်လာ တာမှ အမြင့်သို့တက်လာသူ၏ရင်ဝကို ဆီးကြို၍ ဖနောင့်နှင့် အပေါက်ခံလိုက်ရလေပြီ။

သူအပေါ်ထပ်သို့ တက်ခဲ့သည်။

မိန်းမ၏ တံခါးလက်ကိုင်ဘုကို အသာလှည့်ကြည့်လိုက် သည်။ မရ။ အတွင်းမှ လော့ချထားသည်။

တံခါးကို အသာခေါက်လိုက်သည်။

"တောက်. . တောက်. . တောက်"

တံခါးပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေရှိကာ ချောမောသော အမျိုးသမီးတစ်ယောက် တံခါး လာဖွင့်ပေးရင်း. . .

"ဒေါက်တာခွန်ညီ ထင်တယ်၊ ညီမလေး အိပ်နေပါပြီ ကျွန်မ တိုးတိုးပါ၊ ညီမလေးက သူ့ကိုပြုစုဖို့ ခေါ်ခိုင်းလိုက်လို့ ကျွန်မလာတာပါ"

"အတော်ပဲ ကျွန်တော် ခင်ဗျားနဲ့စကားနည်းနည်း ပြောချင်ပါတယ် ဧည့်ခန်းကို ကြွခဲ့ပါ"

အပေါ်ထပ် ဧည့်ခန်းဆီသို့ သူ ဦးဆောင်လှမ်းလိုက်သည်။ ကိုယ့်ဇနီးအိပ်ခန်းပင် ဖြစ်သော်လည်း ဝင်ရန်မဝံ့မရဲ ဖြစ်ရသည်။ ဇနီးလုပ်သူအား သွေးချိန်ပေးချင်သည်။ လိုအပ်သော စမ်းသပ်မှုများ ပြုလုပ်ပေးချင်သော်လည်း တိုးတိုးဟူသော မိန်းမပျိုတစ်ဦးနှင့် တံတိုင်းခြားပေးလိုက်သည့် သူ့မိန်းမကို သူ လတ်ဖျားခါရလေပြီ။

"ထိုင်ပါ"

သူ့အတွက် တိုးတိုးသည် အမြင်ဆန်းနေသည်။ ရင်ဖုံးလက်ရှည်ဝတ်ထားပြီး ချိတ်လုံချည်လေးကို ဝတ်ဆင်ထားသည်။ ဆံပင်က ထုံးပြီး ဆံမြိတ်ချထားသည်။ ချထားသည့် ဖနောင့်နားဝဲနေသည်ဆိုတော့ ဆံပင်က အရပ်ထက်ကျော်လွန်သည်။

မိန်းမတို့ဘုန်း ဆံထုံးဟု ဆိုရပေမည်။

"ဟုတ်ကဲ့ ဒေါက်တာ အမိန့်ရှိပါ"

"မတိုးတိုးက Mid Wife ဆို ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် မိခင်နဲ့ကလေးကိုတော့ ကောင်းကောင်း





စောင့်ရှောက်တတ်မှာပေါ့"

"ဟုတ်ကဲ့"

"ဆရာဝန်မရှိတဲ့ ကျေးလက်ဒေသလိုမျိုးမှာတော့ Mid Wife ဟာ အတော်အဖိုးတန်မှာပါပဲ၊ ဒါပေမယ့် ဒီမှာကတော့ တိုးတိုးသဘောနဲ့ မတိုးတိုး ဘာမှဆုံးဖြတ်ပိုင်ခွင့် မရှိဘူး ဆိုတာတော့ ကျွန်တော် သတိပေးပါရစေ"

တိုးတိုးသည် ပြုံးလိုက်သည်။ သဘောထားကြီးသည့် သဘောပင်။ ပါးချိုင့်လေး နှစ်ဖက်နှင့်ပါလား။ ခရမ်းစွဲနှင့်ပင် ဆင်သယောင်ယောင်။

"စိတ်ချပါ ဒေါက်တာ ကျွန်မ ညီမလေးကို ညွှန်ကြားတဲ့ ဆေးနဲ့အစာ အချိန်မှန် ကျွေးမယ်၊ သန့်ရှင်းရေး လုပ်ပေးမယ်၊ လမ်းလျှောက်ဖော်လုပ်ပေးမယ်၊ စောင့်ရှောက်ပေးရုံပါ၊ ကျွန်မ ဒေါက်တာရဲ့ ညွှန်ကြားမှုအောက်ကပဲ လုပ်ပေးမှာပါ"

တိုးတိုးက ရှည်လျားစွာ ရှင်းပြသည်။

"ခုကော ဘာတွေ လိုအပ်သေးသလဲ"

"အားလုံး နော်မယ်ပါပဲ ဒေါက်တာ"

"ကျေးဇူးပါ မတိုးတိုး၊ လိုအပ်တာရှိရင် ပြောပါ၊ ကျွန်တော့်ဘက်က ချို့ယွင်းချက်ရှိရင်လည်း ပြောပါ"

"ဟုတ်ကဲ့. . ကျွန်မ မိချောင်းမင်း ရေကင်း မပြဝံ့ပါဘူး ဒေါက်တာ"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ တစ်ခါတစ်ရံ အတွေ့အကြုံဆိုတာ အတတ်ပညာထက်ကို သာလွန်တာရှိတတ်တာပဲမှတ်ထားပါ ဂွတ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်နိုက်ပါ ဒေါက်တာ"

တိုးတိုးက အိပ်ခန်းဘက်သို့ ပြန်လျှောက်သွားသည်။

ခွန်ညီ စဉ်းစားခန်းဝင်၍ ကျန်ရစ်ခဲ့သည်။ နူးညံ့သိမ်မွေ့ ထက်မြက်ခြင်း လှပချေမောခြင်း ကောင်းခြင်းငါးဖြာနှ ပြည့်စုံသော မိန်းမချောတိုးတိုးကို ဘာရည်ရွယ်ချက်နှင့်များ ခေါ် ထားရသနည်း။

ခရမ်းစွဲနှင့်သူ့ကို ဘယ်လိုသဘောထားသနည်း။

သူ အိပ်ခန်းထဲ ဝင်လိုက်သည်။

တံခါးပိတ်လိုက်သည်နှင့် လွတ်လပ်သွားသည်။

ကိုယ်လက်သန့်စင်ပြီး ညအိပ်အကျီလဲပြီးနောက် ခုတင် ပေါ် လှဲလျောင်းလိုက်သည်။


ပင်ပန်းမှုတို့ အနားယူရင်း မိန်းမနှင့်တွေ့ကြုံသမျှအထူး အဆန်းကို ခရမ်းစွဲဆီသို့ အစီရင်ခံစကား ပို့ရပေမည်။ ဖုန်းတ ဖွင့်ကာ ဂဏန်းများကို နှိပ်လိုက်သည်။

ခရမ်းစွဲကလည်း စောင့်မျှော်နေသည်တဲ့။ သူတို့စကား တွေ အကြာကြီး ပြောဖြစ်ကြသည်။ သူ့ရင်ထဲ မရှင်းလင်းသဖြ ငယ်ကျွမ်းကိုသာ တိုင်တည်မိလေသည်။

တစ်ဖက်မှ ခင်ကင်းစင်သည် သူတို့နှစ်ဦး၏ တယ်လ ဖုန်းများကိုခေါ် ယူကာ လိုင်းအားမအား ဆန်းစစ်နေသည်ကိုသာ သိမည်ဆိုပါက ခရမ်းစွဲနှင့်သူ မည်သို့ရှိချေမည်နည်း။







# အခန်း [၁၉]

ခရမ်းစွဲကို အံ့အားသင့်စွာ ငေးကြည့်လိုက်မိသည်။

ဝတီ. . ကေကေကတော့. . .

"ဒါကြောင့်. . လောကကြီးက ကျဉ်းမြောင်းပါတယ်လို့ ကျုပ်ပြောတာပေါ့"

"ခက်တာက ရှင်တို့ကိုတိုင်ပင်ချိန် မရလိုက်ချိန်မှာ ဒေါ် တင်းစင် သိသွားတယ်၊ ကျုပ်လဲ ချော်လဲရောထိုင်ပြီး အခုမှသိ



www.burmeseclassic.com

www.burmeseclassic.com



သလို ဟန်ပြလိုက်ရတာပေါ့"

ခရမ်းစွဲသည် ကျန်သူငယ်ချင်းနှစ်ယောက်ကိုပါ စစ်ကျူတောင်းရသည်။ ခင်ကင်းစင်၏စိတ်ကို သူတို့ သိနားလည်ကြသည်။ သူငယ်ချင်းလေးယောက်ထဲမှာ စိတ်အကြီးဆုံးနှင့် အနိုင်အလိုချင်ဆုံး ဖြစ်သည်။ ကျန်သူငယ်ချင်းများက သူ့ကို အမြဲအလျှော့ပေးရသည်ပင်။

ဝတီက အပျိုကြီးပီပီ စဉ်းစားခန်း ဝင်ပြီးတော့မှ. . .

"ဒါဖြင့် ရှင့်ကို တစ်ခုမေးမယ်နော် ဒေါ်ခရမ်း၊ ရှင် မှန်မှန်ဖြေ"

"အေးပါ ကျုပ် မညာပါဘူး၊ ကျုပ် ခုလိုနေရတာကိုပဲ ခေါင်းခဲလှပြီ၊ အပူမရှာချင်ကာမှ. . ကဲ ဘာမေးမလဲ မေး မေး"

"ရှင် ရှင့်ငယ်ကျွမ်းဆွေကို မျှော်လင့်ခဲ့တယ် မှတ်လား"

"အစွဲအလန်းကြီးတတ်တဲ့ လူတွေရဲ့စိတ်ဟာ ရူးသွပ်ခြင်းတစ်မျိုး၊ မရင့်ကျက်ခြင်းတစ်မျိုးပဲဆိုတာ ကျုပ် နားလည်ပါပြီ၊ မတွေ့ခင်ကအထိ မျှော်လင့်ခဲ့တာတော့ အမှန်ပဲ၊ ဒါပေမယ့် တွေ့လိုက်ရတဲ့အချိန်မှာတော့ ရုတ်တရက် ဝမ်းသာတယ်၊ ကျေနပ်တယ်၊ ဒါပေမယ့် ကျုပ်က အပျိုစင် သူကအိမ်ထောင်သည် ဒါကို ကျုပ်နားလည်တယ်၊ ကျုပ်သူ့ကို မတမ်းတတော့ဘူး စွဲလန်းခြင်းတွေဟာ အဲဒီမှာပဲ ပျောက်ဆုံးသွားပြီလေ"

"အဲဒီနေ့ အဲဒီအချိန်မှာပဲ ရှင် ကျုပ်တို့ကို ချက်ချင်းအကြောင်းကြားသင့်တယ်"

"ဂျူနီယာက တားတယ်၊ သူ့မိန်းမအပေါ် အနိုင်ယူလိုစိတ် မာနပြိုင်စိတ်နဲ့. . ငယ်ကျွမ်းဆွေကလွဲ၍ ဘယ်မိန်းမကိုမှ





စွဲစွဲလန်းလန်း နှစ်နှစ်ကာကာချစ်မှာ မဟုတ်ဘူးလို့ ပြောထားတဲ့အတွက် သူ့ကြောင့် ငါ့ကိုထိခိုက်မှာ စိုးရိမ်သွားတယ်"

ဘာကြောင့်များ ငယ်ကျွမ်းဆွေဘက်က ကာကွယ်မိပါလိမ့်။ ဂျူနီယာ၌ မရိုးသားစိတ်တစ်ဝက် ရိုးသားစိတ်တစ်ဝက်နှင့် ဒွိဟစိတ် ရှိနေဆဲဆိုတာကိုတော့ ဖွင့်ဟမပြောတော့ပါ။ ဂျူနီယာအပေါ် အထင်သေးသွားမှာကို စိုးရိမ်သည်။

"သူကကော နင့်အပေါ်မှာ ဘယ်လို သဘောထားလဲ"

"ရှင်တို့ကလည်းနော်၊ ကျုပ်တို့က ရည်းစားအဖြစ် ကွဲသွားကြတာ မဟုတ်ဘူး၊ သူငယ်ချင်းများ အဖြစ်ကနေ ကွဲသွားကြတာ၊ ကျုပ်တောင်ငူမှာ သူငယ်တန်းကနေ ငါးတန်းအထိနေခဲ့တယ်၊ ငါးတန်းဖြေပြီးနှစ်မှာပဲ သူက ရန်ကုန်. . ကျုပ်က မန္တလေး စာအဆက်အသွယ် မရလိုက်ဘူး၊ နွေရာသီမှာပြောင်းရတာဆိုတော့ နောက် ရန်ကုန်ကို ကျုပ်ပြန်ပြောင်းရတော့ ရှင်တို့နဲ့တွေ့တာပဲ ရှားရှားပါးပါး ယောက်ျားလေးသူငယ်ချင်းပဲ သူငယ်ချင်းအဖြစ်ကွဲခြင်း သူငယ်ချင်းအဖြစ်ပဲ ပြန်တွေ့နိုင်မှာပေါ့ သူလည်း ကျုပ်လိုပဲနေမှာပါ"

"ရှင့်ကို သူ အဲဒီအတိုင်း ဖွင့်ပြောသလား"

"အဲဒီလိုတော့ ဘယ်ပြောပါ့မလဲ အမြဲသတိရတယ်ဆိုတဲ့အကြောင်းနဲ့ ဒေါ်ကင်းစင်အကြောင်းလဲ ပြောဖြစ်ကြတယ်"

"အတင်းလား"

ဝတီက ပြတ်သားစွာ မေးလိုက်သည်။

ခရမ်းစွဲ စိတ်ထိခိုက်သွားသည်။

"ရှင်ကပါ ကျုပ်ကို အထင်လွဲနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝတီကလဲကွာ. . ခရမ်း ပြောပါစေဦး"

"ကျုပ်ပြောဆိုမှုဟာ သူတို့လင်မယား အရမ်းပြေလည် စေချင်လို့ ညှိနှိုင်းမှုမျိုးပဲ ရှိပါတယ်၊ ကျုပ်လေ သံသယစူးကြားမှာ မနေချင်ဘူး၊ ခင်ကင်းစင် ကျုပ်အပေါ် အထင်လွဲမှာကို အကြောက်ဆုံးပဲ ကျုပ် ဘာဆက်လုပ်သင့်သလဲဆိုတာ ရှင်တို့ အကြံပေးပါဦး"

ဝတီရော ကေကေပါ သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

"ရှင် စိတ်မဆိုးနဲ့နော် ကျုပ်က အိမ်ထောင်သည် မိန်းမအနေနဲ့ အကောင်းဆုံး အကြံပေးချင်တယ်"

"ဘာကို စိတ်ဆိုးရမှာလဲ ပြောစမ်းပါ ကျုပ် လိပ်ပြာသန့်သန့်ပဲ နေချင်တယ်"

"ရှင်နဲ့ ခွန်ညီ လျှို့ဝှက်ဆက်သွယ်မှုမျိုး လုံးဝထပ်မရှိစေနဲ့တော့၊ ရှင် အရင်အတိုင်းပဲ ဒေါ်ကင်းစင်ကိုပဲ ဆက်သွယ်ပါ"

"ကျုပ်လည်း အဲဒီအတိုင်းပဲ သဘောပေါက်ထားပါတယ်"

"မိန်းမဆိုတာ အူတိုတဲ့အမျိုးပဲ၊ ကျုပ်တော့ ကျုပ်ယောကျာ်းရဲ့ စက္ကထရီကအစ ကျုပ်သိထားအောင် လုပ်ထားတယ် တတ်နိုင်သမျှ ညစာစားပွဲတွေလည်း လိုက်တတ်တာပဲ ကျုပ်ကို ဖြုတ်ချလို့မရအောင် ကျုပ်ကနေထားတာ၊ ဒါက ကျုပ်တို့ကြားက ဘယ်သူမှ မဝင်နိုင်အောင်. . ."

"ရှင်ကတော့ ဟုတ်တာပေါ့ ချစ်လို့ ယူထားကြတာလေ





ဒေါ်ကင်းစင်တို့က ချစ်လို့ယူထားကြတာမှ မဟုတ်တာ"

ဝတီက ဝင်ပြောလိုက်သည်။ ကေကေက လက်မခံ။

"ချစ်တယ်ဆိုတာ သံယောဇဉ်နဲ့လည်း ဆိုင်ပါတယ်ဟာ သားသမီးသံယောဇဉ် နှောင်ဖွဲ့လာပြီပဲ ချစ်ခြင်းကို ဖန်တီးယူလို့ ရပါပြီ၊ တစ်ဦးနဲ့တစ်ဦး မာနထားနေမယ်ဆိုရင်တော့လည်း အချစ်ထက် အငြိုးအတေးတွေ အမုန်းတွေသာ ဖြစ်လာမှာပေါ့"

"ဟုတ်တယ် ကျုပ်အဲ့ဒါကိုပြောချင်တာ ကျုပ်တို့ ဒေါ်ကင်းစင်ကို ဖိုင်းဖြောင့်ဖျပေးပါ့မယ်၊ ရှင်ကိုယ်တိုင်ကလည်း. . ဂျူနီယာနဲ့ ခင်ကင်းစင် သင့်မြတ်စေရေးကို ဂျူနီယာက မှန်သည်ဖြစ်စေ ခင်ကင်းစင်ဘက်ကပဲ လိုက်ပေးပေါ့၊ ဒါဆိုရင် ခင်ကင်းစင်မှာ သံသယကင်းလာလိမ့်မယ်"

"ကျုပ်လဲ မိန်းမသားတွေဘက်က အမြဲရပ်တည်နေတဲ့သူပါလေ၊ ရှင်တို့ သိသားနဲ့ ကျုပ်က မေမေလိုပဲ အိုဂျီကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားတဲ့သူပါ"

ခရမ်းစွဲ၏ ဝေဒနာအချို့ လျော့ပါးသွားသည်။

"ရှင် စိတ်အေးအေး နေပါတော့၊ ရှင့်ဘက်က ကျုပ်တို့ သက်သေလိုက်ပေးမယ်၊ ဒါပေမယ့်. . နောက်တစ်ခါသာ ရှင်တို့ နှစ်ယောက်တည်း ထပ်မံဆက်သွယ်မှုမျိုး မရှိစေနဲ့နော်"

"အေးပါဟယ် ကျုပ်လိုအပျိုစင်သန့်သန့်က အိမ်ထောင်သည်နဲ့ အထင်ခံရတာလောက် သိက္ခာကျတာ မရှိဘူး၊ ကျုပ်ရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုအကြောင်းကြောင့်မှ အကျမခံနိုင်ပါဘူး"

"အေး ရှင့်မှာ အဲဒီလိုမာနရှိတာမျိုးပဲ ကျုပ်ကြိုက်တယ်၊ ကျုပ်တို့ဘာသာကျုပ်တို့ အထင်ကြီးလေးစားရမယ့်ယောကျာ်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးမတွေ့လို့ ခပ်အေးအေးဘဲ ကိုယ့်အားကိုယ်ကိုး ကိုယ့်လမ်း ကိုယ်လျှောက်ခြင်းကို အဲဒီလို ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်မယ့် စွပ်စွဲမှုမျိုး လုံးဝလက်မခံရအောင် ရှင်နေပြရမယ် ဒေါ်ခရမ်း"

"ကျေးဇူးတင်တယ် ဒေါ်ဝတီ၊ ရှင်တို့ကို ဖွင့်ပြောလိုက်ရလို့ ကျုပ်ရင်တွေ ပေါ့ပါးသွားပြီ၊ ကျုပ်ဘက်က စိတ်ချပါ ကျုပ်အတွက် ဤကမ္ဘာလောကကြီးမှာ ယူစရာယောကျ်ားရယ်လို့ ဂျူနီယာ တစ်ယောက်တည်းရှိတဲ့တိုင်အောင် ကျုပ် ဒုသနသော အဖြစ်မခံဘူး"

"ရှင့် စိတ်က ပြတ်သားရင် ပြီးတာပါပဲ၊ ဒါပေမယ့် ရှင့်ငယ်ကျွမ်းကို ရှင်မသနားလိုက်နဲ့နော်၊ သဒ္ဒါလွန်တော့ တဏှာကျွန်ဖြစ်တတ်တယ်တဲ့"

"သတိပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ ကျုပ် အမြဲသတိရှိနေပါ့မယ်"

"အေးဟယ် ဘယ်ကိစ္စမျိုးမဆို ရှင် တစ်ဦးနှောက်ထဲ မဆုံးဖြတ်မိစေနဲ့နော်"

သူငယ်ချင်းများက စိတ်မချနိုင်သေးကြောင်း ခရမ်းစွဲ ရိပ်မိလိုက်သည်။

စိတ်မချလည်း မချစရာပဲကိုး။ သူတို့နှစ်ဦး၏ အစွဲအလန်းကို သူတို့သိမြင်ထားကြသည်ကိုး။

ခရမ်းစွဲ သက်ပြင်းလေးချလိုက်မိသည်။

ခင်ကင်းစင် မနက်ဖြန် ဆေးခန်းသို့လာပါက ပုံမှန်အနေအထားအတိုင်း ဆက်ဆံနိုင်ရမည်။

ဒီညပဲ မိဘများကို ဂျူနီယာနှင့် တွေ့ဆုံကြောင်းနှင့်





ခင်ကင်းစင်ယောကျ်ား ဒေါက်တာခွန်ညီမှာ ဂျူနီယာဖြစ်ကြောင်း အသိပေးလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ယခုမှပဲ ရင်ထဲလွတ်လပ်ပေါ့ပါးသွားသည်။ တစ်ခါတစ်ရံ ကိုယ်တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေရခြင်းထက်စာလျှင် မျှဝေလိုက်မှ ခံစားချက်တို့ လျော့ပါးသွားတတ်သည်ကိုတော့ ကိုယ်တွေ့နှင့် လက်ခံလိုက်မိသည်။

"ရှင် ပြန်တော့မလား ဝတီ၊ ကျုပ်ပြန်တော့မယ် ရှင့်ကို လိုက်ပို့ပေးမယ်"

"မလိုက်နဲ့ဦး ဝတီ၊ ရှင် ညစာစားပြီးမှ ကျုပ်ပြန်ပို့မယ်၊ ဒေါ်ခရမ်း ရှင်ဆေးခန်းသွားရဦးမှာဆိုလည်း သွားတော့၊ ဒေါ်ဝတီကို ကျုပ်လိုက်ပို့လိုက်မယ်"

"အေး ဒါဖြင့် ကျုပ်ပြန်တော့မယ်"

"အေး. . အေး"

ဝတီနှင့်ကေကေက သူ့အား ကားအထိ လိုက်ပို့ပေးသည်။

"ရှင် စိတ်အေးအေးသာနေ ရှင့်စေတနာမှန်ရင် ကံတရား ရှင့်ဘက်မှာ ရှိမှာပါ ဒေါ်ခရမ်းရယ်"

ဝတီက ကားပေါ်တက်ခါနီး ပြောလိုက်သေးသည်။

ခရမ်းစွဲ ပြုံးကာ ခေါင်းညိတ်ပြပြီး ကားမောင်းထွက်ခဲ့သည်။

မိမိစေတနာ တကယ်မှန်သလား။ မိမိဂုဏ်သိက္ခာအတွက် နှလုံးသားကို စတေးလိုက်တာလား။

မဟုတ်ပါဘူး၊ မိမိအတွက် ဘယ်သူကိုမှ ဒုက္ခမရောက်



www.burmeseclassic.com

www.burmeseclassic.com



စေချင်တာပါ။

မိမိနှလုံးသား၌ ဂျူနီယာ ရှိနေခဲ့သည်။

ဒါကို ဝန်ခံသည်။

ဒါပေမယ့် နှလုံးသားအလိုကို မလိုက်သင့်တော့။

အားလုံးက လွန်သွားလေပြီ။

ဖြစ်ပြီးသမျှ၌ အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးရမည်။ အကောင်းဆုံးဖြစ်အောင် နေပြရမည်။ မိမိဂုဏ်သိက္ခာကို အစွန်းအထင်း မခံနိုင်ပါ။

ခရမ်းစွဲ ကားမောင်းရင်း သက်ပြင်းကိုသာ အခါခါချနေမိတော့လေသည်။







# အခန်း [၂၀]

"ဘာရယ် ရှင်က ဆေးခန်းလိုက်ပို့ပေးမယ် ဟုတ်လား"

ခင်ကင်းစင် ရုတ်တရက် အံ့အားသင့်သွားသည်။ ခပ်ဆတ်ဆတ် မေးလိုက်မိသည်။

ခွန်ညီက သည်းခံကာ. . .

"ဟုတ်တယ် ယူ့ကိုပို့ပေးရင်း ပါးပါးအမေ အန်တီနဲ့တွေ့ဦးမယ်၊ ပြီးတော့ ယူ့ကို ထပ်အပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရှင့်ဆန္ဒလား"

"ဟုတ်တယ်"

တိုးတိုးက စိတ်ညစ်နေသည်။

"ကျွန်မဆန္ဒကို ရှင် မယူဘူးလား"

"ဘာယူစရာရှိလဲကွာ"

"ရှိတာပေါ့"

ခင်ကင်းစင်၏ ရေခဲမျက်နှာကို ခွန်ညီမကြိုက် သို့သော် သည်းခံလိုက်သည်။ သူ သည်းခံခြင်းသည် အားလုံးကောင်းဖို့ဖြစ်သည်။

"ရှိရင်လည်း ပြောကွာ"

"ကျွန်မဆန္ဒက ရှင် ကျွန်မကို လိုက်မပို့ပေးပါနဲ့၊ ရှင် ဘာသာရှင် တွေ့ချင်ရင် အိမ်သွားတွေ့လည်း ရတယ်၊ ရှင် အသိအမှတ်မပြုခဲ့တဲ့ ကျွန်မရင်သွေးအတွက် ကျွန်မ လွတ်လွတ်လပ်လပ် တာဝန်ယူပါရစေ"

ခွန်ညီ သည်းခံနိုင်သော အတိုင်းအတာ ကုန်ဆုံးသွားသည်။

"ဘာ. . ယူ. . ယူ ဘာစကားပြောလိုက်တာလဲ အဓိပ္ပါယ်မဲ့တဲ့စကားတွေ မပြောနဲ့ကွာ၊ ယူ မလိုက်စေချင်ရင် အိုင် မလိုက်ဘူး"

"ဒီလိုနားလည်မှုရှိပါ၊ ကျွန်မနဲ့ ကျွန်မရင်သွေးကို ရှင်ရဲ့ ခုတုံးအဖြစ် အလုပ်မခံနိုင်ဘူး၊ ရှင်နဲ့ ငယ်ကျွမ်းဆွေ တွေ့ဆုံမှု လွတ်လပ်စွာ တွေ့ဆုံခွင့်ရှိပါတယ်၊ ဒါ ရှင့်အခွင့်အရေးပါ"

"ညီမလေးကလဲကွယ် အဓိပ္ပါယ်မရှိတာတွေ မပြောပါ





နဲ့"

"မမတိုး မသိပါဘူး၊ ကျေးဇူးပြုပြီး မမတိုးလည်း ကျွန်မတို့ကြား လုံးဝမပါပါနဲ့လို့ ကျွန်မ တောင်းပန်ပါတယ်၊ လာ သွားကြယ်"

ခင်ကင်းစင်က ဆတ်ကော့လတ်ကော့လေး ထွက်သွားသည်။

ရေခဲမျက်နှာနှင့် သူ့မိန်းမသည် မီးတောက်စကားများကို ပြောကြားသွားသည်။ ထို့ကြောင့် သူ့ရင်တွင်း လောင်မြိုက်သွားရသည်။

ဆိုဖာဆက်တီပေါ် ခြေပြစ်လက်ပြစ်ထိုင်ချလိုက်သည်။ ပါးပါး လျှော့ပေးဖို့ လိုက်လျှော့ဖို့ နားချသည်။ သူ ကိုယ်တိုင်ကလည်း မိန်းမမှာ ကိုယ်ဝန်ရှိသည်ကို သိလိုက်ရကတည်းက လိုက်လျှော့မှုများနှင့် ပြုပြင်ပြောင်းလဲလိုက်သော်လည်း မိန်းမဘက်က မပြောင်းလဲဘဲ ပိုမိုတင်းမာလာသည်။

"ဆရာ. . ဆရာ့ကို ကျွန်တော်ပြောစရာရှိသေးတယ်"

ဦးသော်က သူ့အနားချဉ်းကပ်ပြီး မရဲတရဲပြောလိုက်သည်။

"ဘာများလဲ အန်ကယ်သော် ပြောပါ"

"ဆရာကတော်က သူနဲ့ ကလေးရဲ့ အသုံးစရိတ်တွေကို ဆရာ့ငွေနဲ့ လုံးဝအထိမခံဘူး၊ ကျွန်တော်ကိုလည်း ဓာတ်စာဖိုးတာကအစ ပြန်ပေးနေလို့ ကျွန်တော်လည်း စိတ်ညစ်နေရတယ်"

"ဟင် ဟုတ်လား၊ မီးခံသေတ္တာထဲကအစ သူ ထုတ်မ



www.burmeseclassic.com

www.burmeseclassic.com



သုံးဘူးလား"

"လုံးဝကို မသုံးဘူး၊ ကျွန်တော်ကို သော့ပြန်အပ်ထ
တယ်"

"ဒီလိုဆို သူ ဘာဝင်ငွေနဲ့ သုံးနေသလဲ"

"သူက ဆောက်လုပ်ရေးလုပ်ငန်းမှာ ရှယ်ယာဝင်ထ
တယ်ထင်တယ်၊ သူ့သူငယ်ချင်းတစ်ယောက်က ငွေတွေ လာ
ပို့တယ်"

မိန်းမစိတ်ကို သူ နားမလည်နိုင်တော့။

"စောစောကတည်းက ပြောပါတော့လား အန်ကယ်
သော်ရယ်"

"ဆရာနဲ့ တွေ့ဆုံချိန် သိပ်မရှိတာရယ်၊ ပြောင်းလဲ
နိုး စောင့်ရင်း. . ပြောင်းလဲမှုမရှိတော့ ကြုံကြိုက်တုန်း ပြော
တာပါ"

"ကျေးဇူးပဲဗျာ၊ ကျွန်တော်ကို ဘာပဲဖြစ်ဖြစ်ပြောပါ၊ ကျ
တော် လုပ်သင့်လုပ်ထိုက်တာတွေ ကြိုလုပ်လို့ ရတာပေ့ါ၊ ကို
ကျွန်တော် ဆေးရုံသွားလိုက်ဦးမယ်"

ခွန်ညီ အိမ်ထဲမှ လေးလံသော ခြေလှမ်းများဖြင့် ထွ
ခဲ့သည်။

မိန်းမ၏ ထိုးနှက်လိုက်မှုက အချိုက်ကို ထိသွားခဲ့လေ

မိန်းမအပေါ် သူ တောင်းပန်သင့်သလား သူ ဘာ
အမှားကျူးလွန်ခဲ့သလဲ။

တစ်ခုပဲ ရှိသည်။ မိန်းမကို ကလေးမယူဖို့ တားမြစ်ခဲ့
သည်။ ဆေးဝါးများ ပေးခဲ့သည်။ တကယ်တမ်း ကိုယ်ဝန်ရလ





ဆိုတော့လည်း သူ ဘာမှမပြောခဲ့ပါ။ အပြစ်လည်း မတင်ခဲ့ဘဲ
အလိုလိုက် အကြိုက်ဆောင်ခဲ့ပါသည်။ သူ့ဘက်က အမှားအ
ယွင်းမရှိဟု သူ ထင်ပါသည်။

ဒါကြောင့် ရှေးလူကြီးများက ပြောကြတာပဲ ဖြစ်မည်။
မိန်းမတို့သဘောသည် ဆောင်းလေပမာ ညီသည်။
မြစ်တို့ကဲ့သို့ မာယာများသည်။

ယခု မိန်းမ၏ လွှမ်းမိုးမှုကိုမခံလိုသော သူ့အတွက်
န်းမ၏လွှမ်းမိုးမှုကို ခံနေရသည်။

မိန်းမလွှမ်းမိုးမှုက ပျားသကာလို ချိုမြလျှင် တော်သေး
သည်။

ယခုတော့ ထိုသို့မဟုတ်။ သည်းခြေကဲ့သို့ ခါးသီးနေ
သည်။

ဗုံးတစ်ဗုံးလို ဘယ်တော့ပေါက်ကွဲမလဲဟု တထိတ်ထိတ်
ဖြစ်ရပြီ။

ပထမဦးဆုံးအကြိမ်အဖြစ် သူခံစားနေရသမျှကို ရင်ဖွင့်
ပြ် သတိရလိုက်သည်မှာ မိခင်ဖြစ်သည်။

ဆေးရုံကို နောက်ကျမည်ဟု ပြောပြီးသည့်အတူတူ
ပ်မပြင်ဆင်ချင်တော့သဖြင့် မိဘအိမ်ရှိရာသို့ ထွက်လာခဲ့
ိုက်သည်။

မိဘအိမ်ရောက်တော့ အေးချမ်းနွေးထွေးသော ကြိုဆို
ကို စတင်ခံစားလိုက်ရသည်။

မိခင်က အပြုံးနှင့်ကြိုနေသည်။ နှုတ်ကလည်း ဖွင့်ဟ၍
ချုနပ်စွာ ကြိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့သား မျက်စိလည်လာသလား၊ သမီးကော ခေါ်
လာဘူးလား"

"မာမီ့သမီးက ဂျစ်ကန်ကန်နဲ့ ခေါ်တိုင်းလည်း လိုက်ချ
မှလိုက်တာ သူ သွားချင်ရင် ဘယ်သူတားတား ရမှာမဟုတ်ဘူ
သွားချင် သွားတာပဲ"

"ဪ ဒါကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိ
သူတွေရဲ့သဘာဝပဲ ညီ၊ ဒါကို မင်း နားလည် ခံစားနိုင်ရမယ်
ခွင့်လွှတ်နိုင်ရမယ်"

မိခင်က သူတို့ကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ထာ
သော ချွေးမကို အပြစ်မြင်လိမ့်မည်မဟုတ်. . .

"မာမီကို ပြောရဦးမယ် တောင်ငူတုန်းက သားရဲ့သူငယ်
ချင်း ပါးပါးကို မှတ်မိသေးလား"

"မှတ်မိတာပေါ့ ဟိုနေ့ကတောင် သမီးလာတဲ့နေ့
မာတ်ပုံအယ်လ်ဘမ်တွေ စစ်ဆေးရင်း၊ ရှင်းရင်းနဲ့တောင်တွေ့
သတိရမိသေးတယ် သမီးကတောင် မေးသေးတယ်"

သူခန္ဓာကိုယ် မတ်သွားသည်။

"ဘာမေးတာလဲ မာမီ"

"သားရဲ့ငယ်နာမည်က ဘာလဲတဲ့ သူ့ငယ်သူငယ်ချင်း
လေး နာမည်ကောတဲ့ မာမီက ပြောပြလိုက်ပါတယ်"

အဲ့ဒီနေ့ကသာ ခင်ကင်းစင်သည် သူ့မိခင်ထံသို့ ရောက်
မလာခဲ့ဘူးဆိုပါက အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွာ
နိုင်သည်။

"အဲဒါနဲ့ ဆက်စပ်ပြီး သား ပါးပါးကို ပြန်တွေ့ပြီ"





"ဟင် ဟုတ်လား သား ဘယ်မှာလဲ ခေါ်ခဲ့ဦးလေ မာမီ
နဲ့ကို"

မိခင်က သမီးငတ်သူပီပီ ပါးပါးကို ငယ်ငယ်ကတည်းက
ချစ်ခင်သည်။ အလိုလိုက်သည်။

"မေဗယ်လ်ကော တွေ့သေးလား"

မေဗယ်လ် ဆိုသည်မှာ ခရမ်းစွဲမိခင် ဒေါ်လှလှကို ပြော
ခြင်းဖြစ်သည်။

"မတွေ့သေးဘူး မာမီ ပါးပါးကိုသာတွေ့တာ၊ သူကအ
ခြားသူ မဟုတ်ဘူး မာမီ့ချွေးမရဲ့သူငယ်ချင်း ခရမ်းစွဲပဲ"

"အို ဟုတ်လားကြည့်စမ်း၊ ဟုတ်မှာ. . ဟုတ်မှာ ပါးချိုင့်
လေးနဲ့ မျက်နှာဝိုင်းဝိုင်း မျက်တောင်ကောင့်လေးနဲ့. . အင်း. .
အင်း. . ငယ်ရုပ်ရှိတာပဲ ဘာဖြစ်လို့များ သတိမထားမိရတာပါ
လိမ့်ကွယ်၊ သမီးနဲ့ပတ်သက်ပြီး ဒေါက်တာခရမ်းကို မာမီ အမြဲ
တွေ့နေရတာပဲ သူကကော မာမီကို မမှတ်မိဘူးတဲ့လား"

"နှစ်နှစ်ဆယ်ဆိုတဲ့ ကာလဟာ ရုပ်အဆင်းသဏ္ဌာန်
ကို ပြောင်းလွဲစေတတ်တယ်လေ မာမီ"

"အင်း ဒီလိုဆို မာမီ သွားတွေ့ဦးမှပဲ၊ မေဗယ်လ်တောင်
နဲ့ဂျီဖြစ်သွားပြီကိုး"

"ဟုတ်ပါတယ် ကျွန်တော်လည်း တွေ့ချင်တယ် မာမီကို
သား ကဒ်ပေးခဲ့မယ်၊ မာမီပဲ ဖုန်းဆက်ပြီး အားတဲ့အချိန် ချိန်း
လိုက်ပေါ့၊ ပြီးတော့ ကျွန်တော် မာမီ့ချွေးမကိုခေါ်ပြီး မာမီကို
လာခေါ်မယ်လေ"

"အေး. . ကောင်းသားပဲ ဒါထက် သား ထမင်းစားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသွားပါလား"

"ကောင်းသားပဲ အဆင်သင့်ရှိလား"

"ရှိတာပေါ့ အစိမ်းကြော်နဲ့ ဟင်းချိုလုပ်လိုက်ရုံပဲ ခ
နော်သား"

မိခင်အတွက် သားသမီးများသည် မည်သည့်အရွယ်
ဆို ထာဝရကလေးကဲ့သို့ပင် မြင်တတ်နေသည် ထင်ပါသည်

သားက မိခင်အိမ်မှာ ထမင်းစားမည်ဆိုတော့ပျော်
တက်ကြွသွားသော မိခင်၏ဟန်အသွင်ကို ငေးကြည့်ရင်း. . .

သူလည်း မိဘနေရာကို ရောက်တော့မှာပါလား။

သားသမီးများ၏ အနာဂါတ်အတွက် သူမှာတာဝန်ရှိ
ပြီ။

ထမင်းစားသောက်ရင်း မိခင်၏ စကားတစ်ချို့က သ
နှလုံးသားကို နက်ရှိုင်းစွာ ဖောက်ဝင်သွားလေပြီ။

"သား သမီးကို ဂရုစိုက်နော်၊ ကိုယ်ဝန်ဆောင်မိခ
ဆိုတာ. . ရင်သွေးအတွက် ပူပန်မှုအမြဲရှိနေတာ၊ ထိတ်လ
ကြောက်ရွံ့တာ တစ်နေ့ကို အနည်းဆုံး သုံးကြိမ်လောက် ဖြစ်
တယ်၊ ရှေးလူကြီးသူမတွေက ဒီကိစ္စကို ဘယ်လိုတင်စားသ
ဆိုရင် ကိုယ်ဝန်ဆောင်မိခင်ဟာ တစ်နေ့ကို သုံးကြိမ်သေချင်
မျက်စောင်းထိုးလေ့ရှိတယ်လို့ တင်စားကြတယ်၊ ဒါကြောင့် ခု
ကိုယ့်မိန်းမ ကိုယ်လေးလက်ဝန်ရှိတဲ့အခါမျိုးမှာ ယောကျ်ားလ
သူက အခါတိုင်းထက်ပိုပြီး ဂရုစိုက်သင့်တယ်၊ မာမီ့သား အ
ကောင်းသား ပီသပါစေကွယ်"

သူ လိပ်ပြာမလုံမလဲ တောင်ပံခတ်လိုက်ရာ ရင်တွ





သွပ်ခတ်မြည်ဟီးသွားသည်။

သူ သဘောပေါက်လိုက်သည်။

ခုချိန်မှာ မိန်းမနှင့်အပြိုင် မာနထားရမည့်အချိန် မ
ဟုတ်တော့။

နောက် နှလုံးသားကို ဆန်းစစ်နေရမည့် အချိန်လည်း
မဟုတ်ပါ။

ချစ်ချစ်မချစ်ချစ် သူသည် မိကောင်းဖခင် သားသမီး
ပီသစွာဖြင့် အိမ်ထောင်ဖက်အပေါ် စောင့်ရှောက်ရမည်ဟု
ကောင်းစွာသဘောပေါက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၁]

"လာ. . သမီး၊ သမီးအမျိုးသားကော မပါဘူးလား၊ သူဟာ ခရမ်းသူငယ်ချင်း ဂျူနီယာဆိုလို့ အန်တီက တွေ့ချင်နေတာ"

ခရမ်းစွဲက. . .

"လာ. . ဒေါ်ကင်းစင်"

ခင်ကင်းစင် ခရမ်းစွဲ တွဲခေါ်ရာသို့ အလိုက်သင့်ပါလာပြီး စမ်းသပ်ကုတင်ပေါ် လှဲလိုက်သည်။





"သူ အန်တီတို့ကို လာတွေ့မှာပါ အခုလောလောဆယ်တော့ အလုပ်များနေလို့ပါ ကျွန်မအစ်မဝမ်းကွဲလေ အန်တီ၊ တိုးတိုးက Mid wife ပဲ"

"ကောင်းတာပေ့ါကွယ်၊ ဆေးမှန်မှန်တိုက် သွေးချိန်ပေး သတ်မှတ်ထားတဲ့အစားအသောက်ကို မှန်မှန်ကျွေးပေးနော် တိုးတိုး"

"ဟုတ်ကဲ့ပါ အန်တီ၊ စိတ်ချပါ ကျွန်မက သူ့ကိုပြုစုစောင့်ရှောက်ဖို့သက်သက် လာခဲ့တဲ့သူပဲ"

"ပိုကောင်းတာပေ့ါ"

ခရမ်းစွဲက ခင်ကင်းစင်အား သွေးပေါင်ချိန်ပေးခြင်း၊ နားကြပ်ခုန်နှုန်း တိုင်းပေးခြင်း၊ ဗိုက်အား စမ်းသပ်ခြင်းတို့ လုပ်ကာ မိခင်အား ပြောသည်။

မိခင်က လိုအပ်သည်တို့ကို ဆေးမှတ်တမ်း ရေးပေးရင်း

"ဂျူနီယာကိုပြောပါ အိမ်လာလည်ပါဦးလို့၊ ငယ်ရုပ်ပျောက် မပျောက်သိချင်တယ်၊ သမီးဝဲလ်ဒင်တုန်းက အန်တီနိုင်ငံခြားရောက်နေလို့ သူတို့နဲ့ မတွေ့လိုက်ရတာ ဂျူနီယာကိုတွေ့ရင် အန်တီ မှတ်မိမှာပါ"

"သူ လာတွေ့မှာပါ အန်တီ"

ခရမ်းစွဲက ခင်ကင်းစင်မျက်နှာကို မသိမသာ အကဲခတ်လိုက်သည်။ ခင်ကင်းစင်သည် နဂိုကတည်းက ခပ်တည်တည်နေတတ်သည်။

သူငယ်ချင်းများနှင့် အပြုံးအရယ်ရှိသည်။ သို့သော် ခင်ကင်းစင်အလှသည် ညှို့ငင်အား အပြည့်ရှိသည်။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတော်တော်များများသည် ခင်ကင်းစင်အား စွဲဆောင်မှုရှိသော မိန်းမချောလေးအဖြစ် သဘောကျကာ ချဉ်းကပ်ခဲ့ကြသည်။

ခင်ကင်းစင်ကလည်း စမ်းသပ်သဘောနှင့် တွဲခဲ့သည်။ သူ့နှလုံးသားကို ချစ်တတ်လာအောင် မစွဲဆောင်နိုင်ဟု ဆိုကာ လက်တွဲဖြုတ်လိုက်သည်။

ထို့ကြောင့် တက္ကသိုလ်ကျောင်းသူလောက၌ ခင်ကင်းစင်ကို အသည်းစားဘုရင်မဟု တင်စားခဲ့ကြသည်။

"ရှင်ကော ဂျူနီယာမိဘများကို သွားမတွေ့ဘူးလားဒေါ်ခရမ်း"

ခရမ်းစွဲက စကားနည်းရန်စဲ. . .

"အေးပါ မေမေအားတော့ သွားတာပေါ့"

"အန်တီ ပြန်မယ်နော်"

"အေးအေး"

"ကျူပ် လိုက်မပို့တော့ဘူးနော် လူနာတွေ ရှိသေးလို့"

"အေးပါ ရှင်ကလည်း ကျူပ်နားလည်ပါတယ်"

ထုံးစံအတိုင်း သူနာပြုဆရာမတစ်ဦးက ဆေးယူပေးခြင်း ပေါင်ချိန်ခြင်းစသည်တို့ကို အစအဆုံး လိုက်လုပ်ပေးသည်။ စမ်းသပ်ခတော့ လုံးဝမယူချေ။

ခရမ်းစွဲရင်ထဲ တစ်မျိုးဖြစ်နေသည်။ မိခင်ရှိနေ၍သာ ဟန်မပျက်နေလိုက်ရသော်လည်း တစ်ယောက်တည်းသာဆိုလျှင် က မျက်နှာပျက်ကာ ငေးမောမိနေမှာ ဖြစ်သည်။

ယခုတော့ အလုပ်ကလည်းရှိနေ၍ ဂျူနီယာအကြောင်း





ဆက်မပြောဖြစ်ကြချေ။

ခင်ကင်းစင်သည် ကားပေါ်ရောက်သည့်တိုင်အောင် မျက်ဝန်း၌ ခရမ်းစွဲ၏အရိပ် ထင်ဟပ်ကျန်ရစ်ခဲ့လေသည်။ ခရမ်းစွဲ၏ မျက်ဝန်းရိပ်သည် မိမိအား အကဲခတ်နေသည်။ လေ့လာနေသည်. . ။ သူတို့၏ စိတ်ထားများသည် ရှင်းသန့်ကြရဲ့လား။

အစွဲအလန်း၏ ရေသောက်မြစ်သည်. . ချစ်ခြင်းဖြစ်သည်။ အစွဲအလန်းကြီးသော သူတို့နှစ်ယောက်ကြား၌ ချစ်ခြင်း မပေါက်လာဘူးဟု ပြော၍ရမည်လား။

"ညီမလေး ဘာတွေစဉ်းစားနေသလဲ"

"ဘာမှ မစဉ်းစားပါဘူး"

"မစဉ်းစားဘဲနဲ့မနေပါဘူး မျက်မှောင်ကြီးကို ချီနေတာပဲ"

မတိုးတိုး ရောက်လာသည်နှင့် ခင်ကင်းစင်သည် သူ ခံစားနေရသမျှကို အစအဆုံး ဖွင့်ပြောပြထားပြီးသားဖြစ်သည်။

"ရင်သွေးရဲ့ စိတ်ထားနူးညံ့မှုအတွက် မိခင်လောင်းကိုယ်တိုင် နူးညံ့နေရမယ်၊ ဘာသာရေးနဲ့ ယဉ်ကျေးမှု ရှိနေရမယ်လို့ မမတိုးပြောထားတာ မေ့နေပြီလား ညီမလေး"

ခင်ကင်းစင် မျက်မှောင်ချီထားမှုကို ဖြေလျှော့ကာ ပြုံးလိုက်မိသည်။

"လောကကြီးမှာ အရှုံးပေးပြီး မနေချင်ဘူး မမတိုးရာ"

"ညီမလေး ဘာတွေရှုံးနေလို့လဲ ညီမလေးလုပ်ချင်တာလုပ်လိုက်ရပြီ မဟုတ်လား"

ဒရိုင်ဘာရှိနေသဖြင့် တိုးတိုးက စကားကို သိပ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်ပြန့်မပြောမှန်း ခင်ကင်းစင် သဘောပေါက်ပါသည်။ သို့သော် နှစ်ဦးခြင်းနားလည်နိုင်သောစကားကိုတော့ ဆက်လိုက်မိသည်။

"ဒါပေမယ့် ကျွန်မအပေါ် သူ တုန့်ပြန်မှုက အေးစက်တယ်၊ ကျွန်မက သူ့ကိုပေါက်ကွဲသွားစေချင်တာ"

"ညီမရယ် ကိုယ့်အပေါ် ဒေါသဖြစ်ခြင်းကို ခံယူရမှာထက် ချစ်ခြင်းကို ခံယူရတာက ပိုမကောင်းဘူးလားကွယ်"

"ရမှမရတဲ့"

"မယူတတ်လို့ပါ ယူတတ်ရင် ရပါတယ်"

"ဒီအပျိုကြီးကလဲနော် ဒီလိုဆိုလည်း ရအောင်ယူပြီး အိမ်ရှင်မ လုပ်လိုက်ပါလား၊ ဘာဖြစ်လို့ အပျိုကြီးလုပ်နေသလဲ"

"အမေ မုဆိုးမလေကွယ်၊ ဒါပေမယ့် ခု မောင်နဲ့ညီမလေး တစ်လှည့်တာဝန်ပြန်ယူလာနိုင်လို့သာ ငါ့ညီမလေးကို လာစောင့်ရှောက်နိုင်တာပေါ့ကွယ်"

စကားပြောဖော်ရှိနေသဖြင့် ခင်ကင်းစင်ဝေဒနာ လျော့ပါးသွားသည်။ သူ့ဝေဒနာကလည်း ယောကျ်ားတစ်ယောက်တည်းကိုသာ စုပြုံ၍ အပြစ်မြင်နေသော ဝေဒနာတည်း။

"အိုင့် ငယ်ကျွမ်းဆွေ မိန်းကလေးက လွဲပြီး အိုင့် နှလုံးသားနေရာကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး" ဟူသော ယောကျ်ားစကားက မိမိနှလုံးသားကို အနာတရဖြစ်စေသည်။ ထိုမှ နာကျည်းစိတ်တို့က ဖုံးအုပ်ကာ ယောကျ်ားအပေါ် အနိုင်ယူလိုစိတ်ကသာ များလာလေသည်။

တိုးတိုးက သူတို့နှစ်ဦးကြားတွင် မည်ကဲ့သို့ ရင်ကြားစေ့





ပေးရမည်နည်းဟုသာ စဉ်းစားနည်းလမ်း ရှာနေသည်ကိုတော့ ခင်ကင်းစင် မသိချေ။

တစ်သက်လုံး လူ့လောကကို ဗိုလ်ကျအနိုင်ကျင့်ခဲ့သော ခင်ကင်းစင်အနေနှင့် ယောကျ်ားအပေါ် အနိုင်ယူလိုသည်မှာလည်း အဆန်းတော့မဟုတ်ပေ။ သို့သော်. . မိခင်တစ်ယောက်အနေနဲ့ကော သားသမီးအပေါ်တွင် အနိုင်ယူချင်ဦးမလား။

တိုးတိုး ဒီတစ်ချက်တည်းနှင့် ခင်ကင်းစင်တို့ အိမ်ထောင်ရေးကြား ငြိမ်းချမ်းရေးလမ်းစကို မြင်ထားပြီး ဖြစ်သည်။

တိုးတိုးအမြင်ကတော့ ဒေါက်တာခွန်ညီသည် ဆိုးဆိုးရွားရွား လူတစ်ယောက်မဟုတ်။ မိသားစုအပေါ်တွင် တာဝန်မဲ့မည့်သူတစ်ယောက် မဟုတ်ဟု ပညာဉာဏ်နှင့် စဉ်းစားမျှော်မြင်ဉာဏ်ရှိမည့် လူတစ်ယောက်ဖြစ်သည်ဟု နဖူးရေ ဒူးရေကြည့်တာ အကဲခတ်မိပြီးသား ဖြစ်သည်။

"မမတိုး ခရမ်းစွဲက လှတယ်မဟုတ်လားဟင်"

"လှတယ် ချစ်စရာကောင်းတယ်၊ ဒါပေမယ့် ငါ့ညီမလေးလောက်တော့ မလှဘူး မချောဘူးဆိုတာ သေချာတယ်"

ခင်ကင်းစင် ကျေနပ်စွာ ပြုံးလိုက်မိသည်။ သူငယ်ချင်းအချင်းချင်း မနာလိုခြင်းမရှိသော်လည်း အားလုံးထက်သာမှ ကျေနပ်သည့်စိတ်က ရှိနေဆဲ။ ဒါဟာ ရူးသွပ်ခြင်းတစ်မျိုးပါပဲဟုသိလျက်နှင့် ထိုရူးသွပ်ခြင်းကိုပဲ စွဲလန်းနေသည်ကခက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၂]

နေဝင်ဖျိုးဖျအချိန်လေး၌ ပြန်လာသောသူ့အား မိန်းမလုပ်သူသည် အထူးအဆန်းသဖွယ် ကြည့်လိုက်လိမ့်မည်ဟု သူ မျှော်လင့်ချက်တို့သည် သဲထဲရေသွန်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

မိန်းမနှင့်အတူ မတိုးတိုး ဒေါ်စော ဦးသော်တို့ပါ စားသောက်နေကြသည်။

သူ့ကိုမြင်သည်နှင့် ဦးသော်က ဝမ်းသာအားရထကာ





ဇွန်းခက်ရင်းကိုချ၍. . .

"ဆရာပြန်လာပြီ တစ်ခါတည်း ထမင်းစားလိုက်ပါလား ကျွန်တော်တို့ ဆရာကတော် ထမင်းစားဝင်အောင် ပိုင်းဖွဲ့ပေးနေကြတာ၊ ဆရာပါပါတော့ ပိုကောင်းတယ်. . လာ ဆရာ"

သူရေချိုးပြီးမှ ထမင်းစားလေ့ရှိသည်။ သို့သော် အခွင့်အရေးသည် တစ်ကြိမ်တစ်ခါပဲ ရနိုင်သည်ဟု သူ သဘောပေါက်ထားသဖြင့်. .

"ကောင်းတာပေါ့ ဆာနေတာနဲ့ အတော်ပဲ"

သူ့အတွက် စားပွဲထိပ်နေရာသည် လပ်နေသည်။

အသင့်ရှိနေသော ပန်းကန်နှင့် ဇွန်းခက်ရင်းကြောင့်. .

"ကျွန်တော် ပြန်လာမယ်ဆိုတာ သိလို့လား အန်ကယ်သော်"

"မဟုတ်ဘူး ဆရာကတော်က စရောက်လာကတည်းက ဆရာ့အတွက်နေရာ. . ဆရာ စားစားမစားစား အမြဲတန်းပြင်ဆင်ထားပေးရမယ် ဆိုလို့ပါ. ."

ဒေါ်စောက သူ့အတွက် ထမင်းခူးပေးရင်း ပြောလိုက်သည်။ သူ. . တအံ့တသြနှင့် မိန်းမကို ကြည့်လိုက်သည်။

မိန်းမက ဘာမှမဖြစ်သလိုပင်။ ဟင်းချိုခတ်သောက်လိုက်သည်။

"ဟုတ်လား မိန်းမ နောက်ဆိုရင် အိုင် အမြဲစားသောက်ပါ့မယ်"

"ဒါကတော့ ယောက်ျားသဘောပဲလေ၊ ကျွန်မဘက်ကတော့ တာဝန်ကျေပွန်အောင် လုပ်ဆောင်ပေးရမယ့် ဝတ္တရား



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် မဟုတ်လား၊ စားတာ မစားတာက ယောက်ျားအလုပ်"

ခွန်ညီ သဘောပေါက်လိုက်သည်။ လှလှပပ ကလဲ့စား ချေလိုက်တာဟု။ သူသည်လည်း မိန်းမအား ထိုစကားမျိုး ပြော ခဲ့ဖူးလေသည်။

"ဟုတ်ပါတယ်. . မိန်းမ မှန်ပါတယ်၊ အိုင်ဘက်က ပျက် ကွက်မှုတွေအတွက် အိုင် တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုပါဘူး၊ ဒါဟာ ချည်နှောင်မှုလို့ ကော ရှင် မထင်ဘူးလား"

"ချည်နှောင်မှုလို့ မထင်ပါဘူး နှောင်ဖွဲ့မှုလို့ပဲ ထင်တယ် ဒါပေမယ့် အဲ့ဒီနှောင်ဖွဲ့မှုကို အိုင် လက်ခံနိုင်ပါတယ်"

တိုးတိုးက သူ့မိန်းမကို အသာတို့၍ မျက်စနှင့် စကား ပြောသည်။ 'ဟင်းလေး ဘာလေး ထည့်ပေးလိုက်ဦးလေ. .'ဟူ သော မျက်စဖြစ်ကြောင်း သူ သိသည်။

သို့သော် သူ့မိန်းမက ဥပေက္ခာပြုလိုက်သောအခါ တိုးတိုးက မနေသာပဲ သူ့ဘက်သို့ ဟင်းပန်းကန်များ ထိုးပေးရင်း

"ဆရာပြန်လာတော့ တစ်ယောက်အင်အား တိုးပြီး ပို ပျော်စရာ ကောင်းတာပေါ့"

သူက ပြုံးကာ. .

"ဟုတ်တယ် ဆေးရုံမှာ ထမင်းဟင်း မှာစားရတာထက် စာရင် အိမ်ထမင်းဟင်းရဲ့ အရသာကတော့ ဘယ်ဟိုတယ်စာနဲ့ မှ မလဲနိုင်ဘူးဆိုတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့စကားဟာ မှန်ကန် မယ်ဆိုတာ ကျွန်တော်ယုံကြည်သွားပါပြီ၊ မတိုးတိုးကော နေထိုင် ရ အဆင်ပြေရဲ့လား"





"ပြေပါတယ်"

"လိုအပ်တာရှိရင် ပြောပါ၊ ဪ. . လိုအပ်တာဆိုလို့ အနံ့ကယ်သော် ကျွန်တော် မိခင်နဲ့ကလေးအတွက် လိုအပ်မယ် ထင်တဲ့ပစ္စည်းတွေ ဝယ်လာတယ်၊ ကားထဲမှာ ပြီးရင် ကောင်း လေးတွေကို သယ်ခိုင်းလိုက်ပါဦး"

ပြောရင်းဖြင့် ခင်ကင်းစင်ကို ကြည့်လိုက်သည်။ ခင်ကင်း စင်က ဘာမှပြန်မပြော၊ သူနှင့် မဆိုင်သလိုနေသည်။

အခြားသူများသာမရှိဘူး ဆိုပါက ခင်ကင်းစင်သည် သူ့အား ဘုတောတော့မည့် အလားသဏ္ဌာန် ရှိနေလေသည်။

"မတိုးတိုး သွေးပေါင်ချိန် မှန်ရဲ့လား"

"မှန်ပါတယ် ဆရာ"

"ဆေးကော မှန်မှန်တိုက်ရဲ့လား"

"တိုက်ပါတယ် ဆရာ၊ လမ်းလည်း မှန်မှန်လျှောက်ပေး ပါတယ်"

"ကျေးဇူးပဲ မတိုးတိုး ကျွန်တော်ကိုယ်တိုင် လုပ်ပေးချင် ပါတယ်၊ ဆေးရုံက ဖွင့်ကာစဆိုတော့ အများအယွင်း အဖြစ်ခံလို့ မရဘူး မဟုတ်လား၊ ကျွန်တော့်မိန်းမကိုယ်တိုင်တောင် ကျွန် တော့်ဆေးရုံတက်ဖို့ ဆန္ဒရှိရဲ့လား မသိပါဘူးဗျာ"

သူ၏ သွယ်ဝိုက်စကားပင်ဖြစ်သော်လည်း မိန်းမက သူ့ကို ဖျတ်ခနဲ ကြည့်သည်။ အကြည့်၌ အင်အားများစွာပါသည် ဟု သူသိသည်။

ခင်ကင်းစင် အောင့်အီးထား၍ မဖြစ်သော အတွက် ဆိုက်နေပြီဖြစ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျား ဆေးရုံမှာ မိန်းမကို မွေးပေးချင်ရင် လွယ်တယ်၊ မိန်းမအပ်ထားတဲ့ အိုင်ဂျီသားအမိကို ယောက်ျားဆေးရုံမှ ခွဲစိတ်ခွင့် ပေးလိုက်ပေါ့၊ ဒါဆို မိန်းမ တခွန်မှာပဲ မွေးမှာပါ"

ခင်ကင်းစင်မှာ မည်သည့်အကြံဉာဏ်များ ရှိသလဲ သူ မမှန်းဆတတ်ပါ။ မိန်းမတွေ၏သဘောက. . အကဲခတ် မလွယ်ကူပေ. . .

"ဒီလိုဆိုလည်း အိုင် ကြိုးစားကြည့်ပါ့မယ်လေ၊ မိန်း သာ ကတိတည်ပါစေ"

"တည်ပါတယ်၊ ရှင်ဘက်ကသာ အမြန်ဆုံးဖြစ်အောင် ကြိုးစားပေး"

"စိတ်ချပါ"

တမင်သက်သက် ထောင်ချောက်ဆင်ခြင်းလား။ အိုင် သားအမိဟု ဆိုထားသဖြင့် ခရမ်းစွဲကိုပါ ထည့်ပြောလိုက်ခြင်း ရိုးသားသောစကား ဖြစ်နိုင်ပါ့မလား။ ဘာပဲဖြစ်ဖြစ် စိမ်ခေါ်ခြင်း ကို သူကလည်း ဘွားမခတ်တမ်း လက်ခံသည်။

စားသောက်ခြင်း ပြီးသွားသည်နှင့်. . .

"မိန်းမ လမ်းလျှောက်မလား၊ ကိုယ် အဖော်လိုက် မယ်လေ"

"မလိုပါဘူး မမတိုးနဲ့ပဲ ကျွန်မ လျှောက်နေကြပဲ"

အားနာမှုတစေ့လေးမှ ရှိပုံမရသော ဤမိန်းမသည် ဘာကြောင့်များ သူ၏မိန်းမ ဖြစ်လာရသနည်း။

"မမတိုးနဲ့က နေ့တိုင်းလျှောက်လို့ရပါတယ်၊ အိုင်က ယူ အတွက် တတ်နိုင်သမျှအချိန်ပေးတာပါ၊ ကိုးနာရီ အိုင် ဆေး





န်မယ် ဆယ့်နှစ်နာရီမှ ပြန်လာမယ်"

"ရှင့်အလုပ်ကို ရှင်အေးအေးဆေးဆေးသာလုပ်ပါ၊ ကျွန်မက ကိုယ့်ဝန်ကိုယ် ထမ်းနိုင်ပါတယ်၊ သားသမီးအတွက် တာဝန်ပိုတယ်လို့လည်း မယူဆတော့ ကျွန်မသားသမီးတာဝန်ကို ကျွန်မက ကျေကျေနပ်နပ်ကို ထမ်းဆောင်နိုင်တယ်"

ဧည့်ခန်းမှာ ဖြစ်နေ၍ သူတို့နှစ်ဦး အရိပ်အခြေအနေ ကြည့်ကာ တိုးတိုးကလည်း အလိုက်တသိ ရှောင်သည်။ ဦး သာ်ကလည်း ခြံထဲဆင်းသွားသည်။

"အိုင်လည်း ယူ သားသမီးရှိလာပြီ ဆိုတော့ ဖြူစူမှု ည်းဆန်မှုရှိလို့လား၊ အိုင်လည်း ဖခင်တစ်ယောက်အနေနဲ့ ကိုယ့် င်သွေးအတွက် တာဝန်ယူချင်တယ်၊ ယူ တစ်ကိုယ်ကောင်း နေလို့ မရဘူးလေ"

"မဆန်ပါဘူး၊ ရှင် မလိုလားဘဲ ယူလိုက်မိတဲ့အတွက် ကျွန်မ ရှင့်ကို ဒုက္ခမပေးချင်ပါဘူး၊ ရှင် လွတ်လွတ်လပ်လပ်နေ ရှင့် ရည်မှန်းချက်ကို ရှင်ဖြစ်အောင်လုပ်ပါ၊ ကျွန်မတို့အတွက် ာမှ ငဲ့ညှာစရာမလိုပါဘူး"

"မငဲ့ညှာလို့ ရမလား၊ အိုင်စာမေးပွဲဖြေမယ်လနဲ့ ယူမွေး ည့်လက တစ်လတည်းပဲ၊ ဒါကို အိုင်က ထားသွားရမလား"

"ရပါတယ် ထားသွား၊ ကျွန်မ သွေးမကြောင်ပါဘူး၊ ကျွန်မရင်သွေးအတွက် ကျွန်မမှာ စွမ်းအားတွေ အပြည့်ရှိပါ ယ်"

မိခင်မာန်ဝံ့ခြင်းလားဟု ခွန်ညီက တွေးကာ အကဲခတ် တ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက် လွတ်လပ်စွာ နေထိုင်သွားလာနိုင်ပါတယ် ကျွန်မ ဘာကိုမှ နှောင်ဖွဲ့မှုမထားဘူး၊ ယောက်ျားတစ်ယော ကို လက်လွတ်ဆုံးရှုံးမှာစိုးလို့ ပူဆိုးစဆွဲပြီး လိုက်မယ့် မိန်းမ မျိုးထဲ ကျွန်မ မပါဘူး"

မိန်းမ မဆန်သော မိန်းမတစ်ယောက်ကို သူတွေ့မိ ပြီ။

ဂျင်းစိမ်းနဲ့ မိတ်သလင်လို သူကြင်မှုကိုယ်ကြင် ပြလို့ ချင်သော်လည်း မိခင်နှင့် ရင်သွေးကို ညာတာထောက်ထာ မည်ဟူသောအသိက အခိုင်အမာရှိနေတော့ သူ အလျှော့ ရမည်။

"ကဲပါ စကားပြောနေတာ ကြာပါတယ်၊ ကားနဲ့သွား သံလျှင်တံတားမှာ လမ်းလျှောက်ရအောင်"

"ဝမ်းနည်းပါတယ် ယောက်ျား၊ ယုယမှုမှာ သာယာသွ ပျော့သွားမယ့် မိန်းမစားထဲ ကျွန်မ မပါဘူး"

"ဟာကွာ ယူစကားအရ ယူ အိုင့်ကို ကောက်နေတ လား၊ ကောက်နေတယ်ဆိုရင်လည်း ဘာကြောင့် ကောက် လည်း ရှင်းပြပါဦးလား၊ ဖြေရှင်းချက် ပေးရအောင်"

သူ့စကားအဆုံး မိန်းမက ထိုင်နေရာမှ ပြုန်းဆို ထလို သည်၊ အမလေး ပေါ့ပါးလိုက်သည်ဖြစ်ခြင်း၊ သူပင်လျှင် သည်းယားသွားသည်။

"ဒီမှာ ယောက်ျား"

"....."

"ကျွန်မက ရှင့်ကို ကောက်နေတာ မဟုတ်ဘူး၊ နာ ဘာ တစ်သက်စာအတွက် နာကျည်းနေတာ"

ပြောပြောဆိုဆို ကော့လန်ကော့လန်နှင့် ထွက်သွား သည်။ သူ တားဆီးချိန် မရလိုက်။

သူ လိုက်ဟန်ပြင်လိုက်ချိန်၌. . .

"မမတိုး လမ်းလျှောက်မယ်"

အစ်မကိုအော်ဟစ်ခေါ်ပြီး အိမ်ပြင်သို့ထွက်သွားသည်။ သူလိုက်သွားလျှင်. . ထပ်ပြီး မရေမရာ အဖြေရှာမရသော ဘု ဘက်စကားများနှင့် ကုန်ဆုံးသွားမည်မှအပ အကျိုးထူးလာ မည်မဟုတ်သဖြင့် သူ အလျှော့ပေးလိုက်ရသည်။

စိတ်တွင်း၌ ခရမ်းစွဲအား တမ်းတလိုက်မိသည်။

"ငါ့ဘက်က အစွမ်းကုန်အလျှော့ပေးပါတယ် ပါးပါး၊ ဒါပေမယ့် နင့်သူငယ်ချင်းက မဟုတ်ဘူး၊ ငါဘာဆက်လုပ်သင့် သလဲ"ဟု. . .







www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၃]

"မတိုးတိုးကို ကျွန်တော် ဆွေးနွေးစရာရှိပါတယ်၊ ခဏ ထိုင်ပါဦး"

တိုးတိုးက ခွန်ညီအား လှမ်းကြည့်လိုက်သည်။ ဘယ် တော့မှ သူများ၏ဆန္ဒကို မယူ သူ့ဆန္ဒကိုသာ ဦးစားပေးလေ့ သည်ဟု ခင်ကင်းစင် စွပ်စွဲချက်ကို ထောက်ခံရမလို ဖြစ်နေ သည်။

သို့သော် တိုးတိုးက နားလည်စွာ ခွင့်လွှတ်လိုက်သည်





မိကာ သူတို့၏အလုပ်သမားပေပဲ။ အခကြေးငွေယူလျှင် အလုပ် သမားပေပဲပေါ့။

"ဟုတ်ကဲ့ဆရာ ဘုရားပန်းအိုး သွားတင်လိုက်ဦးမယ် နော်"

ခွင့်တောင်းပြီး ဘုရားခန်းသို့ သွက်သွက်ကလေး လှမ်း လိုက်သည်။

ခွန်ညီအနေဖြင့် အိပ်ချိန်ကိုဖွဲ့ယူကာ ညက သေသေချာ ချာ စဉ်းစားခဲ့သည်။

သူ့မိန်းမသည် သူ့အပေါ် နာကျည်းနေသည်ဟု အတိ အလင်း ကြေညာထားသည်။ အကြောင်းရင်းကို ဆန်းစစ်ကြည့် လိုက်သောအခါ သူ၏အပြောနှင့်အညီ ဥပေက္ခာပြုမှုများအပြင် ငယ်ကျွမ်းဆွေလောက် ဘယ်မိန်းမကိုမှ မစွဲလန်းဟု ပြောခဲ့မိ သည်။

ငယ်ကျွမ်းဆွေကလည်း တကယ်ရှိနေသည်။ ရှိသည်မှ နှစ်ဦးစလုံး၏ အချစ်ဆုံးသူငယ်ချင်းနေရာကို ယူနိုင်ခဲ့သူ ဖြစ်နေ သည်။

ခရမ်းစွဲနှင့် ပတ်သက်၍ ဝေဖန်ခြင်း ပြောဆိုခြင်း မပြု လုပ်ခဲ့။ ဒါမှ ပို ကြောက်စရာကောင်းသည်။ ဆိတ်ဆိတ်နေခြင်း သည် ငြိမ်သက်နေသော ကန်ရေပြင်ကဲ့သို့ပင် ကြောက်စရာ ကောင်းသည်။

"ဆရာ ဘာပြောစရာ ရှိလို့ပါလဲ"

"ထိုင်ပါဦး မတိုးတိုး"

အပေါ်ထပ် ဧည့်ခန်းတွင် ဖြစ်ခြင်း၊ အိပ်ခန်းထဲ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ကင်းစင်ရှိနေခြင်းကြောင့် တိုးတိုးသည် ခွန်ညီနှင့် နှစ်ယောက် ထဲနေခြင်းကို သင့်လျော်သည်ဟု ဆုံးဖြတ်ကာ ဆက်တီ၌ ဝင်ထိုင်လိုက်သည်။

"အားတော့နာပါတယ် မတိုးတိုး၊ တစ်ခါတရံ မလွဲမရှောင်သာတဲ့ကိစ္စမျိုးမှာ အားနာနေလို့ မပြီးတာလည်း ရှိပါတယ်"

"ဟုတ်ပါတယ် ဆရာ၊ မပြောမပြီး မတီးမမြည် ဆိုတဲ့ စကားလိုပါပဲ၊ ပြောစရာရှိပြောမှ ပြီးဆုံးရမှာမဟုတ်လား ဆရာ"

"ဟုတ်ပါတယ် ကျွန်တော်တို့ လင်မယားရဲ့ အခြေအနေကိုလည်း မတိုးတိုး ရိပ်မိမှာပါ"

တိုးတိုးက အားနာသဖြင့် ပြုံးနေလိုက်သည်။ ထိုအပြုံးက ဝန်ခံခြင်းဟု ခွန်ညီက နားလည်လိုက်သည်ဖြစ်ရာ. . .

"ကျွန်တော်ရဲ့ ဥပေက္ခာပြုမှုဟာ ကျွန်တော့်အမှားပါ၊ ကျွန်တော့်အမှားကို ကျွန်တော်သိလို့ ပြုပြင်ဖို့ ကြိုးစားစပြုတဲ့ အချိန်မှာ မတိုးတိုးက ရောက်လာတယ်ဆိုတော့ ကျွန်တော့်ရဲ့ ကြိုးစားမှုဟာ အလဟဿ ဖြစ်မသွားဘူးလား"

တိုးတိုး စိတ်ထိခိုက်သွားသည်။

"ညီမလေးက စိတ်ကြီးတယ်၊ သူ ကိုယ်ဝန်ဆောင်နေချိန်မှာ သူ့စိတ်တွေ မကြမ်းတမ်းစေချင်ဘူး၊ ဒါကြောင့် သူ့အလိုလိုက်ပြီးမှ သူ့ကိုချော့ပြီး ကျွန်မဖျောင်းဖျနေတာပါ ဆရာ၊ ကျွန်မညီမလေးရဲ့ ပေးထားကမ်းထားမှုအပေါ်မှာ မလွန်ဆန်နိုင်လို့ မဟုတ်ပါဘူး၊ ဆရာနဲ့ ညီမလေးတို့ အိမ်ထောင်ရေးကိုလည်း အရမ်းသာယာစေချင်ပါတယ်"

"ဆောရီးပဲ ကျွန်တော် မတိုးတိုးအပေါ် စွပ်စွဲနေတာ





ဟုတ်ဘူးနော်၊ မတိုးတိုး ရှိနေခြင်းဟာ ကျွန်တော်ဟာ အလိုလိုဘေးရောက်သွားသလိုမျိုး ဖြစ်မနေဘူးလား"

"ကျွန်မကို မနေစေချင်ဘူးလား"

ခွန်ညီသည် တိုးတိုး၏ ချောမောလှပ ကျက်သရေရှိသော မျက်နှာကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"မတိုးတိုးနဲ့ တိုင်ပင်ကြည့်တာပါ"

လျှော့ချလိုက်သည်။ ကိုယ့်အတွက် သူတစ်ပါး၏ဘဝကိုများ ထိခိုက်နစ်နာသွားမလား။ သူတစ်ပါးစိတ်ထိခိုက်သွားမလား။

"ဟင်" ခွန်ညီ သူ့ကိုယ်သူ အံ့ဩသွားသည်။ မတိုးတိုး စိတ်ထိခိုက်မှာကို သူ စိုးရိမ်သကဲ့သို့ ခင်ကင်းစင် စိတ်ထိခိုက်မှာကို သူ စိုးရိမ်ခဲ့သလား။ သူ့စိတ်သည် အံ့ဩဖို့ကောင်းနေပါလား။

"ဆရာ. . . ကျွန်မ ညီမလေးအတွက် အချိန်ပေးနိုင်သလား"

"ပေးမယ်လို့ ဆုံးဖြတ်ထားတယ်"

"ဒီလိုဆို ကျွန်မ ပြန်သွားပါ့မယ်"

"ဟာ ဒီလိုလည်း မဟုတ်သေးပါဘူး"

"ဒါဖြင့် ဘယ်လိုဖြစ်စေချင်သလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါဆရာ၊ အမှန်တော့ ကျွန်မညီမလေးဟာ ဆရာ့ကို လက်ထပ်လိုက်ကတည်းက သူ့ရဲ့စိတ်က ဆရာ့ကို လက်ခံနိုင်လို့ပါ ဆရာ၊ သူဟာ ယောကျ်ားတော်တော်များများကို လက်ထပ်ဖို့ စဉ်းစားကြည့်ခဲ့ပေမယ့် သူ့ကိုတစ်ယောက်ကမှ မဆွဲဆောင်နိုင်ခဲ့ဘူးလို့ သူပြောဖူးပါတယ်၊ ဆရာ့ကိုလက်ထပ်ဖို့ လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟာ သူ့ရဲ့ထူးခြားချက်တစ်ခုပဲလို့ ကျွန်မ ထင်ပါတယ်"

"မိဘတွေရဲ့သဘောကို မလွန်ဆန်နိုင်လို့ဆို"

"အဲ့ဒါ အလကားပြောတာပါ။ မိဘများက ရှိုးသားအေး ဆေးကြတာ ဆရာအသိပဲ မဟုတ်လား။ သားသမီးတွေရဲ့ စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးတဲ့ မိဘတွေပါ။ ဆရာတို့ကြားမှာ တစ်ခုခု ခြားနားနေတယ်လို့ ကျွန်မ ထင်တယ်"

"ဘာခြားနားနေလို့လဲ"

"စိတ်မရှိနဲ့နော် ဆရာ၊ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ"

"ပြောပါ"

"မာနပါ ဆရာ"

အတတ်ပညာအားဖြင့် သူတို့နှင့် ယှဉ်လိုက်ပါက အင်မတန်နိမ့်ပါးသော မိန်းမတစ်ယောက်က သူတို့အပေါ် ဝေဖန်နိုင်စွမ်းရှိနေပါလား။ သူတို့ကတော ကိုယ့်အမှားကို မဆန်းစစ်တတ်ဘူးလား။

"ကောင်းပြီလေ မတိုးတိုးပြောသလို မာနကြောင့်ဆိုရင် ကျွန်တော့မာနကို ကျွန်တော် ခဝါချလိုက်ပါ့မယ်၊ ကျွန်တော် ရှုံးချိန်ပဲ ဆေးရုံသွားမယ်၊ ခွဲစိတ်ခန်းကို ဆရာဝန်ကြီးတွေ ထပ်ခေါ်ပြီး သုံးရက်တစ်ကြိမ်ပဲ တာဝန်ယူလိုက်မယ်"

တိုးတိုးသည် ခွန်ညီကို နားမလည်ဟန်ဖြင့် ကြည့်လိုက်သည်။

ယခုတော့လည်း ဇနီးမယားအပေါ် တာဝန်သိတတ်မှု ရှိပါလျက် အစပိုင်းက ထိုစိတ်ကလေး ဘယ်ချောင်၌များ သွား





ရောက် ပုန်းအိပ်နေပါသလဲ ဒေါက်တာဟု မေးလိုက်ချင်သည်။

"ဒီတော့ ကျွန်မ ဘယ်လိုအကူအညီပေးရမလဲ"

"အားတော့ နာပါတယ်၊ သီးခြားအခန်းမှာ နေပေးဖို့ပဲ ကျွန်တော် မရှိတဲ့အချိန်တွေကိုသာ စောင့်ရှောက်ပေးပါ"

"ကျွန်မသဘောနဲ့ဆိုရင် သူလက်ခံမှာ မဟုတ်ဘူး. ဆရာ့သဘောထားအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သူ့ကိုတော့ ရှင်းပြရလိမ့်မယ် ဆရာ"

"ရပါတယ် ရှင်းပြပါ၊ ကျွန်တော်ကိုယ်တိုင်လည်း ပြောမယ်၊ သူ လက်ခံတယ်ဆိုရင် အနံကယ်သော်ကိုသာ ပြောလိုက်ပါ၊ သူ အားလုံးစီစဉ်ပေးပါလိမ့်မယ်၊ ခု ကျွန်တော် သူ့ကိုသွားတွေ့ဦးမယ်နော်"

"ဟုတ်ကဲ့ ဆရာ"

မတိုးတိုး မျက်နှာပူမိသည်။ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်။ သူများ လင်မယားကြား၌ ကန့်လန့်ဖြစ်နေရသည်။

"ဆရာ ပြောစရာမရှိတော့ရင် ခွင့်ပြုပါဦးဆရာ"

"ကောင်းပါပြီ"

မတိုးတိုး ထွက်သွားသည်။ မတိုးတိုးလို လှပချောမောသောမိန်းမကို တမင်ခေါ်ယူထားခြင်း၌ သူ့မိန်းမမှာ အကြံအစည်များ ရှိနေမလား။ သူ့ကိုများ တမင်စမ်းသပ်နေခြင်းလား။ ဘာပဲဖြစ်ဖြစ် သတိတော့ထားရမည်။

ခွန်ညီ မိန်းမရှိရာ အိပ်ခန်းသို့ ထွက်ခဲ့သည်။ စေ့ထားသောတံခါးကို အသာတွန်းလိုက်သည်။

မိန်းမက အိပ်ပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တော်ရုံနှင့် အိပ်ပုံမရ။ ယခု နှစ်ခြိုက်စွာအိပ်မောကျနေသည်။

သူ့မိန်းမသည် ခရမ်းစွဲထက်လည်း ချောသည်။ မတိုးတိုးထက်လည်း ချောသည်။ မှုန်ကုတ်သော မျက်နှာထားကြောင့် သူ့အလှ လျှော့ပါးနေသကဲ့သို့ ဖြစ်ရသည်။ ယခုလို သောကကင်းကင်း၊ ဒေါသကင်းကင်း အိပ်စက်နေချိန်မျိုး၌ မျက်နှာမှာ ပဏ္ဍတိဖြူစင်ရှင်းသန့်နေသည်။

ခွန်ညီ ပြုံးလိုက်မိသည်။ ယခုမှ ကိုယ့်မိန်းမကိုယ် လူပို့ပြန်လှည့်ကာ ပိုးပန်းနေရသည့်အဖြစ်အတွက် ပြုံးလိုက်သည်။

ယခုနေ မိန်းမပါးကို အသာနမ်းလိုက်လျှင် မိန်းမနိုးသွားမလား၊ နိုးသွားလျှင် ဒေါသကြီးနှင့် သူ့အားရန်တွေ့မှာလား။

ခွန်ညီ သက်ပြင်းချလိုက်သည်။

ရှိပါစေတော့။ ကိုယ်ဝန်ဆောင်မိခင်၏ စိတ်ကို နူးညံ့နေစေချင်သည်။ ဒေါသ ဖြစ်မနေစေချင်တော့ပါ။

သူ အသာအယာ လှည့်ထွက်ခဲ့လေသည်။







# အခန်း [၂၆]

"မနေ့က ရှင့်မောင်တော်တို့သားအမိ ကျုပ်အမေဆီလာတယ် ဒေါ်ကင်းစင်"

"ဟုတ်လား မနေ့ကမှ ရောက်သလား၊ အမှန်ဆို သူရှင့်ကို ဒီထက်ပိုစောပြီး လာတွေ့သင့်တာ"

ခရမ်းစွဲသည် ခင်ကင်းစင်၏စကားကို အရေးမထားဟန်ဖြင့်. . .

"အေးလေဟယ် မေမေက သိပ်တွေ့ချင်နေတာ အား



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ သွားတွေ့ဖို့ပဲ၊ ဒါပေမယ့် သူတို့သားအမိက လာတွေ့တော့ အရမ်းပျော်နေကြတယ်"

ပျော်ရုံတင်ပဲလား၊ ဝမ်းကောမနည်းကြဘူးလားဟု မေးလိုက်ချင်သောစကားကို ခင်ကင်းစင်ရင်ထဲ သို့ဝှက်လိုက်ရသည်။ အိမ်ထောင်ချပေးလိုက်တာ စောသွားလေခြင်းဟူသော နောင်တတရားတို့နှင့် မိခင်များ ဝမ်းနည်းနေကြသလို ကာယကံရှင်များကကော မည်သို့ခံစားနေရသနည်း။

"ရှင် ဘာဖြစ်လို့ မလိုက်လာတာလဲ"

"လွတ်လွတ်လပ်လပ် တွေ့စေချင်လို့ပေါ့"

ခရမ်းစွဲ ခင်ကင်းစင်ကို ကြည့်လိုက်သည်။ အကဲခတ်ရခက်သည်။

"ရှင်က ကျုပ်တို့ကို မသက်သာဖြစ်နေသလား"

"မဖြစ်ပါဘူး၊ မနာလိုခြင်းဆိုတာ ချစ်ခြင်းရှိမှ ဖြစ်ပေါ်မှာ ကျုပ်မှာ ကျုပ်ယောက်ျားကို မချစ်ဘဲ၊ ဝန်တိုစရာအကြောင်း မရှိပါဘူး"

ခရမ်းစွဲ သက်ပြင်းချလိုက်သည်။ စိတ်တွင်း၌ "တော်ပါသေးရဲ့" ဟု ပြောလိုက်မိသည်။

"ရှင်တို့ပြေလည်သွားရင် ကျုပ် ကွာပေးမယ်၊ ညှိနှိုင်းကြ၊ ကျုပ်ဗိုက်ကို ငဲ့စရာမလိုဘူး၊ ကျုပ်ရင်သွေးအတွက် ကျုပ်ပဲ"

"တော်စမ်း ခင်ကင်းစင်၊ ရှင် ကျုပ်ကို မစော်ကားနဲ့. . ကျုပ်အပျိုစင်ဘဝနဲ့ သန့်သန့်နေတာ အိမ်ထောင်ရှိ ယောက်ျားတစ်ယောက်ကို ပေးဆပ်ဖို့မဟုတ်ဘူး၊ သူတစ်ပါးအိမ်ယာကို ဖျက်ဆီးပြစ်ရလောက်အောင် ကျုပ် မယုတ်မာဘူး"





"ဒေါ်သကြီးပဲ ဒေါ်ခရမ်းရယ်၊ ကျုပ်က စတဲ့ဟာကို"

ခင်ကင်းစင် ရယ်မောကာ ခရမ်းစွဲအား လှမ်းပြောလိုက်သည်။

ခရမ်းစွဲက. . .

"သေတော့မှာပဲ နှင့်ဂျီးတော်မို့လို့ ဒါ စ,စရာလား"

ကေကေနှင့်ဝတီက သူတို့နှစ်ဦးကြား ဘာတစ်ခွန်းမှ ဝင်မပြောဘဲ လက်ဖက်စားရင်း ပါတိတ်ဒီဇိုင်းများအကြောင်း အစသစ်များအကြောင်း ပြောနေသည်။

"စ,စရာပေါ့ ရှင်ပဲ ဂျူနီယာနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံလေးတွေနဲ့ ပေးထားတဲ့ ချစ်တဲ့လက်ဆောင်လေးတွေကို အမြတ်တနိုးနှစ်ပေါင်းများစွာ သိမ်းထားတဲ့ အစွဲအလန်းကို ထောက်ထားညှာတာသောအားဖြင့် ကျုပ်ဘက်က ကွာပေးဖို့အသင့်ပဲ"

"ဟော့ ဂျူနီယာကို စွဲလန်းခဲ့တာ မှန်တယ်၊ ဒါပေမယ့် အိမ်ထောင်ရှိတဲ့ ဒေါက်တာခွန်ညီကို ကျုပ် မစွဲလန်းဘူး၊ ရှင့်ရှေ့မှာ အဲ့ဒီပစ္စည်းတွေကို မီးပုံရှို့ပြမယ်"

"မလုပ်ပါနဲ့ အဲဒီဓာတ်ပုံထဲက ဂျူနီယာပုံနဲ့ ကျုပ်ရင်သွေး မျက်နှာတူမတူလေး ကြည့်ရအောင် အမှတ်တရတော့ ထားပါ"

"ဒါဖြင့် ရှင်ပဲသိမ်းထားတော့ ကျုပ် လာပို့ပေးမယ်"

"ပစ္စည်းသိမ်းဖို့ မလိုပါဘူး၊ လူကြီးတစ်ယောက်လုံးကို သိမ်းပိုက်ထားပြီးပြီပဲ၊ ပစ္စည်းနဲ့ဓာတ်ပုံလောက်တော့ ပါမွှားလေးဖြစ်သွားပြီ၊ ရှင်ပဲ အမှတ်တရ ထားလိုက်ပါ"

"ရှင် ဒီအတွက် ကျုပ်ကို ဘာမှမစွပ်စွဲနဲ့ အထင်မသွဲ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကျုပ်တန်ဖိုးထား မြတ်နိုးရတဲ့ယောကျ်ားဆို တော့. . အဟင်း ကျုပ်က အူတို သဝန်တိုနေရမယ်လို့"

ကေကေနဲ့ ဝတီက အံ့အားသင့်စွာဖြင့် ခင်ကင်းစင်အား ကြည့်လိုက်သည်။

ခင်ကင်းစင်စကားက ရင့်သီးနေသည်။ မိဘပေးစား၍ပဲ ယူယူ ဘာကြောင့်ပဲယူယူ မိမိယောကျ်ားအပေါ် တန်ဖိုးထားသင့် သည်။

ခရမ်းစွဲ ရင်ထဲ၌ နင့်ခနဲခံစားလိုက်ရသည်။ ဂျူနီယာ အပေါ် ချစ်ခင်စိတ်ကတော့ မပျက်ပြယ်နိုင်သဖြင့်၊ ဂျူနီယာ အတွက် စိတ်မကောင်းဖြစ်ရသည်။

"ရှင်နော် ကလေးတစ်ယောက်တောင် ရတော့မယ် ယောကျ်ားအပေါ် ချစ်တတ်အောင် ချစ်တတ်ရမယ်"

"ဟုတ်တယ် အိမ်ဦးနတ်အနေနဲ့ လေးစားနေရပေ မယ်. .၊ အတွင်းမီးအပြင်မထုတ်နဲ့တဲ့ ရှင်နားလည်ရဲ့သား ရှင်ဘယ်လိုဖြစ်နေတာလဲ မယ်ကင်း၊ တကတည်းမှ ကျုပ်အ ကြီးက ရှင့်ကို အိမ်ထောင်ရေးတရား ပြန်ဟောနေရတယ် မဟုတ်သေးပါဘူး ဒေါ်ကင်းစင်ရာ"

ကေကေနှင့် ဝတီက တစ်ယောက်တစ်ပေါက် လှမ်း အပြစ်တင်သည်။ ခင်ကင်းစင်က. . .

"ရှင်တို့က ကျုပ်သူငယ်ချင်းနော် နာစရာရှိရင် ကျု ဘက်ကပဲ နာရမှာ၊ မသကာ ပါးပါးက ဂျူနီယာဘက်က နာတ ဆို သဘာဝကျသေးတယ်"

ခင်ကင်းစင်၏ အသားလွတ်စော်ကားမှုဟု ခရမ်းစွဲထ





သည်။ သို့သော် ပြဿနာရှာနေသော ခင်ကင်းစင်၏ ကျော့ကွင်း ကို အလွတ်ရုန်းရမည်။

"ပါးပါးက ဂျူနီယာဘက်က နာသလို ခရမ်းစွဲကလည်း ခင်ကင်းစင်ဘက်ကနာမယ်လို့ ရှင် မတွေးဘူးလား ဒေါ်ကင်း စင်"

ခင်ကင်းစင် ခရမ်းစွဲကို စိုက်ကြည့်လိုက်သည်။ ခရမ်းစွဲ ကလည်း တုန့်ပြန်ကြည့်သည်။

ခရမ်းစွဲ မျက်လုံးထဲ၌ လှို့ဝှက်ချက် မတွေ့ရ။ နှုတ်ခမ်း နှစ်လွှာက လှုပ်ရှားလာပြီး ပြတ်သားစွာ ပြောလိုက်သည်မှာ. .

"ဒီမှာ ဒေါ်ကင်းစင် ဂျူနီယာအပေါ် ပါးပါးအနေနဲ့ အစွဲ အလန်းကြီးခဲ့ သံယောဇဉ်ဖြစ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ် ရှင့်အတွက် ဒေါက်တာခွန်ညီကို မုန်းခဲ့တာ ရှင်သိပါတယ်၊ ဂျူနီ ယာနဲ့ ခင်မင်မှုသက်တမ်းက ငါးနှစ် ရှင်နဲ့ ခင်မင်တဲ့သက်တမ်း က ဆယ်ခုနစ်နှစ် လိုက်စရာရှိ ဘယ်သူ့ဘက်ကလိုက်မလဲ ဆိုတာ ရှင် စဉ်းစားကြည့်ပါ"

"ဘာတွေလဲဟ၊ တော်ပြီကွာ ယောကျ်ားအကြောင်း စကားထဲ ထည့်မပြောနဲ့"

ခင်ကင်းစင်က စိတ်ပူလှုပ်ရှားစွာ တားမြစ်လိုက်သည်။ မျှော်လင့်ခြင်းတို့က စိတ်ကုန်ခြင်းသို့ ရောက်ရှိနေကြောင်း မိမိက လွဲ၍ ဘယ်သူမှ ခံစားသိနိုင်လိမ့်မည် မဟုတ်။

"မပြောလို့ ရမလား ကျုပ်က ကန့်လန့်ကန့်လန့် ပါနေပြီ ကိုး၊ ရှင်စိတ်ချပါ ရှင့်ယောကျ်ားကို ကျုပ် မပြစ်မှားပါဘူး"

"မှားလည်း ကိစ္စမရှိဘူး၊ ရှင်တို့ ပြေလည်မယ်ဆိုရင်. .



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အခုကွာပေးမယ်"

"ဘုရား . . ဘုရား . . မယ်ကင်းရယ်၊ ရှင်ဒီစကားမျိုး

ပြောပါနဲ့ ရှင်ကွာပေးလည်း ကျုပ်မယူဘူး"

ခရမ်းစွဲ ရင်မှာ နာကြင်လာသည်။

ခင်ကင်းစင်စိတ်ထဲမှာ သံသယစူးက နစ်ဝင်နေသည်

သူတို့ ရိပ်စားမိကြသည်။

"မယ်ကင်းရယ် ရှင် စကားတွေ လွန်လာပြီနော်၊ ခရ

ဘက်က လိုက်တာမဟုတ်ဘူး ခရမ်းလိုမိန်းမအတွက် ယောက်

မရှားတာ ရှင်လည်းသိပါတယ်၊ သူနဲ့ရှင့်ယောက်ျားနဲ့ မတန်ဘူ

သူကအပျိုစင် သူက ရှင်ကွာပေးတဲ့တိုင်အောင် တစ်ခုလပ်ပဲ

ကျုပ်တို့ ကန့်ကွက်တယ်၊ ရှင် နောက် ဒါမျိုးစကားမပြောမိပါ

နဲ့"

"မပြောနဲ့ဆိုလည်း မပြောရုံဘဲပေါ့"

ဝတီ၏ စကားအဆုံး၌ ခင်ကင်းစင် ထလိုက်ရင်း

ဆတ်ဆတ်ပြောလိုက်သည်။

"ဒါက ရှင် ဘယ်သွားမလို့လဲ"

"အိပ်တော့မယ် နေ့ခင်းတရေးအိပ်မှ ညဘက်ဆို ကျ

က အိပ်မပျော်ဘူး"

တစ်ဇွတ်ထိုးနိုင်သော ခင်ကင်းစင်ကို သူငယ်ချင်းများ

လက်လျှော့ရမလိုဖြစ်နေသည်။ ဝတီကတော့ အလျှော့မ

တတ်သဖြင့် . . .

"ရှင့်စိတ်ထဲ လိပ်ခဲတင်းလင်းဖြစ်နေတဲ့ သံသယ

ကြောင့် ရှင် အိပ်မရတာဖြစ်မှာ၊ အခုသွားအိပ်တော့ကော အိ





မှာတဲ့လား၊ တော်ပြီ ရှင်က နှင်နေတော့ ကျုပ်တို့လည်း

တော့မယ်"

"ကျုပ် ဘယ်မှာနှင်လို့လဲ"

ခင်ကင်းစင်က မပြုံး၏သို့ ပြုံး၏သို့ မျက်နှာပေးဖြင့်

ကာ မေးလိုက်သည်။

"ရှင် အိပ်တော့မယ်ဆို"

"ကျုပ်အိပ်တော့ ရှင်တို့လည်း လိုက်အိပ်ပေါ့၊ အရင်က

ဒီလိုပဲနေပြီးတော့များ"

"တူမလား အရင်တုန်းက ရှင့် ခုတင်က အပျိုကုတင်

တင်က အအိုကုတင်"

"အို . . တော်စမ်းပါ၊ ကဲပါ ရှင်ပဲအိပ်တော့ ကျုပ်တို့

တော့မယ်"

"ကျုပ်မပြန်ခိုင်းဘူးနော် မမတိုးက နေ့လည် ရှင်တို့ကို

သုတ်စုံနဲ့ ဟင်းခါးလုပ်ကျွေးဖို့ စီစဉ်နေတယ် . ."

ခင်ကင်းစင် ပုံမှန်အနေအထားသို့ ရောက်လာပြီဟု

သူငယ်ချင်းများ သဘောပေါက်လိုက်သည်။

"ဒီလိုဆိုရင် စောင့်စားရတာပေါ့"

"ရိုးရိုးမစောင့်နဲ့ အိပ်စောင့် လာလိုက်ခဲ့လေ ဒေါ်ခရမ်း

ရှင့်ကိုပြစရာရှိသေးတယ်"

ခရမ်းစွဲရင်ထဲ၌ တစ်ထိတ်ထိတ်ဖြစ်နေသည်။ ဒေါက်

ခင်ညီသည် ဂျူနီယာသာ မဟုတ်ဘူးဆိုပါက ခုလို အချိန်မျိုး

အသံချည်းသာဖြစ်လိမ့်မည်။ ယခုတော့ ဘယ်တော့အ

လဲဆိုသည့် စိတ်ဖြင့် တထိတ်ထိတ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ ကျုပ်တို့လည်း လိုက်မှာပေါ့"

ဝတီနှင့် ကေကေပါ လိုက်တက်ခဲ့လေသည်။

အပေါ်ထပ်ရောက်တော့. . .

"မနေ့က ကျုပ်နဲ့ပြန်အိပ်ဖို့အတွက် တောင်းဆိုတ

ခင်ကင်းစင်က ခရမ်းစွဲကို ပြောလိုက်သည်။

"ကောင်းတာပေါ့. . ဒါမှ ရှင့်အတွက် နားခိုဖို့ ရင်ခွ

သွားမှာ"

"ကျုပ် လက်ခံလိုက်တယ်လို့ ရှင်ထင်လို့ ဒီစကားေ

တာလား"

"ဟင်. . ရှင် လက်မခံလိုက်ဘူးလား"

"လက်မခံပါဘူး"

ခရမ်းစွဲ အံ့အားသင့်ရသည်။

"ဘာဖြစ်လို့လဲ"

"သူတစ်ပါးရဲ့ တိုက်တွန်းချက်ကြောင့်လား. . တ

ကြောင့်လား. . တစ်ခုခုကြောင့်ပဲဖြစ်မယ်၊ ဒါမျိုး ကျုပ် လ

နိုင်ဘူး"

"ခေါင်းမာလှချည်လား မယ်ကင်းရယ်"

ဟု နောက်မှကပ်ပါလာသော ဝတီက ညီးတွား

သည်။

"လာ သူ့အိပ်ခန်းကို အရင်ပြမယ်၊ ငါ သူ့အိပ်ခ

တစ်ခါမှ မဝင်ခဲ့ဘူး၊ ဒါပေမယ့် သူ့ကို ဂျူနီယာ၊ ဒေါ်ခရ

ပါးပါးလို့ သိလိုက်ရတဲ့နေ့က ဝင်မိခဲ့တယ်"

ခရမ်းစွဲတို့သုံးယောက်. . တစ်ယောက်မျက်နှာ





ဆက်ကြည့်လိုက်သည်။

အစွဲအလန်းကြီးစွာဖြင့် အမှတ်တရ သိမ်းထားခဲ့သော

ည်းများသည် တစ်ခါတစ်ရံ ဘဝတစ်ခုလုံးကို ဂွမ်းထိုးမှောက်

ဖြစ်အောင် အနှောင့်အယှက်ပေးနိုင်စွမ်းရှိလိမ့်မည်ဟုသာ

ကြိုတင်သိပါလျှင် ဘယ်သူမှ သိမ်းဆည်းထားကြလိမ့်မည်

တ်ပါချေ။

ဒေါက်တာခွန်ညီ၏ အိပ်ခန်းထဲ၌ လှပသော ပန်းချီ

ားတစ်ချပ်ကို သေသေချာချာ မှန်ဘောင်သွင်းထားသည်။

န်းချီကားမှာ လေးငါးနှစ်အရွယ် ကောင်ကလေးနှင့် ကောင်

လေး လိပ်ပြာများကို လိုက်ဖမ်းနေသောပုံ ဖြစ်သည်။

ပန်းဥယျာဉ် အလယ်၌ ရွှင်မြူးနေသော ကလေးနှစ်

ယောက်ပုံမှာ အသက်ဝင်လွန်းလှသည်။

"ဒေါ်ခရမ်း ရှင့်မှာကော အဲဒီပုံ ရှိသလား"

"မရှိဘူး"

"ဒါပေမယ့်၊ ဒါ ရှင်တို့ငယ်ကျွမ်းဆွေနှစ်ယောက်ပုံဆို

ာ ရှင်ဝန်ခံတယ်ပေါ့"

"ဟုတ်တယ်"

ခရမ်းစွဲက မထူးတော့ မိမိဘက်က မှန်ကန်စွာဆုံးဖြတ်

ခဲ့ပြီပဲ။ ဘာမှ ဖုံးကွယ်စရာမရှိတော့. . .

"ပုံလေးက တော်တော်အသက်ဝင်တာပဲ လိပ်ပြာလေး

တွေက တကယ်ပျံနေတဲ့အတိုင်းပဲ၊ ပင်ပန်းလာတဲ့အခါမျိုး ဒီလို

န်းချီကားမျိုး ကြည့်လိုက်ရရင်ပဲ တကယ့်ကို အပန်းပြေပျောက်

ားနိုင်တယ်၊ ဒါကြောင့်. . တမင်ချိတ်ဆွဲထားတာဖြစ်မှာပါ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကလည်း. . ."

ကေကေက ကြားဝင်ကာ ပြေရာပြေကြောင်း စကား
သန်း လမ်းကြောင်းလိုက်သည်။

ဝတီကလည်း. . .

"ဟုတ်တယ်၊ ကျုပ်တောင် သဘောကျတယ် ဟဲ့
မင်္ဂလာဆောင်တုန်းက ဓာတ်ပုံပါလား၊ သတို့သမီးမျက်နှာ
တစ်လောကလုံး သူ့လုပ်စာ စားထားတဲ့မျက်နှာမျိုးနဲ့ဆို
ရင်ကိုအေးချမ်းလိုက်တာနော်"

ဝတီက ကုတင်ဘေး သုံးချောင်းထောက် စင်လေး
ရှိ ထောင်ထားသောဓာတ်ပုံကို ယူကာကြည့်ပြီး ခပ်ရွှဲရွှဲ
ပြောလိုက်သည်။

"ဟိုနေ့ကတော့ မတွေ့ပါဘူး"

ခင်ကင်းစင် တအံ့တဩ ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ် အဲ့ဒီနေ့က မှုန်နေလို့ မမြင်တာ
လည်း ဖြစ်နိုင်သလို သူ ညအိပ်ရာဝင်ကြည့်ရင်း အိပ်ပျော်သွ
တဲ့အခါ အိပ်ရာထဲမှာ ကျန်ကောင်းကျန်ခဲ့တာရင်လည်း ဖြစ်
တယ်"

ကေကေက ဝေဖန်ချက်ပေးသည်။

ခင်ကင်းစင် မယုံကြည်နိုင်ပါ။

မိမိလာမည့်မှန်းသိ၍ မကောင်းတတ်သဖြင့် တင်
တာပဲဖြစ်ဖို့များသည်။ ယောကျ်ားကမှ မိမိကိုမချစ်တာ။
မနှစ်သက်၍ ပါးကို အနမ်းပေးဖို့ကိုတောင် တော်တော်ဝန်
သည့်လူပဲ။ ဓာတ်ပုံကို တယုတယထားဖို့ကတော့ ဝေလာ





"လင်မယားပဲဟာ ကလေးတောင်ရတော့မယ့်ဥစ္စာ
သံယောဇဉ်မရှိဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ဝတီစကားကြောင့် ခင်ကင်းစင် ပြုံးလိုက်သည်။

ပြီးတော့မှ အေးစက်စွာဖြင့်. . .

"ကျုပ် ပြောနိုင်တယ်"

"ဟေ . . ."

"သူဟာ သူရဲ့နာမည် ဂုဏ်သိက္ခာ ဓနအင်အားတိုးပွား
ဖို့ကလွဲ၍ ဘာကိုမှ သံယောဇဉ်မထားတဲ့ လူတစ်ယောက်ပဲ"

"ရှင် ပြောတဲ့အတိုင်း သေချာလို့လား"

"သိပ်သေချာပေါ့ သေချာရင် ကျုပ်ဘာလုပ်သင့်တယ်
လို့ ရှင်ထင်သလဲ"

ခင်ကင်းစင်က သုံးယောက်စလုံးကို တစ်လှည့်စီ ကြည့်
လိုက်သည်။ ခရမ်းစွဲစိတ်ကျဉ်းကြပ်နေသည်။ ခွန်ညီသာ ဂျူနီယာ
မဟုတ်ခဲ့လျှင် ယောကျ်ားတွေအပေါ် အထင်ကြီးတတ်သော
မိန်းမစားထဲ မပါဝင်သူပီပီ 'ကွာပစ်လိုက်' ဟု ပြောလိုက်မိလိမ့်
မည်။

ယခုတော့ ဆုပ်လည်းဆူး စားလည်းရူးဘဝမျိုးဖြစ်နေ
၍ ခပ်မဆိတ်ပင် နေလိုက်သည်။ ဝတီကလည်း အပျိုကြီးပီပီ. .

"အတ္တကြီးတဲ့ယောကျ်ားဆို ကွာသာကွာပစ်လိုက်ပေါ့"

"ဒါပဲ ကျုပ်လိုချင်တာ ဒါပဲပေါ့၊ ကျုပ်ရင်သွေးကို ကျုပ်ပဲ
အဖေကျုပ်ပဲအမေအဖြစ် ကျုပ်အကောင်းဆုံး ပြုစုပျိုးထောင်
ပေးမယ်၊ ကျုပ်နှလုံးသားကို ထိအောင်မဆွဲဆောင်နိုင်ပါဘူး၊
ကျုပ် နှလုံးသားမှ သူမရှိဘူး၊ ဒါကြောင့် ရှင်တို့ ငယ်ကျွမ်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျုပ်ဝန်တိုမှုမရှိဘူး၊ ရှင်တို့အစွဲအလန်းကိစ္စ ရှင်တို့သဘော ကျ ဆက်သွယ်ဆောင်ရွက်ခွင့်ရှိတယ်နော် ကျုပ်ကိုဘာမှ ငဲ့ညှာ စရာမလိုဘူး"

"ခင်ကင်းစင် ရှင့်ကိုကျုပ် တောင်းပန်တယ်တော်၊ ကျုပ် ရှင့်ယောကျ်ားကို ရှင်ကွာပေးလိုက်တဲ့တိုင်အောင် မယူဘူး. . တော်ပြီကွာ မုန့်လုံးစက္ကူကပ်သလို ကျုပ်ကို ဒီလိုပဲပြောနေမယ် ဆိုရင် ကျုပ်ပြန်တော့မယ်"

ခင်ကင်းစင်က ပုခုံတွန့်ကာ

"ကျုပ်က ပွင့်ပွင့်လင်းလင်းပဲပြောတာလေ၊ ရှင်မကြိုက် ရင် မပြောတော့ဘူး၊ ကျုပ်တရေးအိပ်လိုက်ဦးမယ် ရှင်တို့အိပ် ချင်ရင်လိုက်အိပ် မအိပ်ချင်ရင်တော့ အပေါ်ဧည့်ခန်းမှာ ငယ် ကျွမ်းဆွေနှစ်ယောက်ရဲ့ အယ်လ်ဘမ်ရှိတယ် ယောက္ခမကြီးက အလိုက်တသိပို့ပေးထားတာ ကြည့်လိုက်ကြဦး"


ခင်ကင်းစင် ပြောပြောဆိုဆိုနှင့် ခွန်ညီအိပ်ခန်းထဲမှ ထွက်ခဲ့သည်။

သူငယ်ချင်းသုံးယောက်စလုံး တိုင်ပင်ထားခြင်းမရှိဘဲ ခင်ကင်းစင်နောက်ကျောကို ကြည့်ကာ ပြိုင်တူလိုလို သက်ပြင်း ချလိုက်မိသည်။

ခင်ကင်းစင်၏ အတွင်းစိတ်ကို သူတို့ ဖောက်ထွင်းမြင်၍ မရနိုင်ပါလား။







# အခန်း [၂၅]

"ဆရာ. . ဆရာ. . တစ်ခုခုသောက်ဦးမလား ကျွန်မ ဘာလုပ်ပေးရမလဲ"

သူ စာဖတ်ခန်းသို့ ဝင်လာပြီးမေးလိုက်သော တိုးတိုးကို ကြည့်က ခွန်ညီ အံ့ဩသွားသည်။

"ရပါတယ် ကိစ္စမရှိဘူး ကျွန်တော် လိုအပ်တာကို အန် ယ်သော် လုပ်ပေးနေကျပါ"

"ညီမလေး လွှတ်လိုက်လို့ပါ။ ဒါဖြင့်. . ကျွန်မသွားမယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"အတော်ပဲ မတိုးတိုး၊ ခင်ဗျား ဒီမှာနေခဲ့ပါ ကျွန်တော် မိန်းမကို သွားတွေ့လိုက်ဦးမယ်"

ခွန်ညီရင်ထဲ၌ လိပ်ခဲတည်းလည်းဖြစ်နေသော အ ကြောင်းအရာများကို ခင်ကင်းစင်အား သွားရောက်မေးရန် စဉ်းစားလိုက်မိသဖြင့် စာအုပ်ကို စားပွဲပေါ် တင်လိုက်ပြီး တ ကြည့်ခန်းမှ သူ ထွက်ခဲ့လေသည်။

ခင်ကင်းစင်က ဂျာနယ်ဖတ်နေရာမှ သူ ဝင်လာသည် ကိုမြင်မှ ဂျာနယ်ကို ချလိုက်သည်။

"နေကောင်းတယ်နော် အိပ်ရာဝင်ဆေးကော သောက် ပြီးပြီလား"

"ပြီးပါပြီ ရှင် ဘာကိစ္စ ဝင်လာရတာလဲ"

"ကိုယ့်မိန်းမအခန်းကိုယ်ဝင်တာ ခွင့်တောင်းရဦးမလား ကိစ္စရှိမှ ဝင်ရမှာလား"

"ရှင်ချထားတဲ့မူပဲလေ ရှင်မေ့နေသလား ကျွန်မတို့ မေးခွန်းပြန်မထုတ်ပါနဲ့"

ခွန်ညီ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

ဒီလောက်တောင် မာကျောလှတဲ့မိန်းမဟုဆိုကာ ပစ် ထားလိုက်ချင်သည်။ သို့သော် မဖြစ်သေး ကိုယ့်မျိုးဆက်သည် အကောင်းဆုံး အတော်ဆုံးဖြစ်နေဖို့အတွက် အလျှော့ပေးရဦး မည်။

"ဟုတ်တယ် အိုင်မေ့တတ်တယ် ယူ့ကိုအိုင် ခွင့်တောင်း ချင်တယ်"





"မဝေါ်ကောင်းတာပဲ ကောင်းမယ်ထင်တယ်၊ ကျွန်မရှင့် အလိုကို ဘာတစ်ခုမှ လိုက်လျောမှာမဟုတ်ဘူး. . ရှင်ကသာ ကျွန်မအလိုကို လိုက်လျောဖို့ပဲရှိတာပဲ"

"တစ်ဘက်သတ်မကျလွန်းဘူးလား"

"မကျပါဘူး ဒါတွေအားလုံး ရှင်ဖန်တီးခဲ့တာပဲ မဟုတ် လား"

"ဘာပဲပြောပြော ခွင့်ပြုသည်ဖြစ်စေ ခွင့်မပြုသည်ဖြစ် စေ ယူနဲ့အိုင်က လင်မယားပဲ ယူ့အနားမှာပဲ အိုင်နေမယ်"

အိုးရွှဲ့ကို စလောင်းရွှဲ့နှင့် ဖုံးချင်တတ်ကြသည်မှာ လူ့ သဘာဝဖြစ်သည်။ ခွန်ညီ ခင်ကင်းစင်ဘေး ခုတင်စွန်းတွင် ဝင် ထိုင်လိုက်သည်။

"ရှင်ထွက်သွား ရှင့်ကို လက်မခံနိုင်ဘူး"

"အိုင် ယူ့ဆီက ဘာမှမတောင်းဆိုဘူးလို့ ပြောထားပြီး ပြီလေ ဒါကြောင့် မကျေနပ်တာလား"

ခင်ကင်းစင် ကုတင်ပေါ်က ဆင်းလိုက်ဟန် ပြင်လိုက် သည်။ ခွန်ညီက လက်မောင်းကို လှမ်းဆွဲကာ တားဆီးလိုက် သည်။

"နေပါဦး မိန်းမရဲ့ မိန်းမဗိုက်ထဲက မောင့်ရင်သွေး လေး ဘယ်အခြေအနေရောက်ပြီလဲလို့ မောင် စမ်းသပ်ပါရစေ ဦး"

"ဘာမောင်လဲ ကျွန်မတစ်သက် မောင်ရှိလာမှာ မဟုတ် ဘူး သူများတွန်းအားပေးမှ မိန်းမနားကပ်လာတာမျိုး မလိုချင် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ဆောင့်ရုန်းကာ လျင်မြန်စွာ ထွက်သွားသည်။

ခွန်ညီ အံ့ဩကာ ကျန်ရစ်ခဲ့သည်။ သူ့ကိုဘယ်သူမှတွန်းအားမပေးပါ။ ခရမ်းစွဲနှင့်မသက်ာမှုက မိန်းမရင်မှာ စွဲထင်နေတုန်းထင်ပါသည်။

သက်ပြင်းချကာ ခေါင်းခါရမ်းလိုက်သည်။

ပြီးတော့. . အိပ်ခန်းထဲမှ လေးလံသော ခြေလှမ်းဖြင့် ထွက်ခဲ့သည်။ အိမ်သားများကိုပင် မျက်နှာပူမိသည်။ အကပ်မခံသော မိန်းမအနား အတင်းလိုက်ကပ်နေသော ယောကျ်ားအဖြစ် ရှက်ဖွယ်ကောင်းနေပြီလား။ ဒီလိုဖြစ်အောင် သူကိုယ်တိုင်ဖန်တီးတာဟု မိန်းမလုပ်သူက စွပ်စွဲသွားလေပြီ။

စာကြည့်ခန်းသို့ ပြန်ဝင်ခဲ့သည်။ တိုးတိုး ရှိမနေ၊ တော်သေးသည်၊ ယခုအချိန်မှာ ဘယ်သူကိုမှ မတွေ့ချင်။

ပါးပါးအပေါ် စွဲလန်းမှုတို့သည်လည်း တကယ်တန်းဆုံးဆည်ခွင့်ရချိန်၌ ပျက်ပြယ်သွားလေပြီ။ သူ လက်ရှိအနေအထားအရ ဦးစားအပေးသင့်ဆုံးမှာ သူ၏မျိုးဆက်သစ်ကို မွေးဖွားပေးမည့် သူ့မိန်းမကလွဲလျှင် ဘယ်မိန်းမကိုမှ နေရာမပေးသင့်တော့ဟု သူထင်မြင်ယူဆမိသည်။ ထို့ကြောင့် မိန်းမအတွက်အချိန်ပေးသည်။ မိန်းမကလက်မခံ။

သူ ဘာဆက်လုပ်သင့်သနည်း။ မြန်မာပြည်၌ သူ့အနေနှင့် ရင်းရင်းနှီးနှီး ရင်ဖွင့်ရလောက်အောင် ရင်းနှီးချစ်ကျွမ်းဝင်သော သူငယ်ချင်းရယ်လို့ ပါးပါးပဲရှိသည်။ ပါးပါး၏ ဂုဏ်သိက္ခာကို ငဲ့ညှာထောက်ထားပြီး. . သူ ဆက်သွယ်ခြင်းကို ရပ်ဆိုင်းခဲ့





သည်။

ယခုတော့. . .

သူ ဖုန်းခလုတ်ကို ဖွင့်ပြီး ပါးပါး၏ ဖုန်းနံပါတ်များကို နှိပ်လိုက်သည်။

"အမိန့်ရှိပါ"

"ပါးပါး. ."

"ဟင်. . နင် ကလည်းဟာ ငါ့ဆီ ဖုန်းမဆက်ပါနဲ့လို့ ပြောထားရဲ့သားနဲ့"

"ငါ့ရင်ထဲမှာ မွန်းကြပ်နေလို့ပါ ပါးပါးရာ၊ ငါ့မှာ ရင်းရင်းနှီးနှီးတိုင်ပင်စရာ ရင်ဖွင့်စရာ ငယ်ပေါင်းဆိုလို့ နင်ပဲရှိတာ ငါတိုင်ပင်ပါရစေဟာ"

သူ့ကိုယ်သူ သနားစရာသတ္တဝါတစ်ကောင် ဖြစ်နေမှန်း ယခုမှပင် သိတော့သည်။

"ကဲ ဘာလဲပြော မယ်ကင်းက ဘာတွေ ဘုတောလိုက်ပြန်ပြီလဲ"

"ရှက်လည်းရှက်တယ် နင့်ကိုတော့ မရှက်တော့ပါဘူး၊ ငါတစ်သက်မှာ မိန်းမတစ်ယောက်ကို အောက်ကျနောက်ကျခယရလိမ့်မယ်လို့ ငါတစ်ခါမှ မတွေးခဲ့ဖူးဘူး"

"ငါ့ကို မရှက်တမ်းပြောပြပါလား ဂျူနီယာ၊ ဒါမှ နင်ခံစားရတာတွေ လျော့ပါးသွားမှာပေါ့"

"ဟုတ်ပါတယ် ဒါကြောင့် ဆက်လိုက်တာပါ၊ နင်တသူ့ ကွယ်ရာမှ မဆက်သွယ်ဖို့ ကတိတောင်းထားပေမယ့် ငါ့ကိုခွင့်လွှတ်ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်ပါတယ် ပြောစမ်းပါ"

"မိန်းမတွေရဲ့ နှလုံးသားကို အထိမှန်စေဆုံး လက်နက်က ဘာလက်နက်လည်းဆိုတာ ငါသိချင်တယ်"

"ငါ့နှလုံးသားကို ထိမှန်အောင်လုပ်နိုင်တဲ့ ယောကျ်ား မရှိသေးတော့ ပြောရခက်သားပဲ၊ ဒါပေမဲ့ ငါစာတွေ့အရ မိတ်ဆွေလူနာတွေဆီကရတဲ့ ဗဟုသုတ အရတော့ ငါသိထားတာ ရှိတယ်"

ခွန်ညီအားတက်သွားသည်။

"ဟုတ်လား ဘာလဲ ပြောစမ်းပါဦး"

"အင်း သနားဂရုဏာလက်နက်တဲ့"

"သနားဂရုဏာလက်နက်ဟုတ်လား"

"ဟုတ်တယ် သနားဂရုဏာလက်နက်ပဲ နင် သူသနားလာအောင်လုပ်ရမယ်"

"ငါက သူ့ကို အသနားခံရမယ် သနားလာအောင်လုပ်ရမယ်. . အောက်ကျခံရမယ်ပေါ့"

ခွန်ညီ စိတ်ပျက်သွားသည်။ လူ့ဘဝ သက်တမ်းတစ်လျှောက်လုံး ပြည့်စုံခြင်း၊ အောင်မြင်ခြင်း၊ ထိပ်တန်းရောက်ခြင်းများနှင့်သာ တောက်လျှောက်ကြုံတွေ့ခဲ့ရသည်ဖြစ်ရာ အသနားခံခြင်းအမှုကို ပြုလုပ်ရမည်ဟု တစ်ခါမှမတွေးခဲ့. . .

"သူ သနားလာအောင် ငါက ဘယ်လိုလုပ်ရမှာလဲ"

"သူ့အလိုတွေကို အကုန်လိုက်လျောပေးရမယ်"

"ပေးနေတာပဲ"

"သူဘာပဲပြောပြော နင်ငုံ့ခံရမယ်"





"မဟုတ်တာတွေကောပဲလား"

"ဒါပေါ့"

"ဒါတော့ မဖြစ်နိုင်ဘူး၊ သူမဟုတ်တာပြောတာကို ငါ လက်မခံနိုင်ဘူး"

"မဟုတ်တာပြောရင် ဟုတ်တာပြောအောင် လမ်းညွှန်ပေးပေါ့. . နင်က သူ့ယောကျ်ားပဲ၊ နင်နဲ့သူဟာ အရင်းနှီးဆုံး သူနှစ်ယောက်ပဲလေ မာနမထားနဲ့ပေါ့"

"ငါ မာနထားနေတယ်လို့ နင်ထင်လို့လား"

"နင့်ရဲ့ခပ်ကြောင်ကြောင်အတွေးနဲ့ အပြောတွေကြောင့် ဒီလိုဖြစ်လာတာလို့ ငါထင်တာပဲ"

"ငါ သူ့ကို အနိုင်ယူချင်ခဲ့တာမှန်ပါတယ်၊ တကယ်တန်း ကျတော့ လွတ်လွတ်လပ်လပ်နေချင်သေးတဲ့ဆန္ဒကြောင့် ပြောခဲ့တာလည်း ငါဝန်ခံပါတယ်၊ ဒါပေမယ့် ငါ့ရင်သွေးနဲ့ မိခင်ကို စောင့်ရှောက်ပေးချင်တယ်၊ တစ်စုံတစ်ခု ဖြစ်သွားမှာကို ငါ ခံစားချင်မှာ မဟုတ်ဘူး"

"အဲဒါကိုက သံယောဇဉ်ပဲပေါ့"

"သံယောဇဉ်ဟုတ်မှာပါ သူ့အပေါ် သူ့အပေါ်စိုးရိမ်တယ် အလျှော့ပေးချင်လာတယ်"

"အဲဒါ အချစ်"

"ဟုတ်ရဲ့လား ငါ သူ့ကို တကယ်ချစ်နေပြီလား"

"ငါမေးမယ်နော် နင် ငါ့ကို လက်ထပ်ချင်တဲ့ဆန္ဒ ရှိသေးလား"

ခွန်ညီ အနေခက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါဘယ်လိုပြောရမှန်းတောင် မသိတော့ဘူးဟာ"

"သူက ကွာပေးမယ်ဆိုရင် နင် ငါ့ကို လက်ထပ်မှာလား"

ခရမ်းစွဲက သွေးတိုးစမ်းလိုက်သည်။ ခွန်ညီ ဦးနှော ခြောက်ရပြီ။

"မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ့သားသမီးဟာ အဲဒီအိမ်ကြားက ပြဿနာရှိတဲ့ လေးအဖြစ် မခံနိုင်ဘူး"

"နင် မဆိုးပါဘူး၊ မမြင်ရသေးတဲ့ သားသမီးအပေါ် ချစ်တတ်သားပဲ၊ ဒါဆိုရင် နင် သူ့ကိုချစ်ကြောင်း ဖွင့်ပြော ချဉ်းကပ်ပါလား"

ခွန်ညီက သဘောကျစွာ ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ"

"ခုချိန်မှပြောရင် ငါ ငပေါကြီးဖြစ်သွားပြီး သူ့ရဲ့လှော ပြောင်ဟားတိုက်ခြင်းကို ငါ ခံလိုက်ရမှာပေါ့"

"အချစ်မှာ မာနမရှိရင် နင် ခံနိုင်ရည်ရှိရမှာပေါ့"

ခွန်ညီ ခေါင်းကို ယောင်၍ယမ်းလိုက်မိသည်။ မိန်းမ ပတ်သက်လျှင် ကင်းရှင်းပြီး ရည်မှန်းချက်ကြီးမားသောသူ တွက် ထိုကိစ္စမျိုးသည် မဖြစ်နိုင်ပါ။

"ငါ တတ်နိုင်သမျှတော့ ကြိုးစားပါ့မယ်. ."

"နင့်ကိုငါ တစ်ခုသတိပေးချင်တယ်"

"ဘာလဲ. ."

"နင် စိတ်မဆိုးနဲ့နော်"





"နင်နဲ့ငါဟာ ငယ်ပေါင်းပဲ နင်ပြောသမျှ လုပ်သမျှဟာ အတွက် အဆိုးဆိုတာ ရှိမှာမဟုတ်ဘူး"

"ဟုတ်တယ် ငါသတိပေးချင်တာက သူဘယ်လိုနည်းနဲ့ ကွာရှင်းခွင့်တောင်းတောင်း နင် ကွာမပေးပါနဲ့"

ခွန်ညီ စိတ်ထဲ နာကြင်သွားသည်။ မိန်းမက သူ့အပေါ် ာရှင်းချင်လောက်အောင် နာကျည်းမုန်းတီးနေပြီလား။

"ဂျူနီယာ"

"ဘာလဲ"

"ငါပြောတာ ကြားရဲ့လား"

"အင်း. ."

"နောက်တစ်ခု ပြောချင်သေးတယ်"

"ပြော"

"မတိုးတိုးနဲ့ ကင်းအောင်နေနော်"

"ဘာဖြစ်လို့လဲ. . နင် ငါ့ကိုအထင်သေးတာလား မိန်းမ ာချောလှလှမြင်တိုင်း စိတ်ဝင်စားတတ်တဲ့ ယောက်ျားထဲမှာ ပါမယ်ထင်လို့လား"

"မဟုတ်ပါဘူး ပညာရှိသတိဖြစ်ခဲ့ဆိုသလိုဖြစ်မှာ စိုးလို့ မယ်ကင်းက နင့်ကို ထောင်ချောက်ဆင်တာလားလို့ ငါထင် ပါ၊ မယ်ကင်းက သိပ်အငြိုးကြီးတယ်နော်"

"နင် သတိပေးတဲ့တွက် ကျေးဇူးပဲ ငါသတိထားပါ့မယ်"

"ဒါပဲလား ငါအိပ်တော့မယ်"

"အေးအေး ငါ့ရင်ထဲက ဝေဒနာတွေ တစ်ဝက်လောက် ာ့လျော့သွားပြီ၊ ကျေးဇူးပဲ ပါးပါး ဂွတ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ညီ ဖုန်းခလုတ်ကိုပိတ်လိုက်ပြီး ဖုန်းပါပိတ်ထားဟ
ပြင်ပြီးမှ ဆေးရုံကဆက်သွယ်လျှင်ဟူသော အသိက ဝင်လာ
သည်နှင့် စက်ကိုဖွင့်ထားလိုက်သည်။ စာဖတ်ချင်သောအ
လည်း မရှိတော့သဖြင့် အိပ်ခန်းသို့ ဝင်ခဲ့သည်။ မိန်းမအိပ်ခန်း
လှမ်းကြည့်လိုက်သေးသည် ပိတ်ထားသောတံခါးကို အသာလှ
မြင်တွေ့လိုက်ရသည်။

မတိုးတိုးရှိနေသဖြင့် မိန်းမအတွက် စိတ်ချလက်ချ
လေသည်။ ပါးပါးအပေါ် စွဲလန်းစိတ်တို့သည် ပြန်လည် ဆုံ
ပြီးနောက် မဖြစ်နိုင်တော့ဘူးဟု သိလိုက်ရပြီးသည့်နောက်. .
ပျောက်ကွယ်သွားလေပြီ။

တိုးတိုးသည် လှသည် ချောသည်။ ယောကျ်ားတစ်ဦး
ရင်ကို လှုပ်ခါစေနိုင်စွမ်းရှိသည့် မိန်းမတစ်ယောက် ဖြစ်သည်
သူ ဝန်ခံနိုင်ပါသည်။ သို့သော် သူ၏ဂုဏ်သိက္ခာကိုတော့ ရိုက်ချိ
နိုင်စွမ်း မရှိပါ။

မိန်းမက သူ့ကိုယ်စားဟူသော အကြောင်းပြချက်ဖြ
တိုးတိုးအား မိမိကို ပြုစုခိုင်းသည်။ မသာယာပါ။ မိန်းမ၏ အဖျ
ကို သိထားပြီး သတိကြီးစွာဖြင့် မိမိဘက်မှ အမှားထပ်မံမဖြ
ပွားစေရန် ရှောင်ရှားနေလိုက်သည်။

စိတ်ထဲမှ နှုန်းကျပ်ကာ ခက်ခဲပင်ပန်းလေစွတကား။

"မိန်းမရယ်. . အိုင့်ဘဝမှာ ယူတစ်ယောက်တည်းပဲ
တော့တယ်၊ ယူ အိုင့်ကို နားလည်ခွင့်လွှတ်ပေးနိုင်ရင် ကော
မယ်"

ခွန်ညီ တီးတိုးရေရွတ်လိုက်မိသည်။





ခွန်ညီ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။


စာမေးပွဲ သွားမဖြေတော့ဘူး. . မိန်းမ မီးဖွားခြင်းကိုပဲ
စောင့်ပြီး နောက်နှစ်သို့ ရွှေ့ပြောင်းလိုက်တော့မည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၆]

"မတိုးတိုး ကျွန်တော့်ဝေယျာဝစ္စကို ခင်ဗျား ဘာ
လုပ်ပေးစရာ မလိုပါဘူး၊ ခင်ဗျားတာဝန်က ခင်ဗျားညီမ
စောင့်ရှောက်ဖို့ပါပဲ"

သူ ဆေးရုံကပြန်အလာတွင် သူ့အတက်ချိကော့စ
လာရောက်ဆွဲပေးသော တိုးတိုးကို အလိုမကျစွာ သူပြောလို
မိသည်။

ခင်ကင်းစင်က မာလကားသီး စားနေရာမှ သူ့အ





လှမ်းကြည့်သည်။ ခွန်ညီ စိုးရိမ်ပူပန်သွားသည်။

"ဟင် မာလကားသီး စားနေတယ် အစေ့တွေဟာ အူ
အတက်ထဲ ဝင်သွားရင် ခွဲရစိတ်ရတဲ့အထိ ဖြစ်သွားမယ်ဆိုတာ
သူ မသိဘူးလား"

"တစ်သက်လုံး စားနေကျပဲ"

"ပေးစမ်းပါ မတိုးတိုး အစေ့ထုတ်ပေးပြီး အသား ပိုင်း
လေးတွေပဲ လုပ်ပေးလိုက်ပါ"

ခင်ကင်းစင်လက်ထဲမှ မာလကာသီးကို လုယူပြီး တိုးတိုး
ကို လှမ်းပေးလိုက်သည်။

"မစားတော့ဘူး မတိုးတိုး မလုပ်နဲ့တော့၊ သူ ထမင်းစား
မယ်ဆိုရင်သာ ပြင်ကျွေးလိုက်တော့"

"မလိုဘူး မတိုးတိုး အန်ကယ်သော် လုပ်ပေးလိမ့်မယ်
သူကော စားပြီးပြီလား"

"ပြီးပြီ"

ခင်ကင်းစင် သူ့အနီးမှ ထွက်သွားဟန် ပြင်လိုက်သည်။
ခွန်ညီကလျင်မြန်စွာ လက်မောင်းကိုလှမ်းဆွဲလိုက်သည်။ နောက်
လမ်းမောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ ဆိုဖာပေါ်၌ ပြန်ထိုင်စေ
သည်။

"ကျွန်မကို အဓမ္မ မလုပ်နဲ့ မကြိုက်ဘူး"

"ယူက အဲဒီလို မတားဆီးလို့မှ မရဘဲ၊ အိုင်ပြောစရာ
ရှိလို့"

ခင်ကင်းစင်က ခွန်ညီကို မကျေမနပ် မော့ကြည့်လိုက်
သည်။ ယောက်ျားသည် သူ့ကတိအတိုင်း ရုံးချိန်ပဲ ဆေးရုံသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်မှာပဲ နေသည်။ သူ့အား အရိပ်တကြည့်ကြည့် လုပ်နေ
သည်။ ပြောင်းလဲမှုကို ခင်ကင်းစင် သတိပြုမိသော်လည်း နာ
ကျည်းမှုက လွင့်ပြယ်မသွားနိုင်သေး။

မိန်းမတစ်ယောက်လုံး ကိုယ်ဝန်ရှိခြင်းကို ငါးလတိုင်
တိုင် မသိရလောက်အောင် ဥပေက္ခာပြုနိုင်ခဲ့သော ယောကျ်ား
မိန်းမယူပြီးသည့်တိုင် ငယ်ကျွမ်းလောက် ဘယ်မိန်းမကိုမှ မ
လန်းဘူး၊ နေရာမပေးနိုင်ဘူးဟူသော ယောကျ်ားကို လှလှပ
ပညာပေးရမည်။

"ယူ့ အိုင့်ကို မျက်လုံးစိမ်းနဲ့ မကြည့်ပါနဲ့"

"ကြည်သင့်လို့ ကြည့်တာပဲ"

"ထားပါတော့လေ၊ ယူ့ကို အိုင်ပြောချင်တာက အိုင်
ဒီနှစ် စာမေးပွဲမဖြေတော့ဘူး"

"ဖြေလို့အောင်မှာမှ မဟုတ်တာ၊ ငယ်ကျွမ်းနဲ့ ကိုယ်ဝန်
ရှိတဲ့ တရားဝင်လက်ထပ်ထားသော မယားနဲ့ နှစ်ယောက်ကြား
ဗျာများနေတဲ့ ရှင် ဖြေလည်း အောင်မှာမှ မဟုတ်တာ"

"မိန်းမကလည်းကွာ ပါးပါးနဲ့ပတ်သက်တဲ့ အစွဲအလန်း
အိုင့်မှာ မရှိတော့ဘူး"

"စွဲလန်းခြင်းဆိုတာ တဒင်္ဂတွင်းမှာ ပျောက်ကွယ်သွား
တတ်တယ်တဲ့လား၊ ကျွတ်. . ကျွတ်. . သိပ်အံ့သြစရာပဲ"

ခင်ကင်းစင်၏ ပင်ကိုယ်စရိုက် ပေါ်လာသည်။ အနိုင်
ယူလိုသော မိန်းမပေပဲ။

"အံ့သြလည်း မတတ်နိုင်ဘူး၊ ယူ့ကို အိုင်ကိုယ်တိုင် မွေး
ပေးမယ်"





"မယုံကြည်ဘူး"

"ဘာ"

"ယူ့ကို မယုံကြည်ဘူး၊ ခရမ်းကိုလည်း မယုံကြည်ဘူး၊
ဒါပေမယ့် ဒေါ်လှလှကိုတော့ ယုံကြည်တယ်၊ ဘယ်မိဘမဆို
အိမ်ထောင်ရှိသော ယောကျ်ား၊ အိမ်ထောင်ပျက် ယောကျ်ားနဲ့
ကိုယ့်သမီးကို သဘောတူမှာမဟုတ်တဲ့အတွက်ကြောင့်ပဲ"

ခွန်ညီ အံ့သြလွန်းသဖြင့် ခင်ကင်းစင်ကို ငေးကြည့်
လျက်သားဖြစ်သွားသည်။

အပြုံးအတေးကြီးလှချည်လား။ စုဠသုဘဒ္ဒါလို မိန်းမမျိုး
ပေလား။

"ရှင့်ဂုဏ်သိက္ခာအတွက် ကျွန်မ ရှင့်ဆေးရုံမှာပဲ မွေးဖွား
ဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ အန်တီကလည်း အဲဒီမှာပဲ လိုက်မွေး
ပေးမယ်"

"ခွဲမွေးမှာလား"

"မမွေးဘူး မိခင်တစ်ယောက် ရင်ဆိုင်ရမယ့် အခက်ခဲ
တွေကို ရင်ဆိုင်ပြီး မွေးဖွားမယ်၊ ဒါမှ သားသမီးတွေကို ဘယ်လို
မွေးဖွားပေးခဲ့တယ်ဆိုတဲ့အကြောင်း ပြောပြနိုင်မယ် မိခင်ရဲ့
မေတ္တာကို သူတို့နားလည်စေရမယ်"

"ယူ့ရဲ့ အိပ်ယာဝင်ပုံပြင်မှာ အိုင်ဟာ ဖခင်မပီသတဲ့
ဗီလိန်တစ်ယောက်အနေနဲ့ ထည့်သွင်းမယ့် သဘောပေါ့"

"လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးကြတာပဲလေ၊ ရှင်း
ပုံပြင် ရှင် ဖန်တီးတာပဲပေါ့"

"ကောင်းပြီလေ ယူ စိတ်ချမ်းသာသလို လုပ်ပါ။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ပတ်ဝန်းကျင်ဆိုတာ ရှိပါသေးတယ်။ ယူ ဘာတွေပဲ ပြော
နေပြောနေ အချိန်တန်ရင် သွေးကတော့ စကားပြောမှာပဲ"

"မပြောစေရဘူး"

"သဘာဝကို လွန်ဆန်လို့ ရမယ်တဲ့လား၊ ကဲ့ပါ ယူ့
အိုင် စကားနိုင်မလုချင်ဘူး။ ယူ့အပေါ် အိုင်ပြောမှားဆိုမှား
တာတွေကို အိုင် တောင်းပန်ပါတယ်။ ယူ့ကို အိုင် အရှုံးပေး
တယ်"

"မပေးပါနဲ့ဦး ခုချိန်မှာ ရှင် အရှုံးပေးလည်း အလကား
ပဲ၊ ရှင့်ဆီက ကျွန်မ ဘာတစ်ခုမှ မတောင်းဆိုသေးဘူး"

"ယူ ဘာလိုချင်သလဲ ဘာတောင်းဆိုချင်သလဲ"

"အချိန်တန်တော့ သိရမှာပေါ့"

"ဘယ်အချိန်အထိ စောင့်ဆိုင်းနေရမှာလဲ"

"မပြောနိုင်ဘူး. . ယူ ထမင်းသွားစားတော့လေ၊ မတိုး
တိုး ပြင်ပြီးရောပေါ့"

"အန်ကယ်သော်နဲ့ အန်တီစော ရှိတယ်လေ၊ ကောင်
လေးလည်းရှိတာပဲ မတိုးတိုးဟာ ယူ့ကိုစောင့်ရှောက်ဖို့ သ
သက်ပဲလေ"

"အဟင်းဟင်း အန်တီစောတို့ ပြုစုတာထက်ကို မမတိုး
လှလှပပလေးပြုစုတော့ ရှင် မကျေနပ်ဖူးလား၊ ကျွန်မကိုတော
ကျေးဇူးတင်သင့်သေးတာ"

"တော်ကွာ ယူ မရိုင်းစိုင်းနဲ့၊ အိုင့်ဘဝမှာ စွဲလန်းဖူးတဲ့
မိန်းမတစ်ယောက်ရှိခဲ့တာကလွဲလို့ ဘယ်မိန်းမကိုမှ စိတ်မဝင်စား
တော့ဘူး၊ ခု အိုင် စိတ်ဝင်စားနေတာ ယူနဲ့အိုင့်ရင်သွေးပဲ ဒါ





ယူ အိုင့်ကို သိပ်စိမ်ခေါ်မနေနဲ့ အိုင့်ရင်သွေးကြောင့် ယူ့ကို အရှုံး
ပေးနေတယ်ဆိုတာတော့ ယူ ခေါင်းထဲမှတ်ထားလိုက်ပါ"

ခင်ကင်းစင် မရယ်ချင့်ရယ်ချင် ရယ်ပြီး သူ့ဗိုက်ကလေး
ကို ငုံ့ကြည့်ကာ လက်တစ်ဖက်နှင့် အသာအယာပွတ်ရင်း. . .

"ကျေးဇူးကမ္ဘာပါပဲ မေ့ကလေးလေးရေ၊ မေ့အတွက်
မင်းဟာ အကောင်းဆုံးသော ဒိုင်းသဖွယ်ပါပဲ၊ နောက်လည်း
မေ့အတွက်ပဲ ဖြစ်စေရမယ်နော်"

အသည်းယားစရာကောင်းလောက်သော စကားများနှင့်
အပြုအမူများကို ခွန်ညီ ကျောခိုင်းကာ အပေါ်ထပ်သို့ တက်ခဲ့
လေသည်။

"ဆရာ ထမင်း"

"ရေချိုးပြီးမှ ဆင်းလာခဲ့မယ်"

မတိုးတိုးက လှမ်းခေါ်လိုက်သည်ကို လှည့်မကြည့်ဘဲ
ပြောလိုက်လေသည်။

ဦးသော်နှင့် ဒေါ်စောတို့ ဘယ်နိုင်းထားပါလိမ့်။ ခက်
သည် ခင်ကင်းစင်ဆိုသော မိန်းမ၏ စိတ်ထားသည် ဖြောင့်မတ်
ခြင်း မရှိသည်မှာ သေချာသည်။ ဒီလိုမိန်းမမျိုးကို သူ ချစ်မြတ်နိုး
နိုင်ပါ့မလား။ ရင်သွေးအတွက် ဘဝတစ်ခုလုံးကို ပုံအပ်လိုက်ရ
တော့မလား။ ခွန်ညီအတွက် တွေးစရာတွေဖြစ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၅]

ခွန်ညီ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်ပြီး လုပ်ဆောင်သင့်သည်ကို အားမနာတမ်း လုပ်ဆောင်လိုက်သည်။

"မမတိုးရေ"

ဟော မိန်းမ နိုးလာပြီ။ ခွန်ညီ အပေါ်ထပ်သို့ ကမန်းကတန်း ပြေးတက်လိုက်သည်။

"လာပြီ မိန်းမရေ"

လှေကားထိပ်ရောက်နေသော ခင်ကင်းစင်က သူ့ကိုမြင်





သည်နှင့် . . .

"ရှင့်ကို မခေါ်ဘူး . . မမတိုးကို ခေါ်တာ"

"အိုင် သိတယ်၊ မတိုးတိုး မရှိတော့ဘူး၊ အိုင် ပြန်လွှတ်လိုက်ပြီ"

"ဘာ . . ဘာပြောတယ်"

ခွန်ညီက မဖြေသေးဘဲ မိန်းမလက်ကို တွဲသည်။ မိန်းမက လက်မခံ ပုတ်ထုတ်သည်။

"လှေကားက သိပ်မြင့်တယ်၊ မိန်းမကို အောက်ထပ်မှာပဲ ရွှေ့ထားတော့မယ်"

"ရှင် ဘာသဘောလည်း . . မမတိုးကို ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရတာလဲ"

"ညက ဖုန်းလာတယ်၊ သူ့မိခင် တော်တော်ကလေးဖျားနေတယ်ဆိုလို့ အဲ့ဒါ ဒရိုင်ဘာနဲ့ ညတွင်းချင်းပဲ ပို့ပေးလိုက်တယ်၊ ဆေးရုံတွေဘာတွေ တင်ပေးပြီးမှ ပြန်လာဖို့လဲ ဒရိုင်ဘာကို အိုင်မှာလိုက်တယ်"

"ကျွန်မ မယုံဘူး"

"ဘာကိုလည်းကွာ . . ကဲ ဖြေးဖြေးဆင်းပါ"

လှေကားအဆင်းကို ခွန်ညီက ယုဉ်တွဲကာ လိုက်ပါခဲ့သည်။

ခင်ကင်းစင် သတိထားပါသည်။ ရင်သွေးကို အထိခိုက်မခံနိုင်ပါ။ သူ၏အနိုင်ပွဲကို အများဆုံးအားဖြည့်နေသူမှာ ရင်သွေးပဲဖြစ်သည်။

"ရှင် သက်သက် မမတိုးကို ပြန်လွှတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ပြန်လွှတ်ရမှာလဲ"

"ကျွန်မနား ကပ်ချင်လို့"

"အပေါင်းပေါင်း ကပ်ချင်တာ ယူနဲ့အတူနေချင် အိပ်ချင်လို့ မဟုတ်ဘူး၊ ယူနဲ့ ရင်သွေးကို စောင့်ရှောက်ပေးချင်တဲ့ စိတ်ရှိတယ် သိလား"

ခွန်ညီက နှစ်ကိုယ်ကြား အသံနှိမ့်ပြောလိုက်သည်။

ခင်ကင်းစင် မျက်နှာရဲသွားသည်။

"မတိုးတိုးက ယူ့ကို မနိုးရက်လို့ စာရေးပေးသွားတယ်"

"ဘယ်မှာလဲ"

"အန်တီစောဆီမှာ"

"ညတွင်းကြီး ဒရိုင်ဘာနဲ့ နှစ်ယောက်ထဲ လွှတ်ရသလား"

"ဒရိုင်ဘာမယားကိုပါ အဖော်ထည့်ပေးလိုက်ပါတယ် ခင်ဗျာ"

ခွန်ညီ၏လုပ်ဆောင်ချက် မှန်ကန်နိုင်သည်။ ဘာပဲဖြစ်ဖြစ် လင်မယားကြား၌ ကြားလူမရှိသင့်။

အောက်ထပ် ထမင်းစားခန်းအရောက်၌ ဒေါ်စောက တိုးတိုးရေးပေးသွားသောစာကို ပေးလိုက်သည်။

ညီမလေး

မောင်လေးဆီက အမေ ရောဂါပြန်ထနေတယ်လို့ ဖုန်းဆက်လာလို့ မမတိုး ဆရာစီစဉ်ပေးတဲ့အတိုင်း ပြန်သွားပါတယ်။ ညီမလေး နေကောင်းအောင်နေပါ။ ဆရာက ညီမလေးကို ချစ်တယ်။ ဂရုစိုက်မှာပါ။ အမေ နေကောင်းရင် ပြန်လာခဲ့မယ်။





မမတိုး

စာအဆုံး၌ ခင်ကင်းစင် မဲ့လိုက်သည်။

ဆရာက ညီမလေးကို ချစ်ပါတယ်တဲ့လား။ ဟွန်း . . ချစ်ပါလိမ့်မယ် အားကြီးကြီးဟု ရင်တွင်း မဲ့ရွဲ့လိုက်မိသည်။

"ကိုင်း အိုဗာတင်း သောက်လိုက်နော်"

"မသောက်ချင်ဘူး ကော်ဖီပဲ"

"ကော်ဖီ သိပ်မသောက်နဲ့ကွာ ယူ နှလုံးအားနည်းနေတယ်"

"မရဘူး"

"ယူ့ရင်သွေးကိုချစ်ရင် ယူ ဆင်ခြင်သင့်တယ်၊ အိုင် ဖျော်ပေးထားတယ် သောက်လိုက်ပါ ရေအမှတ်နဲ့မုန့်၊ ပူတင်း စားလိုက်ဦး"

"အုန်းနို့ခေါက်ဆွဲ မှာထားတယ်လေ"

"ယူ ပရက်ရှာ နည်းနည်းတက်နေတယ်၊ ဒါကြောင့် . . အိုင် မကျွေးတာ ပေါင်မုန့်လေးပဲ အသားညှပ်နဲ့ စားလိုက်ပါကွာ"

ခင်ကင်းစင်ကို သူကိုယ်တိုင် မကြပ်မတ်၍ မရတော့။ တိုးတိုးကလည်း လက်မြှောက်ပြီ။ တိုးတိုး၊ ဦးသော်၊ ဒေါ်စောနှင့် သူ ခေါင်းချင်းရိုက်ပြီး စီစဉ်လိုက်သော လံကြုတ်ဇာတ်လမ်းအရ တိုးတိုး ပြန်သွားလေပြီ။

ခင်ကင်းစင်က တဇွတ်ထိုးနိုင်သည်။ ဒေါ်လှလှက သူ့အား သတိပေးသည်။ သွေးတိုးရှိနေပြီ၊ အစားအသောက် ဆောင်ခြင်၍မရဟု ဆိုလာသဖြင့် သူကိုယ်တိုင် အမြဲစူခံကာ ပြုစုစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် တိုးတိုးကိုပါ အကူအညီတောင်းကာ ဖယ်ရှားပေးစေသည်။

"မစားချင်ဘူး"

"မိခင်ဆိုတာ ကိုယ့်သဘောကိုယ်ဆောင်လို့ မရဘူး မိန်းမရယ်၊ ရင်သွေးအတွက် အစစအရာရာ ဆင်ခြင်ရတယ်၊ ယူ ပရက်ရှာ ပြန်ကျသွားရင် အိုင်ကိုယ်တိုင် အန်ဇီစောကို ချက်ခိုင်းမယ်၊ ကိုယ်ဝန်ဆောင်လက်စွဲစာအုပ်တွေ ဘာတွေ မဖတ်ဘူးလား"

"မဖတ်ဘူး"

ခင်ကင်းစင် မငြင်းသာသည့်အဆုံ ပြင်ဆင်ပေးသမျှကို မစားချင်စားချင်နှင့် စားသောက်နေသည်။

ခွန်ညီက ကျေနပ်စွာပြုံးရင်း သူပါ အတူစားသောက်သည်။

"ဘာဖြစ်လို့ မဖတ်တာလဲကွာ ဖတ်ရမယ်၊ ဂျာနယ်တွေတော့ ဖတ်နေပြီတော့"

"ဂျာနယ်က စီးပွားရေးဈေးကွက် အခြေအနေ သိချင်လို့ ရှင်ပြောတဲ့စာအုပ်ကိုတော့ စိတ်မဝင်စားလို့"

"မိခင်လောင်းအနေနဲ့ သိသင့်သိထိုက်တာတွေ၊ ဆောင်ရန်ရှောင်ရန်တွေအတွက် ဖတ်သင့်တယ်လေ"

"စိတ်မှ မဝင်စားဘဲ"

"မဝင်စားဘဲ ဘာဖြစ်လို့ ကိုယ်ဝန်ယူရသလဲ"

"ရှင်က မယူဘူးဆိုလို့ တမင်ယူလိုက်တာ"





ခွန်ညီ ကိုယ့်နဖူး ကိုယ်ပြန်ရိုက်မိမတတ် ဖြစ်သွားသည်။ မိန်းမကတော့ လုပ်ချလိုက်ပြန်ပြီ။ သူ့ အရိုက်ကိုထိုးနှက်လိုက်ပြန်ပြီ။

"ယူပြီးရင်လည်း ကောင်းမွန်ချောမောစွာ မွေးဖွားနိုင်ဖို့အတွက် ယူ ဆင်ခြင်ရမယ်၊ အစားအသောက် အနေအထိုင်ကို အပျိုဘဝတုန်းကလို လွတ်လွတ်လပ်လပ် နေလို့မရဘူး"

"ကျွန်မကလေးအတွက် ကျွန်မနားလည်တယ်၊ အကောင်းဆုံးဖြစ်စေရမယ်၊ ရှင် မိချောင်းမင်း ရေခင်းမပြနဲ့၊ ရင်သွေးအတွက် အမေထက် ဘယ်သူမှ ပိုတာဝန်မယူနိုင်ပါဘူး မရှိနိုင်ပါဘူး"

"ကဲ. . စားပြီးရင် နေရောင်ခြည် နည်းနည်းခံရင်း လမ်းလျှောက်ရအောင်"

"ရှင်နဲ့ဆိုရင် မလျှောက်ဘူး"

"ငွမတိုက်ပါနဲ့ကွာ"

"ကိုယ့်ဘာသာကို တစ်ယောက်တည်းပဲ လျှောက်မယ်"

"ချော်လဲသွားမှာ စိုးလို့ပါကွာ"

"အပိုတွေပြောမနေနဲ့၊ ခါတိုင်းလဲ လျှောက်နေကြပဲ"

"ခါတိုင်းနဲ့မတူဘူး၊ အခု ခြောက်လကျော်လာပြီ ချော်လဲလို့ မဖြစ်ဘူး"

ခွန်ညီက. . .

"အန်ကယ်သော် အောက်ထပ်ညွှ်သည်အိပ်ခန်းကို ကျွန်တော်တို့နှစ်ယောက်အတွက် ပြင်ပေးထားပါ"

ခင်ကင်းစင် ဘာမှထပ်မပြောဘဲ အိမ်အပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။ ယခုမှ လာဂရုစိုက်ပြနေလည်း အပိုပဲ၊ အချိန်လွန်သွားပြီ။

တစ်သက်မှာ တစ်လင်ပါပဲ မျက်နှာမပြောင်းချင်ဘူးဟု ဆိုသော်လည်း အချစ်ကို ဖန်တီးယူ၍မရ၊ ပြုပြင်ယူ၍လည်း မရဘဲနှင့်တော့ အိမ်ထောင်နွံထဲ နစ်မွန်းခံရမည်လား။

ခင်ကင်းစင် ကွန်ကရစ်လောင်းထားသောလမ်းကြောင်းအတိုင်း လျှောက်လာရာမှ. . အလှမွေးဂျပန်မြက်ခင်းပေါ်သို့ ပြောင်းလျှောက်လိုက်သည်။

ခွန်ညီက နောက်မှ ကပ်ပါလာသည်။

လိုက်ပါစေ၊ သူ့ချဉ်းကပ်မှုဝယ် သာယာသွားမည့် ပျော့ပြောင်းသွားမည့်သူ မဟုတ်တော့ သူ ဘယ်အတိုင်းအတာအထိ စိတ်ရှည်နိုင်မှာတဲ့လဲ။

ဖုန်းကိုကိုင်ကာ ကောင်မလေး ရောက်လာသည်။

“ဆရာကြီးနဲ့ အရေးတကြီး တွေ့ချင်လို့ပါတဲ့၊ အန်ကယ်သော် ပို့ခိုင်းလိုက်လို့”

ခွန်ညီက ကျွတ်ခနဲ စိတ်ရှုပ်သံပြုလိုက်ပြီး ဖုန်းကို လှမ်းယူလိုက်သည်။

“ဟဲလို ဒေါက်တာခွန်ညီပါ”

ထင်သည့်အတိုင်း ဆေးရုံမှ ဖြစ်နေသည်။ အရေးကြီးသော ခွဲစိတ်မှုအတွက် သူ့အကူအညီ လိုအပ်နေသည်တဲ့။ ဖြစ်ရမယ်။ မိန်းမဆီက အကောင်းမဟုတ်သော်လည်း တုန့်ပြန်မှုရနေမှ. . .

“အေး. . အေး. . အခုပဲ ထွက်လာခဲ့မယ်၊ လိုအပ်တာ





ဆင်သင့်ပြင်ထားကြပါ၊ ဒါပဲ. . ဒါပဲ”

သူဖုန်းကိုယူကာ နောက်ကြောင်းသို့ သုံးလေးလှမ်း မ်းလိုက်ပြီးမှ မိန်းမကို သတိရလိုက်သည်။ ပြန်လှည့်ကာ. .

“မိန်းမရေ အရေးပေါ်နေပြန်ပြီ အိုင် သွားလိုက်ဦးမယ်၊ မအတွက် အိုင် နှာစ်တစ်ယောက် လွှတ်လိုက်မယ်”

“မလိုပါဘူး၊ အရေးကြီးရင် အန်ကယ်သော်တို့ ရှိနေတာ ချပ်တယ် မလွှတ်နဲ့နော်၊ ဒါပဲ ရောက်လာရင် ပြန်လွှတ်လိုက် ်”

ရာဇသံက ပြင်းလှသည်။

“အိုင် မရှိချိန်ကာလလေးတင်ပါ”

“အရှက်ကွဲခံချင်ရင် လွှတ်လိုက်လေ”

ခွန်ညီ ပုခုန်းတွန့်ကာ. . .

“သဘောပဲ သွားမယ်. . ပူအစပ်တွေ မစားနဲ့နော်၊ ရေ ကြာမချိုးနဲ့”

ကားဂိုဒေါင်သို့ တန်းသွားပြီး ကားထုတ်ကာ တန်းထွက် းသည်။ အန်ကယ်သော်က သူ့အိတ်ကို ကားပေါ်တင်ပေး တ်သည်။

ခင်ကင်းစင်က လမ်းလျှောက်မပျက်နေသည့်ကြားက ်မြင်လိုက်ရသည်။ ဆရာဝန်စိတ်ဓာတ်တော့ အပြည့်ရှိပါ း အင်းလေ ဒါကလည်း သူ့ စီးပွားရေးလုပ်ငန်းတစ်ခုပေပဲ တ်လား။ ကြိုးစားရပေမည် နာမည်ယူရပေမည်ပေါ့။

ခင်ကင်းစင် လမ်းကို ခေါက်တုန့်ခေါက်ပြန်လျှောက် း ဆုံးဖြတ်ချက်တို့ကို သေသေချာချာ ချမှတ်ရန်စိတ်ကူးမြင်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ရေးဆွဲလျက် ရှိသည်။ အဘယ်မျှကြာသွားသည် မသိ လိုက်. .

"ဆရာကတော် နေပူနေပြီလေ၊ အိမ်ထဲဝင်ရအောင်"

ဒေါ်စောလာခေါ်မှ နေမြင့်နေကြောင်း သိလိုက်ရ သည်။ ချွေးတောင် အတော်ထွက်နေပြီပဲ။

ခင်ကင်းစင် အိမ်ထဲပြန်ဝင်လိုက်သည်။ ရေတစ်ခွက် အဝသောက်လိုက်ပြီး အပေါ်ထပ်သို့ တက်ရာ. . .

"ဆရာကတော် အောက်ထပ်အိပ်ခန်းပြင်ထားပြီး လေ"

"ကိုယ်ဝန်မရင့်သေးပါဘူး၊ သွားနိုင်လာနိုင်ပါသေး တယ်၊ လရင့်မှ ရွှေ့မယ်၊ သူနဲ့က သိပ်အတိုက်အခံ မလုပ်ချင် မပြောတာ၊ ကျွန်မ ခဏနားဦးမယ်၊ ဖုန်းလာလည်း မှတ်ထား လိုက်ပါ"

"ဟုတ်ကဲ့"

ခင်ကင်းစင် အပေါ်ထပ်သို့ တက်ခဲ့သည်။ အကယ်၍ သာ သူရေချိုးမည့်အကြောင်း ပြောပြခဲ့ပါက အဖြစ်ဆိုးတစ် တို့ ဖြစ်ပွားသွားလိမ့်မည် မဟုတ်ချေ။

ခင်ကင်းစင် အိုက်လာသဖြင့် ရေချိုးရန် ဆုံးဖြတ်၍ ရေချိုးခန်းသို့အဝင် မနေ့စောစောက ကြောင်ဝင်ဆော့၍ ပြု ကျနေသော ဆပ်ပြာခွက်မှ လွင့်စင်နေသော ဆပ်ပြာတုံး တက်နင်းမိကာ လဲကျသတိလစ်သွားသော အနေအထား အောက်ထပ်ဧည့်ခန်း ခင်းကျင်းပြီးမှ

"ဆရာကတော် အိပ်နေသလား တက်ကြည့်လိုက်ဦး





မအိပ်ရင်တော့ မွှန်းမလွဲခင် ရေချိုးပေးဦးမှ" ဟု. . စိတ်တွင်း ရေရွတ်ရင်း တက်လာသော ဒေါ်စောသာ ထိုအချိန်ထက် နောက်ကျခဲ့ပါလျှင် ခင်ကင်းစင်သည်. . .



www.burmeseclassic.com




www.burmeseclassic.com





# အခန်း [၂၈]

ခင်ကင်းစင် အခြေအနေ အရပ်ရပ်ကို သဘောပေါက်လိုက်သည်။ မိမိရည်မှန်းချက်တို့ သဲထဲရေသွန်လိုက်သကဲ့သို့ ဖြစ်သွားလေပြီ။

မျက်ရည်မကျ၊ မျက်တောင်မခတ်ဘဲ တစ်နေရာကို စူးစိုက်ကြည့်ရင်း စိတ်နှင့်ခန္ဓာ ဒွန်တွဲမှုမရှိသော ခင်ကင်းစင်ကို ခွန်ညီက စိတ်ထိခိုက်စွာကြည့်လိုက်ပြီး လက်ဖျားလေးများကို အုပ်မိုးကိုင်ထားလိုက်သည်။ ပိုက်များတန်းလန်းနှင့် ပုလင်းများ



www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းနှင့်ရှိနေသော ခင်ကင်းစင်ကို ယူကျုံးမရစွာကြည့်ရင်း ဖြေသာမှုပေးနိုင်မည့်စကားကို သူ ရွေးချယ်စဉ်းစားနေသည်။

မတိုးတိုးကို လုပ်ကြံဇာတ်နှင့် ပြန်လွှတ်လိုက်ခြင်းက သူ့ရဲ့အမှားလား။

မိခင်၏အသက်ကို . . လက်မတင်လေး ကယ်တင်နိုင်လိုက်သော်လည်း ကိုယ်ဝန်ကတော့ ပျက်စီးသွားခဲ့လေပြီ။

ခွန်ညီ စိတ်ထိခိုက်လွန်းသဖြင့် ရင်ထဲဆို့နင့်နေသည်။ မစားနိုင်မသောက်နိုင်ဖြင့် မိန်းမခွဲခန်းက ထွက်ကတည်းက သူ စောင့်နေခဲ့သည်မှာ ကြာလေပြီ။ သတိရလာတော့လည်း မပြောမဆိုနှင့် ငေးကြည့်နေသည်။

သူ ဘာပြောမည်နည်း။

"ယူ သတိရပြီလား"

"ယူ တစ်ခုခုကို မေးပါ"

"ယူ အိုင့်ကို အပြစ်တင်ပါ၊ အပြစ်ပေးပါ"

"ယူ့နားမှာ အချိန်ပြည့်မနေပေးတဲ့ အိုင့်ကို ယူအပြစ်ပေးသင့်တယ်"

စသည်ဖြင့် ပြောသင့်သလား။

နှစ်သိမ့်မှုဖြစ်စေနိုင်ပါ့မလား။

ခင်ကင်းစင် မျက်တောင်ကိုပုတ်ခတ်ပြီး မျက်လုံးကို အသာမှိတ်လိုက်သည်။

ခင်ကင်းစင်ရင်ထဲမှ ခံစားချက်ကို သူမတွေ့မြင်နိုင်တော့။ သို့သော် ခွန်ညီ စာနာနားလည်နိုင်စွမ်းရှိသည်။ သူ ခံစားနေရသော ဝေဒနာထက် အဆပေါင်းများစွာကို သူ့မိန်းမ ခံစား





နေရပေလိမ့်မည်။

ဖြေဆည်ရာကို သူ တစ်ခုခုစွမ်းဆောင်ပေးရပေလိမ့်မည်။ သူ ဘာလုပ်ပေးသင့်သလဲ။

ခင်ကင်းစင်မိဘများကို အကြောင်းကြားထားသည်။

ယောက္ခမများ ရောက်လာသည်။

ခရမ်းစွဲ၊ ဝတီနှင့် ကေကေရောက်လာသည်။ ဘယ်သူနှင့်မှ စကားမပြော မျက်လုံးကိုသာ မှိတ်ထားသည်။

မျက်ရည်လည်း မကျ။

"မယ်ကင်းရယ် ရှင် အဲဒီလို လုပ်မနေပါနဲ့လားဟယ်၊ ကျုပ်တို့ကို တစ်ခုခုပြောပါလား"

"ရှင်ဘာဖြစ်ချင်သလဲ၊ ရှင်ဖြစ်ချင်တာကို အားလုံးက လိုက်လျောပေးမှာ"

"အရွယ်တွေ ငယ်ကြသေးတာပဲ သမီးရယ်"

"နင် ပြန်နားလိုက်ပါလား ဂျူနီယာ၊ ငါတို့ စောင့်ပေးမယ်လေ"

ခရမ်းစွဲက သူငယ်ချင်းနှစ်ယောက်ကြား စိတ်အထိခိုက်ဆုံးဖြစ်ရသည်။

"ဟုတ်သားပဲ ကိုခွန်ညီ၊ ရှင် သိပ်ပင်ပန်းနေပြီ၊ သွားနားနေလိုက်ပါ"

ခွန်ညီက မချိပြုံးနှင့် ခေါင်းခါလိုက်သည်။ ခွန်ညီသည် ပိုက်လွှတ်နေသော လက်ချောင်းကလေးကိုသာ ဆုပ်ကိုင်ထားသည်။

စကားပြောခြင်းအတွက်ကို သူတို့နှစ်ဦးစလုံး နေလှော



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား။ ကျန်လူများ လက်လျှော့လိုက်သည်။

ခင်ကင်းစင် အိပ်ဆေးအရှိန်ဖြင့် အိပ်ပျော်သွားမှ ခွ

သည် ခင်ကင်းစင်အပါးမှ တစ်လှမ်းခြင်းထွက်သွားသည်။

ခင်ကင်းစင် ကျန်းမာလာပါက ရင်ဆိုင်ရမည့် အ

ထားသည့် သူ့အတွက် အဆိုးရွားဆုံးသော အခြေအနေတ

ရင်ဆိုင်ရလိမ့်မည်ဟု သူ ကြိုတင်မျှော်လင့်ပြီးသားဖြစ်နေသ

မထူးတော့ပါဘူး၊ ခင်ကင်းစင်ဆန္ဒမှန်သမျှ လိုက်

ပေးရန် အသင့်အနေအထားနှင့် စောင့်ဆိုင်းနေရုံမှအပ သူ

မှမတတ်သာ။ ကြိုးမိန့်ကိုစောင့်ဆိုင်းနေသူ၏ တုန်လှုပ်ခြေ

ခြားမှုမျိုးကို သူ ရင်ဆိုင်နေရပြီလား။

ခွန်ညီတစ်သက်မှာ စိတ်အထိခိုက်ရဆုံး အချိန်

သည်။







# အခန်း [၂၉]

ခင်ကင်းစင်၏ ရည်မှန်းချက်တို့သည် သဲထဲရေသွန်သကဲ့သို့ ဖြစ်သွားလေပြီ။ ဒီအတွက် ဆုံးရှုံးမှုထက် အကြီးမားဆုံးသော ဆုံးရှုံးမှုက ရင်သွေးပင်။ မိန်းကလေးတဲ့. . .။

ထိုဆုံးရှုံးမှုအတွက် ဖြေမဆည်နိုင်အောင် ခံစားလိုက်ရသည်။ မိမိ၏ မကောင်းသောစိတ်ထားကြောင့် ကလေးက လောစီးစွာ စွန့်ခွာထွက်ပြေးသွားခြင်းလား။

မိမိစကားပြောချင်သူမှာ တစ်ဦးတည်းရှိ၏။ မိခင်. .။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကိုဖွင့်ကာ အားလုံးကို ကြည့်လိုက်သည်။

အမြတန်းမြင်တွေ့နေရသည့်မျက်နှာက မိမိယောကျ်ား နုပျိုတက်ကြွခြင်း လန်းဆန်းခြင်း မာန်ရှိခြင်းတို့ ပျောက်ဆုံးကာ သောက ပရိဒေဝမီး၏ တောက်လောင်မှုကြောင့် ညှိုးနွမ်းနေသော ယောကျ်ားကို နာကျည်းစွာ တွေ့မြင်နေရသည်။ မျက်နှာလွှဲလိုက်သည်။ ကေကေ၊ ဝတီ၊ ခရမ်းစွဲ. . .

သူတို့ မိမိနားမှာ တစ်ယောက်တလဲဖြစ်စေ တစ်ခါတစ်ရံ သုံးယောက်စလုံးဖြစ်စေ ရှိနေကြသည်။ နောက် ယောက္ခမကြီး အားပေးခြင်း ခွင့်လွှတ်ခြင်းနှင့်. . .

"သမီး ဘာမှအားမငယ်နဲ့ သမီးတို့အသက်ငယ်ကြသေးတာပဲ"

မြေးမိန်းကလေးကို အရူးအမူးလိုချင်သော အဖွားအတွက် တော်တော်ခံစားရပေလိမ့်မည်။

"မေမေ. . . မေမေကော"

ယောက္ခမကြီးကို မေမေဟု ခေါ်သော်လည်း မိမိနှုတ်ဖျားမှ မေမေကိုတော့ သူတို့နားလည်ကြပေမည်။

"ဖုန်းလာတယ်၊ သမီးအဖေ ခရီးထွက်စရာရှိလို့ ပြင်ဆင်ပေးပြီးမှ လာတော့မယ်တဲ့ ကြာကြာလာနေနိုင်အောင်တဲ့လေ၊ ဒီမှာ သားကော မေမေကော ရှိတော့ သူတို့စိတ်ချတယ်တဲ့ ပြီးသွားတာအတွက် ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ဆိုတဲ့ အကြောင်းလဲ မှာလိုက်သေးတယ်"

ယောက္ခမကြီး၏ စကားအဆုံး၌ ပထမဦးဆုံးအကြိမ်အဖြစ် မျက်ရည်များ အတားအဆီးမဲ့စွာ ကျလာခဲ့သည်။





မျက်လုံးကို မှိတ်ထားလိုက်သည်။

မိခင်တစ်ယောက်၏ ကြီးမားသောတန်ဖိုးကို မိမိကိုယ်တွေ့ဖြင့် သိရှိရပြီ။ မိမိရင်သွေးကို မိမိမစောင့်ရှောက်နိုင်ခဲ့။ မိမိ၏ မိဘဘိုးဘွားများကတော့ သားသမီး လေးငါးခြောက်ယောက်လောက်ကို စောင့်ရှောက်နိုင်ရုံမက မြေးများအထိ တာဝန်ယူနေနိုင်ကြသည်။

မိမိ၏ နမော်နမဲ့စိတ်ကြောင့်လား။

မိမိ၏ရည်မှန်းချက်ကိုပဲ ရင်သွေးက လက်မခံနိုင်ခြင်းကြောင့်လား။ မိမိ ဘာဆက်လုပ်သင့်သလဲ။

"ကျွန်မ နေကောင်းပါပြီ အားလုံးပြန်ကြပါတော့. ."

ဟု မျက်လုံးမဖွင့်ဘဲ နှင်ထုတ်မိသည်။ အမှားအယွင်းကင်းနိုင်မည့် ဆုံးဖြတ်ချက်တစ်ခုကိုတော့ ချရမည်။

မိမိဆုံးဖြတ်ချက်ကို ဘယ်သူမှ အားပေးလိမ့်မည်မဟုတ်။

"သား ကိုယ့်ကျန်းမာရေးလည်း ကိုယ်ဂရုစိုက်ဦးနော် ခုချိန်မျိုးမှ ခွဲခန်း ထပ်မဝင်နဲ့ဦး"

"စိတ်ချပါ မာမီ"

"ဒါဖြင့် မာမီပြန်မယ် ထမင်းကိုတော့ စားဖြစ်အောင်စားလိုက်ပါဦး၊ သမီးက စိတ်ချရပြီပဲ၊ ပါးပါး သမီး သူငယ်ချင်းကိုလည်း ဖျောင်းဖျပေးပါဦး"

"ဟုတ်ကဲ့ အန်တီ"

အသံတွေကို ကြားနေရသည်။

သူတို့ ငယ်ကျွမ်းဆွေနှစ်ယောက်ဆိုလျှင် အကြိမ်အလှန်



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှု ရှိကြပြီးသားပဲ။ မိမိအပေါ် ခရမ်းစွဲက အင်မတန် ကောင်းခဲ့သည်ကို အမှတ်ရမိသည်။

ဒီတစ်ရက်တော့ အချိန်ယူရမည်။

မနက်ဖြန်. . .

မနက်ဖြန်ရောက်လျှင်တော့. . . .







# အခန်း [၃၀]

ခွန်ညီ လူနာစောင့်ကုတင်ပေါ်၌ လှဲလျောင်းလိုက်သည်။ လူနာကုတင်ကို လှမ်းကြည့်လိုက်သေးသည်။ သူ့မိန်းမ အိပ်ပျော်နေသည်။ နာ့စ်က သူ့ကိုကျောခိုင်းကာစာဖတ်ရင်း စောင့်ပေးနေသည်။

ဆေးရုံအုပ်ကြီး၏ဇနီးအဖြစ် ဂရုစိုက်ကြသည်။ စိတ်ချရပြီ ကျန်းမာရေးအတွက် စိတ်အချရဆုံး အနေအထားသို့ရောက်နေပြီ။ သို့သော် မိန်းမက သူ့အား စကားလုံးဝမပြောခြင်းကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘဝင်မကျနိုင်သေး။

မတိုးတိုးကို သူ ပြန်မလွှတ်ခဲ့လျှင် သူ့မိန်းမ ထိုသို့ဖြစ်လိမ့်မည်မဟုတ်။

စကားသံကြားရသည်။ တိုးတိတ်သောအသံ သူ ဆတ်ခနဲ ထလိုက်သည်။ ခေါင်းမူးသွားသဖြင့် မျက်လုံးကို အသာမှိတ်ကာ ခဏပြန်မှိန်းလိုက်သည်။

စိတ်ကော လူကော ပင်ပန်းထားသည်ပဲ။ အနားယူသင့်သည်။ ဖိုသူတော်လဲရင် တောင်ဝေးမကူနိုင် ဖြစ်သွားနိုင်သည်။

"ဆရာကြီး ဆရာကြီးကတော်က စကားပြောချင်လို့တဲ့"

"အေး. . အေး. ."

ဆရာမက အခန်းထဲမှ ထွက်သွားသည်။ သူ အသာအယာထပြီး မိန်းမကုတင်နားရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ မိန်းမက သူ့အား ကြည့်နေသည်။

"ကျွန်မအသက်ကို ကယ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ယူ ဒီစကားမျိုး မပြောသင့်ပါဘူး၊ အိုင့်ကြောင့် ယူဒီလိုဖြစ်သွားတာ အိုင့်ကိုအိုင် ခွင့်မလွှတ်နိုင်အောင်ပဲ ခံစားနေရတယ်. . ."

"ကျွန်မအရင်က ဆုံးဖြတ်ချက်ရှိခဲ့တယ်"

စိမ်းကားနေကြဆဲပါလား။

ခွန်ညီက ပိုက်များလွှတ်ကင်းသွားပြီဖြစ်သော မိန်းမလက်ဖျားကလေးကို လှမ်းယူဆုပ်ကိုင်လိုက်သည်။ မိန်းမက ရုန်း





သည်။ အင်အားနည်းနေသေးသည်။

"ရှင့်ကို ကျွန်မ မွေးဖွားမဲ့နေ့မှာပဲ ကွာရှင်းခိုင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲ"

ခွန်ညီရင်ထဲ မီးစနှင့် အထိုးအနှက်ခံလိုက်ရလေပြီ။

"ဘာသဘောလဲ ယူ အိုင့်အပေါ် ဒီလောက်အထိ မုန်းတီးနေခဲ့တယ်လား၊ အိုင် မထင်ထားဘူး"

"ချစ်ခြင်းမုန်းခြင်းတွေကို ကျွန်မ နားမလည်ဘူး။ ကျွန်မရင်သွေးလေးနဲ့ပဲ ကျွန်မဘဝကို မြှုပ်နှံပြီး ရင်သွေးကို ထူးချွန်ထက်မြက်ဆုံးဖြစ်အောင် ပြုစုပျိုးထောင်ပြခြင်းနဲ့ အားလုံးကို အနိုင်ယူသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲရှိတယ်၊ ရှင့်ကိုကွာပေးမယ် မကွာပေးလည်း ကျွန်မဘက်က ကွာပြီးမှ မွေးခန်းဝင်မယ်ဆိုတဲ့ရည်ရွယ်ချက် ထားခဲ့ပါတယ်"

"ရက်စက်လိုက်တာ မိန်းမရယ်၊ ယူက အနိုင်ယူလိုမှုတစ်ခုပဲရှိတာကိုး. . အဲဒါ ယူက ရင်သွေးကိုချစ်တာ မဟုတ်ဘူး နှစ်တာ၊ မိစုံဖစုံနဲ့ မကြီးပြင်းရတဲ့ကလေးဟာ ဘယ်တော့မှ အထူးချွန်ဆုံးဖြစ်မှာမဟုတ်ဘူးဆိုတာ ယူနားလည်သင့်တယ်. ."

"ခု ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ပြောင်းလိုက်ပြီ"

မိန်းမသည် သူ့စကားကို ကြား၏ မကြား၏မသိ။

သူပြောချင်ရာကိုသာ ပြောသည်။

"ရှင် လက်ခံရမယ်"

"လက်ခံသင့်မှ လက်ခံမယ်"

"မရဘူး ရှင်လက်ခံရမယ်"

"ဘာမို့လို့လဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ရှင်နဲ့ကျွန်မ ကွာရှင်းကြမယ်"

ခွန်ညီ ရင်ဝယ် ဒေါသကို ထိန်းချုပ်လိုက်ရသည်။

ဒေါသချုပ်ငြိမ်းသွားသည်နှင့် နာကျည်းမှု၊ ကြေကွဲမှုက ဖြစ်ပေါ် ခံစားလာရသည်။

"အိုင် သဘောမတူဘူးဆိုရင်ကော"

"ရှင် ကျွန်မကို ဘယ်အတိုင်းအတာအထိ နှိပ်စက်ချင်တာလဲ"

"ယူ မှားနေပြီ၊ အိုင် ယူ့ကို မနှိပ်စက်ပါဘူး ယူအထင်မှားနေတာပါ"

"ကျွန်မရှင့်ကို မချစ်ဘူး မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းဖော်ရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲကို ကျွန်မထပ်မခံစားနိုင်တော့ဘူး၊ ကျွန်မကို မနက်ဖြန်ပဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ"

"ဝမ်းနည်းပါတယ် အိုင့်မိဘတွေ သဘောတူမှာမဟုတ်သလို ယူ့မိဘတွေလည်း သဘောတူမှာ မဟုတ်ဘူး"

"သိတယ်၊ ဒါကြောင့် ရှင့်ကို ကျွန်မ ဘယ်သူမှမရှိတုန်း တောင်းပန်နေတာပေါ့၊ ရှင်နဲ့ကျွန်မ နှစ်ဦးသဘောတူ ကွာရှင်းကြမယ်၊ ကျွန်မနေကောင်းလို့ ဆေးရုံကဆင်းလို့ရတဲ့အချိန်မှာ ဘယ်သူမှမသိခင် တိတ်တိတ်ကလေး ကျွန်မထွက်သွားမယ်၊ နောက်နေ့သားတကျရှိမှ မိဘတွေဆီ ကျွန်မပြန်သွားတော့မယ်"

"ယူ စဉ်းစားပါဦး အိုင့်ဘက်ကတော့ ယူ့ကို လုံးဝ ကွာမပေးနိုင်ဘူး"

"ဘာဖြစ်လို့လဲ ရှင်လည်း ကျွန်မကို ချစ်တာလဲ မဟုတ်ဘဲနဲ့"





ခွန်ညီပြုံးလိုက်မိသည်။ အမှန်တကယ်တော့ သူ့မိန်းမ
ည် အချစ်ကို ကိုးကွယ်တတ်သူပါလား။ ပြီးတော့ ရင့်ကျက်မှု
သေး။ သူကော ဘာထူးလို့လဲ အချစ်ကို နားမလည်ခင်မှာ
မ်ထောင်ကျခဲ့ကြခြင်းကြောင့် သာယာသော အိမ်ထောင်တစ်
မဖြစ်ခဲ့ခြင်းဖြစ်မည်။

"ရှင် ဘာပြုံးတာလဲ"

"အိမ်ထောင်တစ်ခုမှာ နားလည်မှုဟာ အရေးကြီးသော
ဏ္ဍတစ်ခုပါလားဆိုတာ တွေးမိလို့ပါ"

ခွန်ညီ ကိုယ်တိုင်ကော မိန်းမကို ချစ်သလား။

မာနကြီးပြီး မောက်မာသော အနိုင်ယူလိုသော တစ်
ယ်ကောင်းဆန်သော မိန်းမကို သူ ရွံကြောက်ဖြစ်ခဲ့ဖူးသည်။

"ရှင် ငြိမ်မနေနဲ့ ပြောလေ၊ ကျွန်မပြောတဲ့အတိုင်း လုပ်
မှာလား"

"စဉ်းစားဦးမယ်"

"စဉ်းစားစရာမလိုဘူး၊ ရှင်နဲ့ကျွန်မ ကွာလိုက်ခြင်းအား
ရှင်နဲ့ခရမ်းစွဲအတွက် အလားအလာသိပ်ကောင်းသွားပြီ
တာ ရှင်ထည့်တွက်ဦးလေ"

ခွန်ညီ ယခုမှ ထိုကိစ္စခေါင်းထဲရောက်လာသည်။

ဟုတ်ပေသားပဲ။

အနှစ်နှစ်အလလ စွဲလန်းခဲ့ရသော ငယ်ကျွမ်းကိုရှာ
မလိုတော့ အနီးအနားမှာ အဆင်သင့်ရှိနေပြီ။

သို့သော် ဘယ်အရာမှ အလျှင်စလိုမဆုံးဖြတ်ရ မ
တု ဆရာသမားများ၏ ဆုံးမစကားကို သတိရလိုက်မိသော



www.burmeseclassic.com

www.burmeseclassic.com



အခါ. . .

“ယူ့ဘက်က တစ်ဘက်သတ်ဆုံးဖြတ်ချက်ချပြီးပြီ တော့လည်း ယူ့သဘောပဲ၊ အိုင့်ဘက်ကတော့ အိုင့်စိတ် အ သဖြင့် အိုင့်နှလုံးသားကို အိုင်နားမလည်သေးတဲ့အတွက် ယူ ကွာရှင်းစာချုပ်ကို ယူ လက်မှတ်ထိုးချင်ထိုးထား အိုင်က လက်မှတ်ထိုးမပေးနိုင်သေးဘူး”

“ဒါကတော့ ဘယ်ဖြစ်မလဲ၊ ဒါ ရှင်ကျွန်မကို သက်သ အနိုင်ကျင့်ဖို့ ကြိုးစားတာပဲ”

“ယူ ထင်ချင်သလိုထင်ပါ၊ အိုင့်စိတ်ထဲမှာ. . အိုင် အက်ဆိဒ်သတင်းကိုကြားလိုက်ရတဲ့အချိန်မှာ သိပ်ကို လိုက်ရတယ်၊ အရမ်းကို တုန်လှုပ်သွားခဲ့တယ်၊ ဒါတွေဟာ အ ဘဝမှာ အကြီးမားဆုံးသော ခံစားမှုတစ်ရပ်လိုပဲ၊ ဘာကြောင့် အိုင် ယူ့ကိုများ ချစ်နေသလား၊ ဒါမှမဟုတ် အိုင့်ရင်သွေး တွက်လား သိပ်သိချင်တယ် ခုထက်ထိကို အဖြေရှာမရသေး

ခွန်ညီ ခံစားနေရသည်ကို မိန်းမအား မကွယ်မ ပြောလိုက်သည်။ မိန်းမသည် ငြိမ်သက်၍ နားထောင်နေသ

“အိုင့်ဘဝမှာ ဆရာဝန်ကြီး၊ ကြီးကျယ်ခမ်းနားပြီး ထောင်ပေါင်းများစွာကို နားခိုခွင့် ရှင်သန်ခွင့်ပေးနိုင်မယ့် ရုံကြီးကို တည်ထောင်နိုင်ဖို့နဲ့ လူနာတွေရဲ့ ရောဂါအမျိုး ကုသပေးနိုင်ဖို့ဆိုတဲ့ အာရုံတစ်ခုတည်းနဲ့ အချစ်ဆိုတာကို ခဲ့တယ်၊ အချစ်မသိသေးခင် အိမ်ထောင်ကျတယ်၊ ခုချိန် အိုင့်အတွက်အချစ်ဟာ တစ္ဆေတစ်ကောင်လိုပဲ. . သူ့ သဏ္ဍာန် ဘယ်လိုရှိသလဲ အိုင်မသိဘူး၊ အိုင်စဉ်းစား





ပြည့်ရင်းနဲ့ပဲ အိုင်ဟာ ပုံသဏ္ဍာန်မရှိတဲ့ တစ္ဆေရဲ့ခြောက်လှန့် င်းကို ခံနေရတယ်၊ ဒါပါပဲ မိန်းမရာ. . ယူ အိုင့်ကိုနားလည် ပေးပါ. . ယူ့ကိုလည်း အိုင်နားလည်ပါတယ်၊ ယူနဲ့အိုင် နှစ်ဦး သဘောတူညီချက် ယူကြမယ်လေ”

“ဘာ သဘောတူညီချက်လဲ”

“ယူ တစ်ယောက်တည်း လေလွင့်ထွက်သွားမှုကို အိုင် က်မခံနိုင်ဘူး၊ ယူဟာ ကလေးမွေးဖွားလိုက်သလိုပဲ ဘာပြော လဲ သွေးသားနုနေသေးတယ်၊ ယူ တစ်စုံတစ်ခု ဖြစ်သွားမှာ င်မလိုလားဘူး၊ ယူ အပန်းဖြေခရီးတစ်ခုခုကို သွားပြီး အနား ယူလိုက်ပါ၊ ပေလီ ဖြစ်ဖြစ်ပေ့ါ။ အိုင် အချိန်ရရင် လိုက်လာခဲ့မယ် ဒီအချိန်မှာတော့ ယူကောအိုင်ကော စိတ်ရှင်းရှင်းနဲ့ အဖြေ စ်ခု ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ပြီ ထင်တာပဲ. . .”

မိန်းမက တွေဝေစဉ်းစားနေသည်။ မျက်ရည်က ရစ်ဝဲ နေသည်။

“ကျွန်မဘက်ကတော့ ဆုံးဖြတ်ချက်က ခိုင်မာပါတယ်၊ ျွန်မ ရှင့်ကို မုန်းတယ်၊ နာကျည်းတယ်၊ ခုလို ကျွန်မဖြစ်ရတာ င် မမတိုးကို ပြန်လွှတ်လိုက်လို့ပဲ၊ ဒီအတွက် ရှင် ကျွန်မကိုပေး ဆပ်ရမယ် အဲဒါက ကွာရှင်းမှုပဲ”

“အိုင် တောင်းပန်ပါတယ် အိုင့်အမှားအတွက် အိုင်သိပ် ် နောင်တရနေပါတယ်၊ အိုင်ရဲ့ မရင့်ကျက်မှုကိုလည်း အိုင် းလည်ခဲ့ပြီ၊ ဒါကြောင့် အိုင် ယူ့ကိုပေးဆပ်ချင်ပါတယ်၊ အိုင့် ဝတစ်ခုလုံးနဲ့ရင်းပြီး ယူ့ကို ပေးဆပ်ချင်တာပါ။ ဒါကြောင့် အလျင်စလို မဆုံးဖြတ်လိုက်ပါနဲ့၊ အိုင်တို့ခေါင်းအေးအေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တဖြေးဖြေးခြင်း စဉ်းစားကြရအောင်နော်. . . ကိုင်း ယူ အ
ယူလိုက်ပါဦး”

“ရှင်ကော နားလေ၊ ဆံပင်လည်း နည်းနည်းရှည်နေ
မုတ်ဆိတ်ကော မရိတ်ဘူးလား ကြည့်ရတာ ညင်းသိုးသိုးနဲ့”

ခွန်ညီ ပြုံးလိုက်သည်။ တစ်ဆက်တည်းဆိုသလို မိန်း
နဖူးကို ငုံ့နမ်းလိုက်ပြီး. .

“ယူ့ ဂရုစိုက်မှုအတွက် အိုင်သိပ်ဖျော်သွားပြီ၊ ကျေး
ဂွတ်နိုက် အိုင်အိပ်တော့မယ်နော်”

ခွန်ညီက လျှပ်စစ်ဘဲလ်ကိုနှိပ်ကာ နာ့စ်ကို ပြန်ဝင်
စေပြီးမှ သူ့အိပ်ရာသို့ ကူးပြောင်းကာ အိပ်စက်လိုက်သည်

တစ်ကိုယ်ကောင်းဆန်သော အနိုင်ယူလိုသော မိန်း
ကွာရှင်ရန် ဘာကြောင့်များ သဘောမတူနိုင်ရသေးသနည်း

ကိုယ့်ကိုကိုယ် နားမလည်နိုင်အောင်ဖြစ်ရသည်။

သံယောဇဉ်ကြောင့်လား နီးစပ်နေမှုကြောင့်လား။

သူ့မိန်းမဘက်သို့ ငဲ့စောင်းကာ လှမ်းကြည့်လိုက်သည်

မိန်းမကလည်း သူ့အားလှည့်ကြည့်နေပါလား။


မျက်လုံးခြင်း ခလုတ်တိုက်မိကြသည်။

သူက ပြုံးပြလိုက်သည်။ မိန်းမက မျက်နှာလွှဲသွားသည်

သူ သက်ပြင်းချလိုက်ပြီး မျက်လုံးမှိတ်ကာ အိပ်ပေ
ခြင်းကို ဖိတ်ခေါ်လိုက်သည်။







## အခန်း [၃၁]

ခရမ်းစွဲ ဦးနှောက်ခြောက်အောင် စဉ်းစားရသည်။

ဂျူနီယာနှင့်သွားတွေ့သင့် မတွေ့သင့်။

ဂျူနီယာ ဖုန်းဆက်ပုံကလည်းကြည့်ဦး

“နင့်ကို ငါ့မိန်းမက တွေ့ချင်တယ်တဲ့၊ နင့်ကိုပြောစရာ
တွေ ရှိနေတယ်၊ သူ့ဆီ မသွားခင် ငါ့ရုံးခန်းကို နင်အရင်လာခဲ့
ဦးနော်”

“အေး ဘယ်တော့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"နင် အားတဲ့အချိန်ပေါ့"

"ငါအားတဲ့အချိန် နင်မအားရင်ကော"

"ခု ထမင်းစားချိန် ငါအားနေတယ်"

"ကောင်းပြီလေ"

ခရမ်းစွဲ ဖုန်းချလိုက်ပြီးသည်နှင့် ဦးနှောက်ခြောက်အောင် စဉ်းစားရသည်။

တံခွန်ဆေးရုံအုပ်ရုံးခန်း၌ ဆေးရုံအုပ်ကြီးကို သွားတွေ့ခြင်းကို ထိုဆေးရုံ၌ ဆေးရုံတက် ကုသမှုခံယူနေသော ဆေးရုံအုပ်ကြီးကတောက မသိဘဲနေမည်လား။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က မှန်ကန်နေသည်ပဲ ဘာမှကြောက်စရာ မလိုဘူးဟု ခရမ်းစွဲဆုံးဖြတ်ပြီး ကားထုတ်ကာ ချက်ချင်းပင် တံခွန်ဆေးရုံသို့ ထွက်ခဲ့သည်။

ဆေးရုံအုပ်ကြီးခန်းသို့ တန်းသွားလိုက်သည်။ ရုံးခန်းသို့ ဝင်ခွင့်မရသေး။ အတွင်းရေးမှူးက အတွင်းသို့ ခွင့်တောင်းသေးသည်။ 'ဝင်နိုင်ပါပြီရှင်' ဆိုမှ ဝင်ရသည်။

ရုံးခန်းအတွင်းရောက်တော့ ဆုံလည်ကုလားထိုင်ပေါ်မှ ဂျူနီယာက ထလာပြီး ဆက်တီပေါ်သို့ ညွှန်ကာ. . .

"ထိုင် ပါးပါး စင်သီယာ နက်စ်ကော်ဖီနှစ်ခွက် ယူခဲ့"

သူ့အား ပြောရင်းတစ်ဆက်တည်း Inter call နှင့်လည်း ပြင်ပသို့ လှမ်းပြောလိုက်သည်။

"မနေ့ည မိန်းမက ငါ့ကို ကွာရှင်းခွင့်တောင်းတယ်"

ခရမ်းစွဲ မျက်လုံးပြူးသွားသည်။

"နင် ပေးလိုက်ပြီလား"





"မပေးပါဘူး"

ထိုအခါမှ သက်ပြင်းချလိုက်ပြီး. . .

"တော်သေးတာပေါ့. . နင် အလျင်စလိုမဆုံးဖြတ်မိစေနဲ့နော်"

"နင့်ကို သူခေါ်တာ အဲဒီအကြောင်းနဲ့ ပတ်သက်လိမ့်မယ်လို့ ငါထင်တယ်"

"သူက နင်နဲ့ငါ့ကို မသင်္ကာဖြစ်နေတုန်းပဲလား"

"ဟုတ်မှာပေါ့ ငါကလည်း စကားတွေလွန်သွားတာကို ဒါထက် နင့်ကိုငါ စကားတစ်ခွန်းမေးချင်တယ် သေသေချာချာ စဉ်းစားပြီးမှ အမှန်အတိုင်းဖြေစေချင်တယ်"

နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော်လည်း ပြန်လည်တွေ့သည့်အချိန်တွင် ရှိုတို့ရှန်တန့်မဖြစ်ဘဲ ငယ်စဉ်ကအတိုင်း ကဲ့သို့ပင် ရင်းရင်းနှီးနှီးပင် ခံစားချစ်ခင်သည်။ ဒါလည်း ထူးခြားသော ပြောင်းလဲမှုမရှိခြင်းကြောင့်ပင်ဖြစ်မည်။

"ဘာမေးမလို့လည်း မေးလေ"

"နင်. . . ဘာကြောင့် လက်မထပ်သေးတာလဲ"

ခရမ်းစွဲ တုန်လှုပ်သွားသည်။ ရုတ်တရက်တော့ ခံစားလိုက်ရသည်။ အစွဲအလန်းတစ်ခုသည် ဖျောက်ပြစ်နိုင်ခဲ့သည့်အတွက် မျှော်လင့်ချက်ရှိနေခဲ့သည်။ ထိုမျှော်လင့်ချက်တို့သည် ဂျူနီယာကို သူငယ်ချင်း၏ ယောကျ်ားဒေါက်တာခွန်ညီအဖြစ် ပြန်တွေ့လိုက်ရချိန်၌ တစ်စတစ်စနှင့် လွင့်ပါးပျောက်ကွယ်သွားလေပြီ။ သို့သော် အမှန်အတိုင်းဖွင့်ဟဝန်ခံစရာ မလိုတော့ဟု မှသားဆိုလိုက်တော့မည်။ ထိုမုသားသည် တစ်စုံတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မှ ထိခိုက်မှုမရှိဘဲ အများကောင်းဖို့ တစ်ယောက်ယောက်တွ[illegible]
အကျိုးရှိသွားမည်ဆိုပါက သူလိပ်ပြာရှင်းသန့်စွာ သုံးလိုက်[illegible]
မည်။

"ကိုယ့်ကိုကိုယ် အထင်ကြီးလို့တော့ မဟုတ်ပါဘူး ဒါ[illegible]
မယ့် ခုထက်ထိ ငါ့နှလုံးသားကို စိုးမိုးအနိုင်ယူနိုင်သလို ငါ[illegible]
လည်း လေးစားအထင်ကြီးရမယ့် ယောကျ်ားမျိုးနှင့် မတွေ့[illegible]
လို့ပေါ့ဟာ"

ခွန်ညီက ခရမ်းစွဲ၏မျက်ဝန်းကို စူးစူးစိုက်စိုက်ကြ[illegible]
လိုက်သည်။ လိမ်ညာနေသော မျက်ဝန်းပေလား။

တဒင်္ဂသာ ဖြစ်သည်။ ချက်ချင်းပင် မျက်နှာလွှဲလို[illegible]
သည်။ သူ့အနေဖြင့် မိန်းမတစ်ယောက်၏ နှလုံးသားကို[illegible]
စူးစမ်းလေ့လာကြည့်သင့်တော့သည်။ ထိုမိန်းမသည် သူ၏ [illegible]
ဖြစ်သူ ခင်ကင်းစင်သာ ဖြစ်သည်။

"အရွယ်လွန်မှ အဲဒီလိုယောကျ်ားမျိုးနဲ့ တွေ့ရင်ကော[illegible]

"သူဟာ လွတ်လပ်သောယောကျ်ားတစ်ယောက် [illegible]
တယ်၊ ငါကလည်း အိမ်ရှင်မအပြင် မိခင်ပါဖြစ်နိုင်သေးတ[illegible]
ဆိုရင်တော့လည်း လက်ထပ်ဖြစ်ပါလိမ့်မယ်၊ အဲဒီအရွယ်အ[illegible]
တော့ ငါ့အတွက် လက်ထပ်ခြင်းဆိုတာ ရှိနေဦးမယ်၊ ဒီထ[illegible]
လွန်သွားရင်တော့ ငါ့အတွက် ဝါသနာအလုပ်နဲ့ပဲ လောကကြီး[illegible]
အေးချမ်းစွာနေထိုင်သွားတတ်အောင် လေ့ကျင့်ရုံပဲပေါ့"

ခွန်ညီ သက်ပြင်းချလိုက်သည်။

"အထီးကျန်မဆန်နေဘူးလား"

"အထီးကျန်တယ်ဆိုတာ ဘာလဲ၊ လူဆိုတာ မွေးလ[illegible]





တော့လည်း တစ်ယောက်ထဲ သေသွားတော့လည်း တစ်ယောက်
တည်းပဲ၊ လောကကြီးလျှောက်လမ်းတဲ့အခါလည်း တစ်ယောက်
တည်းဆိုပေမယ့် ဝါသနာပါတဲ့လူသား အကျိုးရှိလုပ်ငန်း တစ်ခုခု
လုပ်ကိုင်နေရတာကိုက ဘဝရဲ့ပြည့်စုံခြင်းတစ်ခုလို့ပါပဲ၊ ငါကျေ
နပ်တယ်လေ၊ ဒီတော့ အထီးကျန်တယ်လို့ ဆိုနိုင်မလား ဂျူနီယာ"

"အင်းလေ အခုအချိန်မှာတော့ နင့်ကိုငါ ဘာမှမပြော
လိုတော့ပါဘူး၊ နင်နဲ့ငါ ပွင့်ပွင့်လင်းလင်းပဲပြောချင်တယ်၊ တ
ကယ်လို့များ ခင်ကင်းစင်က ငါ့ကို လုံးဝလက်မခံနိုင်ဘူးဆိုရင်
ငါကွာပေးလိုက်ရမှာလား"

ခရမ်းစွဲ ခွန်ညီ၏မျက်ဝန်းကို ကြည့်လိုက်သည်။

"အချစ်"ကို သေသေချာချာ မဆန်းစစ်ရသေးခင်မှာ
အိမ်ထောင်သည်ဘဝရောက်သွားပြီးမှ အချစ်မုန်တိုင်းတိုက်ခိုက်
ခြင်း ခံလိုက်ရသူတစ်ယောက်အဖြစ် လမ်းစပျောက်သွားပြီလား။

"အချစ်နဲ့စစ်ကြားဝင်သူဟာ အင်မတန် မိုက်မဲသူဖြစ်
တယ်ဆိုပေမယ့် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကြားကို ငါဝင်
ပါရစေ၊ နင်တို့အတွက် ငါအမိုက်မဲခံရဲတယ်၊ နင်. . မယ်ကင်း
မယ်ကင်းဆိုတာ သူ့ကို တစ်ခါတစ်ရံ ချစ်စနိုးခေါ်တဲ့နာမည်ပဲ
သူ့အကြောင်း နင် နည်းနည်းသိထားဖို့လိုတယ်"

"အင် ပြောပါ. . ငါအခုမှ မေးဖြစ်တယ်၊ ယောကျ်ား
တစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို ယှဉ်ပြိုင်အနိုင်ယူဖို့
ကြိုးစားတဲ့အလုပ်ဟာ သိပ်ကိုသဘောထားသေးနုတ်ရာ ရောက်
နေပြီလားလို့ တွေးမိပြီး ကိုယ့်ကိုကိုယ် ရှက်ခဲ့မိတယ်"

"ဟုတ်တယ် ဂျူနီယာ၊ သူဟာ ပထွေးထံကိုသူ့မိခင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့အချိန်ကစပြီး ယောကျ်ားတွေအပေါ် အနိုင်လိုချင်စိတ်ကတော့ များခဲ့တယ်၊ သူ့အလှက နင်မြင်တဲ့အတိုင်းပဲ စွဲဆောင်မှုရှိတော့ ချဉ်းကပ်ကြတဲ့ယောကျ်ားတွေကို နဖားကြိုးတပ်ပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားတတ်တဲ့အလုပ်မျိုး လုပ်တယ်၊ ဒါကလည်း သူ့အကြောင်းပြချက်က လေ့လာတာပါတဲ့၊ သူ့နှလုံးသားကို မထိဘူးတဲ့၊ ထိတဲ့လူဆိုရင်တော့လည်း သူလက်ထပ်မယ်လို့ ပြောတယ်. . ."

"ငါ့ကိုလက်ထပ်တာကကော"

မိန်းမအကြောင်းကို ယခုမှ ခရေစေ့တွင်းကျသိလိုက်ရသည်။ မိန်းမ၏ ဖခင်ကို ပထွေးဟုလည်း သူမသိခဲ့ပါလား။ မိန်းမ အတွဲများခဲ့ခြင်းကိုလည်း သူမသိခဲ့ပါလား။

"သူ့ပထွေးက အရာရှိလူပျိုလေ မုဆိုးမသူ့မိခင်ကို မိဘအမွေဖြတ်ခံပြီး ယူခဲ့တယ်၊ အဲဒီအထဲက ယောကျ်ားတွေဟာ မိန်းမနဲ့တွေ့ရင် အတော်နွားကျတယ်လို့ သူအယူအဆအစွဲအလန်းဖြစ်လာတယ်၊ အချစ်ကို သူနားလည်ပုံမရခဲ့ဘူး"

"အချစ်ဆိုတာ ဘာလဲ ပါးပါး၊ နင်ကော သိလား"

"မသိဘူး ဒါပေမယ့် သူစိမ်းယောကျ်ားတစ်ယောက်ကို ကိုယ့်ဘဝပုံအပ်ပေးချင်အောင် တွယ်တာမြတ်နိုးတယ်ဆိုရင် အဲ့ဒီလိုချစ်လို့ပဲဖြစ်မယ်လို့ ငါထင်တာပဲ"

ခွန်ညီအတွက် ယခုမှ အချစ်ကိုပထမဦးဆုံးအကြိမ်အဖြစ် အချိန်ယူဆန်းစစ်ဆွေးနွေးနေမိသည်။

"သူ့မှာ အချစ်တကယ်မတွေ့ရှိခဲ့ဘူးပေါ့"

"နင့်ကို လက်ထပ်ခြင်းအတွက် ငါတို့သိပ်အံ့သြခဲ့တယ်၊





ဘာဖြစ်လို့ လက်ထပ်တာလဲလို့ ငါတို့မေးခဲ့တယ်. ."

"သူ. . သူ ဘာပြောသလဲ"

မိန်းမအတွက် သူရင်ခုန်လှုပ်ရှားခြင်းကြီးစွာနှင့် မေးမိလေပြီ။

"သူဟာ စိတ်ဝင်စားစရာကောင်းလောက်အောင်ကို ငါ့အပေါ် စိတ်ဝင်စားမှုမရှိတဲ့အတွက် ငါလက်ထပ်လိုက်တာပဲတဲ့"

ခွန်ညီရင်ထဲ တုန်ခါသွားသည်။ သူကိုယ်သူ အံ့သြသွားသည်။ သူ တကယ်ပဲ ခင်ကင်းစင်ကို စိတ်မဝင်စားခဲ့ဘူးလား။

"မဟုတ်ဘူး ထင်တယ်. ."

သူခေါင်းခါကာ ညင်းလိုက်မိသည်။

"ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ နင် စိတ်ဝင်စားခဲ့သလား"

"ဝင်စားခဲ့တယ်လေ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သိပ်လှတယ် ဘာပဲဖြစ်ဖြစ်ပွဲလမ်းသဘင် အခမ်းအနားတွေ တတ်ရောက်တဲ့အခါ သူ့အလှအတွက် ဂုဏ်ကျက်သရေရှိတယ်ဆိုတာ ငါသိလိုက်ပြီး လက်ခံမိတာလည်းပါတယ်၊ မာမီရွေးချယ်ပေးတဲ့ မိန်းမဟာ မညံ့နိုင်ပါဘူးလို့လည်း ယူဆတာလည်းပါတယ်လေ၊ သူ ငါ့ကိုစိတ်ဝင်စားတယ်ဆိုတာ ငါရဲ့ဥပေက္ခာပြုမှုကြောင့်လား"

"ဟုတ်မယ်. . . နင့်ဥပေက္ခာပြုမှုက ယော်ကျွန်းအပေါ် စွဲလန်းမှုကြောင့်လို့ နင်ဖွင့်ဟခြင်းကို သူမခံရပ်နိုင်ဖြစ်ပြီး နင့်ကို နာကျည်းသွားတာဖြစ်မယ်"

"သူ့ရဲ့နာကျည်းမှုက သိပ်တိုကြောက်စရာကောင်းတယ်၊ ဘယ်လိုလုပ်မယ် ထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းစွဲ စိတ်ဝင်စားစွာဖြင့်. . .

"ဟုတ်လား နင်သိသလား သူပြောပြလို့လား"

"မနေ့က ကွာရှင်းဖို့ပြောရင်း ပြောပြတယ်"

"ဘာတဲ့လဲ"

"မီးဖွားမယ့်နေ့မှာ ကွာရှင်းကြောင်း လက်မှတ်ထိုးခိုင်းပြီးမှ သူမွေးမှာတဲ့၊ သူ့အကြွပ်ကိုင်မယ့်သဘောမှာရှိခဲ့တာ မိန်းမတစ်ယောက်အတွက် အင်မတန်အန္တရာယ်ကြီးတဲ့အချိန်မှာ သူအကြွပ်ကိုင် ကွာရှင်းခိုင်းပြီး ငါ့ရဲ့ဘဝတစ်ခုလုံးကို သူအနိုင်ယူဖို့ အကြံအစည်ရှိခဲ့တာတဲ့. . ."

"သူ ဝန်ခံတယ်. . ."

"သူ ဝန်ခံလို့ ငါသိရတာ၊ ခု ကွာရှင်းခွင့် တောင်းတာဘာသဘောလဲ၊ ရင်သွေးမရှိတော့ သူနဲ့ငါအတွက် အနှောင်အဖွဲ့ငဲ့ကွက်မှုတွေမရှိတော့ဘူးဆိုတာ ငါ ကွာရှင်းပေးလိမ့်မယ်ထင်ပြီး သူ တမင်သွေးတိုးစမ်းတာလား"

"ငါ မပြောတတ်ဘူး နင် သူ့ကို ကွာချင်သလား"

ခရမ်းစွဲက ခွန်ညီကို ပွင့်လင်းစွာ မေးလိုက်သည်။

ခွန်ညီ သက်ပြင်းချလိုက်သည်။

"ငါ မကွာချင်သေးဘူး"

"ဘာဖြစ်လို့လဲ"

ခွန်ညီစကားကို ဘဝင်မကျနိုင်သဖြင့် ခရမ်းစွဲက မေးခွန်း ထပ်ထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ တိတိကျကျ မပြောနိုင်သေးပေမယ့် သူ့နှလုံးသားမှာ ငါ ရှိမရှိကို သိချင်လာတယ်၊ ပြီးတော့ သူဟာ





အနိုင်လိုချင်စိတ်သိပ်များတဲ့ အတ္တကြီးများတဲ့ မိန်းမတစ်ယောက် ဟုတ်မဟုတ်ကိုလည်း သိချင်တယ်၊ သူ့နှလုံးသား၊ သူ့စိတ်ထားကို ငါ နားလည်ပြီးမှ ငါ ဆုံးဖြတ်ချက်တစ်ခုခု ချလိုက်ချင်တယ်"

ဒီတစ်ကြိမ် သက်ပြင်းချရသူမှာ ခရမ်းစွဲဖြစ်သွားသည်။

"ဟင်း အဲဒီအတိုင်းဆို အချိန်ဆွဲထားဖို့ပဲရှိတယ်၊ အင်း စကားကောင်းနေတာနဲ့ အချိန်တောင် တော်တော်ကြာသွားပြီ ငါ သူ့ဆီသွားလိုက်ဦးမယ်"

"ငါ လိုက်ပို့ရမလား"

"မပိုနဲ့ သူ့ဆီက ဖွင့်ဟလာမယ့် စကားတွေဟာ နင့်အတွက် ထူးခြားချက် ဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ ပြီးမှ ငါဖုန်းဆက်လိုက်မယ်၊ ကိုးနာရီလောက်. . ."

"ငါ သိရေတာဝင်မယ့်အချိန်ပဲ ရှစ်နာရီလောက် ဆက်ပါလား"

"ကောင်းပြီလေ ဆေးခန်းအချိန်ပဲ၊ ဒါပေမယ့် မေမေ့ဆီခွင့်တောင်းပြီး ငါဆက်မယ်"

"အိုကေ သိုင်းကျူး"

ခရမ်းစွဲ ခွန်ညီ့ရုံးခန်းထဲမှ ထွက်ခဲ့ပြီး တတိယထပ်ရှိ အထူးလူနာခန်းသို့ တက်ခဲ့လေသည်။

လမ်းလျှောက်ရင်း. . . ခင်ကင်းစင်နှင့်တွေ့လျှင် ပြောသင့်သည့် စကားများကို ရှာဖွေ ပြင်ဆင်ရင်းဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၃၂]

"ကျုပ် သူ့ကို ကွာလိုက်မယ်"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ရှင် သူ့ကိုကွာလိုက်လို့ ရှင့်ဘဝဟာ အပျိုစင်ပြန်ဖြစ်သွားမှာလား၊ တစ်ခုလပ်က တစ်ခုလပ်ပဲပေါ့"

ခရမ်းစွဲ မညှာမတာပြောလိုက်သည်။ တစ်ခါတစ်ခါ ခင်ကင်းစင်ကို ညှာညှာတာတာ လျှော့လျှော့ပေါ့ပေါ့ပြော၍မရ။





"အပျိုစင် တစ်ခုလပ်တို့ မုဆိုးမတို့ဆိုတာ လူ့ဘဝတန်ဘိုးကို တိုင်းတာတဲ့ပေတံတစ်ခုမဟုတ်ပါဘူးကွာ၊ ဒါကအရေးမကြီးပါဘူး၊ အရေးကြီးတာ ငါ လူ့ဘဝအတွက် ပေးဆပ်စရာရှိနေတယ်"

ခင်ကင်းစင်မျက်နှာသည် အပြုံးအရယ်မဲ့နေသည်။

ခံစားချက်ကင်းမဲ့နေသည်။

"ဘာကိုပေးဆပ်ချင်တာလဲ"

"သူက ငါ့အသက်ကို ကယ်ခဲ့တယ်၊ ငါက သူ့ကို ဒုက္ခပေးဖို့ပဲ ကြံစည်နေခဲ့တယ်၊ ဒီအတွက် ငါ့ကိုဘုရားက ဒဏ်ခတ်လိုက်လို့ပဲငါယူဆတယ်၊ ဒါကြောင့် ငါ နောက်ဆုတ်လိုက်တော့မယ်"

"နောက်ဆုတ်လိုက်တော့မယ်၊ နောက်ဆုတ်တယ်ဆိုတဲ့ အဓိပ္ပါယ်က ဘာကိုရည်ရွယ်တာလဲ"

"သူ စိတ်ချမ်းသာမှု သူ့ရည်မှန်းချက်တွေကို လွတ်လပ်စွာ အကောင်အထည် ဖော်နိုင်ဖို့အတွက် သူ့ကို အိမ်ထောင်ရေးနွံထဲက ရုန်းထွက်ခွင့်ပေးလိုက်တော့မယ်လို့ ဆိုလိုတာပါ"

"သူကလည်း သူ့ကြောင့်ဆိုပြီး တောင်တော်စိတ်ထိခိုက်နေတာ"

"သူ. . ကွာရှင်းခွင့်ကို ဘာဖြစ်လို့ လျှော့လျှော့ရှုရှုမပေးရတာလဲ သူ့ဂုဏ်သိက္ခာအတွက်လား"

"ရှင်တို့နှစ်ယောက်ဟာ. . တစ်ယောက်စိတ်ကိုတစ်ယောက် နားလည်ဖို့ မကြိုးစားကြဘဲ မာနပြိုင်ခဲ့ကြတာပဲ၊ ဘာပဲဖြစ်ဖြစ်ကွာရှင်းဖို့ကို အလျှင်စလိုမဆုံးဖြတ်ကြသေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်”

ခင်ကင်းစင် ခရမ်းစွဲကို အကဲခတ်လိုက်သည်။ ခရမ်းစွဲသည် ပုံမှန်မျက်နှာအနေအထားအတိုင်းပဲ ဖြစ်သည်။

“ရှင့်ကို သူတိုင်ပင်သလား”

“အင်း. . ခုနကပဲ သူ့ရုံးခန်းမှာ ဆွေးနွေးဖြစ်ကြတယ်”

ခရမ်းစွဲ ဘာကိုမှမညာချင်တော့။ သူ့မှာလည်း ဆုံးဖြတ်ချက်တစ်ခုရှိနေပြီ။ ဆုံးဖြတ်ချက်ကိုလည်း စတင် အကောင်အထည်ဖော်နေပြီဖြစ်သည်။

“သူက ဘာတဲ့လဲ”

“ရှင့်အပေါ် ကွာရှင်းချင်တဲ့ဆန္ဒ လုံးဝမရှိဘူးတဲ့”

“ဘာကြောင့်လဲ၊ ဒါဘာကြောင့် အဲဒီလိုပြောရတာလဲ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး၊ သူ ကျုပ်ကိုကွာချင်နေမှာပါ မကောင်းတတ်လို့ အချိန်ဆွဲလိုက်တာပဲဖြစ်မှာ. . .”

ခင်ကင်းစင်၏ ဝိညာဉ်ကင်းမဲ့နေသော မျက်နှာသည် အခုမှ အသက်ဝင်လာသည်။ စိတ်လှုပ်ရှားမှုကြောင့် မကျေမနပ် ငြင်းပယ်လိုက်သည်။

“ရှင့်စိတ်ကို သူနားလည်ချင်လာသလို သူ့စိတ်ကိုလည်း သူ နားလည်ချင်လာပြီ. . ရှင့်ကို သူစိတ်ဝင်စားလာပြီတဲ့”

“ဘုရားရေ. . ခုမှ သူက ကျုပ်ကို စိတ်ဝင်စားတယ်တဲ့လား၊ ရက်ဖို့ကောင်းလိုက်တာ ကျုပ်နဲ့ သူ အိမ်ထောင်သက်တမ်း ခုနှစ်လကျော်ပြီ၊ ခုလို အနေအထားမျိုးရောက်မှ သူ့ထံက စိတ်ဝင်စားမှု ရတယ်တဲ့လား. .”

ခင်ကင်းစင် စိတ်ထိခိုက်စွာဖြင့် ခေါင်းအုံးပေါ်သို့ ပြန်လှဲ





သူ. . ခင်ကင်းစင်ကို ကြည့်လိုက်သည်။ ဝါနှစ်သော အသားအရေနှင့် ရုပ်ရည်ရူပကာကလည်း အပြစ်ဆိုဖွယ်ရာမရှိ။ အနောက်တိုင်းအမျိုးသမီးများ၏ အလှက ပူလောင်သည်။ မြန်မာအမျိုးသမီးအလှက အေးချမ်းသည်။

“ယူက ဘာသိချင်တာလဲ”

“ရှင်က မြန်မာပြည်နဲ့ အဆက်ပြတ်နေတာကြာပြီ မဟုတ်လား၊ ဟိုမှာ အနေကြာ ပညာသင်ခဲ့တာဆိုတော့ ရှင့်ရဲ့ နောက်ကြောင်း ရှင်းမရှင်းဆိုတဲ့ အခြေအနေကို ကျွန်မ သိချင်တာ”

“နောက်ကြောင်း. . .”

“ဟုတ်တယ် နောက်ကြောင်းဆိုတာ အိမ်ထောင်ကျခဲ့ခြင်း ရှိမရှိကို မေးတာ. .”

သူ ပြုံးလိုက်မိသည်။

လူမှုရေးနယ်ပယ် ကျဉ်းမြောင်းလွန်းသည်ဟုထင်သည်။

“ဒါကတော့. . အင်း ယူ့ကို အိုင် နားလည်အောင် မပြောတတ်ဘူး၊ ဒီမှာနဲ့ဟိုမှာ အကျင့်စရိုက်မတူဘူးလေ. . အိုင် တရားဝင် လက်ထပ်ခြင်းမရှိခဲ့တာတော့ သေချာတယ်”

ခင်ကင်းစင် အကြည့်က သူ့အပေါ် အထင်သေးသော၊ ရွံချသော၊ ရွံရှာသောအကြည့်ဟု ရိပ်မိလိုက်သည်။

“Living together နေခဲ့ဖူးတယ်ပေါ့ ဟုတ်လား”

“ရက်စ်”

“ဘယ်နှစ်ယောက်လဲ”

“သုံးယောက်”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို ရှင်နဲ့ကျွန်မ ဆေးစစ်ကြည့်ကြမယ်၊ ရီဇာတ်ရပြီးမှ လက်ထပ်ခြင်းကိစ္စကို စဉ်းစားမယ်"

သူ ခံပြင်းသွားသည်။

"အိုင်က ဆရာဝန်ပါ။ အိုင့် ကျန်းမာရေးအတွက် အိုင် ကိုအိုင် ဂရုစိုက်ပြီးသားပါ"

"ဒါကို ကျွန်မ မသိဘူး၊ ကျွန်မသိချင်တာ ရှင့်မှာ ကူး စက်ရောဂါ ရှိမရှိပဲ"

ရဲတင်းပွင့်လင်းသော မိန်းမဖြစ်သည်ကိုတော့ သူ သဘောပေါက်လိုက်သည်။

"ဘာကိစ္စ ရှိရမှာလဲ"

"ရှင် မိန်းမသုံးယောက် ယူဖူးတယ်လေ"

ခင်ကင်းစင်က မျက်နှာရဲရဲကို ခပ်လွှဲလွှဲလုပ်ပြီး ပြော လိုက်သည်။ ခွန်ညီ ပြုံးမိသည်။

မြန်မာအမျိုးသမီးတွေ၏ အရှက်အကြောက်ကြီးမှုကို မိခင်က နားသွင်းထားသဖြင့်. . သူ သဘောပေါက် တန်ဖိုးထား တတ်ပါသည်။

"ကောင်းပြီ မနက်ဖြန် အိုင် လာခေါ်မယ်"

"ဟင့်အင်း ကိုယ့်ဘာသာကို စစ်မယ်"

"ဒီလိုဆို အိုင်က ညာလိုက်ရင်ကော"

ခင်ကင်းစင်ကို သူ ကလိလိုက်သည်။

ဖျတ်ခနဲကြည့်လိုက်သောအကြည့်က. . သူ၏ရင်ကို ဖောက်ထွင်းမြင်လိုက်ရသည့် အကြည့်မျိုး. .

"ကျွန်မက စာမတတ်တဲ့သူ တစ်ယောက်ကိုး"





"ယူက အိုင်နဲ့ တွဲသွားတွဲလာရမှာကို. . ဘာဖြစ်လို့ ကြောက်နေရတာလဲ"

"မကြောက်ပါဘူး၊ ဒါပေမယ့် ရှင်နဲ့ကျွန်မ အကြောင်း ကြောင်းကြောင့် မယူဖြစ်ကြရင် မိန်းမသားဖြစ်တဲ့ ကျွန်မရဲ့ ကျေနွေသိက္ခာကို ထိပါးနစ်နာသွားမှာ စိုးရိမ်တဲ့အတွက်ပါ၊ ကိုယ့် ကိုယ်ကိုယ် ထိန်းသိမ်းသင့်တာ မြန်မာအမျိုးသမီးတွေရဲ့ မွေးရာ ပါ တာဝန်တစ်ရပ်ဆိုတာ ရှင်လည်း မြန်မာပြည်ဖွား ယောကျ်ား သားတစ်ဦးအနေနဲ့ နားလည်မှာပါ"

ဆရာလုပ်သောမိန်းမ. . . ယောကျ်ားကို အနိုင်ယူဦး ဆောင်ချင်သော မိန်းမကို ခွန်ညီ မနှစ်သက်။

ခင်ကင်းစင်သည်လည်း ယောကျ်ားကို အလျှော့ပေး သော အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မူလလို တော်လေးဝဂိုဏ်းဝင် မည့် မိန်းမမျိုး မဟုတ်တာတော့ သေချာသည်။

"ကောင်းပြီလေ၊ ဒါ ယူ့သဘောပဲ ယူ့ရဲ့အခွင့်အရေး"

"ရှင့်ကိုကျွန်မ ဆက်လက်တောင်းဆိုစရာရှိသေးတယ်"

"ပြောပါ. ."

"အကယ်၍ ရှင့်ရဲ့ဆေးလက်မှတ် ထောက်ခံချက်တွေ အရ ရှင့်ကိုကျွန်မ လက်ထပ်လိုက်ပြီဆိုပါစို့"

ခွန်ညီပြုံးမိပြန်သည်။ ဇီဇာကြောင်သော စိုးရိမ်ကြောင့် ကြမှုကြီးသော မိန်းမမျိုးမှာ သူ၏မိခင်တစ်ယောက်တည်း မ ဟုတ်ပါလား။ ငယ်ငယ်ကြီးကြီးရွယ်ရွယ် မိန်းမများသည် စိုးရိမ် ကြောင့်ကြမှု ပိုတတ်ကြသည်။

"ရှင်က ဘာပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကျလို့ပါ"

"ဘာကိုလဲ"

"ယူရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို"

"ဒါကတော့ အစကောင်းမှ အနှောင်းသေချာတဲ့၊ ကံပါ လက်ထပ်ပြီးရင် တစ်လင်တစ်မယားစနစ်ပဲ ကျင့်သုံးရမယ်"

"လက်ခံပါတယ် အိုင့်မိဘတွေလည်း ဒီစနစ်ပဲ ကျင့်သုံးခဲ့တာပဲ"

"ဒီလိုဆိုရင် ပြီးတာပဲ၊ ကျွန်မဘက်က ပြောစရာစကား မရှိတော့ဘူး၊ ရှင်ဘက်က ကျွန်မနဲ့ ပတ်သက်ပြီး ဘာသိချင်သလဲ"

ခွန်ညီ ပြုံးလိုက်သည်။ စိတ်တွင်းကြိတ်ပြုံးခြင်းသာ ဖြစ်သည်။ မိန်းမသည် မိန်းမသာဖြစ်သည်။ သူ၏ စိတ်ဝင်စားမှုအပေါ်၌ သိလိုသဖြင့် ဆန်းစစ်ခြင်းဖြစ်ကြောင်း သူ ကောင်းစွာသဘောပေါက်သည်။ ခွန်ညီ မိန်းမသဘောကို သိသည်။

မိန်းမများသည် ယောကျ်ားလေးဘက်က လိုက်လေလေ သူတို့က ပြေးလေလေ ဖြစ်သည်။ သူလိုက်စရာ မလို။

မလိုက်လျှင် အလိုလို ရပ်တန့်သွားလိမ့်မည်။

"နိုး. . အိုင် လောလောဆယ် သိချင်တာ. . ယူ့ဖခင်ရဲ့ စာအုပ်တွေ ဖတ်ခွင့်ရှိမလား ဆိုတာကိုပဲ"

ဧည့်ခန်း၏ ကျောဘက်နံရံဘီဒိုကြီး၌ ဆေးပညာ၊ သုတေရသ စာအုပ်မျိုးစုံရှိနေသည်။ ထိုစာအုပ်လောက် သူ့အပေါ် စိတ်မဝင်စားပါလားဟု ခင်ကင်းစင် ရင်တွင်းကြိတ်ကာ ဒေါသထွက် မရိုးမရွဖြစ်အောင် သူ တမင်ဖန်တီးလိုက်ခြင်း ဖြစ်သည်။





"ရပါတယ် ဖတ်ပါ၊ ပြောစရာမရှိဘူး ဆိုရင် ကျွန်မတို့ ခွင့်ပြုပါ"

ခင်ကင်းစင်အား သူ မတားဆီးလိုက်ပါ။ ငြိမ်းငွေ့ဖွယ်ကောင်းစွာပင် သူသည် စာအုပ်များကို လိုက်လံဖတ်ရှုနေခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၄]

“ရှင် နောက်ကျသွားတယ်”

ခရမ်းစွဲ ဝင်လာလာခြင်း ခင်ကင်းစင်က လှမ်းပြော လိုက်သည်။ ဝတီနှင့် ကေကေက. . .

“ဟုတ်ပ၊ မင်းသားမျက်နှာ ငိုရမလို ရယ်ရမလို မ မလည်ဖြစ်သွားတဲ့ မျက်နှာကို ရှင်မြင်ရရင် ခွက်ထိုးခွက်လ ရယ်မိမှာ၊ ကျုပ်တို့တောင် ရယ်လိုက်ရသေးတယ်”

ခရမ်းစွဲက လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်





လိုက်ရင်း ခင်ကင်းစင်၏ မျက်နှာဖူးဖူးလေးကို ကြည့်လိုက်သည်။

“ဒေါ်ကင်းစင်ရယ် ရှင့်လုပ်ပုံတွေ မဟုတ်သေးပါဘူး”

ခင်ကင်းစင်က သောက်ရန် ပါးစပ်နားကပ်လိုက်သော ကော်ဖီခွက်ကို အသာပြန်ချရင်း. . .

“ဘယ်လို မဟုတ်တာလဲ ဒေါ်ခရမ်း”

“ရှင့်ကိုယ်ဝန် ငါးလကျော်လာတဲ့အထိ ယောက်ျားကို အသိမပေးတာဟာ ရှင် မလွန်လွန်းဘူးလား”

“ဘုရားရေ ကျုပ်ကပဲ လွန်ရတယ် ရှိသေးတယ်”

ခင်ကင်းစင်ကခရမ်းစွဲကို မကျေမနပ်ကြည့်လိုက်သည်။

ဝတီက. . .

“ဖြေးဖြေးပြောကြပါ စားဦး”

“ယောက်ျားတစ်ယောက်ရဲ့ ဥပေက္ခာပြုခြင်းကို ခံနေရတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားမှုကို ရှင် နားမလည်နိုင်သေးပါဘူး ဒေါ်ခရမ်းရယ်”

“ဥပေက္ခာပြုမှုကို ဘယ်သူတွေက စတင်ဖန်တီးခဲ့တာလဲ တစ်ယောက်တည်း ဖန်တီးလို့ ရသလား၊ သူကပြုဖို့ ကြိုးစားတယ်၊ ရှင်က လက်မခံဘူးဆိုရင် ဥပေက္ခာဆိုတာ ဖြစ်မလာနိုင်ပါဘူး”

“ရှင် ဘယ်လိုဖြစ်နေတာလဲ ဒေါ်ခရမ်း၊ အရင်တုန်းက ရှင်ပဲ ချင်းစိမ်းနဲ့မိတ်သလင် သူကြင်မှုကိုယ်ကြင်ဆို”

ခင်ကင်းစင်က ခရမ်းစွဲကို နားမလည်နိုင်တော့ချေ။

ခရမ်းစွဲသည် လှသည်။ စွဲမက်ဖွယ်ကောင်းသော ပါးချိုင့်လေးများနှင့် ညှို့အားအပြည့်ရှိသော မိန်းမချောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါသော ဆရာဝန်မလေးခရမ်းစွဲအပေါ် လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည်။

သို့သော် ခရမ်းစွဲသည် ယောကျ်ားတွေအပေါ် အပြစ်အမျိုးမျိုးမြင်ကာ ကြည့်မရခဲ့။ မိဘတွေ စီစဉ်ပေးခြင်းအပေါ်လည်း ခါးသီးစွာငြင်းပယ်ကာ အပျိုကြီးလုပ်နေသူဖြစ်သည်။

"အစက. . ဟုတ်တယ် ခုတော့ ကျုပ်စကား ပြင်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ရှင့်ရင်သွေးအတွက်ပေါ့ ဒေါ်ကင်းစင်ရယ်၊ ရှင့်ကလေးရဲ့ စိတ်လုံခြုံမှုရှိစေဖို့အတွက် ရှင် အားမွေးပါ၊ အနိုင်ယူလိုစိတ်တွေ မမွေးပါနဲ့၊ သူ့ကို ဖခင်တစ်ယောက်အနေနဲ့ ဖွင့်ပြောရမှာ ရှင့်ဝတ္တရား၊ ခုလို ရှင် ပြုမူလိုက်တော့ သူ ဘယ်လောက်အခံရခက်သွားမလဲ"

"ခက်ပါစေ. . ခက်အောင် တမင်လုပ်တာပဲ"

"ဘာအကျိုးရှိမလဲ"

"ပြန်သွားရင် ထူးခြားမှုတစ်ခုခု ရှိလိမ့်မယ်လို့ ကျုပ်ထင်တာပဲ"

"ဟုတ်တယ်၊ ဒါပေမယ့်. . ရှင် စိတ်အေးအေးထားပါ။ ခုချိန်မှာ ရှင်ဟာ အသားစီးက အနိုင်ရနေပြီ"

"ဟုတ်တယ် ဗိုက်ပြစားရမယ့်အချိန်ပဲ၊ ကျုပ်လည်း ရှင့်ကို အားကျလာပြီ ဒေါ်ကင်းစင်ရာ"

ခင်ကင်းစင်ထက် ငါးလခန့်စောပြီး အိမ်ထောင်ကျသူ ကေကေက ဝင်ပြောလိုက်သည်။ သို့သော်. . သားသမီး အရိပ်





အယောင် မပြသေး။

"သူဟာ ဆရာဝန်တစ်ယောက်ပဲ၊ မိခင်နဲ့ ကလေးကို စောင့်ရှောက်တတ်တဲ့စိတ်မျိုး သူ့မှာရှိနေမှာပါ၊ ရှင်လိုချင်တဲ့အရာတွေ ဖြစ်ချင်တဲ့ဆန္ဒတွေကိုသာ ရှင် တောင်းဆိုပေတော့ သူ လိုက်လျောမှာပါ"

ခင်ကင်းစင် အံကို ခပ်တင်းတင်းကြိတ်လိုက်သည်။ ယောကျ်ားလေးတော်တော်များများကို လှည့်စားအနိုင်ယူခဲ့သမျှ လက်ထပ်လိုက်မိသော ယောကျ်ားနှင့်ကျမှ အရှုံးပေးရမည်လား။

"ခုချိန်မှာ ရှင်ကြည့်ရမှာက ရှင့်အတွက်မဟုတ်ဘူး ရှင့်ရင်သွေးအတွက် ရှင်ကြည့်ရမှာ၊ ကိုင်း. . စားဦး ကျုပ်လည်း အချိန်မရဘူး စားပြီး ဂျူတီတန်းဝင်ရတော့မှာ"

ခရမ်းစွဲက ပြောပြောဆိုဆို ဟန်ဘာဂါကို စားလိုက်ပြီး ကော်ဖီသောက်လိုက်သည်။ တွေဝေစဉ်းစားနေသော ခင်ကင်းစင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

မိဘများ ရန်ကုန်သို့ ပြောင်းလာစဉ် ခြောက်တန်းနှစ်မှစ၍ ဆယ်တန်းအထိ အတန်းစဉ်တောက်လျှောက် တစ်ခုံတည်း အတူတကွထိုင်ကာ ချစ်ခင်ကြသည့် သူငယ်ချင်းဖြစ်သည်၊ ဆယ်တန်းအောင်တော့ သူက ဆေးတက္ကသိုလ်၊ ခင်ကင်းစင်က စက်မှုတက္ကသိုလ်တက်သော်လည်း လူချင်းကတော့ အဆက်အသွယ် မပြတ်လှ။ ထို့ကြောင့် ငယ်သူငယ်ချင်း ခင်ကင်းစင်အပေါ် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများထက် ပို၍ချစ်ခင် တွယ်တာသည်။

ခင်ကင်းစင်လက်ထပ်သည့်အချိန်က သူ ရှင်းပြည့်မှုန်



www.burmeseclassic.com

www.burmeseclassic.com



ဖလမ်းမြို့၊ ပြည့်သူ့ဆေးရုံကြီး၌ တာဝန်ကျနေသဖြင့် မလာနိုင်ဘဲ မိဘများမှတစ်ဆင့်သာ လက်ဖွဲ့ခိုင်းလိုက်ရသည်။

မကြာခင်ကမှ မြောက်ဥက္ကလာပပြည်သူ့ ဆေးရုံကြီး၌ တာဝန်ကျသဖြင့် ခင်ကင်းစင်နှင့် ပြန်ဆုံတွေ့ရခြင်းဖြစ်သည်။

ခင်ကင်းစင်၏ အိမ်ထောင်ရေးအဆင်မပြေခြင်းကို ဝမ်းနည်းစွာ သိခဲ့ရသည်။

"ကျုပ် လိုက်ပို့ပေးရမလား"

"ဟင့်အင်း ကျုပ် အိမ်မပြန်သေးဘူး"

"ရှင် ဗိုက်ကြီးတကားကားနဲ့ ဘယ်သွားဦးမလို့လဲ"

"ဒေါ်ကေကေအိမ် ဒါမှမဟုတ် တစ်နေနေရာမှာ သွားနေလိုက်ဦးမယ်၊ ဒါမှ အကယ်၍များ သူ ငါ့ကို စောင့်နေခဲ့ရင်. . သူဘယ်လိုခံစားရမလဲဆိုတာ ကိုယ်ချင်းစာစိတ် သူ ရသွားစေချင်တယ်"

"ရှင်တို့ဟာက မဟုတ်သေးပါဘူး၊ ကိုင်း ကျုပ်လည်း ရုံးချိန်နီးပြီ သွားတော့မယ် ဒေါ်ခရမ်းရေ ကြားသုံးကြား မဝင်နဲ့ဆိုပေမယ့် ကျုပ်တို့တော့ သူတို့လင်မယားကြားကို ဝင်လိုက်မှ ဖြစ်တော့မယ် ထင်တယ်"

"ဟုတ်တယ်"

ကေကေက ဝတီ၏စကားကို ထောက်ခံသည်။

ခရမ်းစွဲက ခေါင်းညိတ်ပြီး. . .

"ဟုတ်တယ် ရှင့်ပုဂ္ဂိုလ် ဘယ်အချိန်ရှိတတ်သလဲ"

"သူရှိတဲ့အချိန် ရှင်တို့လာနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"





"သန်းခေါင်ကျော်မှ ပြန်လာတတ်တယ်"

"ဘုရားရေ နေ့စဉ်နေ့တိုင်းလား"

ခရမ်းစွဲက သူ့ရင်ဘတ်ကို သူဖိကာ တအံ့တသြ မေးလိုက်သည်။

"ဟုတ်တယ် မနက်ကော မေးဦးမလား"

"အင်း ဘယ်အချိန်ရှိသလဲ"

"ပုံမှန်မရှိ နိုးတာနဲ့ ရေမိုးချိုးပြီး ကားသော့ယူ၊ တန်းထွက်သွားတာပဲ"

ခရမ်းစွဲရင်ထဲ ဒေါသစိတ်၊ ခံပြင်းစိတ်က ဝင်ရောက်လာသည်။ သူငယ်ချင်း ခင်ကင်းစင်အစား မခံချိမခံသာ ဖြစ်ကာ. .

"ရှင်က မတားဘူးလား"

"အေးလေဟယ် ဒီမှာ နံနက်စာပြင်ထားတယ် စားသွားဦး မောင်ရယ် ဘာညာပေါ့"

ကေကေက ဝင်ပြောလိုက်သည်။

ခင်ကင်းစင်က သက်ပြင်းချလိုက်သည်။

"ယောကျ်ားတစ်ယောက်ကို အောက်ကျနောက်ကျခံပြီးမှ ကိုယ့်ဘက်ဆွဲဆောင်ယူရမယ့် အလုပ်မျိုး ငါတစ်သက်လုံးမလုပ်ဘူး"

"ကဲ. . ဘာပဲဖြစ်ဖြစ် ကျုပ် ရှင့်ယောကျ်ားကို လိုက်တွေ့မယ်၊ ဒီအတိုင်းလွှတ်ထားရင် ရှင်တို့ အိမ်ထောင်ရေး မလွယ်ဘူး၊ ဟုတ်လား ဝတီ ရှင်နဲ့ကျုပ် သူတို့အိမ် သွားအိပ်ပြီး သူတို့ ရင်ကြားစေ့ပေးရအောင်"

"မလိုပါဘူးကွာ သူများကြားဝင်ပေးလို့ ပြေလည်မှ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သာဘဲ သူ့ဂုဏ်သိက္ခာအတွက် ပြုပြင်လာမှာမျိုးကိုလည်း ငါ မလိုလားဘူး၊ ကဲပါ ရှင်တို့က အလုပ်ရှိတဲ့သူတွေ သွားကြတော့ ဒေါ်ဝတီရုံးကိုပဲ ရှင်လိုက်ပို့လိုက်တော့ ဒေါ်ခရမ်း"

ခရမ်းစွဲ လောလောဆယ်အားဖြင့်တော့ ခင်ကင်းစင်ကို လက်မြှောက်အရှုံးပေးလိုက်သည်။

"ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ဦး၊ ရှင့်ကားကို ကိုယ်တိုင်မကောင်းနဲ့တော့ကွာ"

"ဘာမှမဖြစ်ပါဘူး ကျုပ်က စိတ်ပျော့ညံ့တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ၊ ရှင်ဘာမှမပူနဲ့ မွေးခါနီးလို့ ဆေးရုံလာတက်ရင်တောင် ကိုယ့်ကားကိုယ်မောင်းပြီး လာတက်မယ့်မိန်းမစားပါ"

"တော်ပြီ ရှင့်ကို ကျုပ် လက်မြှောက်တယ်၊ ကိုင်း ကျုပ်သွားပြီ"

ခရမ်းစွဲနှင့် ဝတီ ထွက်သွားသည်။

ကေကေနှင့် ခင်ကင်းစင်သာ ကျန်ရစ်ခဲ့သည်။ ကေကေ့ အမျိုးသားက ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

ခင်ကင်းစင်နှင့် စက်မှုတက္ကသိုလ်ကျောင်းနေဘက် သူငယ်ချင်းလည်း ဖြစ်သည်။

"ထိုးဝါးကတောင် ပြောနေသေးတယ်"

"ဘာကိုလဲ"

"ရှင့်ကိုပေါ့"

"ကျုပ်ကို ဘာကိစ္စလဲ"

"ရှင်တို့အိမ်ထောင်ရေး ကြည့်ရတာ အေးတိအေးစက်နဲ့





အဆင်ပြေပုံမရဘူးလို့ ကျုပ်က ပြောမိတော့. . ထိုးဝါးက အဲဒါ ရှင် မာနကြီးလို့နေမှာပေါ့တဲ့"

ခင်ကင်းစင် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"အေးလေ အကြောင်းမသိရင်တော့ ကျုပ်မာနကြောင့်လို့ထင်ကြမှာပေါ့၊ ဒါပေမယ့် ကျုပ်အကြောင်း ကျုပ်ပဲသိပါတယ်။ ကိုင်း ရှင့်အိမ်ကို ကျုပ်လိုက်ခဲ့မယ် ညနေစောင်းမှ ကျုပ်ပြန်မယ်၊ ထိုးဝါးတော"

"ကျုပ်ကို လိုက်ပို့ပြီး ဆိုက်ထဲဆက်သွားတယ် ဒါဖြင့်လည်း ပြန်ရအောင် ကျုပ်မောင်းမယ်နော်"

ခင်ကင်းစင်က ပြုံးကာ ကားသော့ကို လှမ်းပေးလိုက်သည်။ ခရမ်းစွဲက ငွေရှင်းသွားပြီးဖြစ်သဖြင့် သူတို့ M3 မှ ထွက်ခဲ့လေသည်။

ချစ်သူစုံတွဲများ လာရောက်စားသောက်ကြသည်ကို မြင်တော့ ခင်ကင်းစင် နာကြည်းမှုက နှင့်ခနဲနေအောင် နာကျင်ခံစားလိုက်ရသည်။

ဘယ်သူမဆို ချစ်သူနှင့်အတူယှဉ်တွဲကာ ပျော်ရွှင် ကြည်နူးလိုသောဆန္ဒ ချစ်တတ်သူတိုင်း၌ ရှိပေလိမ့်မည်ပေါ့။ မိမိသည်လည်း ပုထုဇဉ်လူသား ချစ်တတ်သောနှလုံးသားနှင့် သာမန်မိန်းမသားတစ်ဦးပေပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၅]

မိမိတို့အတွက် ခွန်ညီမိဘများက လက်ဖွဲ့အဖြစ်ပေး ထားသော အင်းယားလမ်းထဲမှအိမ်ကို သွားကြည့်သည့်နေ့ပင် ပြဿနာက စသည်။

နှစ်ယောက်အိပ်ခန်းကို မတွေ့ရသဖြင့် စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

သုံးဘက်မြင်မှန်တင်ခုံနှင့် မိန်းမအသုံးအဆောင်ပစ္စည်း





အစုံအလင် ပြင်ဆင်ပေးထားသော အိပ်ခန်းကိုပြပြီး. . .

"အဲ့ဒါ ယူ့အတွက် အခန်းပဲ"

ဩော် ဘသားချောက ဘိုဆန်ဆန် ကျင့်သုံးချင်စိတ် မပျောက်သေးဘဲကိုး။ အနောက်တိုင်းအငွေ့အသက်တို့က သူ့အား လွှမ်းမိုးနေဆဲထင်ပါရဲ့။

"ရှင်ကကော. ."

"ဟိုဘက်မှာ"

မိန်းမသားဖြစ်သောမိမိက ဒီကိစ္စကို အရေးကြီးခွင် ကျယ်လုပ်ပြီး ပြောပြရန် သင့်တော်ရဲ့လား။

ပြောတော့ ပြောပြချင်သည်။ မြန်မာမိန်းမသားများ သည် ခင်ပွန်းကို ခုတင်၏လက်ယာဘက်၌ထား၊ ခေါင်းအုံးကို အသာလျှောအိပ်ပြီး ဖြစ်စေ၊ ခင်ပွန်း၏ ဘယ်လက်ကို ခေါင်းအုံး ပြီးဖြစ်စေ၊ ရင်ခွင်ထဲ အသာတိုးကာ အိပ်လိုက်ခြင်းဖြင့် လုံခြုံနွေး ထွေးသော အိမ်ထောင်သည်ဇနီးမယားတစ်ယောက်၏ ပြည့်စုံမှု ကို ခံစားလိုက်ရလိမ့်မယ် သမီးဟု မိခင်ပြောပြခဲ့သော စကားတို့ သည် အကောင်အထည်ဖော်နိုင်တော့မည် မဟုတ်။

တစ်ယောက်တစ်ခန်းဆီ အိပ်ကြရမည်။ သူ အလိုဆန္ဒရှိ မှ မိမိထံသို့လာမည်။

မိမိကကော သူ့ထံသို့ သွားရမည်လား. . ဝေးသေး။

ဘယ်တော့မှ သူ့တံခါးကိုခေါက်ကာ ဝင်ခွင့်တောင်း လိမ့်မည် မဟုတ်။

"အိမ်ထောင်ဆိုတဲ့ နှောင်ဖွဲ့မှုကို အိုင် မနှစ်သက်ဘူး ယူကော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အိမ်ထောင်မကျဘူးသေးတော့ မသိဘူး"

"အိုင်ရဲ့သဘောက ယူ့ကို နှောင်ဖွဲ့မထားဘူး၊ ယူ့ဘာသာယူ လွတ်လပ်စွာ နေထိုင်စားသောက်ခွင့် ရှိတယ်၊ သွားလာခွင့်ရှိတယ်၊ အလားတူ . . အိုင့်ကိုလည်း ယူ နှောင်ဖွဲ့ခွင့် မရှိဘူး၊ အိုင်သွားချင်တဲ့အချိန် သွားချင်တဲ့နေရာ သွားမယ်၊ ယူ့အပေါ် အိုင်သစ္စာမဖောက်ဘူး၊ ယူလိုအပ်တာတွေ ဝယ်ပေးမယ် အိမ်ထောင်တစ်ခုလုံးရဲ့ လိုအပ်ချက်တွေကို ဘဏ္ဍာစိုးအန်ကယ်သော်နဲ့ အပြည့်အစုံ ဖန်တီးပေးထားမယ်၊ ယူ လိုအပ်တာ သုံးဖို့အတွက် မီးခံသေတ္တာသော့တစ်ချောင်း အိုင်ပေးထားတယ်၊ အိုင့်အတွက်တာဝန်ကျေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်မှန်သမျှ အကုန်လုပ်ပေးမယ်"

"ဒါ တာဝန်ကျေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်လို့ ရှင်ယူဆတယ်လား"

ခင်ကင်းစင် စိတ်ပျက်သွားသည်။

"မဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်လိုလုပ်ရပ်မှ တာဝန်ကျေပွန်တာလဲ"

"ကျွန်မ မသိဘူး ရှင့်ဘာသာရှင် သိအောင်ကြိုးစားဦး"

ပြောပြမှ ဝတ်ကျေတန်းကျေလုပ်ဆောင်သော လုပ်ရပ်များကို ခင်ကင်းစင် ကျေနပ်သင့်သလား။

"ပြောပြလေ၊ အိုင် ဘာတွေလုပ်ပေးသင့်သလဲဆိုတာ"

ခင်ကင်းစင် ခွန်ညီအား ကြည့်လိုက်သည်။ နိုင်ငံခြားတဘွဲ့တွေ တသီကြီးယူလာသော ဆရာဝန်တစ်ယောက်အနေနဲ့ အသိဉာဏ် နည်းပါးလိမ့်မည်မဟုတ်ဟု ခင်ကင်းစင် ယုံကြည်





ချစ်နေတယ်ဆိုတာ" ဟု ။ ဂျင်းစိမ်းနဲ့ မိဿလင်ပဲ။ သူကြင်မှ ကိုယ်ကြင်ပေါ့။ ပင်ကိုမာနက ခေါင်းပြူထလာသည်။

"ကောင်းပြီ ရှင်မြန်မြန်လာခဲ့နော်"

"အိုင် ကားနဲ့လာမှာ"

"လမ်းကြမ်းတာပေါ့"

"ကြမ်းပါစေ ကွင်းဆင်းတဲ့သဘောနဲ့ အိုင် လမ်းမှာ လိုအပ်တဲ့နေရာမှာ ကုသမှု လှူဒါန်းမှုလေးတွေ လုပ်ချင်တယ်"

ခင်ကင်းစင် အံ့အားသင့်သွားသည်။

"အိုင် ဘယ်လောက်ပဲ ပညာတွေတတ်တတ် အိုင့်ရှင် သွေးအသက်ကို အိုင် အချိန်မီမကယ်လိုက်နိုင်ဘူး၊ ဒါကြောင့် အိုင်ရှာထားတဲ့ငွေတွေနဲ့ လိုအပ်တဲ့နေရာမှာ ဆေးရုံဆေးခန်းတွေ လှူမယ်၊ ဆေးလှူမယ်၊ သွားရင်းလာရင်း ကုသမှုပေးမယ် ယူစောင့်နိုင်ပါတယ်နော်"

"စောင့်နိုင်ပါတယ်၊ ဘာလို့ မစောင့်နိုင်မှာလဲ ကျွန်မတောင် လုပ်အား၊ ငွေအားပါဝင်ချင်သေးတယ်၊ ပြန်ရင်လည်း အို . . မဟုတ်ဘူး ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့တာ"

ခင်ကင်းစင်က အားတက်သရောပြောလိုက်ပြီးမှ ကွာရှင်းကြတော့မှာပါလားဟု သတိရလိုက်ပြီး စကားကိုပြန်လျှော့ချလိုက်သည်။

ခွန်ညီ၏ ခနိုးခနဲ့ရယ်သံ ထွက်လာသည်။ မိမိ မကြိုက်တာ အဲ့ဒီရယ်သံပဲ ဖြစ်သည်။ အောင်နိုင်သူ၏ အထက်စီးရယ်သံဟုထင်ကာ မုန်းမိသည်။ သို့သော် အခု မိမိအရာရာကို လက်မြှောက်အရှုံးပေးထားပြီဖြစ်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှင်ရောက်လာမယ့်ရက်က မတိကျဘူးပေါ့နော်၊ ကျွန်မ ဒေါက်တာကိုပြန်လွှတ်လိုက်တော့မယ်၊ ကျွန်မ နေတတ်ပြီ၊ ကျန်းမာရေးလည်း ကောင်းနေပြီပဲ"

"မရဘူး၊ မလွှတ်နဲ့ အိုင်က ယူ့ကိုစောင့်ရှောက်ဖို့ မှာထားတာ၊ အိုင်ရောက်လာမှ သူပြန်ရမှာ၊ ဒါကို သူသဘောပေါက်တယ်၊ သူ့စိတ်အနှောင့်အယှက်ဖြစ်အောင် ယူ မကြိုးပမ်းပါနဲ့"

ခင်ကင်းစင် သဘောပေါက်လိုက်သည်။ သူလွှတ်ထားသော အလုပ်သမားများကလည်း မိမိအား မျက်ခြေမပြတ် စောင့်ကြည့်သကဲ့သို့ ဒေါက်တာကေသီကလည်း ဘယ်သွားသွား မခွဲမခွာရှိနေသည်။ ဝတီပြန်သွားပြီးမှ ပိုသိသာသည်။

"ယူ အိုင် ယူနဲ့တွေ့ချင်လှပြီ၊ ဒါဟာ လွမ်းဆွတ်မှုလားလို့ အိုင် တွေးမိသည်၊ လွမ်းဆွတ်မှုရဲ့ အရင်းခံက အချစ်လားယူ သိသလား၊ အိုင့်ကို ယူ ရှင်းပြနိုင်မလား"

"ရှင် ရူးသွပ်နေသလား၊ ရှင် နဲ့ ကျွန်မ ကွာရှင်းတော့မယ်လေ"

"အိုင့်ဘက်က မသေချာပါဘူး၊ အိုင် ယူ့မျက်ဝန်းလေးတွေကို သတိရတယ်၊ မာနရောင်တောက်နေတဲ့ မျက်ဝန်းလေးတွေ အခုကော အဲ့ဒီအတိုင်း ရှိနေတုန်းပဲလား"

မျက်ရည်များ ရစ်ဝဲလာသည်။ ငိုချင်လာသည်။ ငိုသံဝါနှင့်စကားပြောမိမှာ စိုးရိမ်သဖြင့် တယ်လီဖုန်းကို ချလိုက်သည်။

ဖုန်းခေါ်သံထွက်လာသည်။

ပလပ်ကိုဖြုတ်လိုက်သည်။





ကုတင်ပေါ် မှောက်ကာ ငိုချလိုက်မိသည်။ ဘာကြောင့်လဲ သူ့စကားတွေကို မိမိတမ်းတခဲ့တာ လက်ထပ်ပြီးကတည်းက။ သူ့ထံက မရခဲ့။ အရှုံးပေးပြီး ဆုံးဖြတ်လိုက်ချိန်မှ ရသည်။

ဘာလုပ်ရတော့မှာလဲ။

အရာရာပြီးဆုံးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၃၅]

"ကွန်ကရက်ကျူလေးရှင်း ပါးပါး၊ နင်တို့အိမ်ထောင်ရေ
သာယာဖြောင့်ဖြူးနိုင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

ခရမ်းစွဲ၏လက်ကို ဆုပ်ကိုင်လှုပ်ရမ်းရင်း ခွန်ညီဈေး
မိသည်။ ခရမ်းစွဲက သူနှင့်လုပ်ဖော်ကိုင်ဘက် ဆရာဝန်တစ်ဦ
နှင့် လက်ထပ်တော့မည်။ ဖိတ်စာကို သူ့အားလာပေးသည်။

"နင် မယ်ကင်းဆီကို အမြန်ဆုံးရောက်အောင်သွားပြီ





တ်စာကို ပေးလိုက်ပါ၊ ဒါဆို သူ့ဆုံးဖြတ်ချက် ပြောင်းသွားမှာ

ခွန်ညီက ခေါင်းမာစွာ ငြင်းဆန်လိုက်သည်။ သို့သော်
စကားက ရင်ထဲ၌သာဖြစ်သည်။ ခရမ်းစွဲ၏ အနစ်နာခံစိတ်၊
ညီချင်စိတ်ကို သူအသိအမှတ်ပြုသင့်သည်။

"အေးပါ" ဟု ဆိုလိုက်ရပေမယ့်၊ မိန်းမ၏ ဆုံးဖြတ်ချက်
သူ့အချစ်ဖြင့်သာ ပြောင်းလွဲစေရမည်။ ဘယ်ပယောဂနှောင်
မှုကိုမှ သူမလိုချင်။ မေတ္တာအရေးအခင်းမှာ ကာယကံရှင်
ဦး၏ ချစ်ခြင်းမေတ္တာ အတိမ်အနက်သည်သာ အဓိကဖြစ်
ည်။

"ဪ. . နင်နဲ့ငါ အမှတ်တရအဖြစ် ကိုယ်စီကိုယ်ငှ
မ်းထားကြတဲ့ ဓါတ်ပုံနဲ့ပစ္စည်းလေးတွေကို တစ်နေရာရာမှ
နဲ့ပစ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဓါတ်ပုံနဲ့ပန်းချီကားကို ငါ့မေမေဆီကို ပြန်ပေးလိုက်ပြီ၊
ကျန်တာတော့ သံလျှင်တံတားပေါ်ကနေ ပြစ်ချလိုက်တော့မယ်၊
ပေမယ့် နင်နဲ့ငါရဲ့ သံယောဇဉ်ကြိုးကတော့ ပြတ်တောက်သွား
မဟုတ်ဘူးဆိုတာ နင် ယုံကြည်ပါ"

"ငါ ယုံကြည်ပါတယ်၊ ဖြူစင်တဲ့မေတ္တာဟာ ပျက်ပြယ်ခဲ
တယ်၊ ငါလည်း နင့်လိုပဲ လုပ်လိုက်ပါ့မယ်၊ တခါတရံ အမှတ်
ရပစ္စည်းလေးတွေက လူတစ်ယောက်ရဲ့စိတ်ကို အနှောင့်အယှက်ဖြစ်
စလောက်အောင် ထိခိုက်မှု ရှိစေမယ်မှန်းသိရင် ငါ သိမ်းမထား
ပါဘူး"

"နင်ဟာ သိပ်ကိုဖြူစင်တဲ့ မိန်းမတစ်ယောက်ပါ ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငယ်ကျွမ်းဆွေသူငယ်ချင်းတစ်ယောက်ရှိနေပါလား ငါ့အမြဲဂုဏ်ယူမှာပါ။ နင့်ကိုငါ သူငယ်ချင်းကောင်းတစ်ယောက် အနေနဲ့ တစ်ခုတော့ သတိပေးပါရစေ”

ခွန်ညီရင်၌ ပါးပါးသည် ဘယ်သောအခါမှ ပျောက်ပြယ် သွားမည့်သူ မဟုတ်သဖြင့် စိုးရိမ်စွာသတိပေးလိုက်သည်။

“ယောကျ်ားတွေမှာလည်း ယောကျ်ားမာနရှိတယ်၊ အဲဒီ မာနကို မထိခိုက်စေနဲ့၊ နင့်ခင်ပွန်းရဲ့ချစ်ခြင်းကို နင်အသိအမှတ် ပြုပြီး ချစ်တတ်အောင်ချစ်ပါ၊ အိမ်ဦးနတ်အနေနဲ့ ဦးစားပေးပြီ ခင်ပွန်းအပေါ် မာနမထားမိပါစေနဲ့နော်”

“အေးပါ၊ နင်တို့လင်မယားကို သာကေ ယူပြီး ငါ့အိမ်ထောင်ရေးကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားမှာပါ၊ ကဲ . . ကဲ ငါပြန်တော့မယ်၊ ငါ့ အမှတ်တရပစ္စည်းလေးတွေယူ သွားပစ်လိုက်ဦးမယ်”

“ဂွတ်လဒ် ပါးပါး”

“ဂွတ်လဒ် ဂျူနီယာ”

ပြိုင်တူလိုလို နှုတ်ဆက်မိကြသည်။ ပြုံးပြီး ခရမ်းစွဲ သူ့အခန်းထဲမှ ထွက်သွားသည်။ ခရမ်းစွဲ သွားပစ်မည့် ဂျူနီယာပေးထားသော ယွန်းသေတ္တာလေးနဲ့ သူပေးထားသော ယွန်းသေတ္တာဘူးကလေးသည် ပဲခူးမြစ်အောက်ခင်းပြင်၌ မဆုံဆည်းဘူးဟု ပြောနိုင်ပါ့မလား။

ဂျူနီယာ ဘယ်နေရာ၌ ပြစ်ချခဲ့သလဲ သူ မမေးခဲ့။

လူချင်း ဆုံနိုင်ခွင့် မရမှတော့ ပစ္စည်းချင်း ဆုံဆည်းနိုင်ခွင့်ကော ရပ့ါမလား။





ခရမ်းစွဲသည် ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ပုတ်ခတ်ကာ သိမ်းဆည်းလိုက်ပြီး တံခွန်ဆေးရုံထဲမှ ထွက်ခဲ့လေသည်။

ခွန်ညီ ပြူတင်းပေါက်မှ လိုက်ကာကိုလှပ်ကာ ခရမ်းစွဲကားလေးကို မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။

ပျောက်ကွယ်သွားမှ ပင့်သက်ရှိုက်လိုက်မိသည်။

ခင်ကင်းစင် သတိလစ်နေစဉ်၌ “မောင် . . မောင်” ဟု တသသ ခေါ်ခဲ့သူမှာ ဘယ်သူနည်းဟု သူစိတ်ဝင်စားခဲ့သည်။

ဒီညပဲ စီစဉ်စရာရှိသည်တို့ကို စီစဉ်ပြီး ကားနှင့်လိုက်ရလျှင် ကောင်းမည်လား။

ကြန့်ကြာသွားမည်။

သူ့အနေနှင့် မောင်သည် သူသာဖြစ်ခဲ့လျှင် ခင်ကင်းစင်၏ လက်ကိုတွဲကာ သွားလေရာကို ခေါ်သွားလိုက်တော့မည်။ ဘယ်တော့မှမခွဲတော့။ အပြန်ခရီးမှပဲ ရွာစဉ်မြို့စဉ်လှည့်ကာ လိုအပ်တာတွေ လုပ်တော့မည်။

နောက်ထပ်ပညာသင်ဖို့ လေးငါးနှစ်အချိန်ကို မပေးတော့။ ယခုတတ်သောပညာများနှင့်သာ လူ့အသက်ကို ကယ်တင်တော့မည်။ မိမိမျိုးဆက်သစ်တွေ အလှည့်ရောက်မှပဲ သူတို့ ပိုစွမ်းဆောင်ကြပါစေတော့လေ။ ဒါလည်း မဟုတ်သေးပါဘူး။ လေးငါးနှစ်အချိန်ထပ်ပေးပြီးရင် ထပ်ပြီးထပ်ပြီး လူအများအကာအများရဲ့ ရောဂါတွေကို ကုနိုင်မည်။

မိန်းမနှင့်ညီနှိုင်းပြီးလျှင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်သံမြည်လာ၍ သူဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို ဒေါက်တာခွန်ညီပါ"

"ဆရာ ကျွန်တော်ပါ"

"အန်ကယ်သော် ပြောပါ"

"ငပလီ ဖုန်းလာတယ်၊ ဆရာကတော် ပျောက်သွားလို့တဲ့"

"ဘာ"

သူထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။

"ဘယ်သူဆက်တာလဲ"

"ဒေါက်တာကေသီ ဆေးရုံကိုဖုန်းဆက်ခေါ်လို့ မရလို့တဲ့"

"ဘယ်နေ့ကလဲ"

"ဒီမနက် မရှိတော့တာတဲ့၊ လေယာဉ်ကွင်း ခရီးသည်စာရင်းမှာလည်း မရှိဘူး"

"ကားဂိတ်တွေကော"

"စုံစမ်းထားတာပဲ၊ ပုံသဏ္ဌာန်က သိသာတယ်၊ မလာဘူးတဲ့"

"ဒါဖြင့် စင်းလုံးငှားတဲ့ နေရာရှိသလား"

"မရှိဘူးဆရာ၊ ဧည့်သည်တွေ အပြန်ကားနဲ့များ. . ."

"ကောင်းပြီ၊ သတင်းမပြတ်စုံစမ်းထား၊ လေယာဉ်ကွင်းမှာ စုံစမ်းထား။ ကားနဲ့ခရီးသွားဖို့ ဆယ်ရက်စာလောက် ဝတ်စုံပြင်ထားဖို့ အန်တီစောကိုပြောပါ"

"ဟုတ်ကဲ့၊ တစ်ယောက်ယောက်ကို ဆရာခေါ်သွားပါ၊





ရိုးမလမ်းကဆိုတော့. ."

"ကောင်းပြီ. . မောင်ထွေးခေါ်မယ်၊ ကားနှစ်စီးနဲ့သွားမယ်၊ ဒီကဒရိုင်ဘာတစ်ယောက်လည်း ခေါ်ခဲ့မယ်၊ အားလုံးအဆင်သင့်လုပ်ထားနော်၊ ဒီညပဲထွက်မယ်၊ ပြည်မှာ ညအိပ်ပြီး မိုးလင်တာနဲ့ ပန်းတောင်းဘက်တက်မယ်"

"ကျွန်တော်လိုက်ခဲ့မယ် ဆရာ၊ ဒီမှာက မစောရှိရင် စိတ်ချရပါတယ်၊ ကျွန်တော် ဆရာနဲ့ဆရာကတော်ကို စိတ်မချလို့ပါ"

ခွန်ညီ ထူပူနေသည်။ ဦးသော်ပြောတာလည်း မှန်သည်။ ဒီခရီးလမ်းက မိမိမသွားဘူး၊ ဦးသော်ကတော့ နှံ့စပ်သူဖြစ်သည်။

"ကျွန်တော် ဒီကစီစဉ်ပြီးတာနဲ့ ပြန်လာခဲ့မယ်၊ ဒါပဲနော်"

တခွန်ဆေးရုံအတွက်က ပူစရာမလို။ လက်ထောက်ဆရာဝန်တွေ အများကြီးခန့်ထားနိုင်ပြီဖြစ်သကဲ့သို့ အချိန်ပိုင်းနှင့်လာရောက်ကူညီသူ သမားတော်ကြီးများလည်းရှိသည်။ ဒုဆေးရုံအုပ်နှင့် အမေရိကားကသူငယ်ချင်းကို ခေတ္တလွှဲထားလိုက်သည်။

မိန်းမအတွက် စိုးရိမ်သည်။

ဒီမိန်းမသည် တော်တော်ခေါင်းမာကာ တဇွတ်ထိုးနိုင်သည်။ ပျော့ပြောင်းမှု လုံးဝမရှိ။ သူဖြစ်ချင်တာကိုပဲ သူလုပ်သည်။ သူများအတွက် မကြည့်။

စီစဉ်ပြီး ရုံးခန်းကထွက်လာစဉ်. . .

"ဆရာကြီး ဒီမှာ ဖိတ်စာကျန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးမလေးက သူ့နောက်ပြေးလိုက်လာပြီး ခရမ်းစွဲ၏ ဧည့်ခံပွဲဖိတ်စာကို တရိုတသေလှမ်းပေးသည်။

ဖြစ်ရမယ်။ ပါးပါးကိုတောင် တဒင်္ဂအတွင်း လုံးဝမေ့ပျောက်သွားပါလား။ ဖိတ်စာကိုယူကာ တံခွန်ဆေးရုံတွင်းမှ ထွက်ခဲ့သည်။

လောလောဆယ် သူဦးတည်ချက်သည် ခင်ကင်းစင်ကို မတွေ့တွေ့အောင် ရှာဖွေရန်ပဲ ရှိသည်။







# အခန်း [၃၆]

ပန်းတောင်းမြို့နယ် ညောင်ကျိုးမြို့အဝင် ကားသမားအများစုရပ်နားလေ့ရှိသော ထမင်းဆိုင်လေး၌ ရပ်နားလိုက်သည်။

"ဆရာ ခဏနားရင်း တစ်ခုခုစားရအောင်၊ ဒီမှာ ကားတော်တော်များများ ရပ်ထားတယ်၊ ကျွန်တော် စုံစမ်းလိုက်ဦးမယ်"

"အိုကေ. . . အညောင်းပြေ ဆင်းလိုက်ဦးမယ်၊ အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်လိုက်သော် အဆင်ပြေသလိုသာရပ်ဗျာ"

ထမင်းဆိုင်ထဲမှ ထွက်လာသော အမျိုးသမီးနှစ်ဦး. .

"မိန်းမ"

သူ့မိန်းမမှ သူ့မိန်းမအစစ် ဝမ်းသာအားရ ပြေးသွားပြီး လက်ကိုဆွဲလိုက်သည်။

ခင်ကင်းစင် ရုတ်တရက် အံ့အားသင့်သွားသည်။ ဒီလိုနေရာမှာ ယောကျ်ားကိုတွေ့ရလိမ့်မည်ဟု လုံးဝမမျှော်လင့်မထား။

"ရှင်. . ရှင်. . လွှတ်"

လူတွေရှိနေသည်ပဲ။ ပတ်ဝန်းကျင်ကို သတိရလိုက်သဖြင့် ခွန်ညီ လွှတ်လိုက်သည်။ သို့သော် ရှေ့မှာကာဆီးထားပြီး

"မိန်းမရယ်၊ အိုင် တောင်းပန်ပါတယ်၊ အိုင် မိန်းမကို ရှာဖွေဖို့ထွက်လာတာပါ။ အိုင့်ကို စကားပြောခွင့်ပေးပါနော်"

သူ ခခယယ တောင်းပန်လိုက်သည်။

ခင်ကင်းစင် တွေဝေသွားသည်။ အင်းလေ မိမိကသာ တဖက်သတ်အနေနှင့် ကွာရှင်းဖို့ တောင်းထားပေမယ့် ကွာမှ မကွာရသေးတာ. . လင်မယားတွေပဲ၊ သူက မိမိကိုပိုင်ဆိုင်နေသေးသည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ သူက ကျွန်တော့် ဇနီးပါ၊ ခင်ဗျားတို့ အကူအညီကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ကျွန်တော်နဲ့ထားခဲ့ပါဗျာ"

အဖေါ် အမျိုးသမီးကိုပါ တောင်းပန်လိုက်သည်၊ အမျိုးသမီးက. . .

"ကျွန်မတို့ကားနဲ့ လမ်းကြုံလိုက်ခွင့်တောင်းလို့ ခေါ်လာ





တာပါ၊ ကာယကံရှင်ရဲ့ ဆန္ဒအတိုင်း ကျွန်မတို့ဆောင်ရွက်ရုံပါပဲ။ ဒေါ်ခင်ကင်းစင် အချိန်သိပ်မရှိတော့လို့ပါ၊ ဘယ်လိုလဲ ကျွန်မတို့ ထားခဲ့ရမလား"

ခင်ကင်းစင် စိတ်ညစ်လာသည်။ ဆုံးဖြတ်ချက်တို့သည် ဘယ်နဲ့ မပီမပြင်ဖြစ်နေရတာလဲ။

"မိန်းမရယ် အိုင့်ကို နဲနဲတော့ငဲ့ညှာပါဦးကွာ"

ခွန်ညီ၌ မာနမရှိတော့။ တောင်းပန်တိုးလျှိုးနေသည်။

ခင်ကင်းစင် ခရမ်းစွဲအား မြင်ယောင်လိုက်သောအခါ. .

"ကျွန်မ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးထားခဲ့ပါတယ် သွားခွင့်ပြုပါတော့"

မျက်ရည်က ရစ်ဝဲလာသဖြင့် သူ့အားတိုးဝှေ့ဖြစ်ကျော်စဉ်. . .

"ယူ. . ယူ မသွားရဘူးကွာ အိုင် ကွာမပေးနိုင်ဘူး"

ခွန်ညီက ဖက်တွယ်တားဆီးလိုက်သည်။ ခင်ကင်းစင်က ရုန်းထွက်သည်။

ဦးသော်က ခင်ကင်းစင်၏ အဖေါ်အား ရှင်းပြသည်။

"တံခွန်ဆေးရုံက ဆရာဝန်ခွန်ညီပါ၊ သူတို့လင်မယား စိတ်ဆိုးနေကြလို့ပါ၊ ကူညီပါဗျာ. . သူ့ကိုထားခဲ့ပေးပါ"

"ဟုတ်တယ် ပါရမီဖြည့်လိုက်ပါ၊ ရော့. . ရော့. . အဲဒီ အစ်မကြီးရဲ့အိတ်"

လူငယ်တစ်ဦးက ခရီးဆောင်အိတ်ကလေးကိုယူကာ ပြောပြောဆိုဆိုနှင့် ဦးသော်လက်ထဲသို့ ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက. .

"ဒေါ်ခင်ကင်းစင် ကျွန်မတို့ အကုသိုလ်မယူပါရစေနဲ့တော့နော် ခွင့်ပြုပါ"

ခင်ကင်းစင် လှမ်းတားလိုသော်လည်း သူ့ကိုချုပ်ကိုင်ထားသူ၏ ခွန်အားက ပြည့်စွမ်းလှသည်။ ခရီးကြုံလိုက်ခဲ့သော စူပါရှဖ်ကလေးက မိမိအား ထားရစ်သွားလေပြီ။

"ကဲ လွှတ်ပါတော့၊ လိုက်စရာကားကြုံ မရှိတော့ဘူး။ ရှင့်သဘောပေါ့"

"ဒါဖြင့် ကားပေါ်တက်"

"ဘယ်သွားမှာလဲ"

"ငပလီပြန်သွားမယ်လေ"

"မလိုက်ဖူးဆိုရင်ကော"

"အတင်းပွေ့ခေါ်သွားမယ်ကွာ"

"လုပ်ရဲလုပ်ကြည့်ပါလား"

ခင်ကင်းစင် ရင်ခုန်လှုပ်ရှားနေသည်။ ဆုံးဖြတ်ပြီးသားကို ပြင်ဆင်ရတော့မလား။

"ဆရာ ဖိတ်စာကော ယူမလား"

ဦးသော်က စစ်ကူအနေဖြင့် ခရမ်းစွဲ၏ မင်္ဂလာဆောင်ဖိတ်စာကို သတိရလိုက်သည်။ အချစ်၌ ဝန်တိုခြင်းရှိသည်ကို သူတို့နားလည်သင့်ပြီ။

"မယူဘူး ဘာနဲ့မှ သွေးဆောင်ပြီး မရယူချင်တော့ဘူး"

ခင်ကင်းစင် နားမလည် ပတ်ဝန်းကျင်ကို ရှက်သဖြင့် ရန်းဖယ်ကာ မျက်နှာရဲရဲနှင့်. . .





"ကဲ လိုက်မယ် သိပ်မဆွဲထားနဲ့ ဘာတွေပြောနေမှန်းလဲ မသိဘူး"

ခွန်ညီက လက်တစ်ဖက်ကို မလွှတ်တမ်းဆွဲထားသည်။ ကားပေါ်တက်လိုက်သည်။

ဦးသော်က ယာဉ်မောင်းသူနေရာယူလိုက်သည်။

နောက်ခန်း၌ သူတို့ယှဉ်တွဲထိုင်တော့မှ ဦးသော် မောင်းထွက်လိုက်သည်။

"အိုင် ယူ့ကို ကွာမပေးနိုင်ဘူး၊ ယူ့တောင်းဆိုချက်ကို လိုက်လျောဖို့ ဆန္ဒမရှိခဲ့ဘူး"

"ကျွန်မမှ ဆန္ဒမရှိတော့ဘဲ"

ခင်ကင်းစင်မှာ မိမိပခုံးပေါ် ရစ်သိုင်းဖက်ထားသော သူ့လက်ကို ဖယ်ချရန်ကြိုးစားသော်လည်း ခွန်ညီက မဖယ်ပါ။

"အိုင် ကွာမပေးရင် ယူ ဘာတတ်နိုင်မှာလဲ"

ခင်ကင်းစင်က ခွန်ညီအား လှည့်ကြည့်လိုက်သည်။ ခွန်ညီက နှုတ်ခမ်းကို တွန့်ရုံပြုံးကာ စူးစူးစိုက်စိုက်ကြည့်နေသည်။ စိမ်းခေါ်သောအကြည့် ချက်ချင်းမျက်နှာလွှဲကာ. .

"ရှင် ကို ကျွန်မတောင်းပန်ပါတယ် ကျွန်မဟာ မာနကြီးခဲ့တယ်၊ တစ်ကိုယ်ကောင်းဆန်ခဲ့မိပါတယ်၊ အနိုင်ယူလိုခဲ့တယ်၊ ဒါတွေ နောင်တရပြီ၊ ဒါကြောင့်. . ကိုယ့်အတွက်ထက် သူများအတွက်ကိုပဲ ကြည့်ပါရစေ"

"ယူ ဘာတွေပြောနေတာလဲ အိုင် နားမလည်ဘူး"

"ခရမ်းက ရှင့်ကိုသိပ်ချစ်တာ မြေမြေချင်း မြင်ပါတယ်၊ ကျွန်မ ဒီတစ်ခါတော့ သူ့အတွက် နောက်ဆုတ်ပေးပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ ရှင်တို့ချင်း လက်ထပ်လိုက်ပါ"

ခင်ကင်းစင် တုန်ရီနေသော အသံကိုထိမ်းပြီး ပြောလိုက်သည်။

"အိုင် ဝန်ခံပါတယ်၊ ခရမ်းကို ချစ်ခဲ့တယ် ဒါ သူငယ်ချင်းအချစ်၊ ယူ့ကိုကြတော့ ဘယ်လိုမှန်းမသိတဲ့ အချစ်နဲ့ ချစ်တာ ယူ့ကို အိုင် လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး. . . "

ခင်ကင်းစင်ကြားလိုသောစကားများကို ကြားရပြီ. . . ဟားတိုက်ရယ်မောကာ လှောင်လိုက်မည်ဟူသော ရည်ရွယ်ချက်တို့ ဘယ်ပျောက်ကုန်ပြီလဲ. . .။

ရယ်မောခြင်းအစား ငိုကြွေးခြင်းတို့သာ ဆိုက်ရောက်လာသည်။ ယောက်ျား၏ ရင်ခွင်ထဲတိုးဝင်ကာ မျက်နှာအပ်ငိုကြွေးလိုက်မိသည်။

ခွန်ညီက ရစ်သိုင်းဖက်ကာ. . .

"ယူ့အတွက်ဆို အိုင် ကွာရှင်းပေးခွင့်ကလွဲရင် ဘာမဆိုလိုက်လျောမယ် ယူကော အိုင်နဲ့ခွဲနိုင်ပြီလား"

ခင်ကင်းစင် ခေါင်းရမ်းမိသလား ညိတ်မိသလားတောင် မသဲကွဲချင်တော့။ အချစ်မှာ မာနမရှိဘူးဟု လက်ခံလိုက်ပြီ။

"မောင့်ကို ကျွန်မအရမ်းလွမ်းတာပဲ ခုမှ လွမ်းခဲ့တာ မဟုတ်ဘူး တစ်အိမ်ထဲနေပြီး မောင့်ကိုမမြင်ရလေ လွမ်းလေ ဒေါသထွက်လေ၊ ခုလိုဖြစ်ခဲ့တာတွေဟာ မောင့်ကိုကျွန်မ အရမ်းချစ်ခဲ့လို့ မောင့်ရဲ့ဥပေက္ခာပြုမှုကို မခံနိုင်လို့ပဲလို့ ကျွန်မသိခဲ့ရပါပြီ၊ ဒါကြောင့် မောင့်စိတ်ချမ်းသာမှုကို ကျွန်မလိုက်လျောပါ့တော့မယ်၊ မောင့်ဆန္ဒဟာ ကျွန်မဆန္ဒပါ. . . "





ရင်ခွင်၌ ပါးအပ်ပြီး နှစ်ကိုယ်ကြား ပြောလိုက်သော ခင်ကင်းစင်ကို ပွေ့ဖက်ပြီး မယုံနိုင်အောင် ဖြစ်မိသည်။ မာယာများလားဟုပင် သံသယဝင်လာသည်။ သို့သော် ခင်ကင်းစင် သတိလစ်စဉ်က ယောင်ရမ်းတမ်းတနေသော 'မောင်'မှာ သူပါလားဟု သိလိုက်ရတော့ ကျေနပ်မှုဖြင့်. . .

"မောင်လည်း ခင့်လိုပါပဲ ယူရဲ့ ယုယမှု ပြုစုမှုကို သိပ်လိုလားခဲ့သူပါ၊ အဲဒါတွေမရတော့ မကျေမနပ်ဖြစ်ပြီး အရွဲ့တိုက်မိတာတွေလဲပါတယ်၊ မောင်တို့ မကွာတော့ဘူးနော် မောင် ခင့်ကိုချစ်တယ် လုံးဝ ကွာမပေးနိုင်ဘူး"

တစ်ခါတစ်ရံ၌ 'ချစ်တယ်' ဟူသော စကားတစ်လုံးသည် အိမ်ထောင်ရေးနှင့် အရေးအပါဆုံးသော လက်နက်တစ်ခုဖြစ်သည်ဟု ခွန်ညီ သဘောပေါက်မိလေပြီ။ ထို့အတူ ခင်ကင်းစင်ကော. . .

"အချစ်၌ မာနမထားသင့် အချစ်ကို လိုချင်လျှင် အချစ်ပေးမှသာလျှင် ရနိုင်ပါလား" ဟု သဘောပေါက်မိသည်။

"ခရမ်းစွဲကို ကျွန်မ သနားတယ် ဒါပေမယ့် ခုတစ်ချိလဲ ကျွန်မ တစ်ကိုယ်ကောင်းဆန်စွာနဲ့ပဲ မောင့်အချစ်ကို ကျွန်မတစ်ဦးတည်းပဲ အပိုင်စီးပါရစေနော် မောင်၊ မောင် ကျွန်မကိုပဲ ချစ်ရမယ်"

"စိတ်ချပါ ခင့်ကိုပဲ ချစ်တာပါ ချစ်မှာပါ ချစ်ဦးမှာပါ မိန်းမရာ၊ ပါးပါးကို မသနားနဲ့တော့ ဦးသော် ဖိတ်စာလေး ထုတ်ပေးပါဦး"

ဦးသော်က နောက်သို့လှည့်မကြည့်ဘဲ နောက်ပြန်ပေး

www.burmeseclassic.com



လိုက်သည်။ ဦးသော်တော့ ဒုက္ခရောက်နေပြီ။ သို့သော် ထိုဒုက္ခရောက်မှုက စိတ်ချမ်းသာမှုကို ဖြစ်စေသည်။

"ဟင်. . ဒါကြောင့် မောင်က ကျွန်မကို ကွာမပေးတာလား၊ မောင့်အတွက် မျှော်လင့်ချက် မရှိတော့လို့ ကျွန်မကို. ."

ခင်ကင်းစင်ပါးစပ်ကို ပါးအပ်ကာ ပိတ်လိုက်ပြီး ထွေးပိုက်ကာ. .

"မောင်ပြောတာနားထောင်ပါ မိန်းမရာ၊ ဒါ မောင်နဲ့ ပါးပါးတို့ တိုင်ပင်ပြီး ပါးပါးက ဆုံးဖြတ်တာ၊ ဒီဒေါက်တာလေးက ပါးပါးကို ဖတ်စ်ရီးယားထဲက လိုက်နေတာဆို. . ."

ခင်ကင်းစင် ခေါင်းညိတ်လိုက်သည်။

"ပါးပါးက ခင့်ရဲ့ မသိစိတ်ကို နားလည်တယ်၊ မောင်နဲ့ ခင့်ကြားမှ သူဟာ ဆူးညှောင့်ခလုတ်လိုဖြစ်နေတယ်တဲ့၊ ဒါကြောင့် သူ့အပေါ် အရမ်းချစ်ပြီး ဂွကောင်းတဲ့ ဒေါက်တာရဲနိုင်ကို ဂွဆုချလိုက်တာ၊ အန်တီတို့ကော ဒေါက်တာရဲနိုင်ဘက်ကကောသိပ်ကို စိတ်ချမ်းသာသွားကြတာ ဘယ်လောက်မင်္ဂလာရှိသလဲ၊ ချစ်ခြင်းမေတ္တာဆိုတာ မင်္ဂလာပါ၊ ကိုင်း. . ခင် မောင့်ကို နားလည်သင့်ပါပြီ၊ ခင် မောင့်ကို ဘာပြောချင်သေးလဲ"

"မပြောချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မအလိုချင်ဆုံးကို ရနေပြီပဲ"

"ကျွန်မအလိုချင်ဆုံးက ဘာလဲ. . ."

"မောင့်အချစ်လေ"

ခင်ကင်းစင် ခွန်ညီရင်ခွင်သို့ ပိုမိုတိုးဝင်ကာ အနားယူ





လိုက်သည်။ ခွန်ညီက ယုယစွာထွေးပိုက်လျက်. . .

မာန်မာနကင်းစင်သွားသော အချစ်၌ နွေးထွေးမှု အေးချမ်းမှုတွေနှင့်သာ ပြည့်နှက်နေပါလား. . .။

ဒီလိုမုန်းသာ အစောကြီးကတည်းက သိခဲ့ပါလျှင်. . .

မိမိ မောင့်အပေါ် မာနကြီးတစ်ခွဲသားနှင့် အနိုင်ယူပြမည့်အစား. . .၂။ ။

# မြပုလဲခင်

BURMESE CLASSIC



www.burmeseclassic.com